အမရပူရမြို့
ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်
အရှင်ဇနကာဘိဝံသ

၏

# ဗုဒ္ဓဘာသာလက်စွဲ

## တတိယတွဲ စတုတ္ထတွဲ



သာသနာ- ၂၅၄၅ ကောဇာ- ၁၃၆၄ ခရစ်- ၂၀၀၂

နယူးဘားမားအော့(ဖ်)ဆက်ပိဋကပုံနှိပ်တိုက်
အမရပူရမြို့

## ခေါင်းစဉ်–မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| လေ့ကျင့်ခန်းမေးခွန်း ...... ...... | ၁၄၂ |
| မင်္ဂလသုတ်မြန်မာပြန်နှင့် ဆောင်ပုဒ်လင်္ကာ ... ...... | ၁၅၅ |
| မင်္ဂလသုတ် ဖတ်စာ ...... ...... | ၁၆၄ |
| အသေဝနာစ ဂါထာနှင့်စပ်၍ မှတ်ဖွယ် ...... ...... | ၂၀၀ |
| ဗာလ ပဏ္ဍိတတို့ အမြော်အမြင်ကွဲပြားပုံ ...... ...... | ၂၀၀ |
| ဒုစရိုက်အတွက် ဘေးကြီးလေးပါးအကြောင်း... ...... | ၂၀၅ |
| ပူဇာစ ပူဇနီယာနံနှင့်စပ်၍ အမြတ်ဆုံးကို ကြည်ညိုခြင်း၏ အကျိုး ...... ...... | ၂၀၉ |
| ပဋိရူပ ဒေသဝါသောစဂါထာနှင့်စပ်၍ မှတ်ဖို့ရာ စက်လေးပါး တရားတော် ...... ...... | ၂၂၀ |
| လောကီကြီးပွားကြောင်း သမ္ပဒါတရားလေးပါး ဖတ်စာ...... | ၂၂၅ |
| ပျက်စီးကြောင်းတရားလေးပါး ...... ...... | ၂၂၈ |
| အနာထပိဏ်သူဌေးအား ဟောအပ်သောသုခလေးပါး တရားတော် ...... ...... | ၂၃၀ |
| ကုန်သည် (ဈေးသည်)များ၏ ကြီးပွားကြောင်း တရားတော် ...... ...... | ၂၃၃ |
| သင်္ဂဟဝတ္ထုလေးပါးတရားတော် ...... ...... | ၂၃၅ |
| အမိ, အဘ, ဘုရားသာဝကတို့၌ ကောင်းစွာ ကျင့်ထိုက်ကြောင်း ဘရားတော် ...... ...... | ၂၃၈ |




## ခေါင်းစဉ်–မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကုသိုလ်ကလေးပဲဟု အထင်မသေးဖို့ရန် ဆုံးမသော ၊ရားတော် ...... ...... | ၂၄၁ |
| ၊သိုလ်ကလေးဟု အထင်မသေးဖို့ရန် ဆုံးမသော ၊ရားတော် ...... ...... | ၂၄၃ |
| ၊သိုလ် အကုသိုလ် အကျိုးပေးရာ၌ စည်းစံနစ်ရှိပုံ (မလ္လိကာမိဖုရား မေးလျှောက်၍ ဗုဒ္ဓမြတ်စွာ ဖြေတော်မူခြင်း။)... ...... | ၂၄၃ |
| ၊မြတ်ဆုံးတရားတော်လေးပါး ...... ...... | ၂၄၇ |
| ဒ္ဓဝင်ဖတ်စာ ...... ...... | ၂၅၀ |
| ၊စိုးရမင်းတို့ တရားမစောင့်သောအခါ တိုင်းပြည် ဝင်းရဲပုံ ...... ...... | ၂၈၈ |
| ၊စိုးရမင်းတို့ တရားစောင့်သောအခါ တိုင်းပြည် ျမ်းသာပုံ ...... ...... | ၂၈၉ |
| ၊ခွဲလမ်းရာဆယ်ဌာနကို ပြသော ကာလာမ သုတ်တော် ...... ...... | ၂၉၀ |
| ၊ဂုံးချုပ်အမှာ ...... ...... | ၂၉၄ |


**ခေါင်းစဉ်မာတိကာ ပြီး၏။**

# “ဗုဒ္ဓဘာသာလက်စွဲ”

## တတိယတွဲ

သဗ္ဗပါပဿ အကရဏံ,
ကုသလဿုပသမ္ပဒါ,
သစိတ္တပရိယောဒါပနံ,
ဧတံ ဗုဒ္ဓါန သာသနံ။

မကောင်းမှုဟူသမျှကို မပြုလုပ်ခြင်း,
ကုသိုလ်ကောင်းမှုကို ပြည့်စုံစေခြင်း,
မိမိစိတ်ကို ဖြူစင်စေခြင်း,
ဤသုံးပါးသည် ဘုရားရှင်တို့၏
အဆုံးအမတော်တည်း။

# တတိယတန်း

## အရကျက်ရန်စာများ

[အောက်တန်း စာများကို မရသေးလျှင် နှုတ်တက်ရပါစေ။]

**ဘုရားဂုဏ်တော် မြန်မာပြန်။**

၁။ ဣတိပိ သောဘဂဝါ အရဟံ...ထိုရှင်တော်မြတ်ဘုရားသည် ကိလေသာတို့မှ ဝေးကွာတော်မူ၍ ပူဇော်အပ်သော ပစ္စည်းတို့ကို ခံယူတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း **"အရဟံ"**ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါပေသည် တကား။

၂။ ဣတိပိ သောဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ...ထိုရှင်တော်မြတ်ဘုရားသည် သိဖွယ်အတန်တန်ကို ဖောက်ပြန်မရှိ ကိုယ်တော်တိုင် သိတော်မူနိုင်သော ဤအကြောင်းကြောင့်လည်း **"သမ္မာသမ္ဗုဒ္ဓ"**ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော် မူပါပေသည် တကား။



၃။ ဣတိပိ သောဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော...ထိုရှင်တော်မြတ်ဘုရားသည် ဝိဇ္ဇာဉာဏ်တော်, သုံးဆော်ရှစ်ပါး အကျင့်စရဏ တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း **"ဝိဇ္ဇာ စရဏသမ္ပန္န"**ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါပေသည် တကား။

၄။ ဣတိပိ သောဘဂဝါ သုဂတော...ထိုရှင်တော်မြတ်ဘုရားသည် ကိုယ်တော်မြတ်၏ ကြွသွားပုံ ဉာဏ်တော်၏ဖြစ်ပုံ နှစ်ပါးစုံ တင့်တယ်တော်မူသော ဤအကြောင်းကြောင့်လည်း **"သုဂတ"**ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါပေသည် တကား။

၅။ ဣတိပိ သောဘဂဝါ လောကဝိဒူ...ထိုရှင်တော်မြတ်ဘုရားသည် ကမ္ဘာလောက ဘုံဌာနနှင့် များလှထွေထွေ သတ္တဝါတွေကို ခွဲဝေကုန်စင် သိမြင်တော်မူသော ဤအကြောင်းကြောင့်လည်း**"လောကဝိဒူ"** ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါပေသည် တကား။

၆။ ဣတိပိ သောဘဂဝါ အနုတ္တရော ပုရိသဒမ္မသာရထိ ...ထိုရှင်တော် မြတ်ဘုရားသည် ဆုံးမထိုက်သော ယောကျ်ား မိန်းမဟူသမျှကို နည်းပြသင်ပေး၍ ယဥ်ကျေးအောင် ဆုံးမမှု၌ တုဘက်ကင်းကွာ အသာဆုံးဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း **"အနုတ္တရော ပုရိသဒမ္မသာရထိ"** ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါပေသည် တကား။

၇။ ဣတိပိ သောဘဂဝါ သတ္ထာ ဒေဝမနုဿာနံ ... ထိုရှင်တော် မြတ်ဘုရားသည် နတ်လူတို့၏ဆရာဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း **"သတ္ထာဒေဝမနုဿာနံ"**ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါပေသည် တကား။

၈။ ဣတိပိ သောဘဂဝါ ဗုဒ္ဓေါ ...ထိုရှင်တော် မြတ်ဘုရားသည် သစ္စာလေးပါးသော တရားတော်ကို ကိုယ်တော်အစ သိပြီးမှလျှင် များလှဝေနေ သတ္တဝါတွေကို မသွေအတူ သိစေတော်မူသော ဤအကြောင်းကြောင့်လည်း **"ဗုဒ္ဓ"**ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါပေသည် တကား။



၉။ ဣတိပိ သောဘဂဝါ ဘဂဝါ ...ထိုရှင်တော် မြတ်ဘုရားသည် ဘုန်းတော်အနန္တ နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း **"ဘဂဝါ"**ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါပေသည် တကား။

ဤဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော ရှင်တော်မြတ်ဘုရားကို လေးစား ကြည်ညို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား၊ (ဤသို့ ဆိုပြီးလျှင် သက်တော်ထင်ရှားဘုရားကို မှန်း၍ ရှိခိုးဝပ်ချလိုက်ပါ။)

## တရားဂုဏ်တော်ခြောက်ပါး မြန်မာပြန်။

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော ...ရှင်တော်မြတ်ဘုရား၏ တရားတော်သည် ဆုံးစအလယ် သုံးသွယ်သော ဂုဏ်အင်္ဂါဖြင့် ကောင်းစွာ ဟောတော်မူအပ်သောကြောင့် **"သွာက္ခာတ"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည် တကား။

၂။ သန္ဒိဋ္ဌိကော ...ရှင်တော်မြတ်ဘုရား၏ တရားတော်သည် အများအပြောဖြင့် သဘောမကျရဘဲ ဒိဋ္ဌကိုယ်တိုင် သိမြင်နိုင်သောကြောင့် **"သန္ဒိဋ္ဌိက"**

ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည် တကား။

၃။ အကာလိကော ... ရှင်တော်မြတ်ဘုရား၏ မဂ်တရားတော်သည် မျှော်ခေါ်ဆိုင်းငံ့၍ မထားဘဲ အခြားမဲ့ ဖိုလ်အကျိုးကို ပေးနိုင်သောကြောင့် **"အကာလိက"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည် တကား။

၄။ ဧဟိပဿိကော ... ရှင်တော်မြတ်ဘုရား၏ တရားတော်သည် မယုံကြည်လျှင် အသင်လာလှည့် ကျင့်၍ကြည့်ဟု အတိအလင်း ဖိတ်ခေါ်ခြင်းငှာ ထိုက်တော်မူသောကြောင့် **"ဧဟိပဿိက"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည် တကား။

၅။ ဩပနေယျိကော ... ရှင်တော် မြတ်ဘုရား၏ တရားတော်သည် မိမိစိတ်တွင် ထင်မြင်လာအောင် ကပ်ဆောင်ထိုက်သောကြောင့် **"ဩပနေယျိက"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည် တကား။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ... ရှင်တော်မြတ်ဘုရား၏ တရားတော်သည် လေးပါးသော



မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်မြင်ပြီး ပညာရှင်ကြီးတို့ အသီးအသီးကိုယ်တိုင် ခံစားနိုင်သောကြောင့် **"ပစ္စတ္တံဝေဒိတဗ္ဗ"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည် တကား။

ဤ ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော တရားတော်မြတ်ကို လေးစားကြည်ညို ရိုသေမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား၊ (ဤသို့ ဆိုပြီးလျှင် တရားတော်ကို မှန်း၍ ရှိခိုး ဝပ်ချလိုက်ပါ။)

**သံဃာ့ဂုဏ်တော်ကိုးပါး မြန်မာပြန်။**

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ... ရှင်တော် မြတ်ဘုရား၏ တပည့်သားအစစ် ဖြစ်တော်မူကြသော အရိယာသံဃာတော်သည် ဆုံးမတော်မူသမျှကို လုံးဝ လိုက်နာ၍ ကောင်းမွန်စွာ ကျင့်တော်မူသောကြောင့် **"သုပ္ပဋိပန္န"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည် တကား။

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ... ရှင်တော်မြတ်ဘုရား၏ တပည့်သားအစစ် ဖြစ်တော်မူသော အရိယာသံဃာတော်သည် ပရိယာယ်မာယာ ဟန်ဆောင်မှု မပါဘဲ ဖြောင့်မှန်စွာ

ကျင့်တော်မူသောကြောင့်**"ဥဇုပ္ပဋိပန္န"**ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည် တကား။

၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော … ရှင်တော်မြတ်ဘုရား၏ တပည့်သားအစစ် ဖြစ်တော်မူသော အရိယာသံဃာတော်သည် နိဗ္ဗာန် အကျိုးငှာသာ ကျင့်တော်မူသောကြောင့် **"ဉာယပ္ပဋိပန္န"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည် တကား။

၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော… ရှင်တော်မြတ်ဘုရား၏ တပည့်သားအစစ် ဖြစ်တော်မူသော အရိယာသံဃာတော်သည် လူတို့၏ ရိုသေမှုနှင့် သင့်လျော်အောင် ကျင့်တော်မူသောကြောင့် **"သာမီစိပ္ပဋိပန္န"**ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည် တကား။

(ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ… အကြင် အစုံအားဖြင့် လေးစုံ, အသီးအခြားခွဲသောအားဖြင့် ရှစ်ပါးသော ယောကျ်ားပုဂ္ဂိုလ်တို့ ရှိကြပေကုန်၏။)

၅။ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော…ရှင်တော်မြတ်ဘုရား၏ ထိုအစုံလေးပါး



သီးခြားရှစ်ဘော် တပည့်သားအစ
သော အရိယာသံဃာတော်သည် အ
၍ ပူဇော်အပ်သော ပစ္စည်းကို ခံယူဝေ ုက်
သောကြောင့် **"အာဟုနေယျ"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည် တကား။

၆။ ပါဟုနေယျော…ဧည့်သည်များဖို့ ရည်ရွယ်ထားသောပစ္စည်းကို ခံယူတော် မူထိုက်သောကြောင့် **"ပါဟုနေယျ"**ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည် တကား။

၇။ ဒက္ခိဏေယျော…နောက်ဘဝ အကျိုးကို ရည်မှန်း၍ လှူဒါန်းအပ်သော ပစ္စည်းကို ခံယူတော်မူထိုက်သောကြောင့် **"ဒက္ခိဏေယျ"**ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည် တကား။

၈။ အဉ္ဇလိကရဏီယော…လက်အပ်ချီမိုး ရှိခိုးမှုကို ပြုထိုက်တော်မူသောကြောင့် **"အဉ္ဇလိကရဏီယ"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည် တကား။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ…တစ်လောကလုံး၏ အမြတ်ဆုံး ကောင်းမှုလယ်မြေ ဖြစ်တော်

မှုသောကြောင့် **"အနုတ္တရပုညက္ခေတ္တ"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည် တကား။

ဤသို့ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော အရိယာသံဃာတော်မြတ်ကို လေးစားကြည်ညို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏၊ ဘုရား၊ (ဤသို့ ဆိုပြီးလျှင် အရိယာသံဃာတော်ကို မှန်း၍ ဝပ်ချလိုက်ပါ။)

## ဒုစရိုက်ဆယ်ပါး။

### ကာယကံသုံးပါး။

၁။ ပါဏာတိပါတ= သူ့အသက်သတ်မှု။

၂။ အဒိန္နာဒါန= သူ့ဥစ္စာခိုးမှု၊ [ဖွက်မှု လုမှု လိမ်၍ ညစ်၍ ယူမှု။]

၃။ ကာမေသုမိစ္ဆာစာရ= ကာမဂုဏ်တို့၌ ယုတ်ယုတ်မာမာ ကျင့်မှု။

### ဝစီကံလေးပါး။

၄။ မုသာဝါဒ= မုသားပြောမှု။

၅။ ပိသုဏာဝါစာ= ချောပစ်ကုန်းတိုက်မှု၊ [ချစ်ခင်နေသူနှစ်ဦးကို ကွဲသွားအောင်



ဖြစ်စေ, သူ့ကိုမုန်းပြီး မိမိကို ချစ်အောင်ဖြစ်စေ ရန်တိုက်မှုကို **"ကုန်းတိုက်"** ဟု ခေါ်၏။]

၆။ ဖရုသဝါစာ= ဆဲဆိုကြိမ်းမောင်းမှု။

၇။ သမ္ဖပ္ပလာပ= ပိန်းဖျင်းသောစကားကို ပြောဆိုမှု၊ [စပါးပိန် စပါးဖျင်းသည် အတွင်း၌ အနှစ်အဆန် မရှိသကဲ့သို့ အနက်အဓိပ္ပာယ် မရှိသော ယုံတမ်းစကားမျိုးကို **"ပိန်ဖျင်းသောစကား"**ဟု ခေါ်၏။]

### မနောကံသုံးပါး။

၈။ အဘိဇ္ဈာ= သူများစည်းစိမ်ကို **"ငါ့ဟာဖြစ်လျှင် ကောင်းမှာဘဲ"**ဟု မတရား ကြံစီမှု။

၉။ ဗျာပါဒ= ဒီကောင် သေသွားလျှင် ကောင်းမှာပဲဟု သူတစ်ပါး ပျက်စီးအောင် ကြံစီမှု။

၁၀။ မိစ္ဆာဒိဋ္ဌိ= အယူမှားမှု။

[ဤ ဆယ်ပါးကို **"အကုသလကမ္မပထဆယ်ပါး"**ဟုလည်း ခေါ်၏။]

**ဆောင်ပုဒ်။** ။(၁) သက်သတ်–ခိုးမှု, ကာမေသု, သုံးခုကာယကံ။

(၂) မုသားပြောမှု, ရန်တိုက်မှုနှင့်, ဆဲမှုတစ်ခင်း, ပိန်ဖျင်းစကား, ဤလေးပါး မှတ်သားဝစီကံ။

(၃) သူ့ဥစ္စာမှန်, မတရားကြံ၍, ဖောက်ပြန် သေကြေ, ပျက်စေလိုငြား, အယူမှား, သုံးပါး မနောကံ။

## သုစရိုက်ဆယ်ပါး။

### ကာယကံသုံးပါး။

၁။ ပါဏာတိပါတ ဝိရတိ=ပါဏာတိပါတမှ ရှောင်ကြဉ်မှု။

၂။ အဒိန္နာဒါန ဝိရတိ=အဒိန္နာဒါနမှ ရှောင်ကြဉ်မှု။

၃။ ကာမေသု မိစ္ဆာစာရ ဝိရတိ=ကာမေသု မိစ္ဆာစာရမှ ရှောင်ကြဉ်မှု။

### ဝစီကံလေးပါး။

၄။ မုသာဝါဒ ဝိရတိ=မုသာဝါဒမှ ရှောင်ကြဉ်မှု။



၅။ ပိသုဏာဝါစာ ဝိရတိ=ပိသုဏာဝါစာမှ ရှောင်ကြဉ်မှု။

၆။ ဖရုသဝါစာ ဝိရတိ=ဖရုသဝါစာမှ ရှောင်ကြဉ်မှု။

၇။ သမ္ဖပ္ပလာပ ဝိရတိ=သမ္ဖပ္ပလာပမှ ရှောင်ကြဉ်မှု။

### မနောကံသုံးပါး။

၈။ အနဘိဇ္ဈာ=အဘိဇ္ဈာ မဖြစ်ခြင်း။

၉။ အဗျာပါဒ=ဗျာပါဒ မဖြစ်ခြင်း။

၁၀။ သမ္မာဒိဋ္ဌိ=အယူမှန်ခြင်း။

[ဤ ဆယ်ပါးကို **"ကုသလကမ္မပထဆယ်ပါး"**ဟုလည်း ခေါ်၏။]

**ဆောင်ပုဒ်။** ။(၁) ဒုစရိုက်ဆယ်ပါး, ရှောင်ကြဉ်ငြား, မှတ်သားသုစရိုက်။

(၂) ရှေ့ခုနစ်ဖြာ, ဝိရတိသာ, ထည့်ကာ ရေတွက်လိုက်။

(၃) အနဘိဇ္ဈာ, အဗျာပါနှင့်, သမ္မာဒိဋ္ဌိ, နောက်သုံးထည့်, မှတ်သိ ဆယ်ပါးကိုက်။

**တတိယတန်းကျက်စာ ပြီး၏။**

# တတိယတန်း

### ဗုဒ္ဓရတနာ ဖတ်စာ။

**ဆရာ**။ ။ကလေးများ…ဆရာတို့ရော ကလေးများပါ ကိုးကွယ်ရာ ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာ အဖြစ်တော်စဉ် အကျဉ်းချုပ်ကို သူငယ်တန်းတုန်းကပင် ပြောပြခဲ့ပြီ၊ ခပ်ကျယ်ကျယ် အဖြစ်တော်စဉ်ကို စတုတ္ထတန်းကျမှ ပြဦးမည်၊ ယခုအခါ ထိုဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်များကို ဖတ်စာလုပ်ပြီး ဖတ်ကြရအောင်၊ အရကျက်ထားတဲ့ အရဟံဂုဏ်တော်အနက်ကို ရွတ်ကြစမ်းကွဲ့။

**တပည့်များ**။ ။သံပြိုင် ညီညီ, ဘုရားဘက်သို့ လက်အုပ်ချီ၍ ခပ်ဖြည်းဖြည်းရွတ်။

**ဆရာ**။ ။ကိုင်း, အဲဒီဂုဏ်တော်အနက်ကို တစ်ခါတည်း နားလည်အောင် ဖတ်စာ ဖတ်ကြကွဲ့၊ [အသံပြတ်သားသောကလေးများကို တစ်လှည့်စီ အဖတ်ခိုင်း၊ အများက စာအုပ်ကြည့်ပြီး လိုက်နေပါစေ၊ အရဟံဂုဏ်တော် အနက်ကို ကျက်သောနေ့၌ အရဟံဂုဏ်တော် ဖတ်စာကို ဖတ်စေခြင်းသည် သဘာဝကျ၏။]



## (၁) အရဟံဂုဏ်တော်

**(က)** များစွာသော လူတို့၏စိတ်သည် မစင်ကြယ်ပါ၊ ဖြူစင်သော ပုဝါကလေး၌ အမည်းကွက်၊ အပြာကွက်၊ အစိမ်းကွက်၊ အနီကွက်များ ထင်နေသကဲ့သို့ လူတို့၏စိတ်မှာလည်း မစင်ကြယ်သော အကွက်ကလေးတွေ အမျိုးမျိုး ထင်နေတတ်ပါသည်။

**(ခ)** လူတို့၏ စိတ်၌ တစ်ရံတစ်ခါ လိုချင်မှု (လောဘ)အကွက် ထင်နေ၏၊ တစ်ရံတစ်ခါ စိတ်ဆိုးမှု စိတ်တိုင်းမကျမှု စိတ်မကြေနပ်မှု (ဒေါသ)အကွက် ထင်နေ ၏၊ တစ်ရံတစ်ခါ စိတ်မချမ်းသာမှု (ဒေါမနဿ) အကွက် ထင်နေ၏၊ တစ်ရံတစ်ခါ မိမိကိုယ်ကို အထင်ကြီး၍ စိတ်ကြီးဝင်ကာ သူတစ်ပါးကို အဖက်မထင်သော (မာန)အကွက် ထင်နေ၏။

တစ်ရံတစ်ခါ ကိုယ့်ထက်သာသူကို မကြည့်နိုင် ကိုယ့်ထက်သာသူ၏ ဂုဏ်သတင်းကို မနာနိုင် မကြားနိုင် (ဣဿာ)အကွက် ထင်နေ၏၊ ဤသို့ ဣဿာအကွက် ထင်လာလျှင် **"မနာလိုသူ"**ဟု ခေါ်ကြ၏၊ တစ်ရံတစ်ခါသော် ကိုယ်ချမ်းသာသလို သူချမ်းသာမည်ကို ဝန်တိုသော,

ကိုယ်ဂုဏ်ရှိသလို သူဂုဏ်ရှိမည်ကို ဝန်တိုသော, ကိုယ်လှသလို သူလှမည်ကို ဝန်တိုသော (မစ္ဆရိယ)အကွက် ထင်နေတတ်၏၊ စိတ်မှာထင်နေသော ထိုအကွက်ကလေးများကို **"ကိလေသာ"**ဟု ခေါ်သည်။

(ဂ) ပုဝါကလေး၌ တစ်ကွက်ထင်သော် ဖွတ်လျှော်၍ ရ၏၊ နှစ်ကွက်ထင်သော် ဖွတ်လျှော်၍ ရ၏၊ အကွက်ငယ်ငယ်ထင်သော် ဖွတ်လျှော်၍ ရသေး၏၊ ကြီးကြီးမားမား များများထင်သော် ဖွတ်လျှော်၍ မကောင်းတော့ရကား မီးဖိုချောင်ကြား၌ လက်နှီးဘဝသို့ ရောက်ရလေတော့၏၊ ထို့အတူ စိတ်မှာလည်း လောဘ ဒေါသစသော ကိလေသာ အကွက်ကလေးများ သေးသေးငယ်ငယ် ထင်လာလျှင် စိတ်ကို ဖြူစင်အောင် ပြုပြင်၍ ရပါသေး၏၊ လောဘ ဒေါသစသော အကွက်တွေ ကြီးမား၍ များပြားနေပါမူ ထိုစိတ်မျိုး ရှိသူသည် လူကောင်းမဟုတ်တော့ပါ၊ တော်ရာ ချောင်ကြားမှာ ပစ်ထားရမည့် လူညစ်ပတ်သာ ဖြစ်ပါတော့သည်၊ ထိုလူမျိုးကို လက်ခံထားသော, သို့မဟုတ် ခေါင်းဆောင် တင်ထားသောအိမ်, အသင်းအဖွဲ့, နိုင်ငံသည် အောက်ကျ နောက်ကျနှင့် ကျွန်၏လက်အောက် သားပေါက် (သဖောက်)ဘဝသို့ ရောက်ရပါလိမ့်မည်။



(ဃ) ဗုဒ္ဓမြတ်စွာ၏ စိတ်တော်သည်ကား ထိုကဲ့သို့ ကိလေသာအညစ်အကွက် တစ်စက်တလေမျှ မရှိဘဲ အမြဲစင်ကြယ်နေပါသည်၊ ထိုသို့ ပင်ကိုယ်အတိုင်းအားဖြင့် စင်ကြယ်ပြီးအပေါ်မှာ လူနတ်အများ၏ စီးပွားချမ်းသာ မင်္ဂလာ ကျက်သရေ တိုးတက်စေလိုသော မေတ္တာစိတ်, သနားကျင်နာတော်မူသော ကရုဏာစိတ်, ချမ်းသာသုခဖြင့် နေကြသည်ကို မြင်တော်မူလျှင် ပြုံးရွှင်ကျေနပ်တော်မူသော မုဒိတာစိတ်, သတ္တဝါအများ၏ ချမ်းသာကြောင်းကို စဉ်းစားတော်မူသော ဉာဏ်ပညာ စိတ်တော်တို့ကြောင့် စိတ်တော်အစဉ်သည် တဖိတ်ဖိတ် တလက်လက် အရောင်ထွက်သကဲ့သို့ ထင်ရလောက်အောင်ပင် ကြည်လင်တော်မူပါပေသည်။

(င) ပေါင်းပင် မြက်ပင်တို့ ကင်းစင်သန့်ရှင်းသော လယ်မြေ၌သာ စိုက်ပျိုးလိုက်သော မျိုးစေ့မှ ကြီးထွားသောအပင် ပေါက်နိုင်သကဲ့သို့, စိတ်တော်အစဉ် ကြည်လင်သန့်ရှင်းသော ဗုဒ္ဓမြတ်စွာအား လှူဒါန်းပူဇော် ဖူးမျှော်ကန်တော့ရသော ကုသိုလ်ကောင်းမှု မျိုးစေ့စုမှလည်း ကြီးမားသော ကောင်းကျိုးများ ဖြစ်လာနိုင်ပါသည်။

(စ) **"အရဟံ"**ဟူသော ပါဠိစကားသည် ကိလေသာတို့မှ ဝေးကွာ၏, ပူဇော်အထူးကို ခံယူထိုက်၏ဟူသော

အနက်ကိုပြ၏၊ ထိုဗုဒ္ဓမြတ်စွာလည်း ကိလေသာအမည်းကွက်တို့မှ ကင်း၍ သန့်ရှင်းသော စိတ်တော်ရှိခြင်း ပူဇော်အထူးကို ခံတော်မူထိုက်ခြင်းကြောင့် **"အရဟံ"**ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါသည်။

## (၂) သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို အရွတ်ခိုင်းပြီးမှ ဖတ်စာကို ဖတ်ပါစေ။]

**(က)** ဗုဒ္ဓမြတ်စွာ၏ ကြည်လင်သန့်ရှင်းသော စိတ်တော်အစဉ်ဝယ် လွန်စွာ ထက်မြက်သော ဉာဏ်တော်ဓာတ်သည် ယှဉ်ကပ် ပါဝင်နေပါသည်၊ ထိုဉာဏ်တော်ဓာတ်၏ စွမ်းရည်သတ္တိဖြင့် ကမ္ဘာလောက၌ သိစရာဟူသမျှကို လုံးဝဥဿုံ အကုန်အစင် သိမြင်တော်မူနိုင်ပါသည်။

**(ခ)** ထိုသို့ သိမြင်တော်မူရာ၌ အသိအမြင်မှားယွင်းသော အရာလည်း မရှိပါ၊ ဟုတ်မှန်သည့် အတိုင်းသာလျှင် သိမြင်တော်မူနိုင်ပါသည်၊ ဗုဒ္ဓဖြစ်မှ သိရသောအရာတို့၌ နည်းပေးလမ်းပြမည့် ဆရာလည်း မရှိပါ၊ ပြခဲ့သော ဉာဏ်တော်ဓာတ်ဖြင့် ကိုယ်တော်တိုင်သာ သိတော်မူပါသည်။

**(ဂ)** **"သမ္မာ"**ဟူသော ပါဠိစကားသည် **"ဖောက်ပြန်မှားယွင်း မရှိ–အမှန်"**ဟူသော အနက်အဓိပ္ပာယ်ကို ပြ၏၊ **"သံ"**ဟူသော ပါဠိစကားကား **"ကိုယ်တိုင်"**ဟူသော အနက်



အဓိပ္ပာယ်ကို ပြ၏၊ **"ဗုဒ္ဓ"**ဟူသော ပါဠိစကားကား **"သိ"**ဟူသော အနက်အဓိပ္ပာယ်ကို ပြသည်၊ ထို့ကြောင့် အမှားအယွင်း မရှိရအောင် ကိုယ်တော်တိုင် သိတော်မူသော ဗုဒ္ဓမြတ်စွာသည် **"သမ္မာသမ္ဗုဒ္ဓ"**ဟူသော ဂုဏ်တော်အားဖြင့်လည်း ထင်ရှားတော်မူပါသည်။

## (၃) ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို အရွတ်ခိုင်းပြီးမှ ဖတ်စာကို ဖတ်ပါစေ။]

**(က)** ဗုဒ္ဓမြတ်စွာ၏ ကြည်လင် သန့်ရှင်းသော စိတ်တော်အစဉ်ဝယ် **"ဝိဇ္ဇာ"**ဟု ခေါ်ရသော ဉာဏ်တော်ဓာတ်တစ်မျိုးလည်း ရှိပါသေး၏၊ ထိုဝိဇ္ဇာဉာဏ်ဖြင့် ဘဝများစွာ၌ ဖြစ်ပျက် ကြုံတွေ့ခဲ့ရသော အကြောင်းအရာများကိုလည်း သိတော်မူနိုင်ပါသည်၊ ရိုးရိုးမျက်စိဖြင့် မမြင်နိုင်သော အရာတို့ကိုလည်း မြင်တော်မူနိုင်ပါသည်၊ စိတ်တော်အစဉ်၌ ညစ်ညမ်းယုတ်မာ ကိလေသာတို့ကိုလည်း ကုန်စေနိုင်ပါသည်။

**(ခ)** ဗုဒ္ဓမြတ်စွာသည် ထို ဉာဏ်တော်များကို အလွယ်တကူနှင့် ရတော်မူသည် မဟုတ်ပါ၊ ထိုဉာဏ်တော်များကို ရနိုင်ဖို့ရာ **"စရဏ"** ခေါ်သော ကိုယ့်ကျင့်တရားကိုလည်း ကြိုးစား၍ ကျင့်တော်မူပါသည်၊ ထိုကိုယ်ကျင့်

စရဏများကား သီလကို စောင့်ထိန်းခြင်း, မျက်စိ နား စသောဣန္ဒြေများကို စောင့်စည်းခြင်း, စားသောက်မှု၌ သင့်တော်ရုံသာ စား သောက်ခြင်း, အအိပ်အနေနည်းခြင်း, သဒ္ဓါတရားထက်သန် ခြင်း စသောအားဖြင့် တစ်ဆယ့်ငါးပါး ရှိပါသည်။

**(ဂ)** ထိုဝိဇ္ဇာဉာဏ်, ကိုယ်ကျင့်စရဏနှင့် ပြည့်စုံတော်မူသောကြောင့် ဗုဒ္ဓမြတ်စွာသည် **"ဝိဇ္ဇာစရဏသမ္ပန္န"** ဟူသော ဂုဏ်တော်အားဖြင့်လည်း ထင်ရှားတော်မူပါသည်။

## (၄) သုဂတဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို အရွတ်ခိုင်းပြီးမှ ဖတ်စာကို ဖတ်ပါစေ။]

**(က)** ဗုဒ္ဓမြတ်စွာသည် လှမ်းကြွတော်မူသောအခါ လက်ျာခြေတော်ကိုသာ ပထမလှမ်းတော်မူပါသည်၊ ထိုသို့ လှမ်းပြီးသော ခြေတော်ကို အလှမ်းမကျယ် မကျဉ်းစေဘဲ အဆင်သင့် ချတော်မူပါသည်၊ ကြွသွားတော်မူပုံမှာ နှေးလည်း မနှေး မြန်လည်းမမြန်ပါ၊ ဗုဒ္ဓမြတ်စွာ၏ ဟိုဟို သည်သည် ကြည့်တော်မမူဘဲ ရှေ့သို့တည့်တည့် လေးတောင်မျှသာ ကြည့်တော်မူ၍ ဆင်ပြောင်ကြီး



လှမ်းပုံကဲ့သို့ ဣန္ဒြေရရ လှမ်းကြွတော်မူပုံမှာ ဖူးမြော်၍ မဝအောင် တင့်တယ်လှပါ ပေသည်၊ ဤသို့ ကိုယ်တော်၏ တင်တယ်စွာ ကြွလှမ်းတော်မူပုံသည် **"သုဂတ"** ဂုဏ်တော်တစ်မျိုးပင် ဖြစ်ပါသည်။

**(ခ)** ဗုဒ္ဓမြတ်စွာသည် ညစ်ညမ်းယုတ်မာ ကိလေသာတို့ကို သောတာပတ္တိ မဂ်ဉာဏ်တော်ဖြင့် ပထမအကြိမ် ပယ်ပါသည်၊ ထိုပယ်အပ်ပြီးသော ကိလေသာတို့သည် နောက်ထပ် မပေါ်လာတော့ပါ၊ သကဒါဂါမိ မဂ်ဉာဏ်တော်ဖြင့် ဒုတိယအကြိမ် ကြွင်းကျန်သော ကိလေသာတချို့ ကို ပယ်ပြန်ပါသည်၊ အနာဂါမိ မဂ်ဉာဏ်တော်ဖြင့် ကျန် သေးသော ကိလေသာတချို့ကို ပယ်ပြန်သည်၊ အရဟတ္တ မဂ် ဉာဏ်တော်ဖြင့် အလွန်သေးသိမ်စွာ ကျန်နေသော ကိလေသာတို့ကို အကုန်အစင် ပယ်ပြန်ပါသည်၊ ထိုသို့ ပယ်ပြီးတိုင်းသော ကိလေသာတို့သည် တစ်ဖန် ပေါ်လာခြင်း မရှိတော့ပါ၊ ဤသို့ ကိလေသာတွေကို နောက်ထပ် မပေါ်လာစေဘဲ ဉာဏ်တော်လေးပါး၏ တင့်တယ်စွာ တိုးတက်သွားပုံမှာ လည်း **"သုဂတ"** ဂုဏ်တော်တစ်မျိုးပင် ဖြစ်ပါသည်။

## (၅) လောကဝိဒူဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို အရွတ်ခိုင်းပြီးမှ ဖတ်စာကို ဖတ်ပါစေ။]

**(က)** ကုန်း၌ နေသောသတ္တဝါ, ရေ၌ နေသောသတ္တဝါ, ကောင်းကင်၌ နေသောသတ္တဝါတို့ကို **"သတ္တလောက"** ဟု ခေါ်၏၊ ဗုဒ္ဓမြတ်စွာသည် ထိုသတ္တလောက၏ ဖြစ်ပုံ ပျက်ပုံ မျိုးဇာတိအစုံကိုလည်း သိတော်မူပါသည်၊ သတ္တဝါ တစ်ယောက်၏အတွင်း၌ ယခုလက်ငင်း ဖြစ်နေသော စိတ်ကောင်း စိတ်ဆိုး အမျိုးမျိုးကိုလည်း သိတော်မူပါသည်။

**(ခ)** သတ္တဝါတို့တည်ရာ ကမ္ဘာလောကကြီးကို ဩကာသလောက (တည်ရာဌာန)ဟု ခေါ်၏၊ ဗုဒ္ဓမြတ်စွာသည် ဤဩကာသလောက၏ ဖြစ်ပုံ ပျက်ပုံ တည်နေပုံကိုလည်း သိတော်မူပါသည်။

**(ဂ)** **"သတ္တဝါ"**ဟု ခေါ်ဆိုရသော အရာဝတ္ထုသည် စင်စစ်အားဖြင့် အကြောင်း အကျိုးဆက်၍ ဖြစ်ပျက်နေသော ရုပ်–နာမ်အစုသာ ဖြစ်၏၊ ထိုရုပ်နာမ်အစုကို **"သင်္ခါရလောက"**ဟု ခေါ်၏၊ ထိုသင်္ခါရလောက၏ အကြောင်းတရားနှင့် အကျိုးတရားတို့ ဆက်သွယ်နေပုံကိုလည်း စုံစုံလင်လင် သိမြင်တော်မူပါသည်၊ ထိုလောကသုံးမျိုးကို



သိတော်မူသောကြောင့် **"လောကဝိဒူ"**ဂုဏ်တော်အားဖြင့်လည်း ထင်ရှားတော်မူပါသည်။

## (၆) အနုတ္တရောပုရိသ ဒမ္မသာရထိဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို အရွတ်ခိုင်းပြီးမှ ဖတ်စာကို ဖတ်ပါစေ။]

**(က)** ဖခင်ကြီးတစ်ယောက်သည် သားသမီးများ လိုက်နာချင်အောင် အသွန်အသင်ကောင်းလှ၏၊ နေ့တိုင်း တွေ့နေရသော သားသမီးများ၏ စိတ်နေစိတ်ထားကိုလည်း မှန်ကန်စွာ သိ၏၊ သားသမီးများ၏ လိမ္မာယဉ်ကျေးမှုကို လိုလားသော မေတ္တာစိတ်လည်း ကြီးမားလှ၏၊ ထိုဖခင်သည် သားသမီးက အလွန် မယုတ်မာလျှင် ယဉ်ကျေးလိမ္မာအောင် ဆုံးမ သွန်သင်နိုင်မည်သာ ဖြစ်၏။

**(ခ)** ထို့အတူ ဗုဒ္ဓမြတ်စွာသည် ဆုံးမနည်းအမျိုးစုံကို အကုန်အစင် သိတော်မူ၏၊ သတ္တဝါတစ်ယောက်၏ စိတ်နေစိတ်ထားကိုလည်း ခွဲခြား၍ သိတော်မူ၏၊ ယဉ်ကျေးစေလိုသော ဆန္ဒတော်လည်း ပြင်းပြတော်မူ၏၊ တွေ့ရသော သတ္တဝါသည် ဆုံးမ၍ မရနိုင်လောက်အောင် ထုံပေဆိုးဝါး၍ မနေပါမူ ထိုသတ္တဝါကို လိမ္မာယဉ်ကျေး

အောင် ဆုံးမတော်မူနိုင်ပေသည်သာ၊ ထိုသို့ ယဉ်ကျေ အောင်ဆုံးမရာ၌ ဗုဒ္ဓမြတ်စွာနှင့် တန်းတူသောပုဂ္ဂိုလ် လည်း မရှိပါ၊ ထိုသို့ဆုံးမမှု၌ တုဘက်ကင်းကွာ အသာဆုံး ဂုဏ်တော်ကိုပင် **"အနုတ္တရော ပုရိသဒမ္မသာရထိ"** ဂုဏ် တော်ဟု ခေါ်ဆိုရပါသည်။

### (၇) သတ္ထာဒေဝမနုဿာနံဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို အရွတ်ခိုင်းပြီးမှ ဖတ်စာကို ဖတ်ပါစေ။]

ဗုဒ္ဓမြတ်စွာ၏ သွန်သင်ဆုံးမမှုကို ခံယူရရှိ၍ ယဉ် ကျေးကြပြီးသော လူနတ်တို့သည် ဗုဒ္ဓမြတ်စွာကိုပင် မိမိတို့၏ ဆရာသခင်ဟု အစဉ်လေးစား အားထားလျက် ရှိကြပါသည်၊ ထိုသို့ လူနတ်အများ၏ ဆရာတစ်ဆူ ဖြစ်တော်မူသောကြောင့် **"သတ္ထာဒေဝမနုဿာနံ"**ဟူသော ဂုဏ်တော်အားဖြင့်လည်း ထင်ရှားတော်မူပါသည်။

### (၈) ဗုဒ္ဓဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို အရွတ်ခိုင်းပြီးမှ ဖတ်စာကို ဖတ်ပါစေ။]

**(က)** လောက၌ မလွဲနိုင်သော အမှန်တရားလေးမျိုး ရှိ၏၊ (၁) အိုရမှု၊ နာရမှု၊ သေရမှု၊ ချစ်သူနှင့်ကွေကွင်းရမှု၊



မုန်းသူတို့နှင့် အတူတကွ နေရမှု၊ လိုတာ မရမှုတို့သည် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲကြောင်း မကောင်းသော ဒုက္ခ တရားစုများ ဖြစ်ကြ၏၊ (၂) ထိုဒုက္ခစု၏ အကြောင်းရင်းခံ အမှန်တရားသည် **"သမုဒယ"**ဟု ခေါ်ရသော တပ်မက် ခင်မင် လိုချင်မှု တဏှာပင် ဖြစ်၏၊ (၃) ထိုဒုက္ခစု၏ ကင်းငြိမ်းရာ **"နိရောဓ"**ခေါ်သော နိဗ္ဗာန်တရားလည်း ရှိပေ သေး၏၊ (၄) ထိုနိဗ္ဗာန်ကို သိမြင်ဖို့ရန် လမ်းမှန်အစစ် ဖြစ် သော မဂ္ဂင်ရှစ်ဘော် တရားတော်လည်း ရှိသေး၏၊ သစ္စာ လေးပါးဟု ခေါ်သော ထိုတရားလေးမျိုးကို ဗုဒ္ဓမြတ်စွာ သည် လက်ဦးပထမ သိမြင်တော်မူခဲ့ပါသည်။

**(ခ)** ကိုယ်တော်မြတ် သိမြင်ပြီးသော ထိုသစ္စာ လေးပါးကို ပညာဉာဏ်ထက်သန်သော လူနတ်တို့ကို လည်းသိအောင် ဟောပြတော်မူပါသည်၊ ဤသို့ ကိုယ်တိုင် သိပြီးသော တရားထူးကို သူတစ်ပါးအား တဆင့်သိအောင် ဟောပြစွမ်းနိုင်သော သတ္တိကား ဗုဒ္ဓမြတ်စွာ၌သာ ရှိတော် မူသောကြောင့် ဗုဒ္ဓမြတ်စွာသည် **"ဗုဒ္ဓ"**ဟူသော ဂုဏ်တော် အားဖြင့် ထင်ရှားတော်မူပါသည်။

## (၉) ဘဂဝါဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို အရွတ်ခိုင်းပြီးမှ ဖတ်စာကို ဖတ်ပါစေ။]

**(က)** (အရဟံအစရှိသော ဂုဏ်တော်များ၌ ပြခဲ့သည့်အတိုင်း) ဗုဒ္ဓမြတ်စွာ၏ စိတ်တော်သန့်ရှင်း၍ ဉာဏ်တော်ကြီးမားတော်မူရခြင်းမှာ ယခု တစ်ဘဝမျှ ကျင့်တော်မူသော စရဏကြောင့်သာ မဟုတ်ပါ၊ စိတ်တော်သန့်ရှင်း၍ ကြီးမားသောဉာဏ်တော်ကို ရဖို့ရာ ဘဝများစွာ သံသရာ၌ စွန့်ကြဲပေးကမ်းခြင်း, ကိုယ်ကျင့်သီလကောင်းခြင်း, မေတ္တာအားကြီးခြင်း, သည်းခံခြင်း, တောထွက်၍ တရားကျင့်ခြင်းစသော ကုသိုလ်ကောင်းမှုတော်များကို ကြိုးစားခဲ့ရပါသေးသည်။

**(ခ)** ထိုကုသိုလ်ကောင်းမှုများကို ရှေးဘုန်း ရှေးကံဟု ခေါ်ကြရပါသည်၊ ထိုရှေးဘုန်း ရှေးကံတော်သည် အဆုံးအပိုင်းအခြား မထားနိုင်လောက်အောင် များမြောင်လှသဖြင့် **"အနန္တ"**ဟုလည်း ခေါ်ဆိုကြရပါသည်၊ ထိုရှေးဘုန်း ရှေးကံ အနန္တနှင့် ပြည့်စုံတော်မူသောကြောင့် ဗုဒ္ဓမြတ်စွာသည် **"ဘဂဝါ"**ဟူသော ဂုဏ်တော်အားဖြင့်လည်း ထင်ရှားတော်မူပါသည်။

ဗုဒ္ဓရတနာဖတ်စာ ပြီး၏။



## ဓမ္မရတနာ ဖတ်စာ

**ဆရာ။** ။ဗုဒ္ဓမြတ်စွာ ဟောပြတော်မူအပ်သော တရားရတနာ၏ ဂုဏ်တော်ခြောက်ပါးကို ဖတ်စာလုပ်ပြီး ဖတ်ကြရအောင် သွာက္ခာတဂုဏ်တော်အနက်ကို ရွတ်ကြစမ်းကွဲ့။

**တပည့်များ။** ။သံပြိုင် ညီညီ ဘုရားဘက်သို့ လက်အုပ်ချီ၍ ဖြည်းဖြည်းရွတ်။

## (၁) သွာက္ခာတဂုဏ်တော် ဖတ်စာ

**(က)** ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့အပေါ်၌ သနားကြင်နာ ကရုဏာတော် ကြီးမားတော်မူသောကြောင့် လိမ္မာယဉ်ကျေးကြောင်း ကောင်းမြတ်သော တရားတို့ကို သက်တော်ရှိသမျှ ဟောပြတော်မူခဲ့ပါသည်၊ ထိုဗုဒ္ဓ၏ တရားတော်ကို လေးလေးစားစား မှတ်သား၍ နာယူနေရ, စာကို ကြည့်ရှုနေရလျှင်ပင် ပူပန်သောကတွေ ကင်းစင်၍ ကြည်လင် အေးမြလှသောကြောင့် ကြားနာ ကြည့်ရှုခြင်းကိစ္စ ပထမအလုပ်သည်ပင် ကောင်းလှသဖြင့် **"အစကောင်း တရားတော်"** ဟု ခေါ်ဆိုနိုင်ပါသည်။

(ခ) တရားတော် ညွှန်ပြသော နည်းလမ်းအတိုင်း လိုက်နာ ကျင့်ကြံမှု ဒုတိယကိစ္စကို ပြုကျင့်သူကား နည်းနည်း ကျင့်နိုင်လျှင် နည်းနည်းချမ်းသာ၍ များများ ကျင့်နိုင်သူမှာ များများချမ်းသာသုခကို ရရှိနိုင်ပါသည်၊ တရားဖြင့် ချမ်းသာရသော ထိုချမ်းသာသုခကား လောက စည်းစိမ် ဂုဏ်သိန်အလယ်မှာ ထည်ထည်ဝါဝါ ချမ်းသာ ကဲ့သို့ ဒုက္ခမျိုးစုံနှင့် ဖက်တွဲ၍ ဆင်းရဲမှု မပါ, သန့်သန့် ရှင်းရှင်း ချမ်းသာသောသုခ ဖြစ်ကြောင်းကို အတော်အတန် ကျင့်နေသူတိုင်း ဝန်ခံကြပါလိမ့်မည်၊ ဤသို့လျှင် တရားတော်သည် ကြည့်ရှု ကြားနာပြီးနောက် **"ကျင့်ခြင်း"**ဟူသော အလယ်ကိစ္စရောက်လျှင်လည်း တိုး၍ကောင်းသော အကောင်းသုခကို ရစေနိုင်သော **"အလယ်ကောင်း"**တရားတော်လည်း ဖြစ်ပါသည်။

(ဂ) တရားကျင့်နည်းဖြင့် အပြီးတိုင်အောင် ကျင့်ပြီးသော ပုဂ္ဂိုလ်မြတ်တို့ကား အလွန် ကောင်းမြတ်သော နိဗ္ဗာန်ကို မြင်တော်မူနိုင်သောကြောင့် လောက၌ တွေ့ကြုံမြဲဖြစ်သော လာဘ်ရခြင်း, လာဘ်မရခြင်း, အခြွေအရံပေါ်များခြင်း, အခြွေအရံမရှိခြင်း, ချီးမွမ်းခံရခြင်း, ကဲ့ရဲ့ခံရခြင်း, ချမ်းသာခြင်း, ဆင်းရဲခြင်းတို့ကြောင့် စိတ်တွင်း၌ မထူးခြားဘဲ



တစ်သဘောတည်း ထားနိုင်လောက်အောင် ကောင်းမွန်တော်မူကြပါပေသည်၊ ဤသို့ အစ အလယ် အဆုံး သုံးပါးလုံး ကောင်းသောဂုဏ်တော်ကိုပင် **"သွာက္ခာတ"**ဂုဏ်တော်ဟု ခေါ်ဆိုရပေသည်။

## (၂) သန္ဒိဋ္ဌိကဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို ရှေးဦးစွာ ရွတ်ပါစေ။]

(က) ဗုဒ္ဓမြတ်စွာ၏ တရားတော်သည် သူတစ်ပါး အပြောကောင်း၍ ယုံကြည်ရသောတရားမျိုး မဟုတ်ပါ၊ ကျင့်သူကိုယ်တိုင် သိမြင်နိုင်သော တရားတော် ဖြစ်ပါသည်။

(ခ) မိမိစိတ်၌ တစ်စုံတစ်ရာကို လိုချင်သော (လောဘ) အကုသိုလ်ဖြစ်နေသည်ကို စဉ်းစားလိုက်သည့်အခါ သိနိုင်ပါသည်၊ ထိုလိုချင်သော အရာဝတ္ထုကို မရပြန်လျှင် စိတ်ဆိုးသော(ဒေါသ) အကုသိုလ်ဖြစ်နေသည်ကိုလည်း သိနိုင်ပါသည်၊ ကုသိုလ်တရား ဖြစ်ပေါ်လာသောအခါ ထိုအကုသိုလ်များ မဖြစ်တော့ကြောင်းကိုလည်း ကိုယ်တိုင် သိမြင်နိုင်ပါသည်။

(ဂ) ဤသို့ အကုသိုလ်များကို မဖြစ်အောင် တားဆီးနိုင်သော ကုသိုလ်တရားတို့၏ ဂုဏ်တော်သတ္တိကို သူများ

ပြော၍ သိရခြင်း မဟုတ်ဘဲ မိမိကိုယ်တိုင်ပင် စဉ်းစား သူတိုင်း သိနိုင်ပါသည်။

**(ဃ)** မဂ်ဖိုလ်ကိုရသော အရိယာပုဂ္ဂိုလ်တို့သည် မိမိသန္တာန်၌ မဂ်တရား ဖြစ်ပေါ်လာပုံနှင့် ဖိုလ်တရား ဖြစ်ပေါ်လာပုံကို ကိုယ်တိုင်ပြန်၍ သိမြင်နိုင်ကြပါသည်၊ ထို မဂ်စိတ် ဖိုလ်စိတ် ဖြစ်နေသောအချိန်မှာ နိဗ္ဗာန်တရား တော်လည်း (မျက်စိအောက်မှာ ရောက်နေသော အရာဝတ္ထုကို မြင်ရသကဲ့သို့) အလွန် ထင်ရှားနေပါသည်၊ ဤသို့ ကျင့်သူ့ကိုယ်တိုင် သိမြင်နိုင်အောင် ထင်ရှားသောဂုဏ်တော်သည် **"သန္ဒိဋ္ဌိက"**ဂုဏ်တော်ပင် ဖြစ်ပါသည်။

## (၃) အကာလိကဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို ရှေးဦးစွာ ရွတ်ပါစေ။]

ဗုဒ္ဓမြတ်စွာ ဟောပြအပ်သော တရားတော်တို့တွင် မဂ်တရားတော်ဟူသည် ကုသိုလ်တရားဖြစ်၍ ဖိုလ်တရား တော်သည်ကား ထိုကုသိုလ်၏ အကျိုးတရား ဖြစ်ပါသည်၊ ဒါန သီလစသော ကုသိုလ်တရားတို့သည် များသောအား ဖြင့် နောက်ဘဝရောက်မှ အကျိုးပေးနိုင်ကြ၏၊ ဤဘဝ တွင် အကျိုးပေးနိုင်စေကာမူ မဂ်ကဲ့သို့ ခဏမခြားဘဲ



အကျိုး မပေးနိုင်ကြ၊ မဂ်တရားတို့ကား ထိုကဲ့သို့ အချိန် ကာလကြာအောင် ဖင့်နွှဲ လေးဆေး မနေဘဲ မဂ်တရား ဖြစ်ပြီး၍ ချုပ်သည်နှင့် တစ်ပြိုင်နက် ဖိုလ်တရားအကျိုးကို ပေးနိုင်သောကြောင့် သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်ဟူသော မဂ်လေးပါးတရား တော်သည် **"အကာလိက"**ဂုဏ်တော်အားဖြင့် ထင်ရှား တော်မူပါပေသည်။

## (၄) ဧဟိပဿိကဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို ရှေးဦးစွာ ရွတ်ပါစေ။]

ဤလောက၌ ဟန်ပန်လုပ်၍ အဟုတ်မရှိသော အရာဝတ္ထုကို **"မယုံလျှင် ကြည့်လှည့်လော"**ဟု မပြောဝံ့ပေ၊ ရှိပင် ရှိသော်လည်း ထိုရှိသော အရာဝတ္ထုသည် ကြည့်ချင်ဖွယ် မကောင်းလျှင် ခေါ်ငင်ပြသဖို့ရန် မထိုက်တန်ချေ၊ ဗုဒ္ဓမြတ်စွာ၏ မဂ်ဖိုလ်နိဗ္ဗာန် တရားတော်ကား အမှန်အား ဖြင့် ထင်ရှားရှိ၍ သန့်ရှင်းစင်ကြယ်သောကြောင့် **"လာခဲ့ စမ်းပါ, ကျင့်၍ ကြည့်လှည့်စမ်းပါ"**ဟု ဖိတ်ခေါ်၍ ပြသ ခြင်းငှာ ထိုက်တန်သော **"ဧဟိပဿိက"**ဂုဏ်တော်နှင့် လည်း ပြည့်စုံပါပေသည်။

## (၅) သြပနေယျိကဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို ရှေးဦးစွာ ရွတ်ပါစေ။]

**(က)** မဂ်ဖိုလ်တရားသည် မိမိစိတ်၌ တစ်ကြိမ် တစ်ခါလောက် ထင်မြင်လာလျှင် ယုတ်မာ ညစ်ညမ်းသော ကိလေသာအကြမ်းတွေ ကင်းစင်လေပြီဖြစ်၍ ထိုမဂ်ဖိုလ် ရသူကို **"ဖြူစင်သော=အရိယာပုဂ္ဂိုလ်"**ဟူ၍ ခေါ်ဆိုရပေသည်၊ ထိုအရိယာပုဂ္ဂိုလ်သည် ယုတ်မာဆိုးဝါးသော မကောင်းမှုများကို မည်သည့်နည်းနှင့်မျှ မပြုလုပ်တော့ရကား ဤဘဝမှ စုတေလျှင် အပါယ်လေးပါးသို့ မရောက်နိုင်တော့ပါ။

**(ခ)** ထိုအကြောင်းအရာကို ကောင်းစွာယုံကြည်သူတို့သည် မိမိ ဝတ်ထားသောအဝတ်ကို မီးလောင်နေစေကာမူ, မိမိ ဦးခေါင်းဆံပင်ကို မီးလောင်နေစေကာမူ ထိုမီးကို မငြိမ်းသေးဘဲ အပါယ်ဝဋ်မီးငြိမ်းဖို့ရာ မိမိစိတ်ထည်း၌ မဂ်ဖိုလ်ပေါ်လာအောင် ကြိုးစားထိုက်ကြပါသည်၊ ဤမျှလောက် ကြိုးစားထိုက်သောကြောင့် မဂ်ဖိုလ် နိဗ္ဗာန်တရားတော်သည် **"သြပနေယျိက"**ဂုဏ်တော်အားဖြင့်လည်း ထင်ရှားတော်မူပါပေသည်။



## (၆) ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို ရှေးဦးစွာ ရွတ်ပါစေ။]

မဂ်ဖိုလ် နိဗ္ဗာန်တရားတော်သည် ပုထုဇဉ်ဘဝ၌ တိုက်ရိုက်သိရသော တရားတော်များ မဟုတ်ကြပါ၊ တရားနည်းလမ်း အတိုင်းကျင့်၍ အရိယာဖြစ်ပြီးသော ပုဂ္ဂိုလ်တို့သာလျှင် သိမြင်နိုင်သော တရားတော်များ ဖြစ်ပါသည်၊ နိဗ္ဗာန်ကို အာရုံပြုကာ ဖိုလ်စိတ်ပေါင်း အကြိမ်များစွာ ဖြစ်စေခြင်းကို **"ဖလသမာပတ် ဝင်စားခြင်း"**ဟု ခေါ်ရပါသည်၊ အရိယာဖြစ်ပြီးသော ပုဂ္ဂိုလ်များသည် ကိုယ်စီကိုယ်င ဖလသမာပတ်ကို ဝင်စားတော်မူကြ၍ နိဗ္ဗာန်အရသာကို ခံစားနိုင်ကြပါသည်၊ ထိုသို့ ခံစား၍ သိရခြင်းသည်ပင် တရားတော်၏ **"ပစ္စတ္တံဝေဒိတဗ္ဗ"**ဂုဏ်တော် တစ်မျိုး ဖြစ်ပါသည်။

### တရားဂုဏ်လက်တွေ့ပြ တရားတော်

ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါ၌ ဗြာဟ္မဏတစ်ယောက်သည် ဗုဒ္ဓထံမှောက်လာရောက်၍ လျှောက်ထားသည်မှာ **"အရှင်ဂေါတမ ... အဘယ်မျှသော အကြောင်းဖြင့် တရားသည် လက်တွေ့ဖြစ်နိုင်, အခါမလင့် အကျိုးပေးနိုင်, မယုံလျှင် လာခဲ့ ကြည့်လှည့်ဟု ဖိတ်ခေါ်နိုင်, မိမိ**

**စိတ်သို့ရောက်အောင် ဆောင်နိုင်, ပညာရှိတို့ကိုယ်တိုင် သိမြင်ခံစားနိုင်သော တရားဖြစ်ပါသနည်း?"** [သန္ဒိဋ္ဌိက စသော ဂုဏ်တော်ငါးပါးကို မေးသည်။]

ထိုအခါ ဗုဒ္ဓမြတ်စွာ မိန့်တော်မူသည်မှာ—

**(က)** ဗြာဟ္မဏ ...ရာဂစိတ်ဖြစ်နေသူ ရာဂအနှိပ်စက်ခံနေရသူ (မည်သည့် စိတ်ကောင်းတစ်ခုမျှ ဖြစ်ခွင့်မရအောင် စိတ်တစ်စဉ်တစ်တန်းလုံးကို) ရာဂ သိမ်းကြုံးခံနေရသူ တစ်ယောက်သည် (ဥပမာ–မိမိချစ်သူကို မရလျှင် မနေနိုင်လောက်အောင် လွန်လွန်ကဲကဲ စွဲလမ်းနေသူ တစ်ယောက်သည်) မိမိကိုယ်ကို (သတ်သေခြင်းစသည်ဖြင့်) ပျက်စီးအောင်လည်း ကြိုးစားတတ်၏၊ သူတစ်ပါး ပျက်စီးအောင်လည်း (မိမိတို့ကိစ္စ၌ အားမပေးသူ နောက်ယှက်သူများ ဒုက္ခရောက်သွားအောင်လည်း) ကြိုးစားတတ်၏၊ မိမိကိုယ်လည်း မနှိပ်စက်ရဲ, (သူများကိုလည်း မနှိပ်စက်ရဲလျှင်) စိတ်ဆင်းရဲမှု ဝမ်းနည်းမှုကိုလည်း ခံစားနေရတတ်သည်။

**(ခ)** ရာဂစိတ်ကို ပယ်နိုင်လျှင် (ပယ်လိုက်သည်နှင့် တစ်ပြိုင်နက်) မိမိပျက်စီးဖို့ရာလည်း မကြိုးစားတော့၊ သူတစ်ပါး ပျက်စီးဖို့ရာလည်း မကြိုးစားတော့၊ မိမိသူတစ်ပါး နှစ်ဦးလုံး ပျက်စီးဖို့ရာလည်း မကြိုးစားတော့၊



စိတ်ဆင်းရဲခြင်း ဝမ်းနည်းခြင်း ဒုက္ခကိုလည်း မခံစားရတော့၊ ဤနည်းအားဖြင့် တရားတော်သည် **သန္ဒိဋ္ဌိက, အကာလိက, ဧဟိပဿိက, ဩပနေယျိက, ပစ္စတ္တံဝေဒိတဗ္ဗ** ဖြစ်နိုင်ပေသည်၊ [ဤနည်းအတိုင်း ဒေါသ မောဟတို့ကို ပယ်၍ လက်တွေ့ရသော အကျိုးကိုလည်း ဟောတော်မူပါသည်၊] ဗြာဟ္မဏလည်း သဘောကျ ၍ တရားတော်ကို ချီးမွမ်းကာ **"ဥပါသကာ"**အဖြစ်ကိုလည်း ဝန်ခံသွားလေသည်*။

**[အင်္ဂုတ္တိုရ်, တိကနိပါတ်, ဒုတိယပဏ္ဏာသက, ဗြာဟ္မဏဝဂ်, တတိယသုတ်။]**

---

*အထ ခေါ အညတရော ဗြာဟ္မဏော ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝတာ သဒ္ဓိံ သမ္မောဒိ၊ (ပေ) ကေမန္တံ နိသိန္နော ခေါ သော ဗြာဟ္မဏော ဘဂဝန္တံ ဧတဒဝေါစ–သန္ဒိဋ္ဌိကော ဓမ္မော သန္ဒိဋ္ဌိကော ဓမ္မောတိ ဘော ဂေါတမ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘော ဂေါတမ သန္ဒိဋ္ဌိကော ဓမ္မော ဟောတိ အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

ရတ္တော ခေါ ဗြာဟ္မဏ ရာဂေန အဘိဘူတော ပရိယာဒိန္နစိတ္တော အတ္တဗျာဗာဓာယပိ စေတေတိ, ပရဗျာဗာဓာယပိ စေတေတိ, ဥဘယဗျာဗာဓာယပိ စေတေတိ, စေတသိကံပိ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ၊ ရာဂေ ပဟီနေ နေဝတ္တဗျာဗာဓာယပိ စေတေတိ, န ပရဗျာဗာဓာယပိ စေတေတိ, န ဥဘယဗျာဗာဓာယပိ စေတေတိ, န စေတသိကံဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ၊ (ပေ) ဝိညူဟီတိ။

**[အင်္ဂုတ္တုိရ်, တိကနိပါတ်, ဒုတိယပဏ္ဏာသက, ဗြာဟ္မဏဝဂ်, တတိယသုတ်။]**

**ရှင်းပြချက်။** ။ရာဂ, ဒေါသ, မောဟတို့ကို ပယ်နိုင်သော တရားဟူသည် ကုသိုလ်တရားတည်း၊ ကုသိုလ်အမျိုးမျိုးတွင် ရိုးရိုးကုသိုလ်သည် ခေတ္တခဏမျှ ပယ်နိုင်၏၊ မဂ်ကုသိုလ်တရားသာ အပြစ်ပြတ်အောင် ပယ်နိုင်သည်၊ မည်သို့ပင်ဖြစ်စေ ပယ်လိုက်သည်နှင့် တစ်ပြိုင်နက် ပျက်စီးရာ ပျက်စီးကြောင်း မကောင်းသော ကြိုးစားမှုနှင့်တကွ စိတ်ဆင်းရဲမှု ဝမ်းနည်းမှု မရှိတော့ခြင်းအကျိုးဌာ **သန္ဒိဋ္ဌိက**–ကိုယ်တွေ့လည်း ဖြစ်၏၊ **အကာလိက**–ချက်ခြင်းလည်း အကျိုးရ၏၊ **ဧဟိပဿိက**–မယုံလျှင် ရာဂကို ပယ်ကြည့်လိုက်စမ်းပါ၊ **ဩပနေယျိက**–ထိုကဲ့သို့ လက်တွေ့ အကျိုးရအောင် ပြနိုင်သော ကုသိုလ်တရားကို မိမိစိတ်မှာ ဖြစ်နေအောင် မဆောင်ယူထိုက်ဘဲ ရှိမည်လော၊ **ပစ္စတ္တံဝေဒိတဗ္ဗ**–ရာဂ ဒေါသ မောဟကို ပယ်နိုင်သော ပညာရှိတိုင်း ပြခဲ့သော ကိုယ်တွေ့အကျိုးကို ခံစားနိုင်မည် မဟုတ်ပါလော၊ [ကုသိုလ်တရား ဖြစ်သည်နှင့် တစ်ပြိုင်နက် ရာဂ ဒေါသ မောဟ၏ ငြိမ်းအေးသွားခြင်းကိုပင် **"သန္ဒိဋ္ဌိက, အကာလိက, ဧဟိပဿိက, ဩပနေယျိက, ပစ္စတ္တံဝေဒိတဗ္ဗနိဗ္ဗာန်"**ဟုလည်း ပဥ္စမသုတ်၌ ဟောတော်မူသေး၏။]

ဓမ္မရတနာဖတ်စာ ပြီး၏။



## သံဃရတနာဖတ်စာ

**ဆရာ။** ။ဗုဒ္ဓမြတ်စွာ၏သာဝက ဖြစ်တော်မူကြသော အရိယာသံဃာတော်၏ ဂုဏ်တော်များကို ဖတ်စာလုပ်ပြီး ဖတ်ကြရအောင်၊ သုပ္ပဋိပန္နဂုဏ်တော်ကို ရွတ်ကြစမ်းကွဲ့။

**တပည့်များ။** ။သံပြိုင်ညီညီ ဘုရားဘက်သို့ လက်အုပ်ချီ၍ ဖြည်းဖြည်းရွတ်။

**ဆရာ။** ။ယခု ဖတ်စာမှာပါသော သံဃာတော်ဆိုတာ တရားတော်အတိုင်း ကျင့်၍ ရာဂ ဒေါသ မောဟတို့ကို ပယ်နိုင်သော အရိယာဖြစ်ပြီး သံဃာတော်များဖြစ်ကြောင်းကိုလည်း နားလည်ထားကြကွဲ့။

### (၁) သုပ္ပဋိပန္နဂုဏ်တော် ဖတ်စာ

(က) အရိယာသံဃာတော်သည် သောတာပတ္တိမဂ်ရ ပုဂ္ဂိုလ်တစ်မျိုး, သောတာပတ္တိဖိုလ်ရ ပုဂ္ဂိုလ်တစ်မျိုး, သကဒါဂါမိမဂ်ရ ပုဂ္ဂိုလ်တစ်မျိုး, သကဒါဂါမိဖိုလ်ရ ပုဂ္ဂိုလ်တစ်မျိုး, အနာဂါမိမဂ်ရ ပုဂ္ဂိုလ်တစ်မျိုး, အနာဂါမိဖိုလ်ရ ပုဂ္ဂိုလ်တစ်မျိုး, အရဟတ္တမဂ်ရ ပုဂ္ဂိုလ်တစ်မျိုး, အရဟတ္တဖိုလ်ရ ပုဂ္ဂိုလ်တစ်မျိုး ဤသို့ ရှစ်မျိုးရှိပါသည်၊ မဂ်ဖိုလ်ရသူ

အမျိုးတူနှစ်ပါးကို တစ်စုံစီခွဲခြားလျှင် လေးပါးသော အစုံဖြစ်ပါသည်။

**(ခ)** ထိုအစုံလေးပါး သီးခြားရှစ်ဘော် အရိယာသံဃာတော်သည် တရားသဖြင့် ဆုံးမတော်မူရာ ဗုဒ္ဓသာသနာတော်ဝယ် အဆုံးအမတော်ဟူသမျှကို တစ်သဝေမတိမ်းရအောင် လုံးဝ လိုက်နာတော်မူကြသောကြောင့် သုပ္ပဋိပန္န ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူကြပါပေသည်၊ အရိယာမဖြစ်သေးသော်လည်း အရိယာဖြစ်အောင် ကြိုးစာတော်မူကြသော ရဟန်းတော်များလည်း ဗုဒ္ဓ၏ဝါဒကို လုံးဝလိုက်နာ၍ နေထိုင်တော်မူကြပါသည်။

## (၂) ဥဇုပ္ပဋိပန္နဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို ရွတ်ပါစေ။]

**(က)** ဤလောက၌ မိမိမှာ ရှိသောအပြစ်ကို သူများသိသွားမည်စိုး၍ ဖုံးကွယ်ထားသော **မာယာ**တရား, မိမိမှာ မရှိသောဂုဏ်ကို ရှိဟန်ဆောင်တတ်သော **သာဌေယျ**တရားတို့ကြောင့် ရိုးသားဖြောင့်မတ်သော ရဟန်းရှင်လူများ နည်းပါးလျက် ရှိရပေသည်။



**(ခ)** ဗုဒ္ဓမြတ်စွာ၏ အရိယာသာဝက ဖြစ်ပြီးကြသော သံဃာတော်များကား ထိုကဲ့သို့ မရိုးမသားသော တရားများကို အကြွင်းမဲ့ ပယ်ရှား၍ ရိုးသားဖြောင့်မတ်စွာ နေထိုင်တော်မူကြပေသည်၊ ထိုသို့ ဖြောင့်မတ်သော အကျင့်သာလျှင် နိဗ္ဗာန်လမ်းနှင့် စခန်းသင့်သော အကျင့်ဖြစ်ပေရကား အရိယာသံဃာတော်သည် **"ဥဇုပ္ပဋိပန္န"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည်။

## (၃) ဉာယပဋိပန္နဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို ရွတ်ပါစေ။]

ဤလောက၌ အိုရခြင်း နာရခြင်း သေရခြင်း ဆွေမျိုးစည်းစိမ် ဂုဏ်သိရ်ပျက်စီး၍ ဝမ်းနည်းရ ငိုကြွေးရခြင်း ကိုယ်ဆင်းရဲရခြင်း စိတ်ဆင်းရဲရခြင်း (မျောမေ့သွားရလောက်သော) ပြင်းပြင်းထန်ထန် ပူပန်ရခြင်းတို့သည် ရိုးရိုးလောင်သောမီးထက် ကြီးကျယ်ပြင်းပြလှ၏၊ ဗုဒ္ဓမြတ်စွာ၏ အရိယာသာဝက သံဃာတော်သည် ကိုယ်မှာ ဝတ်ထားသောအဝတ်နှင့် ဆံပင်ကို မီးလောင်နေစေကာမူ ထိုမီးထက် ပြင်းထန်သော ဒုက္ခမီးတို့၏ အပြီးသတ် ငြိမ်း

အေးရာဖြစ်သော နိဗ္ဗာန်ကို မရသေးလျှင်လည်း အလျင်
အမြန် သိမြင်ဖို့ရာ, သိပြီးလျှင်လည်း အကြိမ်ကြိမ် သိဖို့ရာ
ကျင့်တော်မူကြပေသည်၊ ထိုသို့ နိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူ
ကြသောကြောင့် အရိယာသံဃာတော်သည် **“ဉာယပ္ပဋိပန္န”**
ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည်။

## (၄) သာမိစိပ္ပဋိပန္နဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို ရွတ်ပါစေ။]

**(က)** များစွာသော ဗုဒ္ဓဘာသာဝင် သူတော်ကောင်း
တို့သည် ရဟန်းသံဃာတော်များကို လွန်စွာ လေးစားရှာကြ
ပေ၏၊ စားဦးစားဖျားကိုလည်း ပေးလှူကြ၏၊ ကောင်းသော
နေရာ ထိုင်ခင်းများကိုလည်း ပေးလှူကြ၏၊ ထိုအားလုံးကို
ဆွေမျိုးမိဘ မိတ်ဆွေစသူတို့အား မပေးနိုင်ကြပေ၊ တွေ့ကြုံ
ပြန်လျှင်လည်း ရိုသေသောအမူအရာဖြင့် ဆက်ဆံရှာကြ၏၊
ထိုမျှလောက် ရိုသေမှုကိုလည်း အခြားသူတို့အပေါ်မှာ
မပြုနိုင်ချေ၊ ထိုရိုသေမှုနှင့် ထိုက်တန်အောင် နေထိုင်ရန်ကိစ္စ
ကား မလွယ်ကူလှပါ၊ လောဘ ဒေါသ မာန်မာနတွေ အမြစ်
မပြတ်စေနိုင်သော်လည်း နည်းပါးသွားအောင် ကြိုးစား၍
ထိုသူများအတွက် မေတ္တာ ကရုဏာစသော ဘာဝနာကို
မကြာမကြာ ပွားများနိုင်မှသာ သင့်တော်ရုံ ရှိကြပေရာသည်။



**(ခ)** ဗုဒ္ဓမြတ်စွာ၏ အရိယာဖြစ်ပြီးသော သံဃာ
တော်များကား လောဘ ဒေါသစသော ညစ်ညမ်းယုတ်မာ
ကိလေသာတွေကို တချို့က နည်းပါးအောင် ကျင့်တော်မူ
ကြ၍ တချို့ကမူ အမြစ်ပြတ်အောင် ဖြတ်တောက်တော်မူ
ကြပြီး ဖြစ်လေသည်၊ ဤသို့လျှင် အရိယာသံဃာတော်
သည် လူတို့၏ ရိုသေလေးစားမှုနှင့် ထိုက်တန်အောင်
ကျင့်တော်မူကြသောကြောင့် **“သာမိစိပ္ပဋိပန္န”**ဂုဏ်တော်နှင့်
လည်း ပြည့်စုံတော်မူကြပါပေသည်။

## (၅) အာဟုနေယျဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို ရွတ်ပါစေ။]

အရိယာသံဃာတော်များသည် လှူဒါန်းပူဇော်သူကို အတုံ့ပြန်၍ တမလွန်အကျိုးကို ပေးနိုင်သောကြောင့် ထို အရိယာသံဃာတော်များအား လှူဒါန်းဖို့ရန် ဝေးကွာသော အရပ်မှ ယူဆောင်ခဲ့သော ဆွမ်းသက်န်းစသော ပစ္စည်းများ ကို ခံယူထိုက်ကြပေသည်၊ ထို့ကြောင့် အရိယာသံဃာတော် များသည် **“အာဟုနေယျ”**ဂုဏ်တော်နှင့်လည်း ပြည့်စုံတော် မူကြပါပေသည်။

[ရိုးရိုးရာရာ လှူနေကြပစ္စည်းကို **“လာဘ”**ဟု ခေါ်၍ အထူးတလည် စီမံအပ်သော ပစ္စည်းကို **“သက္ကာရ”**ဟု ခေါ်၏။]

## (၆) ပါဟုနေယျဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို ရွတ်ပါစေ။]

ယခုအခါ ဧည့်သည်များလာလျှင် အဆင်သင့် ဧည့်ဝတ်ပြုဖို့ရန် ရည်မှန်းထားသော အသုံးအဆောင်နှင့် စားဖွယ် သောက်ဖွယ်များ ထားတတ်ကြလေသည်၊ အရိယာသံဃာတော်သည် ဘုရားတစ်ဆူ ပွင့်တော်မူလာမှ ပေါ်လာကြသောကြောင့် တစ်ကမ္ဘာလုံး၏ ဧည့်သည်တော်ကြီးများ ဖြစ်ကြသည်၊ ထို့ကြောင့် ရိုးရာ ဧည့်သည်များအတွက် ရည်မှန်းထားသော ပစ္စည်းကိုလည်း ကမ္ဘာ့ဧည့်သည်တော်များဖြစ်ကြသော အရိယာသံဃာတော်သည် ခံယူထိုက်တော်မူ ရကား **“ပါဟုနေယျ”**ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည်။

## (၇) ဒက္ခိဏေယျဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို ရွတ်ပါစေ။]

နောင်တမလွန်ဘဝ၌ ချမ်းသာဖို့ရန် မျှော်မှန်း၍ လှူဒါန်းမှုကို **“ဒက္ခိဏာ”**ဟု ခေါ်၏၊ အရိယာသံဃာတော်များသည် အလှူရှင် မျှော်မှန်းသည့်အတိုင်း အကျိုးပေးနိုင်လောက်အောင် အတွင်းစိတ်ဓာတ် မြင့်မြတ်ဖြူစင်သောကြောင့် ထိုဒက္ခိဏာမည်သော အလှူမျိုးကိုလည်း ခံယူတော်မူထိုက်ရကား **“ဒက္ခိဏေယျ”**ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည်။



## (၈) အဉ္ဇလိကရဏီယဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို ရွတ်ပါစေ။]

လူတစ်ယောက်သည် အခြားလူတစ်ယောက်ကို လက်အုပ်မိုး၍ ရှိခိုးရာ၌ မိမိထက် သာလွန်သော ဂုဏ်ထူးရှိသောကြောင့်သာ ရှိခိုးမှုကို ပြုနိုင်လေသည်၊ မိမိထက် သာလွန်သော ဂုဏ်ထူးမရှိသူကို လောကထုံးစံအရ ဝတ်ကြေရုံမျှ ရှိခိုးကောင်း ရှိခိုးရာသော်လည်း စိတ်ပါလက်ပါ စေတနာ သန်သန်နှင့် ရှိခိုးနိုင်မည် မဟုတ်ချေ၊ ထိုဂုဏ်ထူး မရှိသူသည်လည်း ရှိခိုးမခံထိုက်ပေ၊ အရိယာသံဃာတော်များကား အလွန် ထူးခြားသော သီလဂုဏ် သမာဓိဂုဏ် မဂ်ပညာ ဖိုလ်ပညာဂုဏ်များနှင့် ပြည့်စုံတော်မူကြသောကြောင့် တစ်လောကလုံး၏ ရှိခိုးမှုကို ခံယူထိုက်လောက်အောင် **“အဉ္ဇလိကရဏီယ”**ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

## (၉) အနုတ္တရံ ပုညက္ခေတ္တံဂုဏ်တော် ဖတ်စာ

[ဂုဏ်တော်အနက်ကို ရွတ်ပါစေ။]

ဤလောက၌ ပထမတန်း လယ်ယာသည် ဂျုံစပါးတို့၏ ကြီးပွားစည်ပင်ရာဌာန ဖြစ်သကဲ့သို့ ထို့အတူ အရိယာသံဃာတော်များသည် ကုသိုလ်ကောင်းမှုတို့၏ စည်ပင်တိုးပွားအကျိုးများဖို့ရာ အတုမရှိသော လယ်ယာမြေကောင်း ဖြစ်သောကြောင့် **"အနုတ္တရံ ပုညက္ခေတ္တံ"** ဂုဏ်တော်နှင့်လည်း ပြည့်စုံပါပေသည်။

### ရွာကျောင်းဘုန်းကြီးရှိ၍ အကျိုးရပုံ

**ဆရာ။** ။ကလေးများ ကျက်မှတ်ထားသော သံဃာ့ဂုဏ်တော်၌ အရိယာဖြစ်ပြီး သံဃာများ၏ဂုဏ်တော်ကိုသာ သိရတယ်၊ အရိယာ မဖြစ်သေးသော်လည်း သီလသိက္ခာ ကောင်းစွာစောင့်စည်း၍ အရိယာဖြစ်ဖို့လမ်းကိုသွားနေကြသော ဘုန်းတော်ကြီးများ ရှိကြသေးတယ်၊ ခဲဒီလို ဘုန်းတော်ကြီးများကို ရွာဦးရွာထိပ်က ထားပြီး လေးလေးစားစား ကိုးကွယ်ကြလို့ ရှေးကာလက မြန်မာနိုင်ငံ ...ပြည်ရွာတိုင်း လူကောင်းပေါ်များခဲ့တယ်၊ ဗုဒ္ဓမြတ်စွာ၏



အောက်ပါတရားတော်ကို ဖတ်ကြစမ်း၊ [တစ်ယောက်က ဖတ်, အများက စာကြည့်နေ၊ တစ်လှည့်စီ စာဖတ်ကောင်းသူကို ဖတ်ပါစေ။]

ဘိက္ခုတို့ ...အကြင်ရွာကိုဖြစ်စေ, အကြင်နိဂုံး (မြို့)ကိုဖြစ်စေ သီလရှိသောရဟန်းတို့ မှီတင်းနေတိုင်ကြကုန်၏၊ ရဟန်းကောင်းတို့၏ နေထိုင်ရာ ထိုရွာ၌ (ထိုနိဂုံး ထိုမြို့၌) လူတို့သည် (၁) ကိုယ်အနေအားဖြင့် ကုသိုလ်ကောင်းမှုများစွာ တိုးပွားကြကုန်၏၊ (၂) နှုတ်အပြောအားဖြင့်လည်း ကုသိုလ်ကောင်းမှုများစွာ တိုးပွားကြကုန်၏၊ (၃) စိတ်အကြံအားဖြင့်လည်း ကုသိုလ်ကောင်းမှုများစွာ တိုးပွားကြလေသည်*။

[အင်္ဂုတ္တုရ်, တိကနိပါတ်, ပဌမပဏ္ဏာသက, ၅-စူဠဝဂ်, ဆဋ္ဌသုတ်။]

---

*ယံ ဘိက္ခဝေ သီလဝန္တော ပဗ္ဗဇိတာ ဂါမံဝါ နိဂါမံဝါ ဥပနိဿာယ ဝိဟရန္တိ, တတ္ထ မနုဿာ တီဟိ ဌာနေဟိ ဗဟုံ ပုညံ ပသဝန္တိ၊ ကတမေဟိ တီဟိ၊ ကာယေန ဝါစာယ မနသာ၊ ယံ ဘိက္ခဝေ သီလဝန္တော ပဗ္ဗဇိတာ ဂါမံဝါ နိဂါမံဝါ ဥပနိဿာယ ဝိဟရန္တိ တတ္ထ မနုဿာ ဣမေဟိ တီဟိ ဌာနေဟိ ပုညံ ပသဝန္တီတိ။

[အင်္ဂုတ္တုရ်, တိကနိပါတ်, ပဌမပဏ္ဏာသ, ၅-စူဠဝဂ်, ဆဋ္ဌသုတ်။]

**ဆရာ။** ။ကိုင်း, ဗုဒ္ဓမြတ်စွာက ရှာဦးရှာထိပ်မှာ ဘုန်းကြီးကိုးကွယ်ထားလျှင် အကျိုးများသော တရားတော်ကို ဟောတော်မူထားပြီးကွဲ့၊ ဒီတရားတော်ကို ကလေးတို့ရဲ့ မိဘများရော, ရွာသူကြီးရော, နယ်အစိုးရရော, ပြည်ပိုင်အစိုးရရော အစစ်အမှန်သဘောပေါက်ဖို့ အရေးကြီးတယ်ကွဲ့၊ ကဲ ... ဆရာနှင့်တပည့်တို့ စိစစ်ကြရအောင်၊ ဆရာက မေးမယ်နော်, သဘောကျသလို ဖြေကြကွဲ့။

**"သီလ သိက္ခာရှိသော ရဟန်းတော်"**လို့ ပထမဆုံး ဘုန်းတော်ကြီးရဲ့ အရည်အချင်းကို ဗုဒ္ဓမြတ်စွာ ပြထားတော်မူတယ်၊ ဒီတော့ သီလ သိက္ခာရှိသော ဘုန်းတော်ကြီးကို ရွေးချယ်၍ မကိုးကွယ်သင့်ပေဘူးလား။

**တပည့်များ။** ။ရွေးချယ်၍ ကိုးကွယ်သင့်ပါတယ် ဆရာ။

**ဆရာ။** ။ကောင်းပြီး, သီလရှိသော ဘုန်းတော်ကြီးနေထိုင်လျှင် ကိုယ်အားဖြင့် ကုသိုလ်တိုးပွားတယ်လို့ ဟောတော်မူတယ်၊ ဘယ်လိုတိုးပွားဖို့ ရှိသလဲ၊ ဘုန်းကြီးလာတာမြင်လျှင် လမ်းဖယ်ပေးမယ်, လက်အုပ်ချီမယ်, နေရာခင်းပေးမယ်, ကျောင်းသို့သွားပြီး အမှိုက်ရှင်းမယ်, ဘုန်းတော်ကြီးရဲ့



ဆုံးမစကားကို လေးစားပြီး သူ့အသက် မသတ်ဘူး, သူ့ဥစ္စာမခိုးဘူး, ထန်းရည်အရက် မသောက်ဘူး, ဖဲမကစားဘူး, တွေ့ကရပွဲတွေလိုက်ပြီး မကြည့်ဘူး၊ ဒီလို မကောင်းတာရှောင်ပြီး ကောင်းတာတွေကိုချည်း လုပ်နေလျှင် ကိုယ်အားဖြင့် ကုသိုလ် မတိုးပွားပေဘူးလားကွဲ့။

**ဆရာ။** ။ကလေးအရွယ်မှာဆိုလျှင် ဆရာဘုန်းတော်ကြီး ဆုံးမတာကို လိုက်နာပြီး မုသားမပြော, မဆဲဘဲ စကားကောင်းကောင်းပြောတာ, စာသင်နေတာ, ဘုရားရှိခိုးနေတာတွေဟာ နှုတ်အားဖြင့် ကုသိုလ်တိုးပွားတာပဲကွဲ့၊ စိတ်ကောင်းထားတာတွေကတော့ စိတ်အားဖြင့် ကုသိုလ်တိုးပွားနေတာပဲ၊ ဒါ့ကြောင့် ဘုန်းကြီးကောင်းကောင်း ကိုးကွယ်ထားလျှင် တစ်ရွာလုံး လူကောင်းတွေ ဖြစ်နိုင်ပါတယ်ကွဲ့၊ ရှေးတုန်းက ကျောင်းထိုင်ဘုန်းကြီးများမှာ ရွာထည်း၌ သောက်စားမူးရစ်နေသူကို ခေါ်၍ပင် ရိုက်နှက်ဆုံးမတော်မူကြတယ်ကွဲ့၊ အဲဒီ အချိန်ဟာ သူခိုးတောင် များများ မရှိဘဲ တစ်ညလုံး အိမ်တံခါးဖွင့်ပြီး အိပ်နိုင်တဲ့အခါကောင်းကြီးပဲ မောင်တို့ရဲ့၊ ယခု ပြည်ထောင်စု မြန်မာနိုင်ငံတော်ဟာ ဘာသာရေးကို အသားကျအောင် ကြိုးစားဖို့ သင့်နေပြီကွယ်ရို့။

**တပည့်များ။** ။တိုးပွားမယ် ဆရာ။

## နိုင်ငံတော် ရာဇဝတ်မှုနည်းပါးရေး

**အမှာ။** ။အင်္ဂလန်နှင့် ဝေလနိုင်ငံများရှိ အကျဉ်းထောင်များ၏မင်းကြီး မစ္စတာ ပတ်တားဆင်၏ မြန်မာနိုင်ငံတော်၌ ရာဇဝတ်မှုများ မဖြစ်ပွားအောင် ရေးသားသော အစီရင်ခံစာသည် ဤနေရာနှင့် သင့်တော်လှသဖြင့် ကောက်နုတ်ချက် အချုပ်ကို ဖတ်စာလုပ်၍ ပြပါဦးမည်။

၁။ ။ကြောက်မက်ဖွယ် ကောင်းလှသော ရဇဝတ်ဘေးကြီးမှ မြန်မာလူမျိုးတို့အား ကာကွယ်စောင့်ရှောက်လျက်ရှိသော လက်နက်အင်အားသည် ဗုဒ္ဓဘာသာတရားတော်ကြီးပင် ဖြစ်၏။

၂။ ။ဗုဒ္ဓဘာသာ တရားတော်ကြီးသည် အမှားနှင့် အမှန်ကို သေချာစွာ ဖော်ပြထားလေသည်။

၃။ ။မြန်မာလူမျိုးမှန်သမျှ ထိုတရားတော်ကြီးကို ငယ်ရွယ်စဉ်ကစ၍ သေချာစွာ သင်ယူခဲ့ကြလေသည်။

၄။ ။မြန်မာလုလင်ပျို ကလေးများသည် ဇာတိပဋိသန္ဓေအားဖြင့် မိမိတို့၏ဘာသာကို ကြည်ညိုလေးစားကြ၏။



၅။ ။ရပ်သူ ရွာသားများသည် နှိုးဆော်ခြင်း ပညတ်ခြင်း မရှိဘဲလျက် တရားတော်ကို ကျိုးနွံ ရိုသေကြပေသည်။

၆။ ။အချို့ ရဟန်းတော်များသည် စည်းမဲ့ကမ်းမဲ့ သွားလာနေထိုင်ကြသဖြင့် ရဟန်းတော်များ၏ သြဇာသည် ရှေးကလောက် မစူးရှတော့ကြောင်းကို ကြားသိရ၏။

၇။ ။ထိုကဲ့သို့ ရဟန်းတော်များအား လူအချို့က အရိုအသေ ကင်းမဲ့ကြသဖြင့် ဗုဒ္ဓတရားတော်သည် မှန်ကန်သောတရား ဟုတ်ပါ၏လောဟု ယုံမှားသံသယ ဖြစ်ကြသည်ရှိသော် မြန်မာလူမျိုးအတွက် အလွန် ဆိုးဝါးသော ဘေးကြီးဟု ခေါ်ဆိုရပေလိမ့်မည်။

၈။ ။ဤကမ္ဘာလောက၌ ဘာသာတရားသည် အားအပေါင်းတို့တွင် အကြီးဆုံးသော **“အား”** ဖြစ်ပေသည်။

၉။ ။ယခု အချိန်အခါတွင် ဘုန်းတော်ကြီးများက စည်းလုံးညီညွတ်စွာဖြင့် ရဇဝတ်မှု ကျူးလွန်ခြင်း၏ ဘေးအန္တရာယ်ကို ဟောပြောတော်မူကြလျှင် ရာဇဝတ်မှု ဖြစ်ပွားခြင်းသည် တစ်နှစ်အတွင်း၌ ရပ်တန့်လိမ့်မည်။

**၁၀။** ။ဘာသာတရား၏ တန်ခိုးသတ္တိသည် လူအမျိုးမျိုး အပေါ်တွင် အထူးကြီးပါပေ၏၊ ဤမြန်မာပြည်တွင်ကား သာ၍ ကြီးပါပေ၏။

**ဆရာ။** ။ကိုင်း, နိုင်ငံခြားသား ထောင်မင်းကြီးတစ်ယောက်က ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဘာသာရေးကို ဘယ်လောက်လေးနက်စွာ မြင်ခဲ့သလဲ၊ ဒါ့ကြောင့် ဘယ်နည်းနှင့်ဖြစ်ဖြစ် ကလေးတို့ကိုးကွယ်တဲ့ ဘာသာကို နိုင်ငံတော်မှာ အကျိုးများသည်ထက် များတဲ့ ဘာသာဖြစ်အောင် မထူထောင်သင့်ပေဘူးလားကွယ်ရို့။

**တပည့်များ။** ။ထူထောင်သင့်ပါတယ် ဆရာ။

## လူကောင်းနှင့်လူဆိုး အကျိုး အပြစ်

**ဆရာ။** ။ဆရာတို့က ကလေးများကို လူဆိုးကလေးများ မဖြစ်စေဘဲ လူကောင်းကလေးတွေ ဖြစ်စေချင်လို့ ဗုဒ္ဓမြတ်စွာ၏ တရားတော်များကို သင်ပြနေတယ်ဆိုတာ နားလည်ကြကွဲ့၊ ဗုဒ္ဓမြတ်စွာက လူဆိုးလူဗာလရဲ့ အပြစ်တွေနှင့် လူကောင်းလူလိမ္မာရဲ့ အကျိုးများကို သေချာစွာ



ဟောထားတော်မူတယ်၊ အောက်ပါ တရားတော်ကို ကလေးများ ဖတ်ကြစမ်း။

ဘိက္ခုတို့ ...လောက၌ ကြောက်ရွံ့ ထိတ်လန့်ရခြင်းဘေး, အိုးခြေအိမ်ခြေ မတည်တံ့အောင် တိမ်းရှောင်ထွက်ပြေးရသော ဥပါဒ်, တိုက်ခိုက် လုယူ ဖျက်ဆီးသွားသဖြင့် ဟိုကပ်သည်ကပ်နှင့် ကပ်ယပ်နေသော အန္တရာယ်တို့သည် လူ့ဗာလ လူဆိုးကြောင့်သာ ဖြစ်ကြရ၏၊ လူကောင်း လူလိမ္မာကြောင့် ဖြစ်ကြရသည် မဟုတ်၊ ဥပမာ ပြရသော်— ကျူထရံတဲ သက်ငယ်တဲကို မီးစွဲလောင်လျှင် ထိုတဲများမှ မီးသည် အိမ်ကြီး အိမ်ကောင်းတို့ကိုလည်း လောင်တော့သကဲ့သို့ ထို့အတူ တဲကုတ် တဲစုတ်နှင့်တူသော လူ့ဗာလတို့မှ ဘေးဥပါဒ် အန္တရာယ်တို့သည် အပြစ်ကင်းသော လူကောင်းများကို ကူးစက်လာကြလေတော့၏၊ ဤသို့လျှင် ဗာလသည် ဘေးဥပါဒ်အန္တရာယ်တို့၏ စ၍ ဖြစ်ရာပေတည်း၊ လူ ကောင်းလူလိမ္မာကား ထိုဘေးဥပါဒ်အန္တရာယ်တို့၏ စ၍ဖြစ်ရာ မဟုတ်ပေ၊ ထို့ကြောင့် သင်တို့သည် ဗာလဖြစ်ရကြောင်း မကောင်းသောအကျင့်စုကို ရှောင်ရှား၍, ပဏ္ဍိတ ဖြစ်ရကြောင်း ကောင်းသောအကျင့်များကိုသာ

ကျင့်ကြံမည်ဟု စိတ်ကိုခိုင်ခံ့ဘန်ကာ ကျင့်ကြံကြိုးစား သင့်ပေသည်*။

[အင်္ဂုတ္တုရ်, တိကနိပါတ်, ပဌမပဏ္ဏာသက, ဗာလဝဂ်, ပထမသုတ်။]

---

* ယာနိ ကာနိစိ ဘိက္ခဝေ ဘယာနိ ဥပ္ပဇ္ဇန္တိ၊ သဗ္ဗာနိ တာနိ ဗာလတော ဥပ္ပဇ္ဇန္တိ, နော ပဏ္ဍိတတော၊ ယေကေစိ ဥပဒ္ဒဝါ ဥပ္ပဇ္ဇန္တိ၊ သဗ္ဗေတေ ဗာလတော ဥပ္ပဇ္ဇန္တိ, နော ပဏ္ဍိတတော၊ ယေကေစိ ဥပသဂ္ဂါ ဥပ္ပဇ္ဇန္တိ၊ သဗ္ဗေတေ ဗာလတော ဥပ္ပဇ္ဇန္တိ, နော ပဏ္ဍိတတော။

သေယျထာပိ ဘိက္ခဝေ နဠာဂါရာဝါ တိဏာဂါရာဝါ အဂ္ဂိမုတ္တော ကူဋာဂါရာနိပိ ဒဟတိ ဥလ္လိတ္တာဝလိတ္တာနိ နိဝါတာနိ ဖုသိတဂ္ဂဠာနိ ပိဟိတဝါတပါနာနိ၊ ဧဝမေဝ ခေါ ဘိက္ခဝေ ယာနိကာနိစိ ဘယာနိ ဥပ္ပဇ္ဇန္တိ၊ သဗ္ဗာနိ တာနိ ဗာလတော ဥပ္ပဇ္ဇန္တိ၊ နော ပဏ္ဍိတတော၊ ယေကေစိ ဥပဒ္ဒဝါ ဥပ္ပဇ္ဇန္တိ၊ သဗ္ဗေ တေ ဗာလတော ဥပ္ပဇ္ဇန္တိ, နော ပဏ္ဍိတတော ယေကေစိ ဥပသဂ္ဂါ ဥပ္ပဇ္ဇန္တိ၊ သဗ္ဗေ တေ ဗာလတော ဥပ္ပဇ္ဇန္တိ, နော ပဏ္ဍိတတော။

ဣတိ ခေါ ဘိက္ခဝေ သပ္ပဋိဘယော ဗာလော, အပ္ပဋိဘယော ပဏ္ဍိတော, သဉပဒ္ဒဝေါ ဗာလော, အနုပဒ္ဒဝေါ ပဏ္ဍိတော, သဉပသဂ္ဂေါ ဗာလော, အနုပသဂ္ဂေါ ပဏ္ဍိတော၊ နတ္ထိ ဘိက္ခဝေ ပဏ္ဍိတတော, ဘယံ နတ္ထိ ဘိက္ခဝေ ပဏ္ဍိတတော ဥပဒ္ဒဝေါ, နတ္ထိ ဘိက္ခဝေ ပဏ္ဍိတတော ဥပသဂ္ဂေါ။

တသ္မာ တိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ–ယေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတော ဗာလော ဝေဒိတဗ္ဗော, တေ တယော ဓမ္မေ အဘိနိဝဇ္ဇေတွာ၊ ယေဟိ ဓမ္မေဟိ သမန္နာဂတော ပဏ္ဍိတော ဝေဒိတဗ္ဗော, တေ တယော ဓမ္မေ သမာဒါယ ဝတ္တိဿာမာတိ၊ ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိ တဗ္ဗန္တိ။

[အင်္ဂုတ္တုရ်, တိကနိပါတ်, ပဌမပဏ္ဏာသက, ဗာလဝဂ်, ပထမသုတ်။]



## ဗာလနှင့်ပဏ္ဍိတ လက္ခဏာ

**ဆရာ။** ။ဗာလဖြစ်ရကြောင်း မကောင်းသော အကျင့်ဆိုတာ ဘယ်အကျင့်မျိုးလဲ, ပဏ္ဍိတဖြစ်ကြောင်း ကောင်းသောအကျင့်ဆိုတာ ဘယ်အကျင့်မျိုးလဲဟု ကလေးများက မေးစရာရှိတယ်၊ အဲဒီ ဗာလ အကျင့်ဆိုးနှင့်ပဏ္ဍိတ အကျင့်ကောင်း သိဖို့ရာ အောက်ပါ တရားတော်တို့ကို ဖတ်ကြဦးကွဲ့။

ဘိက္ခုတို့ ...ဗာလ၏လက္ခဏာ, ဗာလ၏အမှတ်အသား, ဗာလဟုထင်ရှားသော အမှုတို့သည် သုံးမျိုးရှိကုန်၏၊ အဘယ်သုံးမျိုးနည်း၊ ဗာလသည် (၁) မကောင်းသော အကြံကို ကြံလေ့ရှိ၏၊ (၂) မကောင်းသောစကားကို ပြောလေ့ရှိ၏၊ (၃) မကောင်းသောအမှုကို ပြုလေ့ရှိ၏။

ပဏ္ဍိတ၏ လက္ခဏာ, ပဏ္ဍိတ၏ အမှတ်အသား ပဏ္ဍိတဟု ထင်ရှားသောအမှုတို့လည်း သုံးမျိုးရှိကုန်၏၊ (အဘယ်သုံးမျိုးနည်း၊) ပဏ္ဍိတသည် (၁) ကောင်းသော အကြံကို ကြံလေ့ရှိ၏၊ (၂) ကောင်းသောစကားကို ပြောလေ့ရှိ၏၊ (၃) ကောင်းသောအမှုကို ပြုလေ့ရှိ၏၊ ထို့ကြောင့် ကြံစီပုံ ပြောဆိုပုံ ပြုလုပ်ပုံကို ကြည့်၍ **"ဤသူဟာ ဗာလ,**

**ဤသူကား ပဏ္ဍိတ**"ဟု ခွဲခြား၍ သိနိုင်စရာရှိပေသည်*။

[အင်္ဂုတ္တိုရ်, တိကနိပါတ်, ပဌမပဏ္ဏာသက, ဗာလဝဂ်, တတိယသုတ်။]

## ဒုစရိုက်, သုစရိုက် အကျဉ်းခွဲ

**ဆရာ။** ။ကောင်းသော အကြံ, ကောင်းသော အပြော, ကောင်းသော အပြုနှင့် မကောင်းသော အကြံ, မကောင်းသော အပြော, မကောင်းသော အပြုဆိုတာကို ကလေးများ သိလိုကြပေလိမ့်မည်၊ အောက်ပါ တရားတော်ကို ဆက်၍ ဖတ်ကြဦးကွဲ့။

---

* တီဏိမာနိ ဘိက္ခဝေ ဗာလဿ ဗာလလက္ခဏာနိ ဗာလနိမိတ္တာနိ ဗာလာပဒါနာနိ၊ ကတမာနိ တီဏိ– ဣဓ ဘိက္ခဝေ ဗာလော ဒုစ္စိန္တိတစိန္တီ စ ဟောတိ ဒုဗ္ဘာသိတဘာသီ စ ဒုက္ကဋကမ္မကာရီစ၊ (ပေ) ယသ္မာ စ ခေါ ဘိက္ခဝေ ဗာလော ဒုစ္စိန္တိတစိန္တီ စ ဟောတိ ဒုဗ္ဘာသိတဘာသီ စ ဒုက္ကဋကမ္မကာရီ စ၊ တသ္မာ နံ ပဏ္ဍိတာ ဇာနေယျုံ ဗာလော အယံ ဘဝံ အသပ္ပုရိသောတိ။

တီဏိမာနိ ဘိက္ခဝေ ပဏ္ဍိတဿ ပဏ္ဍိတလက္ခဏာနိ ပဏ္ဍိတနိမိတ္တာနိ ပဏ္ဍိတာပဒါနာနိ၊ ကတမာနိ တီဏိ–ဣဓ ဘိက္ခဝေ ပဏ္ဍိတော သုစိန္တိတစိန္တီ စ ဟောတိ သုဘာသိတဘာသီ စ သုကတကမ္မကာရီ စ၊ (ပေ) ယသ္မာ စ ခေါ ဘိက္ခဝေ ပဏ္ဍိတော သုစိန္တိတစိန္တီ စ ဟောတိ သုဘာသိတဘာသီ စ သုကတကမ္မကာရီ စ၊ တသ္မာ နံ ပဏ္ဍိတာ ဇာနေယျုံ ပဏ္ဍိတော အယံ ဘဝံ သပ္ပုရိသောတိ။

[အင်္ဂုတ္တိုရ်, တိကနိပါတ်, ပဌမပဏ္ဏာသက, ဗာလဝဂ်, တတိယသုတ်။]



ဘိက္ခုတို့...ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်ဟူသော တရားသုံးမျိုးတို့သည် မိမိကိုယ်ကို နှိပ်စက်ဖို့ရာလည်း ဖြစ်ကုန်၏၊ သူတစ်ပါးတို့ကို နှိပ်စက်ဖို့ရာလည်း ဖြစ်ကုန်၏၊ မိမိသူတစ်ပါး နှစ်ဦးသားတို့ကို နှိပ်စက်ဖို့ရာလည်း ဖြစ်ကုန်၏။

ဘိက္ခုတို့...ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်ဟူသော တရားသုံးမျိုးတို့ကား မိမိကိုယ်ကို နှိပ်စက်ဖို့ရာလည်း မဖြစ်ကုန်၏၊ သူတစ်ပါးတို့ကို နှိပ်စက်ဖို့ရာလည်း မဖြစ်ကုန်၊ မိမိသူတစ်ပါး နှစ်ဦးသားတို့ကို နှိပ်စက်ဖို့ရာလည်း မဖြစ်ကုန်*။

[အင်္ဂုတ္တိုရ်, တိကနိပါတ်, ပဌမပဏ္ဏာသက, ရထကာရဝဂ်, သတ္တမသုတ်။]

**ဆရာ။** ။ဒီတရားတော် အလိုအားဖြင့် (တစ်နေ့နေ့မှာ) မိမိလဲ ပျက်စီးဖို့ရာ သူတစ်ပါးလဲ ပျက်စီးဖို့ရာဖြစ်သော

---

* တယောမေ ဘိက္ခဝေ ဓမ္မာ အတ္တဗျာဗာဓာယပိ သံဝတ္တန္တိ, ပရဗျာဗာဓာယပိ သံဝတ္တန္တိ, ဥဘယဗျာဗာဓာယပိ သံဝတ္တန္တိ၊ ကတမေ တယော– ကာယဒုစ္စရိတံ ဝစီဒုစ္စရိတံ မနောဒုစ္စရိတံ။

တယောမေ ဘိက္ခဝေ ဓမ္မာ နေဝတ္တဗျာဗာဓာယပိ သံဝတ္တန္တိ, န ပရဗျာဗာဓာယပိ သံဝတ္တန္တိ, န ဥဘယဗျာဗာဓာယပိ သံဝတ္တန္တိ၊ ကတမေ တယော–ကာယသုစရိတံ ဝစီသုစရိတံ မနောသုစရိတံ။

[အင်္ဂုတ္တိုရ်, တိကနိပါတ်, ပဌမပဏ္ဏာသက, ရထကာရဝဂ်, သတ္တမသုတ်။]

ကာယဒုစရိုက်တွေဟာ မကောင်းသောအပြု, ဝစီဒုစရိုက်တွေဟာ မကောင်းသောအပြော, မနောဒုစရိုက်တွေဟာ မကောင်းသောအကြံဖြစ်ကြောင်းနှင့် အဲဒီ ဒုစရိုက်တွေကို ပြုကျင့်နေသူဟာ ဗာလဖြစ်ကြောင်း သိကြပြီ မဟုတ်လား။

မိမိလဲ ပျက်စီးဖို့ရာ မဟုတ်, သူတစ်ပါးလဲ ပျက်စီးဖို့ရာ မဟုတ်သော ကာယသုစရိုက်တွေဟာ ကောင်းသောအပြု, ဝစီသုစရိုက်တွေဟာ ကောင်းသောအပြော, မနောသုစရိုက်တွေဟာ ကောင်းသော အကြံဖြစ်ကြောင်းနှင့် အဲဒီ သုစရိုက်တွေကို ပြုကျင့်နေသူဟာ ပဏ္ဍိတဖြစ်ကြောင်းလဲ သိကြပြီ မဟုတ်လားကွဲ့။

**တပည့်များ။** ။သိကြပါပြီ ဆရာ။

**ဆရာ။** ။ဒုစရိုက်တွေရဲ့အပြစ်နှင့် သုစရိုက်တွေရဲ့ အကျိုးကို ဗုဒ္ဓမြတ်စွာ ဟောတော်မူထားတာ ရှိသေးတယ်ကွဲ့၊ အောက်ပါတရားတော်ကို ဖတ်ကြစမ်းပါ။

## ဒုစရိုက်အပြစ်နှင့် သုစရိုက်အကျိုး။

ဘိက္ခုတို့ ...ဒုစရိုက်မှာ အပြစ်ငါးမျိုး ရှိ၏၊ (အဘယ်ငါးမျိုးနည်း၊) (၁) မိမိကိုယ်ကို မိမိစွပ်စွဲခြင်း, (၂) ပညာရှိတို့၏ စဉ်းစဉ်းစားစား အကဲ့ရဲ့ခံရခြင်း, (၃) မကောင်းသတင်း ကျော်စောခြင်း, (၄) တွေတွေဝေဝေ သေရခြင်း, (၅) ခန္ဓာကိုယ် ပျက်စီး၍ သေပြီး သည့်နောက်၌ အပါယ်လေးပါး ရောက်ရခြင်း ဤငါးမျိုး သော အပြစ်ရှိသည်။



သုစရိုက်အကျိုး ငါးမျိုးရှိ၏၊ (အဘယ်ငါးမျိုးနည်း၊) (၁) မိမိကိုယ်ကို မိမိ မစွပ်စွဲခြင်း, (၂) ပညာရှိတို့၏ စဉ်းစဉ်းစားစား ချီးမွမ်းခံရခြင်း, (၃) ကောင်းသတင်း ကျော်စောခြင်း, (၄) မတွေမဝေ သက်သက်သာသာ သေရခြင်း, (၅) ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည့်နောက်၌ ကောင်းသော ဘဝနတ်ပြည် (လူ့ပြည်)လောက၌ ဖြစ်ရခြင်း ဤငါးမျိုးသော အကျိုးရှိသည်။

[အင်္ဂုတ္တိုရ်, ပဉ္စကနိပါတ်, ပဉ္စမပဏ္ဏာသက, ၅–ဒုစ္စရိတဝဂ်, ပထမသုတ်။]

---

* ပဉ္စိမေ ဘိက္ခဝေ အာဒီနဝါ ဒုစ္စရိတေ၊ ကတမေ ပဉ္စ—အတ္တာပိ အတ္တာနံ ဥပဝဒတိ, အနုဝိစ္စ ဝိညူ ဂရဟန္တိ,, ပါပကော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ သံမူဠ္ဟော ကာလံ ကရောတိ, ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ အာဒီနဝါ ဒုစ္စရိတေ။

ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ သုစရိတေ၊ ကတမေ ပဉ္စ—အတ္တာပိ အတ္တာနံ န ဥပဝဒတိ, အနုဝိစ္စ ဝိညူ ပသံသန္တိ, ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ အသံမူဠ္ဟော ကာလံ ကရောတိ, ကာယဿ ဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ အာနိသံသာ သုစရိတေ။

**[အင်္ဂုတ္တိုရ်, ပဉ္စကနိပါတ်, ပဉ္စမပဏ္ဏာသက, ၅–ဒုစ္စရိတဝဂ်, ပထမသုတ်။]**

**ဆရာ။** ။**"မိမိကိုယ်ကို မိမိစွပ်စွဲခြင်း"**ဆိုတဲ့ (၁) နိပါတ်အပြစ်ကို ကလေးများ သိကြရဲ့လား။

**တပည့်များ။** ။မသိပါ ဆရာ။

**ဆရာ။** ။မကောင်းတဲ့အကျင့်ကို ကျင့်တဲ့သူဟာ (သူလိုလူမိုက်ချင်းက အထင်ကြီးနေပေမယ့်) သူ့ကိုယ်သူ တော့ အထင်မကြီးဘူးကွဲ့၊ **"ငါဟာ မတရားတာတွေ လုပ်နေတယ်, ငါဟာမှ မကောင်းပါဘဲလား"**လို့ သူ့ကိုယ် သူ အထင်သေးနေတာပဲ၊ သူ့ကိုယ်သူလဲ တယ် မလုံလှဘူး၊ **"တစ်နေ့နေ့များ ငါ့အပြစ်တွေ ပေါ်ကုန်မှာလား"**လို့ စိတ်ထဲမှာ ပူနေတတ်တယ်၊ အဲဒီလို ဖြစ်နေတာဟာ ကိုယ့်ကိုယ်ကို စွပ်စွဲနေတာပဲကွဲ့။

**"ပညာရှိတို့၏ စဉ်းစဉ်းစားစား ကဲ့ရဲ့ခံရခြင်း"**ဆိုတဲ့ (၂) နိပါတ်ကိုကော နားလည်ကြရဲ့လား။

**တပည့်များ။** ။နားမလည်ပါ ဆရာ။

**ဆရာ။** ။မကောင်းတာတွေ လုပ်နေသူကို ချီးမွမ်း ပြီးတော့ မြှောက်ပေးတဲ့သူလဲ ရှိတတ်သေးတယ်ကွဲ့၊ ဘေး ကလူတွေက**"သတ်ပါလားကွ, လုပ်ပါလားကွ"**လို့ မြှောက် ပေးကြပေမယ့် အမှုဖြစ်လို့ ခံစရာရှိတော့ မြှောက်ပေးတဲ့ သူတွေ မခံရဘဲ မိုက်ရူးရဲလုပ်တဲ့သူသာ ခံရတယ်။



ဒါကြောင့် ပညာရှိများကတော့ မကောင်းတာ လုပ်နေ သူကို မချီးမွမ်းဘဲ မြှောက်လဲမပေးဘဲ **"တယ်ညံ့တဲ့လူပဲ, ဒီအမှုကြောင့် အပြစ်ရရှာတော့မှာပဲ"**လို့ တွေးတောသနား ပြီး သူလုပ်နေတဲ့ မကောင်းမှုတွေကို ကဲ့ရဲ့ကြတယ်ကွဲ့။

**"မကောင်းသတင်း ကျော်စောခြင်း"**ဆိုတာကိုကော သိကြရဲ့လား။

**တပည့်များ။** ။မသိပါ ဆရာ။

**ဆရာ။** ။ဒီအကောင်ဟာ သူ့အသက်လဲ သတ်တာ ပဲ, သူ့ဥစ္စာလဲ ခိုးတာပဲ, လိမ်လဲ အလွန်လိမ်တယ်, သူ့မယား လဲ မရှောင်ဘူး, အရက်သမားပဲ၊ အဲဒီလို နာမည်မကောင်း ဖြစ်ရတာကို **"မကောင်းသတင်း ကျော်စောတယ်"**လို့ ဆိုရတယ်။

အဲဒီလို လူမိုက်လူဆိုးတွေဟာ သေခြင်းဆိုးနဲ့သေပြီး အပါယ်လေးပါး သွားကြရတယ်၊ ဒါ့ကြောင့် ဒုစရိုက်တွေ ဟာ နေရလဲ မကောင်း, သေရလဲ မကောင်းပဲကွဲ့။

ဒုစရိုက်တွေကို မပြုဘဲ သုစရိုက်တွေ ပြုနေတဲ့သူများ တော့ ဒီဘဝမှာ ကိုယ့်ကိုယ်ကို ကြည်ညိုပြီး စိတ်ချမ်းချမ်း

သာသာနဲ့ နေရတယ်၊ ပညာရှိများရဲ့ ချီးမွမ်းခံရတယ်၊ နာမည်ကောင်းတယ်၊ သက်သက်သာသာ သေပြီး လူ့ပြည် နတ်ပြည်မှာ ဖြစ်ရတယ်။

ဒါ့ကြောင့် သုစရိုက်တွေဟာ နေရလဲအကောင်း သေရလဲ အကောင်းပဲကွဲ့။

အဲဒီဒုစရိုက်နှင့် သုစရိုက်တွေဟာ ဆယ်ပါးစီရှိကြောင်း ကိုတော့ ကလေးများရဲ့ ကျက်စာထည်းမှာ ပါပြီနော်၊ အကျယ်သိရအောင် အောက်ပါ တရားတော်ကို ဖတ်ကြ ဦးကွဲ့။

## ဒုစရိုက် သုစရိုက်လေးဆယ်

ဘိက္ခုတို့ ...လေးပါးသောအကျင့်တို့နှင့် ပြည့်စုံသူ သည် ငရဲသားတို့က ဆွဲဆောင်ချထားအပ်သကဲ့သို့ ထို့အတူ မိမိပြုအပ်သောအကျင့်က ငရဲသို့ဆွဲချအပ်ပြီး ဖြစ်တော့၏၊ (ငရဲကျဖို့ရန် သေချာ၏၊) အဘယ်လေးပါးတို့နှင့် ပြည့်စုံသူ နည်း?။

(၁) မိမိကိုယ်တိုင်လည်း သူ့အသက်ကို သတ်၏။

(၂) သတ်ဖို့ရန် သူတစ်ပါးကိုလည်း တိုက်တွန်း၏။



(၃) သူ့ဘာသာ သတ်နေသည်ကို မြင်လျှင်လည်း ဝမ်းသာအားရ သဘောကျ၏။

(၄) သူ့အသက်သတ်ခြင်း၏ အကျိုးကျေးဇူးကို လည်း (သတ်ချင်လာအောင်) ပြော၏။

ဤလေးပါးနှင့် ပြည့်စုံသူသည် ငရဲကျဖို့ရန် သေချာနေလေတော့၏။

ဘိက္ခုတို့ ...လေးပါးသောအကျင့်တို့နှင့် ပြည့်စုံသူ သည် နတ်သားတို့က ဆောင်ယူထားအပ်သကဲ့သို့ ထို့အတူ မိမိပြုသောကံက နတ်ပြည် (လူ့ပြည်သို့) ဆောင်ယူထား အပ်ပြီး ဖြစ်လေတော့၏၊ (လူ့ပြည် နတ်ပြည်၌ ဖြစ်ဖို့ရန် သေချာ၏၊) အဘယ်လေးပါးနှင့် ပြည့်စုံသနည်း။

(၁) မိမိကိုယ်တိုင် သူ့အသက်သတ်မှုမှ ရှောင်ကြဉ် ၏။

(၂) သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ရန်လည်း သူ တစ်ပါးကို တိုက်တွန်း၏။

(၃) သူ့ဘာသာ ရှောင်ကြဉ်နေသည်ကိုလည်း ဝမ်း သာအားရ သဘောကျ၏။

(၄) သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ် ကျေးဇူးကိုလည်း (ရှောင်ချင်လာအောင်) ပြောပြ၏။

ဤလေးပါးသောအကျင့်နှင့် ပြည့်စုံသူသည် နတ်ပြည် လူ့ပြည်၌ ဖြစ်ဖို့ရာ သေချာနေလေတော့သည်*။

[အင်္ဂုတ္တိုရ်, စတုက္ကနိပါတ်, ပဉ္စမပဏ္ဏာသက, ၇-ကမ္မပထဝဂ်, ပထမသုတ်။]

**ဆရာ။** ။ကိုင်း, ဟောဒီ တရားတော်အရ ပါဏာတိပါတဒုစရိုက် တစ်ပါးမှာပင် (၁) ကိုယ်တိုင်ပြုခြင်း, (၂) သူတစ်ပါးခိုင်းခြင်း, (၃) သူ့ဘာသာပြုနေသည်ကို သဘောတူခြင်း, (၄) ပါဏာတိပါတ ပြုချင်လာအောင် အကျိုးကျေးဇူး ပြောပြခြင်းအားဖြင့် လေးမျိုးရှိကြောင်းကို သိရပြီ။

---

* စတူဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ၊ ကတမေဟိ စတူဟိ အတ္တနာစ ပါဏာတိပါတီ ဟောတိ, ပရဉ္စ ပါဏာတိပါတေ သမာဒပေတိ, ပါဏာတိပါတေစ သမနုညော ဟောတိ, ပါဏာတိပါတဿစ ဝဏ္ဏံ ဘာသတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ စတူဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။

စတူဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ သဂ္ဂေ၊ ကတမေဟိ စတူဟိ အတ္တနာစ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ, ပရဉ္စ ပါဏာတိပါတာ ဝေရမဏိယာ သမာဒပေတိ, ပါဏာတိပါတာ ဝေရမဏိယာ စ သမနုညော ဟောတိ, ပါဏာတိပါတာ ဝေရမဏိယာ စ ဝဏ္ဏံ ဘာသတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ စတူဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ သဂ္ဂေ။

**[အင်္ဂုတ္တိုရ်, စတုက္ကနိပါတ်, ပဉ္စမပဏ္ဏာသက, ၇-ကမ္မပထဝဂ်, ပထမသုတ်။]**



အဒိန္နာဒါနစသော ဒုစရိုက်များလဲ ဒီလိုပဲ လေးမျိုးစီရှိကြောင်းကို ဟောတော်မူတယ်။

ဒါ့ကြောင့် ဒုစရိုက်ဆယ်ပါးကို လေးမျိုးစီမြှောက်လျှင် ဒုစရိုက်တွေ ဘယ်လောက်များမလဲကွဲ့။

**တပည့်များ။** ။လေးဆယ်ရှိမယ် ဆရာ။

**ဆရာ။** ။အေး, ဟုတ်ပြီ၊ ဒုစရိုက်လေးဆယ်ရှိသလို သုစရိုက်ဆယ်ပါးကိုလဲ လေးမျိုးစီမြှောက်ပွားလို့ လေးဆယ် ရှိတယ်ဆိုတာ မှတ်ထားကြကွဲ့။

**ဆောင်ပုဒ်။** ။ဒုစရိုက်နှင့်, သုစရိုက်ပြိုင်, ထိုဆယ်ခိုင်ကို, ကိုယ်တိုင်ပြုကြား, သူများတိုက်တွန်း, ချီးမွမ်းစိတ်တူ, ဤလေးဆူ မြှောက်မူ လေးဆယ်ဖြစ်။

## ဒွက္ခပါ-မပါသောသင်္ခါရတို့၏ အကျိုးကွဲပြားပုံ

**ဆရာ။** ။အဲဒီဒုစရိုက် သုစရိုက်များကို **"ကာယသင်္ခါရ, ဝစီသင်္ခါရ, မနောသင်္ခါရ"**လို့ နာမည်တစ်မျိုး ဟောတော်မူသေးတယ်၊ အောက်ပါ ဖတ်စာကို ဖတ်ကြစမ်းကွဲ့။

ဘိက္ခုတို့ ...ဤလောက၌ အချို့ပုဂ္ဂိုလ်သည် ဒုက္ခနှင့် တကွဖြစ်သော ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရကို

ပြ၍ ဒုက္ခမကင်းသော လောက၌ ဖြစ်ရ၏၊ ထိုသူ့ကို ဒုက္ခနှင့်တကွဖြစ်သော ဖဿတို့သည် ထိကြကုန်၏၊ ဒုက္ခနှင့်တကွသောဖဿတို့ ထိကြသည့်အခါ ကေန်ဆင်းရဲသော ဒုက္ခနှင့်တကွသော ဝေဒနာကို ခံစားရလေသည်၊ ဥပမာ–ငရဲသားများ ခံစားရပုံမျိုးတည်း။

ဘိက္ခုတို့ …ဤလောက၌ အချို့ပုဂ္ဂိုလ်သည် ဒုက္ခမရှိသော ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရကိုပြု၍ ဒုက္ခမရှိသောလောက၌ ဖြစ်ရ၏၊ ထိုသူ့ကို ဒုက္ခမရှိသော ဖဿတို့သည် ထိကုန်၏၊ ဒုက္ခမရှိသောဖဿတို့ ထိသည့်အခါ ဒုက္ခမရှိသော ကေန်ချမ်းသာသောဝေဒနာကို ခံစားရလေသည်၊ ဥပမာ–သုဘကိဏ္ဏပြဟ္မာတို့ ခံစားရပုံမျိုးတည်း။

ဘိက္ခုတို့ …ဤလောက၌ အချို့ပုဂ္ဂိုလ်သည် ဒုက္ခပါ–မပါ နှစ်မျိုးရောနေသော ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရကိုပြု၍ ဒုက္ခရှိ–မရှိ နှစ်မျိုးရောနေသော လောက၌ ဖြစ်ရ၏၊ ထိုသူ့ကို ဒုက္ခပါ–မပါ နှစ်မျိုးရောနေသော ဖဿတို့ ထိသည့်အခါ ဒုက္ခပါ–မပါ နှစ်မျိုးရောသော ဝေဒနာကို ခံစားရလေသည်၊ ဥပမာ–လူများ, အချို့နတ်များ,



ဝိနိပါတိကပြိတ္တာများ ခံစားရပုံမျိုးတည်း*။

[အင်္ဂုတ္တိုရ်, တိကနိပါတ်, ပဌမပဏ္ဏာသက, ၃–ပုဂ္ဂလဝဂ်, တတိယသုတ်။]

## ပေါင်းထိုက် မပေါင်းထိုက်ပုဂ္ဂိုလ်

**ဆရာ။** ။ဗုဒ္ဓမြတ်စွာက ပေါင်းသင်းဆက်ဆံရမည့်ပုဂ္ဂိုလ်, မပေါင်းသင်း မဆက်ဆံရမည့်ပုဂ္ဂိုလ်များကိုလဲ

---

*ဣဓ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော သဗျာဗဇ္ဈံ ကာယသင်္ခါရံ အဘိသင်္ခရောတိ, သဗျာဗဇ္ဈံ ဝစီသင်္ခါရံ အဘိသင်္ခရောတိ, သဗျာဗဇ္ဈံ မနောသင်္ခါရံ အဘိသင်္ခရောတိ၊ သော သဗျာဗဇ္ဈံ ကာယသင်္ခါရံ အဘိသင်္ခရိတွာ သဗျာဗဇ္ဈံ ဝစီသင်္ခါရံ အဘိသင်္ခရိတွာ သဗျာဗဇ္ဈံ မနောသင်္ခါရံ အဘိသင်္ခရိတွာ သဗျာဗဇ္ဈံ လောကံ ဥပပဇ္ဇတိ၊ တမေနံ သဗျာဗဇ္ဈံ လောကံ ဥပပန္နံ သမာနံ သဗျာဗဇ္ဈာ ဖဿာ ဖုသန္တိ, သော သဗျာဗဇ္ဈေဟိ ဖဿေဟိ ဖုဋ္ဌော သမာနော သဗျာဗဇ္ဈံ ဝေဒနံ ဝေဒိယတိ ဧကန္တဒုက္ခံ၊ သေယျထာပိ–သတ္တာနေရယိကာ။

ဣဓ ပန ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော အဗျာဗဇ္ဈံ ကာယသင်္ခါရံ အဘိသင်္ခရောတိ၊ (ပေ) အဗျာဗဇ္ဈံပိ ဝေဒနံ ဝေဒိယတိ ဧကန္တသုခံ၊ သေယျထာပိ–ဒေဝါ သုဘကိဏှာ။

ဣဓ ပန ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော သဗျာဗဇ္ဈံပိ အဗျာဗဇ္ဈံပိ ကာယသင်္ခါရံ အဘိသင်္ခရောတိ၊ (ပေ) သဗျာဗဇ္ဈံပိ အဗျာဗဇ္ဈံပိ ဝေဒနံ ဝေဒိယတိ ဝေါကိဏ္ဏ သုခဒုက္ခံ၊ သေယျထာပိ–မနုဿာ ဧကစ္စေ စ ဒေဝါ ဧကစ္စေ စ ဝိနိပါတိကာ။

[အင်္ဂုတ္တိုရ်, တိကနိပါတ်, ပဌမပဏ္ဏာသက, ၃–ပုဂ္ဂလဝဂ်, တတိယသုတ်။]

ခွဲခြားဟောထားတော်မူတယ်၊ အောက်ပါ ဖတ်စာကို ဖတ်ကြစမ်းကွဲ့။

အသိအလိမ္မာ ဉာဏ်ပညာနှင့် သီလ သမာဓိ မိမိလောက်မျှ မရှိသူကို ပေါင်းသင်းဆက်ဆံသူသည် (မိမိမှာရှိပြီးသော အသိအလိမ္မာ သီလ သမာဓိများ) ဆုတ်ယုတ်သွားတတ်၏၊ သီလ သမာဓိ ပညာ အသိအလိမ္မာအားဖြင့် မိမိနှင့် တန်းတူနေသူကို ပေါင်းသင်း ဆက်ဆံသူသည် မဆုတ်ယုတ်နိုင်၊ သီလ သမာဓိ ပညာ အရာရာမှာ မိမိထက် သာသူကို ပေါင်းသင်းဆက်ဆံသူကား အလျင်အမြန် တိုးတက်ကြီးပွားနိုင်၏၊ ထို့ကြောင့် မိမိထက် သာသူကို ပေါင်းသင်း ဆက်ဆံပါလေ*။

[အင်္ဂုတ္တိုရ်, တိကနိပါတ်, ပဌမဏ္ဏာသက, ၃-ပုဂ္ဂလဝဂ်, ဆဋ္ဌသုတ်။]

**ဆရာ။** ။ဒီတရားတော်မှာ **"ကိုယ့်အောက်ကျသူ မပေါင်းရ"**ဆိုသော်လဲ ကိုယ့်အကျိုးရဖို့အတွက် မပေါင်းရဘူးလို့ ဟောတော်မူလိုရင်း ဖြစ်တယ်၊ ကိုယ့်အောက်ကျသူကို သနားလို့ ကြည့်ရှု စောင့်ရှောက်ချင်လို့ဆိုလျှင် ပေါင်းနိုင်ပါတယ်လို့လဲ ရှင်းချက် ဟောပါသေးတယ်ကွဲ့။

ဒါကြောင့် ကိုယ့်လောက်မတတ်သေးတဲ့ ကလေးများနဲ့ ပေါင်းတဲ့အခါ သူတို့ကို တတ်သိစေရမယ်ဆိုတဲ့စိတ်နဲ့ ပေါင်းရမယ်။

ကိုယ်နှင့် တန်းတူသူကိုတော့ သူ့ကိုလဲ ကိုယ်က မှီခိုအားထား, ကိုယ့်ကိုလဲ သူက မှီခိုအားထားတဲ့ အနေမျိုးနဲ့ ပေါင်းကြကွဲ့။

ကိုယ့်ထက် ပညာသာနေသူများကိုတော့ သူတို့ကို အားကိုးတဲ့ အနေမျိုးနဲ့ ပေါင်းကြကွဲ့နော်။

**တပည့်များ။** ။ဟုတ်ကဲ့ ဆရာ။

**ဆရာ။** ။ကလေးများဖတ်ခဲ့သော တရားအားလုံးပင် ကလေးများကို လူကောင်းဖြစ်အောင် ညွှန်ပြသော တရားတော်များချည်း ဖြစ်တယ်၊ ဒါ့ကြောင့် ဒီတရားတော်များကို ဖတ်ပြီး **"ငါဟာ လူကောင်းတစ်ယောက် ဖြစ်ရမယ်"**လို့ စိတ်ကို ဆောက်တည်ထားကြကွဲ့နော်၊ လူကောင်းကို လူချင်းလဲ ချစ်တယ်၊ နတ်များကလဲ ကြည်ညိုတယ်၊ လောကကို ကြည့်ရှုမှတ်သားနေတဲ့နတ်များ ရှိသေးသကွဲ့၊ အဲဒီ နတ်များက လူကောင်းများများ မှတ်သားလိုကြတယ်၊ အောက်ပါ တရားတော်ကို ဖတ်ကြစမ်း။

---

* နိဟီယတိ ပုရိသော နိဟီနသေဝီ,
နစ ဟာယေထ ကဒါစိ တုလျသေဝီ၊
သေဋ္ဌ-မုပနမံ ဥဒေတိ ခိပ္ပံ,
တသ္မာ အတ္တနော ဥတ္တရိံ ဘဇေထ။

[အင်္ဂုတ္တိုရ်, တိကနိပါတ်, ပဌမဏ္ဏာသက, ၃-ပုဂ္ဂလဝဂ်, ဆဋ္ဌသုတ်။]

## နတ်များကောင်းမှုစာရင်းယူခြင်း

*ဘိက္ခုတို့ ... လဆန်းရှစ်ရက် လဆုတ်ရှစ်ရက်နေ့၌ စာတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့၏ အလုပ်အကျွေး အမတ်ကြီးတို့သည် ဤလူ့လောကကို လှည့်လည်ကြကုန်၏၊ (အဘယ်အကျိုးငှာ လှည့်လည်ကြသနည်း၊) ဘယ့်နှယ်လဲ, များစွာသောလူတို့သည် အမိ၏ အကျိုးစီးပွား, အဘ၏အကျိုးစီးပွား, ရဟန်းပုဏ္ဏားတို့၏ အကျိုးစီးပွား, အမျိုး၌ကြီးသူတို့၏ အကျိုးစီးပွားကို ပြုကြပါရဲ့လား၊ ဥပုသ်နေ့၌ ဥပုသ်စောင့်ကြပါရဲ့လား၊ အကြိုအပို စောင့်ကြသေးရဲ့လား၊ (သရဏဂုံ, သီလ, ပန်း ဆီမီး ပူဇော်မှု တရားနာမှု စသော) ကောင်းမှုများကို ပြုကြပါရဲ့လား၊ ဤသို့ (လူ့ပြည်၌နေကြသော ရက္ခဇိုဝ်းစသော နတ်များအား တစ်ဆင့်မေး၍ ရွေပြား၌ရေးသား) မှတ်ယူခြင်းငှာ လှည့်လည် ကြလေသည်။

လဆန်းဆယ့်လေးရက် လဆုတ်ဆယ့်လေးရက်၌ကား နတ်မင်းကြီးလေးယောက်တို့၏ သားတော်များ လှည့်လည်၍ မှတ်သားကြ၏၊ လပြည့် လကွယ် ဥပုသ်နေ့များ၌ကား စာတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့ ကိုယ်တိုင် လှည့်လည် မှတ်သားကြလေသည်၊ ထိုကဲ့သို့ လှည့်လည် မှတ်သားကြပြီး၍ တာဝတိံသာနတ်ပြည်ဝယ် သုဓမ္မာနတ် သဘင်၌ စည်းဝေးကြကုန်သောနတ်တို့အား



ကောင်းမှုပြုသူ နည်းပါးလျှင်လည်း နည်းပါးကြောင်းကိုလည်းကောင်း, ကောင်းမှုပြုသူ များပြားလျှင်လည်း များကြောင်းကိုလည်းကောင်း ပြောကြလေသည်။

ထိုသို့ ပြောကြသည့်အခါ ကောင်းမှုပြုသူ နည်းပါးကြောင်းကို ကြားရလျှင် **"နတ်အပေါင်း၌ ဖြစ်ကြသော နတ်သမီး နတ်သားများ ယုတ်လျော့နည်းပါး၍ အပါယ်လေးပါး၌ ကျရောက်သူတွေ များပြားကုန်တော့မှာပါတကား"**ဟု ညည်းတွားကာ စိတ်မချမ်းမသာ ဖြစ်ကြရာလေသည်၊ ကောင်းမှုပြုသူ များကြောင်းကို ကြားရသည့်အခါ၌ကား**"နတ်အပေါင်း၌ဖြစ်သော နတ်သား နတ်သမီးများပြည့်၍ အပါယ်လေးပါး၌ ဆုတ်ယုတ်ကြတော့မည်"**ဟု ဝမ်းသာအားရ ပြောဆိုကြလေသည်*။

[အင်္ဂုတ္တိုရ်, တိကနိပါတ်, ပဌမပဏ္ဏာသက, ၄-ဒေဝဒူတဝဂ်, သတ္တမသုတ်။]

---

* အဋ္ဌမိယံ ဘိက္ခဝေ ပက္ခဿ စတုန္နံ မဟာရာဇာနံ အမစ္စာ ပါရိသဇ္ဇာ ဣမံ လောကံ အနုဝိစရန္တိ ကစ္စိ, ဗဟူ မနုဿာ မနုဿေသု မတ္တေယျာ ပေတ္တေယျာ သာမညာ ဗြဟ္မညာ ကုလေ ဇေဋ္ဌာပစာယိနော ဥပေါသထံ ဥပဝသန္တိ ပဋိဇာဂရောန္တိ ပုညာနိ ကရောန္တိ။

စာတုဒ္ဒသိံ ဘိက္ခဝေ ပက္ခဿ စတုန္နံ မဟာရာဇာနံ ပုတ္တာ ဣမံ လောကံ အနုဝိစရန္တိ၊ (ပေ) တဒဟု ဘိက္ခဝေ ဥပေါသထေ ပန္နရသေ စတ္တာရော မဟာရာဇာနော သာမညေဝ ဣမံ လောကံ အနုဝိစရန္တိ။

[အင်္ဂုတ္တိုရ်, တိကနိပါတ်, ပဌမပဏ္ဏာသက, ၄-ဒေဝဒူတဝဂ်, သတ္တမသုတ်။]

**ဆရာ။** ။ဒီတရားတော်မှာ **"လူ့ပြည်သို့ နတ်များဆင်းပြီး ကောင်းမှုပြုသူတွေကို စာရင်းယူတယ်"** ဆိုသော်လဲ အထက်နတ်ကြီးများ ကိုယ်တိုင်လိုက်ပြီး ယူတာမဟုတ်ဘူး၊ သူတို့က သူတို့လာနေကြ (ရုံးလို) ဌာနမျိုးမှာ လာကြတယ်၊ ထိုအခါ လူ့ပြည်မှာရှိနေသော ရက္ခစိုဝ်းနတ်များက သူတို့စာရင်း ယူထားပြီးဖြစ်သော အကြောင်းအရာကို ပြောကြရတယ်၊ ဒါ့ကြောင့် လူတို့၏ နေ့စဉ်ကောင်းမှုစာရင်းတွေ နတ်တို့၏ ရွှေပြားထဲမှာ ပါသွားနိုင်တာပဲ၊ နတ်မင်းကြီးများနှင့် နတ်မင်းကြီးတို့၏ သားများလာတဲ့ အလှည့်မှာလဲ ထိုရွှေပြား (ရွှေစာအုပ်)ကိုပင် ယူပြီး ဆက်လက် မှတ်သားကြတယ်၊ ဒီတော့ ကောင်းမှုပြုသူများတဲ့အခါ ရွှေပြား (ရွှေစာအုပ်)ကြီးပြီး, ကောင်းမှုပြုသူ နည်းတဲ့အခါ ရွှေပြား (ရွှေစာအုပ်)လဲ ငယ်တယ်၊ အဲဒီ ရွှေပြားကို မြင်ရုံနဲ့ လူ့ပြည်မှာ ကောင်းမှုပြုသူနည်းတယ်–များတယ် ဆိုတာ အစည်းအဝေး လာသောနတ်များ သိနိုင်ကြတယ်၊ ကလေးများရဲ့ ကောင်းမှုစာရင်းတွေ ရွှေစာအုပ်ထည်းမှာ အများကြီးပါနေအောင် ကြိုးစားကြကွဲ့၊ ကလေးများကို နတ်ကောင်းများက အမြဲ စောင့်ရှောက်နေကြလိမ့်မယ်။

**တပည့်များ။** ။ဟုတ်ကဲ့ ဆရာ။



## ဩကာသခက်ဆစ် အဓိပ္ပာယ်

**ဆရာ။** ။ဩကာသစသော ကန်တော့ခန်းမှာ ကလေးများ မသိရသေးသောစကားတွေ ဘာများရှိသေးသလဲကွဲ့၊ ကာယကံသုံးပါး, ဝစီကံလေးပါး, မနောကံသုံးပါးဆိုတာ ကာယဒုစရိုက်သုံးပါး, ဝစီဒုစရိုက်လေးပါး, မနောဒုစရိုက်သုံးပါးနှင့် အတူတူပဲကွဲ့၊ အပါယ်လေးပါး,ကပ်သုံးပါးနှင့် ရန်သူမျိုးငါးပါးလဲ သိကြပြီ။

ရပ်ပြစ်ရှစ်ပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရားငါးပါးဆိုတာကို ကလေးများ မသိကြရသေးဘူး၊ အဲဒီမသိရသေးတာကို ဖတ်စာလုပ်ပြီး ဖတ်ကြရအောင်ကွဲ့။

### ရပ်ပြစ်ရှစ်ပါး ဖတ်စာ

**၁။** သစ္စာလေးပါးတရားကို သိဖို့ရာ အခွင့်အခါမဟုတ်သောပုဂ္ဂိုလ်, အရပ်ဒေသနှင့် အချိန်ကာလကို **"အက္ခဏ"**ဟု (အင်္ဂုတ္တိုရ်ပါဠိတော်, အဋ္ဌကနိပါတ်, ဂဟပတိဝဂ်, နဝမသုတ်မှာ) ဗုဒ္ဓမြတ်စွာ ဟောတော်မူပါသည်၊ ထိုအက္ခဏ ရှစ်ပါးကိုပင် **"ရပ်ပြစ်ရှစ်ပါး"**ဟု ခေါ်ဆိုကြလေသည်၊ သစ္စာလေးပါးကို သိခွင့် မရသောကြောင့် **"အပြစ်မကင်းသော အရပ်ရှစ်ပါး"**ဟု ဆိုလိုကြသည်၊ ထိုသို့ အပြစ်မကင်းသောကြောင့်ပင် **"ရပ်ပြစ်ရှစ်ပါးမှ ကင်းလွတ်ကြရပါလို၏"**ဟု ဆုတောင်းကြလေသည်။

၂။ ထို ရုပ်ပြစ်ရှစ်ပါးကား–(၁) ငရဲ, (၂) တိရစ္ဆာန်, (၃) ပြိတ္တာ, (၄) အသက်ရှည်သော အသညသတ်နှင့် အရူပဗြဟ္မာ, (၅) ဘုရားနှင့် သာဝကရဟန်းတော်များ မရောက်သော ပစ္စန္တရာဇ်အရပ်, (၆) မိစ္ဆာအယူ ရှိသူ, (၇) သမ္မာအယူ ရှိသော်လည်း သစ္စာလေးပါးကို သိနိုင်လောက်သော ဉာဏ်မရှိသူ, (၈) သစ္စာလေးပါးကို သိနိုင်လောက်သော ဉာဏ်ရှိသော်လည်း ဘုရားမပွင့်သော အချိန်အခါအားဖြင့် ရှစ်ပါးရှိပါသည်၊ ဤရှစ်ပါးတွင် ရှေ့ခုနစ်ပါးသည် ဘုရားပွင့်သောအခါ၌ ငရဲစသည်မှာ ဖြစ်နေသူများကို ဆိုလိုပါသည်။

၃။ ။**"အသုရကာယ်"**ဟူသည် ပြိတ္တာအကြီးစားပင် ဖြစ်ကြောင်းကို ပြခဲ့ပါပြီ၊ ထို့ကြောင့် ရုပ်ပြစ်ရှစ်ပါး ရေတွက်ရာ၌ အသုရကာယ်ကို ပြိတ္တာတွင်း၌ ပါဝင်ပြီးဖြစ်၍ သီးခြားမပြတော့ပါ။

၄။ ။အသညသတ်ဗြဟ္မာတို့သည် ရုပ်ခန္ဓာကိုယ်သာရှိ၍ စိတ် မရှိပါ၊ အရူပဗြဟ္မာတို့ကား စိတ်သာရှိ၍ ရုပ်ခန္ဓာ မရှိပါ၊ ထိုဗြဟ္မာနှစ်မျိုးလုံးပင် ဘုရားတရားတော်ကို နာယူခြင်းငှာ မဖြစ်နိုင်သောကြောင့် သစ္စာလေးပါးတရားကို သိပြီးသူ မဟုတ်လျှင် ထိုဘုံရောက်ခါမှ မသိနိုင်ရကား ထိုဘုံဌာနကို **"အက္ခဏ"**ဟု ဟောတော်မူပါသည်၊ ထိုဗြဟ္မာများကို **"ဒီဃာယုနတ်"**ဟုလည်း ခေါ်ကြပါသည်၊ **"အသက်ရှည်သော နတ်ဗြဟ္မာများ"**ဟု ဆိုလိုပါသည်။



၅။ ။ရှေးအခါက မြန်မာနိုင်ငံကို တရားတော် မထွန်းကားဘဲ တိုင်းကြီးပြည်ကြီးများ၏ အစွန်အဖျားဖြစ်သောကြောင့် **"ပစ္စန္တရာဇ်"**ဟု ခေါ်ရသော်လည်း ယခုအခါ ဘုရားတရားတော်များ ထွန်းကားနေပြီဖြစ်သောကြောင့် **"ပစ္စန္တရာဇ်"**ဟု မခေါ်သင့်တော့ပါ။

**ဆောင်ပုဒ်။** ။ရုပ်ပြစ်ရှစ်ပါး, သရုပ်ကြားအံ့ ... ဘုရားဖြစ်ခါ, ပါယ်သုံးရွာနှင့်, ဒီဃာယုနတ်, ဖြစ်လတ်ပစ္စန်, မိစ္ဆာဉာဏ်ရှိ, ဉာဏ်မရှိသား, ဉာဏ်ရှိငြားလည်း, ဘုရား မပွင့်, မှတ်လေမင့်။

## ဝိပတ္တိတရားလေးပါး ဖတ်စာ

၁။ ဖောက်ပြန် ချို့ယွင်းမှုကို **"ဝိပတ္တိ"**ဟု ခေါ်ပါသည်၊ ထိုဝိပတ္တိသည် (၁) ကာလဝိပတ္တိ, (၂) ဂတိဝိပတ္တိ, (၃) ဥပဓိဝိပတ္တိ, (၄) ပယောဂဝိပတ္တိအားဖြင့် လေးပါးရှိပါသည်၊ ဝိပတ္တိလေးပါး ရှိသကဲ့သို့ ပြည့်စုံမှု **"သမ္ပတ္တိ"**လည်း (၁) ကာလသမ္ပတ္တိ, (၂) ဂတိသမ္ပတ္တိ, (၃) ဥပဓိသမ္ပတ္တိ, (၄) ပယောဂသမ္ပတ္တိအားဖြင့် လေးပါးရှိပါသည်။

၂။ မင်းဆိုး မင်းယုတ်တို့ အုပ်ချုပ်နေသောအခါ သည် ကာလဝိပတ္တိ ဆိုက်နေသောအခါ ဖြစ်၏။

ထို ကာလဝိပတ္တိနှင့် ကြုံကြိုက်နေသောအခါ လူကောင်း သူကောင်းဖြစ်သူတို့မှာ ရှေးကကံကောင်း ရှိပါသော်လည်း ကာလဝိပတ္တိကြောင့် ထိုကုသိုလ်ကံများ အကျိုးပေးခွင့် ရသင့်သလောက် မရနိုင်ပါ။

မင်းကောင်းများအုပ်ချုပ်ရာ သမ္ပတ္တိဆိုက်သောအခါ၌ကား သာမန်ကုသိုလ်ကလေးများပင် အကျိုးပေးခွင့် ရနိုင်ကြပါသည်။

၃။ သေပြီးသည်နောက်၌ လားရောက်အပ်သော အပါယ်လေးပါးကို **“ဂတိဝိပတ္တိ”**ခေါ်ပါသည်။

မည်သည့် သတ္တဝါမဆို ကုသိုလ်ကံတွေ မည်မျှလောက်ပင် ရှိနေပါသော်လည်း မကောင်းသောဂတိဘဝ၌ ဖြစ်နေရသည့်အခါ ထိုကုသိုလ်ကံများ အကျိုးပေးခွင့် မရတော့ပါ၊ တချို့ တိရစ္ဆာန်များ၌ လှလှပပ ရှိကြ၍ ကုသိုလ်ကံ အကျိုးပေးခွင့်ရသော်လည်း လူ့ဘဝလောက် ကြီးကြီးကျယ်ကျယ် အကျိုးပေးခွင့် မရနိုင်ပါ။

လူ့ဘဝစသော ဂတိသမ္ပတ္တိကို ရရှိမှသာ ကုသိုလ်ကံ အကျိုးပေးခွင့် ရနိုင်ပါသည်။



၄။ ရုပ်အဆင်းကို **“ဥပဓိ”**ဟု ခေါ်ပါသည်။

မျက်စိ လက်ခြေစသော အင်္ဂါတစ်ခုခုချို့ယွင်းနေသူမှာ **“ဥပဓိဝိပတ္တိ”** ဆိုက်နေရှာသူ ဖြစ်ပါသည်၊ ထိုသူသည် ကုသိုလ်ကံရှိသလောက် အကျိုးမခံစားရပါ။

ရုပ်အဆင်းလှပ၍ **“ဥပဓိသမ္ပတ္တိ”** ရှိသူတို့ကား ကုသိုလ်ကံရှိသလောက် အကျိုးခံစားရပါသည်။

၅။ အလုပ်အကိုင် အကြံဉာဏ်နှင့် လုံ့လဝီရိယကို **“ပယောဂ”**ဟု ခေါ်ပါသည်။

အလုပ်အကိုင် အကြံအစီညံ့ခြင်း လုံ့လဝီရိယ မရှိခြင်းသည် **“ပယောဂဝိပတ္တိ”**ဆိုက်နေခြင်းပင် ဖြစ်ပါသည်။

ထိုသူမျိုး၌ ရှေးရှေးဘဝက ပြုခဲ့ဖူးသော ကံကောင်းများ ရှိပါသော်လည်း ပယောဂဝိပတ္တိကြောင့် လုံလုံလောက်လောက် အကျိုးပေးခွင့် မရပါ။

၆။ ကလေးအရွယ် စာသင်ချိန်၌ စာမသင်ရသူ၊ စာသင်ရပါလျက် ပျင်းရိပေါ့လျော့ နေသူများသည် **“ပယောဂဝိပတ္တိ”**ဆိုက်နေသူများဖြစ်၍ နောင် ကြီးရင့်သည့်အခါ၌ အကျိုးခံစားသင့်သလောက် ခံစားရမည် မဟုတ်ပါ၊ ယခု စာသင်နေချိန်မှာပင် ထိုပျင်းရိပေါ့လျော့ သူများသည်

အရာရာ၌ မျက်နှာကောင်းမရဘဲ အောက်ကျ နောက်ကျ ဖြစ်နေတတ်ပါသည်။

**၇**။ အလုပ်အကိုင် အကြံအဉာဏ် ကောင်းခြင်း လုံ့လဝီရိယ ကောင်းခြင်းကို **"ပယောဂသမ္ပတ္တိ"** ဟု ခေါ်ပါသည်၊ ထိုပယောဂသမ္ပတ္တိ ရှိနေသူသည် နောင်အခါ၌ အကျိုးခံစားခွင့် ရှိသမျှကို အပြည့်အစုံ ခံစားရပါလိမ့်မည်၊ ယခု စာသင်နေချိန်မှာပင် လုံ့လဝီရိယ ရှိသူများသည် အရာရာ၌ မျက်နှာကောင်းရ၍ အထက်တန်းကျလျက် ရှိကြပါသည်။

နိုင်ငံခြားသားတို့သည် သူတစ်ပါးနိုင်ငံသို့ သွား၍ အကြံအစီကောင်းမှု **"ခွဲ"** ဟု ခေါ်သော လုံ့လဝီရိယကောင်းမှု (ပယောဂသမ္ပတ္တိ)တို့ကြောင့် စီးပွားဥစ္စာတိုးတက်၍ စည်းစိမ် ခံစားနေကြရပါသည်။

**၈**။ အသင်တို့သည် သူတို့၏ စိတ်ကူးဉာဏ်ကို စဉ်းစားကြပါကုန်၊ သူတို့နိုင်ငံမှာ အလုပ်အကိုင် မကောင်းသောကြောင့် ဖြစ်စေ, ဉာဏ်ရည်တူတို့၏အကြား၌ မဝင်နိုင်သောကြောင်း ဖြစ်စေ, အလုပ်အကိုင် ချောင်မည့်နိုင်ငံကို စဉ်းစားကြလေရာ စည်းမဲ့ကမ်းမဲ့ သုံးဖြုန်း၍ အပျော်အပါး အားကြီးသော အလုပ်အကိုင်ညံ့ဖျင်း၍ အပျင်းထူသူလည်း ပေါများသော ဤနိုင်ငံကို စဉ်းစားမိကြလေသည်။



**၉** ဤနိုင်ငံသို့ ရောက်လာ၍ (၁) အရင်းအနှီး ကြီးသူတို့ကလည်း အရင်းအနှီးဖြင့် အခြေတည်ကာ, (၂) အရင်းအနှီးနည်းသူတို့ကလည်း ခန္ဓာကိုယ်နှင့် ချွေတာမှုကို အလေးပြုကာ ခွဲကောင်းကောင်းနှင့် ရောင်းဝယ်လုပ်ကိုင်ကြလေရာ ကုဋေကုဋာချီ၍ အကျိုးရသွားကြပါသည်။

ထိုကဲ့သို့ ဤနိုင်ငံသားနှင့် နိုင်ငံခြားသားတို့ အကျိုးပေးကွာခြားရာ၌ ရှေးဘဝကံချင်း ကွာခြား၍ မဟုတ်ပါ၊ အကြံဉာဏ် ဝီရိယဟူသော ပယောဂချင်း ကွာခြားသောကြောင့် ဖြစ်ပါသည်။

**၁၀**။ ဤသို့လျှင် ပယောဂဝိပတ္တိ ဆိုက်နေသူမှာ အကျိုးမခံစားကြရဘဲ ပယောဂသမ္ပတ္တိ ရှိသူတို့သာလျှင် အကျိုးခံစားခွင့်ရကြပုံကို ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် (ဉာဏဝိဘင်း ပါဠိတော်မှာ) ဟောပြတော်မူပါသည်။

**၁၁**။ ထို့ကြောင့် ဝိပတ္တိလေးပါးတို့မှ ကင်းလွတ်ရပါလို၏ဟု ဆုတောင်းရုံဖြင့် တင်းတိမ်မနေကြဘဲ မိမိဘာသာ ဝိပတ္တိမှ ကင်းလွတ်အောင်လည်း အကြံကောင်း ဉာဏ်ကောင်း လုံ့လဝီရိယ ခွဲကောင်းကောင်းတို့ဖြင့် မိမိနှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ တိုးပွားလာအောင် ကြိုးစားကြပါကုန်။

## ဗျသနတရားငါးပါး ဖတ်စာ

၁။ ပျက်စီးခြင်းကို **"ဗျသန"**ဟု ခေါ်ပါသည်၊ ထိုဗျသနသည် (၁) ဉာတိဗျသန, (၂) ဘောဂဗျသန, (၃) ရောဂဗျသန, (၄) သီလဗျသန, (၅) ဒိဋ္ဌိဗျသန အားဖြင့် ငါးပါးရှိပါသည်။

၂။ ဆွေမျိုးများ၏ သေဆုံးခြင်းကို **"ဉာတိဗျသန"** ဟု ခေါ်ပါသည်။

စည်းစိမ်ပျက်စီးခြင်းကို **"ဘောဂဗျသန"**ဟု ခေါ်ပါသည်။

အနာရောဂါ စွဲကပ်နေမှုကို **"ရောဂဗျသန"**ဟု ခေါ်ပါသည်။

စောင့်ထိန်းအပ်သော သီလ၏ ပျက်စီးမှုကို **"သီလဗျသန"**ဟု ခေါ်ပါသည်။

၃။ ထိုဗျသန ငါးမျိုးတို့တွင် ဆွေမျိုးများသည် သေချိန်တန်လျှင် သေကြရမည်ဖြစ်သောကြောင့် ဉာတိဗျသနမှ လုံးဝကင်းလွတ်အောင် မတတ်နိုင်သော်လည်း ဆွေမျိုးအချင်းချင်း ယိုင်းပင်းကူညီကာ မကျန်းမမာလျှင် ဆေးဝါးကုသ၍ စောင့်ရှောက်ခြင်းအားဖြင့် ဉာတိဗျသနမှ အထိုက်အလျောက် ကင်းလွတ်နိုင်ပါသည်။



၄။ ထို့ကြောင့် **"ဉာတိဗျသနမှ ကင်းလွတ်ရပါလို၏"** ဟု ဆုတောင်းနေရုံမျှဖြင့် တင်းတိမ်မနေကြဘဲ ဆွေမျိုးအချင်းချင်း စောင့်ရှောက်သော နည်းလမ်းဖြင့်လည်း ဉာတိဗျသနမှ ကင်းလွတ်အောင် ကြိုးစားကြပါကုန်။

၅။ ဘောဂဗျသနသည် ရေ,မီး,သူခိုး,အမွေခံဆိုးနှင့် မင်းဆိုးဟူသော ရန်သူမျိုးငါးပါးကြောင့် ဖြစ်ရတတ်ပါသည်၊ ရေဘေးကြောင့် မပျက်စီးရအောင် ရေကာတာ စသည်လုပ်ခြင်း, မီးကြောင့် မပျက်စီးရအောင် မီးကို ဂရုစိုက်၍ သုံးစွဲခြင်း, ငြိမ်းသင့်သောအချိန်မှာ အကုန်အစင်ငြိမ်းထားခြင်း, မီးသတ်စက်ထားခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။

၆။ သူခိုးဓားပြတို့ကြောင့် စည်းစိမ် မပျက်စီးရအောင် မိမိအိမ်ကို လုံခြုံအောင် ပြုလုပ်ခြင်း, ရပ်သူရွာသားတို့ စည်းစည်းလုံးလုံးရှိခြင်း စသည်ဖြင့် ကာကွယ်နိုင်ပါသည်။

၇။ အမွေခံ သားသမီးများကိုကား သားဆိုးသမီးဆိုး မဖြစ်အောင် မကြာမကြာ ဆုံးမစကားပြောခြင်း, ဆရာတော် သံဃာတော်များထံ အဆုံးအမကို နာခံစေခြင်း, တတ်သိလိမ္မာအောင် ပညာသင်ပေးခြင်းတို့ဖြင့် ငယ်ရွယ်

စဉ်ကပင် ပြုပြင်နိုင်မှ ကြီးရင့်သည့်အခါ သားဆိုးသမီးဆိုး မဖြစ်နိုင်ဘဲ ရှိပါလိမ့်မည်။

၈။ တိုင်းပြည်၌ တည်ရှိနေသော တရားဥပဒေနှင့် မဆန့်ကျင်အောင် နေထိုင်ခြင်းသည် မင်းဘေးကြောင့် ဘောဂဗျသနမဖြစ်အောင် နေထိုင်ခြင်းပင် ဖြစ်ပါသည်၊ သို့ရာတွင် ဥပဒေကလည်း တိုင်းသူပြည်သား လူအများကို ချမ်းသာစေနိုင်သော ဥပဒေဖြစ်မှသာ သင့်လျော်မည်ဖြစ်သောကြောင့် ဥပဒေပြုအမတ်များကိုလည်း လူကောင်းသူတော်ကောင်းကို ရွေးချယ်တတ်ဖို့ရာ များစွာအရေးကြီးလေသည်၊ ထို့ကြောင့် တရားဥပဒေကို မကျူးလွန်မိအောင် အမြဲ သတိပြုခြင်း, ဥပဒေပြု အမတ်ကောင်းများကို ရွေးချယ်ခြင်းတို့ဖြင့် မင်းဘေးမှ လွတ်ကင်းအောင် ကြိုးစားကြပါကုန်။

၉။ မိမိ၏ကိုယ်ကျင့်သီလ မပျက်လျှင် သီလဗျသန မဖြစ်နိုင်သကဲ့သို့ ထို့အတူ ပညာရှိသူတော်ကောင်းထံ ချဉ်းကပ်၍ မေးမြန်းနာခံလေ့ရှိသူမှာ ဒိဋ္ဌိဗျသနလည်း မဖြစ်နိုင်ပါ။

၁၀။ ထို့ကြောင့် ကလေးများသည် **"ဗျသနတရားငါးပါးမှ ကင်းလွတ်ရပါလို၏"** ဟု ဆုတောင်းရုံတွင်မက မိမိကိုယ်တိုင်လည်း ထိုဗျသနတို့မှ ကင်းလွတ်အောင်



သက်ဆိုင်ရာ နည်းလမ်းတို့ဖြင့် အစွမ်းကုန် ကြိုးစားကြပါကုန်။

## တတိယတန်း နိဂုံး

**ဆရာ။** ။ကိုင်း ကိုင်း, တတိယတန်းအတွက် နိဂုံးချုပ်ရအောင် ကလေးများ တတ်သိနားလည်ပြီးသော စာတွေကို စုကြစို့၊ ရတနာသုံးပါး ဂုဏ်တော်ပါဠိများ၏ အနက်ကို ရကြပြီ၊ ဒုစရိုက်ဆယ်ပါး, သုစရိုက်ဆယ်ပါးကိုလဲ အကျယ်လေးဆယ်နှင့်တကွ သိကြပြီ၊ ဩကာသမှာလာသော သိစရာများကိုလဲ သိကြပြီ၊ အဲဒီ အသိဉာဏ်တွေကို အခြေခံပြီး ပြည်ထောင်စု အဘမြန်မာနိုင်ငံတော်၏ သားကောင်း သမီးကောင်းများ ဖြစ်ကြကွဲ့၊ ကိုင်း–လိုက်ဆိုကြ။

ဆောင်ပုဒ်။

**သုံးပါးရတနာ ဂုဏ်တော်ကျက်လို့, အနက်ကိုလဲ ရပါစေ၊**
**စရိုက်နှစ်သွယ် မူဆယ်ပါးနှင့်, လေးဆယ်အပြား ခွဲကြလေ၊**
**ဩကာသ-လာ သိဖွယ်များတော့, စိတ်ဝယ်မှတ်သား ထား၍ဖြေ၊**
**ဖတ်ဖို့စာတွေ အကုန်ဖတ်လို့, လူကောင်းစာတတ် ဖြစ်ကြစေ။**

## လေးကျင့်ခန်းမေးခွန်းများ

**က**။ အရဟံဂုဏ်တော်ကို မြန်မာပြန်ပါ၊ [ဤနည်းအတိုင်း သံဃာ့ဂုဏ်တော်ဆုံးအောင် မေးနိုင်ပါသည်။]

**ခ**။ ဒုစရိုက်ဆယ်ပါးတွင် ကာယကံသုံးပါးကို ရေတွက်ပြပါ၊ [ဝစီကံ မနောကံတို့ကိုလည်း ရေတွက်ပါစေ။]

**ဂ**။ သုစရိုက်ဆယ်ပါးတွင် ကာယကံသုံးပါကို ရေတွက်ပြပါ၊ [ဝစီကံ မနောကံတို့ကိုလည်း ရေတွက်ပါစေ။]

**ဃ**။ မိမိတို့ မြို့ရွာ၌ သီလ သိက္ခာရှိသော ဘုန်းတော်ကြီးများကို ကိုးကွယ်ထားလျှင် အဘယ်အကျိုးများ ရနိုင်ပါသနည်း။

**င**။ ဗုဒ္ဓဘာသာရေးနှင့်စပ်၍ ထောင်မင်းကြီး ဖြစ်ခဲ့ဖူးသော အင်္ဂလိပ်တစ်ယောက်က ဘယ်လို ဂုဏ်များကို ရေးထားသလဲ, မှတ်မိသမျှ ပြောပြပါ။

**စ**။ ဗုဒ္ဓဘာသာရေးကို လေးလေးစားစား ပြုပြင်နိုင်လျှင် သတ်မှု ခိုးမှုစသော ရာဇဝတ်မှုများ တစ်နှစ်အတွင်း ဘယ်လိုပြောင်းလွဲစရာ ရှိသလဲ။

**ဆ**။ လောက၌ ဘေးဥပါဒ် အန္တရာယ်တို့သည် ဘယ်သူ့ကြောင့် ဖြစ်ရသနည်း။



**ဇ**။ ဗာလ၏ အထိန်းအမှတ်လက္ခဏာ သုံးပါးကို ပြပါ။

**ဈ**။ ပဏ္ဍိတ၏ ထိန်းအမှတ် လက္ခဏာသုံးပါးကို ပြပါ။

**ည**။ ဒုစရိုက်၏ အပြစ်များကို သိသမျှ ပြောပြပါ၊ [သုစရိုက်၏ အကျိုးများကိုလည်း မေးပါ။]

**ဋ**။ ဒုစရိုက်ဆယ်ပါးမှ လေးဆယ်ပြားပုံကို ပြောပြပါ၊ [သုစရိုက်ဆယ်ပါးမှ လေးဆယ်ပြားပုံကိုလည်း မေးပါ။]

**ဌ**။ ဘယ်နေ့ ဘယ်ရက်များ၌ အဘယ်နတ်များ လူ့ပြည်ဆင်း၍ စာရင်းယူကြသနည်း။

**ဍ**။ ရပ်ပြစ်ရှစ်ပါးကို ရေတွက်ပြပါ။

**ဎ**။ ဝိပတ္တိလေးပါးကို ရေတွက်ပြပါ၊ [သမ္ပတ္တိလေးပါးကိုလည်း မေး။]

**ဏ**။ ကာလဝိပတ္တိဆိုတာ ဘယ်လိုဟာလဲ၊ [နောက်သုံးပါးကိုလည်း မေး။]

**တ**။ ကာလသမ္ပတ္တိဆိုတာ ဘယ်လိုဟာလဲ၊[နောက်သုံးပါးကိုလည်း မေး။]

**ဃ။** တစ်မြို့တစ်ရွာတည်းမှာ နေရခြင်း, ရုပ်ချင်းတူပါလျက် စီးပွားနှင့်ပညာ အောက်တန်းကျနေသူတို့သည် အဘယ် ဝိပတ္တိကြောင့် ပါနည်း။

**ဒ။** ရုပ်အဆင်းနှင့် နေရာဌာနတူသူတို့ဝယ် အထက်တန်းကျနေသူတို့သည် အဘယ် သမ္ပတ္တိကြောင့်ပါနည်း။

**ဓ။** ဗျသန တရားငါးပါးကို ရေတွက်ပြပါ၊ [**"အဘယ် ကို ဉာတိဗျသန ခေါ်သနည်း"**စသည်ဖြင့်လည်း မေးပါ။]

**န။** တတိယတန်း၌ အရကျက်ရမည့် စာများကား အဘယ်နည်း။

**ပ။** နိဂုံးချုပ် ကဗျာကလေးကို ရွတ်ပြပါ။

**တတိယတန်း ပြီး၏။**



## တတိယတန်း

# ဗုဒ္ဓဘာသာလက်စွဲအဖွင့်

**၁။ အရဟံ။** ။ဝိသုဒ္ဓမဂ် အဋ္ဌကထာ ဆ အနုဿတိ နိဒ္ဒေသကိုမှီ၍ ဂုဏ်တော်များ၏အနက်နှင့် ဖတ်စာတို့ကို ရေးထားသည်၊ ထိုထွင်**"အာရကာ ဟိ သော သဗ္ဗကိလေသေဟိ (ပေ) အာရကတ္တာ အရဟံ=ထိုမြတ်စွာဘုရားသည် အလုံးစုံသော ကိလေသာတို့မှ ဝေးကွာတော်မူသောကြောင့် အရဟံမည်တော်မူ၏"**ဟူသောအဖွင့်နှင့် **"အဂ္ဂဒက္ခိဏေယျတ္တာ စ စီဝရာဒိပစ္စယေ အရဟတိ ပူဇာဝိသေသံစ ပစ္စယာဒီနံ အရဟတ္တာပိ အရဟံ=မြတ်သော ဒက္ခိဏေယျ ဖြစ်တော်မူသည့်အတွက် သင်္ကန်းစသော ပစ္စည်းတို့ကိုလည်းကောင်း, ပူဇော်အထူးကိုလည်းကောင်း ခံတော်မူထိုက်သောကြောင့် အရဟံမည်တော်မူ၏"**ဟူသော အဖွင့်နှစ်ရပ်ကိုပေါင်း၍ အနက်ပေးထားပါသည်။

**၂။ သမ္မာသမ္ဗုဒ္ဓေါ။** ။သမ္မာသဒ္ဒါသည် **"မဖေါက်မပြန် အမှန်အတိုင်း (အလွဲမရှိ)"**ဟူသော အနက်ကိုဟော၏၊ သံသဒ္ဒါသည် **"ကိုယ်တော်တိုင် (ကိုယ်ပိုင်ဉာဏ်တော်ဖြင့်)"**ဟူသော အနက်ကိုဟော၏၊ ထိုအတိုင်းပင် **"သမ္မာ+သာမဉ္စ+သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာ သမ္မာသမ္ဗုဒ္ဓေါ=မဖောက်မပြန်**

**ကိုယ်တော်တိုင် အလုံးစုံသော တရားတို့ကို သိတော်မူသော ကြောင့် သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏**"ဟု အဋ္ဌကထာက ဖွင့်သည်။

၃။ **ဝိဇ္ဇာစရဏသမ္ပန္နော။** ။ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတစ်ဆယ့်ငါးပါးကို ကလေးများ သိဖွယ်မလိုသေး သောကြောင့် အတိအကျထည့်၍ မပြဘဲ အတော်အတန် နားလည်လောက်သမျှကိုသာ ပြထားသည်။

၄။ **သုဂတော။** ။"**သောဘနဂမနတ္တာ သုဂတော= တင့်တယ်သော သွားခြင်းရှိတော်မူသည်၏ အဖြစ်ကြောင့် သုဂတမည်တော်မူ၏**"ဟူသောအဖွင့်၌ အဋ္ဌကထာဝယ် ဉာဏဂမန=ဉာဏ်သွားပုံကိုသာ အကျယ်ပြသော်လည်း ဝိသုဒ္ဓိမဂ်ဋီကာ၌ ကိုယ်တော်၏သွားပုံကိုလည်း ပြသော ကြောင့် နှစ်ပါးစုံကိုပင် အနက်ပေးထားသည်။

၅။ **လောကဝိဒူ။** ။"**အပိစ – တယောလောကာ သင်္ခါရလောကော သတ္တလောကော ဩကာသလောကော တိ**"ဟူသော အဖွင့်အတိုင်း အနက်ပေးထားသည်၊ ရုပ် နာမ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာစသည်ကို သင်္ခါရ လောကဟု ခေါ်၏၊ သင်္ခါရ=ကံစသော အကြောင်းတရား တို့ ပြုစီမံအပ်သော လောက=တရားအပေါင်း, သတ္တဝါ အပေါင်းကို "**သတ္တလောက**"ဟုလည်းကောင်း, သတ္တဝါ



တို့၏ တည်နေရာ ကမ္ဘာလောကကို "**ဩကာသလောက**" ဟုလည်းကောင်း ခေါ်သည်၊ ထိုလောကအားလုံးကို သိ တော်မူသောကြောင့် "**လောကဝိဒူ**"ဟု ထင်ရှားတော်မူ သည်။

၆။ **အနုတ္တရော ပုရိသဒမ္မသာရထိ။** ။အနုတ္တရော ကို ဂုဏ်တော်တစ်ပါး,ပုရိသဒမ္မသာရထိကို ဂုဏ်တော် တစ်ပါး ခွဲခြား၍ ဂုဏ်တော်ဆယ်ပါးဟု အဋ္ဌကထာ၌ ပထမတစ်နည်း ဖွင့်၏၊ သို့သော် ဂုဏ်တော်ကိုးပါးဟု အများနားလည်ပြီး ဖြစ်သောကြောင့် အဋ္ဌကထာ၏ "**အထဝါ–အနုတ္တရော ပုရိသဒမ္မသာရထီတိ ဧကမေဝိဒံ အတ္ထပဒံ=အနုတ္တရော ပုရိသဒမ္မသာရထိဟူသော ဤပုဒ် သည် တစ်ခုတည်းသောအနက်ကို ပြသောပုဒ်တည်း**" ဟူသော နောက်နည်းကိုလိုက်၍ အနက်ပေးထားသည်၊ ["**အနုတ္တရော=အတုမရှိမြတ်သော (အသာဆုံးဖြစ်သော)+ ပုရိသဒမ္မ=ဆုံးမထိုက်သော လူယောကျ်ား နတ်ဗြဟ္မာ ယောကျ်ား တိရစ္ဆာန် အထီးများကို+သာရထိ=ဆုံးမတော် နိုင်၏။**] ယောကျ်ားများကို ပြထားခြင်းသည် ပဓာနနည်း (ပြဋ္ဌာန်းရာကို ပြသောနည်း) ဖြစ်၏၊ အပဓာနအားဖြင့် မိန်းမများကိုလည်း ယဉ်ကျေးစေတော်မူနိုင်ပါသည်။

**၇။ သတ္တာဒေဝမနုဿာနံ။** ။**"ဒိဋ္ဌဓမ္မိက သမ္ပရာယိက ပရမတ္ထေဟိ–မျက်မှောက်ဘဝအကျိုး, တမလွန်ဘဝအကျိုး, မြတ်သောနိဗ္ဗာန်အကျိုးတို့ဖြင့်၊ ယထာရဟံ အနုသာသတိတိ=ထိုက်တန်သလို ဆုံးမတော်မူတတ်သောကြောင့် ဆရာဖြစ်တော်မူ၏"**ဟူသော အဖွင့်အတိုင်း အနက်ပေးသည်။

**၈။ ဗုဒ္ဓေါ။** ။ယသ္မာ ဝါ စတ္တာရိ သစ္စာနိ အတ္တနာပိ ဗုဇ္ဈိ (ကိုယ်တော်တိုင်လည်း သိတော်မူပြီ၊) အညေပိ သတ္တေ ဗောဓေသိ (အခြားသတ္တဝါတို့ကိုလည်း သိစေတော်မူပြီ၊) ဟူသော အဖွင့်ကိုကြည့်၍ အနက်ပေးပါသည်။

**၉။ ဘဂဝါ။** ။ဘဂဝါဂုဏ်တော်ကို အဋ္ဌကထာ၌များစွာဖွင့်ထား၏၊ **"ယသ္မာ လောကိယ လောကုတ္တရ သုခါဘိနိဗ္ဗတ္တကံ" (လောကီ လောကုတ္တရာချမ်းသာကို ဖြစ်စေနိုင်သော ဒါန သီလာဒိ ပါရမ္ပတ္တံ ဘာဂျံ (ဒါန သီလ အစရှိသော အထွဋ်အထိပ်သို့ ရောက်သောဘုန်းကံ) အဿ အတ္ထိ (ထိုဘုရားမှာ ရှိတော်မူ၏။)ဟူသောအဖွင့်ကို ကြည့်၍ အနက်ပေးထားပါသည်"**။

**အမှာ။** ။တရားဂုဏ်တော် သံဃာ့ဂုဏ်တော်ကိုလည်း စာဖတ်သူတို့ ကြည်ညိုဖွယ်ကောင်း၍ နားလည်လောက်သော အနက်ကိုသာ ရွေးချယ်ထားပါသည်၊ ထိုဝိသုဒ္ဓိမဂ်ဖွင့်ပုံကို ဤ၌ ညွှန်ပြနေခြင်းဖြင့် ဆရာများမှာ အကျိုးထူးလှမည် မဟုတ်ပါ၊ အလွန် ထက်သန်စွာ သိလိုသော ဆရာများအတွက်လည်း ဤမျှလောက်ဖြင့် အရာ မရောက်လှသေးပါ၊ သို့ဖြင့် ဂုဏ်တော်များ ဖွင့်ပုံကို အကျယ်သိလိုသော ဆရာများသည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာနိဿယကိုသာ ကြည့်ရှုကြပါလေတော့။

ဒုစရိုက်ဆယ်ပါးတွင် မုသာဝါဒတိုင်အောင် ဒုတိယတန်း၌ ညွှန်ပြခဲ့ပါပြီ။

## ဝစီကံလေးပါးတွင်

**၅။ ပိသုဏဝါစာ။** ။ပရေသံ ဘေဒကာမတာယ အတ္တပ္ပိယကာမတာယ ဝါ ပရဘေဒကရ ဝစီပယောဂ သမုဋ္ဌာပိကာ သံကိလိဋ္ဌစေတနာ ပိသုဏဝါစာ=သူတစ်ပါး (ချစ်သူ)တို့၏ ကွဲပြားမှုကို လိုလားသူ၏အဖြစ်, သို့မဟုတ်–မိမိ၏အချစ် ခံရလိုသည်၏ အဖြစ်ဖြင့် သူတစ်ပါးတို့၏ ကွဲပြားမှုကို ပြုတတ်သော နှုတ်အမူအရာကို ဖြစ်စေသော ညစ်ညမ်းသော စေတနာသည် ပိသုဏဝါစာမည်၏၊ ဤအဖွင့်ကို မှီ၍ အနက်ပေးထားပါသည်။

**၆။ ဖရုသဝါစာ။** ။ပရဿ မမ္မစ္ဆေဒကရ ဝစီပယောဂ သမုဋ္ဌာပိကာ ဧကန္တ ဖရုသစေတနာ ဖရုသဝါစာ=

အဆဲအဆိုခံရသူ တစ်ဘက်သားမှာ သေကွင်းကို (သေလောက်အောင် နာသောအရပ်ကို) ဖြတ်တောက်လိုက်သကဲ့သို့ အလွန် နာကြည်းသော နှုတ်အမှုအရာကို ဖြစ်စေတတ်သော ဇကန် ကြမ်းထမ်းသော စေတနာသည် ဖရုသဝါစာမည်၏၊ ဤအဖွင့်ကို ထောက်၍ မိဘစသူတို့၏ စေတနာ မကြမ်းတမ်းသော မြည်တွန်မှုများမှာ ဖရုသဝါစာ မဖြစ်နိုင်။

၇။ **သမ္ဖပ္ပလာပ**။ ။[**"သံ+ဖ+ပလာပ"**ဟု ခွဲ၊]သံ-စီးပွားချမ်းသာကို+ဖရတိ–ဖျက်ဆီးတတ်၏၊ **"သီတာမိဖုရားကို ဒသဂိရိဘီလူး ဆောင်ခန်း"**စသော အကျိုးမများသော ပုံပြင်စကား ရယ်မောစရာ စကားစုသည် (စပါးပိန်စပါး ဖျင်း၏အတွင်း၌ အဆန်မပါသကဲ့သို့) အကျိုးရှိသော အဆန်, ဟုတ်မှန်သောအဆန် မပါသောကြောင့် ပါဠိလို **"သမ္ဖ"** မြန်မာလို **"ပိန်ဖျင်းသောစကား"**ဟု ခေါ်၏၊ ပလာပသဒ္ဒါကား ပြောဆိုခြင်း ပြောဆိုကြောင်းစေတနာကို ဟောသည်၊ ထို ပိန်ဖျင်းသော စကားကို ပြောဆိုကြောင်း စေတနာသည် **"သမ္ဖပ္ပလာပ"**မည်၏။

**မနောကံသုံးပါး**

၈။ **အဘိဇ္ဈာ**။ ။[အဘိ+ဈာ၊] **"ပရ သမ္ပတ္တိံ အဘိမုခံ–သူတစ်ပါး စည်းစိမ်ကို ရှေးရှု+ဈာယတိ လောဘဝသေန စိန္တေတိ–လိုချင်ဇောဖြင့် မက်မောစွာ ကြံတတ်၏၊"** နှင့်အညီ **"သူတစ်ပါး၏ ကံဉာဏ်ဝီရိယကြောင့် ရထားအပ်သောဥစ္စာကို "ငါ့ဟာဖြစ်လျှင် ကောင်းမှာပဲ"**ဟု အချောင်လိုချင်မှု လောဘကို **"အဘိဇ္ဈာ"**ဟု ခေါ်ရသည်၊ ငှား၍ လဲ၍ တောင်း၍ ယူလိုမှုမှာ လောဘ ဖြစ်သော်လည်း အကုသိုလ် ကမ္မပထမြောက်သော အဘိဇ္ဈာ မဖြစ်ပါ။

၉။ **ဗျာပါဒ**။ ။**"ဗျာပဇ္ဇတိ ဟိတသုခံ ဧတေနာတိ"**ဟူသော ဝိဂြိုဟ်နှင့်အညီ သူတစ်ပါး၏ စီးပွားချမ်းသာ ဖျက်စီးလိုကြောင်းဖြစ်သော ဒေါသသည် ဗျာပါဒမည်၏၊ **"ဒီကောင် သေသွားလျှင် ကောင်းမှာပဲ"**ဟု ကြံစည်မှု ဒေါသဖြစ်မှ အကုသိုလ် ကမ္မပထမြောက်သည်၊ သာမန် ဒေါသဖြစ်မှုကား ကမ္မပထ မမြောက်။

၁၀။ **မိစ္ဆာဒိဋ္ဌိ**။ ။လှူလျှင်အကျိုး မရှိ, နောက်ဘဝ မရှိ စသောအမြင်ကို မှားသောအမြင် (မိစ္ဆာဒိဋ္ဌိ)ဟု ခေါ်၏၊ ထိုအမြင်ကိုပင် **"မှားသောအယူအဆ"**ဟုလည်း ခေါ်၍ ထိုအယူမှားရှိသူကို **"မိစ္ဆာဒိဋ္ဌိက"**ဟု ခေါ်သည်၊ **"တိတ္ထိယ=တိတ္ထိ"** အခေါ်ခံရသူတို့ကား ထိုအယူဝါဒများကို ခေါင်းဆောင်နေသူများသာ ဖြစ်သည်။

**တတိယတန်း ညွှန်ပြချက်ပြီး၏။**

# "ဗုဒ္ဓဘာသာလက်စွဲ"

## စတုတ္ထတွဲ

သဗ္ဗပါပဿ အကရဏံ,
ကုသလဿူပသမ္ပဒါ,
သစိတ္တပရိယောဒါပနံ,
ဧတံ ဗုဒ္ဓါန သာသနံ။

မကောင်းမှုဟူသမျှကို မပြုလုပ်ခြင်း,
ကုသိုလ်ကောင်းမှုကို ပြည့်စုံစေခြင်း,
မိမိစိတ်ကို ဖြူစင်စေခြင်း,
ဤသုံးပါးသည် ဘုရားရှင်တို့၏
အဆုံးအမတော်တည်း။

# စတုတ္ထတန်း။

## အရကျက်ရန် စာများ။

အောက်တန်းစာများ ရပြီးဖြစ်ပါစေ။

### ရှစ်ပါးသီလတောင်းပါဠိ။

အဟံ ဘန္တေ တိသရဏေန သဟ, အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ, ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ, အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ, ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ, အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ, ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

**"နမော တဿ ဘဂဝတော"**စသည် သုံးခေါက်ဆို။

**"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"**စသည် သရဏဂုံ သုံးခေါက်ဆို။

## ရှစ်ပါးသီလ။

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ, ဂီတ, ဝါဒိတ္တ, ဝိသုကဒဿန, မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စသယနမဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။



## ဗြဟ္မစိုရ်တရားလေးပါး ပါဠိ။

**မေတ္တာပို့။** ။သဗ္ဗေ သတ္တာ အဝေရာ ဟော အဗျာပဇ္ဈာ ဟောန္တု, အနီဃာ ဟောန္တု, သုခီ အတ္တ ပရိဟရန္တု။

**ကရုဏာပို့။** ။သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု။

**မုဒိတာပို့။** ။သဗ္ဗေ သတ္တာ ယထာလဒ္ဓသ တော မာဝိဂစ္ဆန္တု။

**ဥပေက္ခာပို့။** ။သဗ္ဗေ သတ္တာ ကမ္မဿကာ။

## ပုညကိရိယဝတ္ထုဆယ်ပါး။

၁။ ဒါန=စွန့်ကြဲပေးကမ်း လှူဒါန်းမှု။

၂။ သီလ=ဆိုင်ရာသီလများကို စောင့်ထိန်းမှု၊

၃။ ဘာဝနာ=ဘုရားဂုဏ်တော်စသည်ကို အာ နေမှု၊ (ကမ္မဋ္ဌာန်းအားထုတ်မှု။)

၄။ အပစာယန=ရိုသေထိုက်သူကို ရိုသေမှု။

၅။ ဝေယျာဝစ္စ=သူတစ်ပါးတို့၏ ကုသိုလ်က ကူညီမှု။

၆။ ပတ္တိဒါန=မိမိကုသိုလ်အဖို့ကို အမျှပေးဝေမှု။

၇။ ပတ္တာနုမောဒန=သူတစ်ပါးက အမျှဝေလျှင် ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်မှု။

၈။ ဓမ္မဿဝန=တရားစကားကို နားထောင်မှု။

၉။ ဓမ္မဒေသနာ=ပစ္စည်းလာဘ် မငဲ့ဘဲ တရားဟောမှု။

၁၀။ ဒိဋ္ဌိဇုကမ္မ=အယူကို ဖြောင့်မှန်စွာယူမှု၊ (ကံ ကံ၏ အကျိုးကို ယုံကြည်မှု။)

**ဆောင်ပုဒ်။** ။၁။ ဒါနသီလ, ဘာဝနာ့နှင့်, အပစာယနာ, ဝေယျာဝစ္စဖြင့်။

၂။ ပတ္တိဒါန–အမျှပေးဝေ, ခေါ်လေသာဓု–ပတ္တာနုမော, ဟောလေသမျှ–နာယူ‌က, ဓမ္မဿဝနသင့်။

၃။ ကိုယ်တိုင်ဟောပြ–ဓမ္မဒေသနာ, ဖြောင့်စွာယူမှု, ဒိဋ္ဌိဇုကမ်, ဤဆယ်တန်, မှတ်ရန်အဆင့်ဆင့်။

## မင်္ဂလသုတ် ပါဠိ။

ဧဝံ မေသုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။



အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။

ဧကမန္တံ ဌိတာခေါ သာဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

၁။ ဗဟူ ဒေဝါ မနုဿာစ,
မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ,
ဗြူဟိ မင်္ဂလမုတ္တမံ။

၂။ အသေဝနာစ ဗာလာနံ,
ပဏ္ဍိတာနဉ္စ သေဝနာ၊
ပူဇာစ ပူဇနီယာနံ,
ဧတံ မင်္ဂလမုတ္တမံ။

၃။ ပဋိရူပဒေသဝါသောစ,
ပုဗ္ဗေစ ကတပုညတာ၊
အတ္တသမ္မာပဏိဓိစ,
ဧတံ မင်္ဂလမုတ္တမံ။

၄။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ,
ဝိနယောစ သုသိက္ခိတော၊
သုဘာသိတာစ ယာဝါစာ,
ဧတံ မင်္ဂလမုတ္တမံ။

၅။ မာတုပိတုဥပဋ္ဌာနံ,
ပုတ္တဒါရဿ သင်္ဂဟော၊
အနာကုလာစ ကမ္မန္တာ,
ဧတံ မင်္ဂလမုတ္တမံ။

၆။ ဒါနဉ္စ ဓမ္မစရိယာစ,
ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ,
ဧတံ မင်္ဂလမုတ္တမံ။

၇။ အာရတီ ဝိရတီ ပါပါ,
မဇ္ဇပါနာစ သံယမော၊
အပ္ပမာဒေါစ ဓမ္မေသု,
ဧတံ မင်္ဂလမုတ္တမံ။

၈။ ဂါရဝေါစ နိဝါတောစ,
သန္တုဋ္ဌီစ ကတညုတာ၊
ကာလေန ဓမ္မဿဝနံ,
ဧတံ မင်္ဂလမုတ္တမံ။



၉။ ခန္တီစ သောဝစဿတာ,
သမဏာနဉ္စ ဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ,
ဧတံ မင်္ဂလမုတ္တမံ။

၁၀။ တပေါစ ဗြဟ္မစရိယဉ္စ,
အရိယသစ္စာန ဒဿနံ၊
နိဗ္ဗာန သစ္ဆိကိရိယာစ,
ဧတံ မင်္ဂလမုတ္တမံ။

၁၁။ ဖုဋ္ဌဿ လောကဓမ္မေဟိ,
စိတ္တံ ယဿ နကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ,
ဧတံ မင်္ဂလမုတ္တမံ။

၁၂။ ဧတာဒိသာနိ ကတွာန,
သဗ္ဗတ္ထ မပရာဇိတာ၊
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ,
တံ တေသံ မင်္ဂလမုတ္တမံ။

စတုတ္ထတန်း ကျက်စာပြီး၏။

## စတုတ္ထတန်း ဖတ်စာ

## ရှစ်ပါးသီလတောင်း မြန်မာပြန်။

အဟံ ဘန္တေ=အရှင်ဘုရား တပည့်တော်သည်၊
တိသရဏေနသဟ=သရဏဂုံ သုံးပါးနှင့်တကွ၊
အဋ္ဌင်္ဂသမန္နာဂတံ=အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊
ဥပေါသထသီလံဓမ္မံ=ဥပုသ် သီလ သိက္ခာပုဒ် အကျင့်ကို၊
ယာစာမိ=တောင်းပါ၏၊
အနုဂ္ဂဟံကတွာ=ချီးမြှောက်ခြင်းကို ပြု၍၊
သီလံဒေထ မေ ဘန္တေ=သီလ ပေးတော်မူပါကုန်ဘုရား။

[ဒုတိယမ္ပိ...တတိယမ္ပိစသည် မြန်မာပြန်ပုံကို ဒုတိယတန်း နည်းမှီး၍ သိလောက်ပြီ၊ **"နမော တဿ ဘဂဝတော"** စသည်လည်း နားလည်ပြီ။]

## ထူးရာသိက္ခာပုဒ်များ၏ အနက်နှင့်မြန်မာပြန်။

၃။ အဗြဟ္မစရိယာ=မမြတ်သော မေထုန်အကျင့်မှ၊ ဝေရမဏိသိက္ခာပဒံ=ကို၊ သမာဒိယာမိ=၏၊ မြန်မာလို **"မေထုန်အမှုမှ ရှောင်ပါ၏"**ဟု ဆို။



၆။ ဝိကာလဘောဇနာ–နေလွဲအခါ ညစာစားခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ–ကို၊ သမာဒိယာမိ=–၏၊ မြန်မာလို **"နေလွဲအခါ၌ (ထမင်း ဟင်း မုံ့ နွားနို့ စသည်ကို) စားသောက်ခြင်းမှ ရှောင်ပါ၏"**ဟု ဆို။

၇။ နစ္စ=ကိုယ်တိုင် ကခြင်း, သူတစ်ပါးကို အကခိုင်းခြင်း+ဂီတ=ကိုယ်တိုင် သီဆိုခြင်း, သူတစ်ပါးကို သီဆိုခိုင်းခြင်း+ဝါဒိတ္တ=ကိုယ်တိုင် တီးမှုတ်ခြင်း, သူတစ်ပါးကို တီးမှုတ်ခိုင်းခြင်း+ဝိသူကဒဿန=(မိမိက မခိုင်းရဘဲ ကဆို တီးမှုတ်နေသည်ကို) သူတော်ကောင်း အကျင့်၏ ပြောင့်တံကျင် (ကန့်လန့်) ဖြစ်သော ကြည့်ရှုနားထောင်ခြင်း၊ မာလ+ဓာရဏ=ပန်းပန်ခြင်း၊ ဂန္ဓ+မဏ္ဍန=သနပ်ခါးစသော နံ့သာ အပြစ်တို့ဖြင့် (ကျောက်ပေါက်ရာစသော) နိမ့်ရာအရပ်၌ ဖို့သိပ်ခြင်း၊ ဝိလေပန+ဝိဘူသန=ရေးမွှေး နံ့သာဆီ မျက်နှာချေ ပေါင်ဒါ စသည်တို့ဖြင့် ခြယ်လှယ်ခြင်း၏၊ ဋ္ဌာန=အကြောင်းဖြစ်သော အကုသိုလ်စေတနာမှ၊ ဝေရမဏိသိက္ခာပဒံ=ကို၊ သမာဒိယာမိ=၏။ [မြန်မာပြန်ကိုလည်း ပါဠိမပါဘဲ ပြန်လေ။]

၈။ ဥစ္စာသယန မဟာသယနာ=မြင့်သောနေရာ မြတ်သောနေရာ၌ နေထိုင်အိပ်စက်ခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ–ကို၊ သမာဒိယာမိ=–၏၊ မြန်မာလို **"မြင့်သောနေရာ**

## စတုတ္ထတန်း ဖတ်စာ

## ရှစ်ပါးသီလတောင်း မြန်မာပြန်။

အဟံ ဘန္တေ=အရှင်ဘုရား တပည့်တော်သည်၊
တိသရဏေနသဟ=သရဏဂုံ သုံးပါးနှင့်တကွ၊
အဋ္ဌင်္ဂသမန္နာဂတံ=အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊
ဥပေါသထသီလံမ္မေ=ဥပုသ် သီလ သိက္ခာပုဒ် အကျင့်
ကို၊
ယာစာမိ=တောင်းပါ၏၊
အနုဂ္ဂဟံကတွာ=ချီးမြှောက်ခြင်းကို ပြု၍၊
သီလံဒေထ မေ ဘန္တေ=သီလ ပေးတော်မူပါကုန်
ဘုရား။

[ဒုတိယမ္ပိ...တတိယမ္ပိစသည် မြန်မာပြန်ပုံကို ဒုတိယ ဘန်းနည်းမှီး၍ သိလောက်ပြီ၊ **"နမော တဿ ဘဂဝတော"** စသည်လည်း နားလည်ပြီ။]

### ထူးရာသိက္ခာပုဒ်များ၏ အနက်နှင့်မြန်မာပြန်။

၃။ အဗြဟ္မစရိယာ=မမြတ်သော မေထုန်အကျင့်မှ၊ ဝေရမဏိသိက္ခာပဒံ=ကို၊ သမာဒိယာမိ=၏၊ မြန်မာလို **'မေထုန်အမှုမှ ရှောင်ပါ၏"**ဟု ဆို။



၆။ ဝိကာလဘောဇနာ–နေလွဲအခါ ညစာစားခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ–ကို၊ သမာဒိယာမိ=–၏၊ မြန်မာလို **"နေလွဲအခါ၌ (ထမင်း ဟင်း မုံ့ နွားနို့ စသည်ကို) စားသောက်ခြင်းမှ ရှောင်ပါ၏"**ဟု ဆို။

၇။ နစ္စ=ကိုယ်တိုင် ကခြင်း, သူတစ်ပါးကို အကခိုင်းခြင်း+ဂီတ=ကိုယ်တိုင် သီဆိုခြင်း, သူတစ်ပါးကို သီဆိုခိုင်းခြင်း+ဝါဒိတ္တ=ကိုယ်တိုင် တီးမှုတ်ခြင်း, သူတစ်ပါးကို တီးမှုတ်ခိုင်းခြင်း+ဝိသုကဒဿန=(မိမိက မခိုင်းရဘဲ ကဆို တီးမှုတ်နေသည်ကို) သူတော်ကောင်း အကျင့်၏ ငြောင့်တံကျင် (ကန့်လန့်) ဖြစ်သော ကြည့်ရှုနားထောင်ခြင်း၊ မာလ+ဓာရဏ=ပန်းပန်ခြင်း၊ ဂန္ဓ+မဏ္ဍန=သနပ်ခါးစသော နံ့သာ အပြစ်တို့ဖြင့် (ကျောက်ပေါက်ရာစသော) နိမ့်ရာ အရပ်၌ ဖို့သိပ်ခြင်း၊ ဝိလေပန+ဝိဘူသန=ရေးမွှေး နံ့သာဆီ မျက်နှာချေ ပေါင်ဒါ စသည်တို့ဖြင့် ခြယ်လှယ်ခြင်း၏၊ ဌာန=အကြောင်းဖြစ်သော အကုသိုလ်စေတနာမှ၊ ဝေရမဏိသိက္ခာပဒံ=ကို၊ သမာဒိယာမိ=၏။ [မြန်မာပြန်ကိုလည်း ပါဠိမပါဘဲ ပြန်လေ။]

၈။ ဥစ္စာသယန မဟာသယနာ=မြင့်သောနေရာ မြတ်သောနေရာ၌ နေထိုင်အိပ်စက်ခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ–ကို၊ သမာဒိယာမိ=–၏၊ မြန်မာလို **"မြင့်သောနေရာ**

မြတ်သောနေရာ၌ နေထိုင် အိပ်စက်ခြင်းမှ ရှောင်ပါ၏”
ဟု ဆို။

## ဗြဟ္မာစိုရ်လေးပါးအနက်နှင့် မြန်မာပြန်။

**မေတ္တာပို့။** ။သဗ္ဗေသတ္တာ–သတ္တဝါဟူသမျှတို့သည်၊ အဝေရာ–ကိုယ်တွင်းကိုယ်ပ, ရန်မရှိကြကုန်သည်၊ ဟောန္တု–ဖြစ်ကြပါစေသတည်း၊ အဗျာပဇ္ဈာ–စိတ်ဆင်းရဲခြင်း မရှိကြကုန်သည်၊ ဟောန္တု–ဖြစ်ကြပါစေသတည်း၊ အနီဃာ–ကိုယ်ဆင်းရဲခြင်း မရှိကြကုန်သည်၊ ဟောန္တု–ဖြစ်ကြပါစေသတည်း၊ သုခီ–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရှိကုန်သည်(ဖြစ်၍၊) အတ္တာနံ–မိမိကိုယ်ကို၊ ပရိဟရန္တု–အသက်ဆုံးတိုင်, ဆောင်ရွက်နိုင်ကြပါစေသတည်း။

**ကရုဏာပို့။** ။သဗ္ဗေသတ္တာ–သတ္တဝါဟူသမျှတို့သည်၊ ဒုက္ခာ–ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းမှ မုစ္စန္တု–လွတ်မြောက်ကြပါစေသတည်း။

**မုဒိတာပို့။** ။သဗ္ဗေသတ္တာ – သတ္တဝါဟူသမျှတို့သည်၊ ယထာလဒ္ဓသမ္ပတ္တိတော–ရရှိတိုင်းသော စည်းစိမ်မှ၊ မာဝိဂစ္ဆန္တု–မကင်းကွာကြပါစေသတည်း။

**ဥပေက္ခာပို့။** ။သဗ္ဗေသတ္တာ – သတ္တဝါဟူသမျှတို့သည်၊ ကမ္မဿကာ–ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပေသည် တကား။



## မြန်မာလိုမေတ္တာပို့။

(၁) သဗ္ဗေသတ္တာ, ဝေနေယျာ, ချမ်းသာကိုယ်စိတ် မြဲပါစေ။

(၂) မိဘနှစ်ဖြာ, မြတ်ဆရာ, ချမ်းသာကိုယ်စိတ် မြဲပါစေ။

(၃) တို့အိမ်တွင်းမှာ, ဆွေများစွာ, ချမ်းသာကိုယ် စိတ် မြဲပါစေ။

(၄) တို့အိမ်တွင်းမှာ, နတ်များစွာ, ချမ်းသာကိုယ် စိတ် မြဲပါစေ။

(၅) တို့ရွာတွင်းမှာ, များသတ္တာ, ချမ်းသာကိုယ်စိတ် မြဲပါစေ။

(၆) တို့မြို့တွင်းမှာ, များသတ္တာ, ချမ်းသာကိုယ်စိတ် မြဲပါစေ။

(၇) တို့ပြည်တွင်းမှာ, များသတ္တာ, ချမ်းသာကိုယ် စိတ် မြဲပါစေ။

(၈) နိုင်ငံတိုင်းမှာ, များသတ္တာ, ချမ်းသာကိုယ်စိတ် မြဲပါစေ။

**ကရုဏာပို့။** ။ဆင်းရဲနေရှာ, များသတ္တာ, မြန်စွာ
ဒုက္ခ လွတ်ပါစေ။

**မုဒိတာပို့။** ။ကြွယ်ဝဥစ္စာ, များသတ္တာ, ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

[ဥပေက္ခာပို့ကိုကား အထူးပို့နေဖွယ် မလိုတော့ပါ။]

<u>အမှာ</u>။ ။မေတ္တာ, ကရုဏာ, မုဒိတာပို့ သံပေါက်များကို မိမိတို့အိမ်၌ အိပ်ရာဝင် အိပ်ရာထမှာ ရွတ်ဆိုကြဖို့ ဆရာနှင့်မိဘများက တိုက်တွန်းကြပါ၊ ထိုသို့ ရွတ်ဆိုသည့်အတွက် တစ်မျိုးအားဖြင့် အိမ်မှာ ကျက်သရေ တိုးပါလိမ့်မည်၊ ကလေးများလည်း မသိမသာ အလိမ္မာတိုးနေပါလိမ့်မည်၊ သံပေါက်များကိုလည်း ဆရာက သံနေ သံထားမှန်မှန်နှင့် နားထောင်ကောင်းအောင် ချပေးပါ။

## ဥပုသ်စောင့်ပုံ အကြောင်း။

**ဆရာ။** ။**"ဥပုသ်"**ဆိုတာ **"ဥပေါသထ"**ပါဠိမှ ကူးစက်လာသော မြန်မာစကား ဖြစ်တယ်၊ [ဥပေါသထကို **"ဥပ+ဝသထ"**ဟု ပုဒ်ခွဲရတယ်၊ ဥပ–သီလနှင့်ပြည့်စုံ၍+ဝသထ–နေထိုင်ခြင်း၊] ရှစ်ပါးသီလနှင့် ပြည့်စုံ၍ နေထိုင်ခြင်း ရှစ်ပါးသီလကို စောင့်ထိန်း၍ နေခြင်းကို **"ဥပုသ်စောင့်ခြင်း"**ဟု ခေါ်တယ်၊ အဲဒီလို ဥပုသ်စောင့်တဲ့နေ့မှာ မိမိစိတ်ကို အလွန်စင်ကြယ်အောင် နေနိုင်မှ ဥပုသ်စောင့်ရတဲ့ ကုသိုလ်ဟာ သာပြီး အကျိုးကြီးတယ်၊ ဒါ့ကြောင့် ဥပုသ်



စောင့်တဲ့အခါ သစ်ပင်အောက်မှာ ဖြစ်စေ, ဆိတ်ငြိမ်တဲ့နေရာ တစ်ခုခုမှာဖြစ်စေ သတ္တဝါတွေကို ချမ်းသာစေလိုတဲ့စိတ်နဲ့ မေတ္တာပို့နေလျှင် အကောင်းအဆုံးပဲ၊ ဥပုသ်စောင့်ပြီး တွေ့ရာစကားတွေပြော, အိပ်ချင်တိုင်းအိပ်, ကိလေသာကာမစိတ်အားပေးသော ဝတ္ထုစာတွေဖတ် အဲဒီလို ဥပုသ်စောင့်မျိုးဟာတော့ ဘာသာရေးကို မလေးမစား ပြုရာရောက်တယ်၊ ကလေးများ ဥပုသ်စောင့်လျှင်တော့ ဥပုသ်စောင့်စစ်စစ်ဖြစ်အောင် စောင့်ကြကွဲ့၊ အောက်ပါ ဆောင်ပုဒ်ကလေးကို အရကျက်၍ ဖတ်စာကိုလဲ ဥပုသ်နေ့မှာ များများဖတ်ကြပါကွယ်။

**ဆောင်ပုဒ်။** ။အင်္ဂါရှစ်တန်, သီလခံ၍, ခြိုးခြံအောင့်အည်း, တဖြောင့်တည်းဖြင့်, စောင့်စည်းအားထုတ်, တရားကုတ်, ဥပုသ်စောင့်ဟု ခေါ်။

## ဥပုသ်စောင့် ဖတ်စာ။

(၁) ယနေ့ ဥပုသ်နေ့ဖြစ်ပါသည်၊ နံနက်စောစော ရှစ်ပါးသီလ ဆောက်တည်ကြပါ၊ ရဟန်းတော်အထံမှာ ဖြစ်စေ, ရှစ်ပါးသီလကို ချပေးနိုင်သော (ယောကျ်ား မိန်းမ) သီတင်းသည် သူတော်ကောင်းအထံမှာ ဖြစ်စေ, သီလရှင်အထံမှာ ဖြစ်စေ သီလယူနိုင်ပါသည်၊ ရုပ်ပွားတော် စေတီ

တော်မှာလည်း မိမိဘာသာ ဆောက်တည်နိုင်ပါသည်၊ ချပေးမည့်သူလည်း မရှိ, ရှစ်ပါးသီလကိုလည်း မဆောက်တည်တတ်လျှင် **"ဘုရားပညတ်တော်မူသော ဥပုသ်သီလကို စောင့်ပါ၏"**ဟု နှုတ်ကဆို၍ ဆောက်တည်နိုင်ပါသည်။

(၂) ဥပုသ်စောင့်သောအခါ စားရအောင် သားဟင်း ငါးဟင်းများကို အထူးမချက်ပါနှင့်၊ ဘာသာရေး နေ့ထူးနေ့မြတ်၌ အသားတွေကို ပို၍ စားခြင်းသည် တရားတော်နှင့် မလျော်ပါ၊ နက်ဖန် ဥပုသ်နေ့ဆိုလျှင် ယနေ့လိုရက်၌ အသက်ပေါင်းများစွာ ပို၍ သေကြရသော် မိမိကိုစောင့်မည့် ဥပုသ်သီလတော်နှင့် လုံးလုံးမလျော်ပါ၊ ညစာ မစားဘဲ နေနိုင်အောင် သင့်တော်သော အသီးအရွက်များကို ကောင်းမွန်စွာ ချက်စေပါလော၊ ညနေအခါ ဆာလောင်မွတ်သိပ်လျှင် ဖျော်ရည် လင်မနစ် (ဘီလပ်ရည်)စသည်ကို သောက်ကောင်းပါ၏၊ ရောဂါဖြစ်လောက်အောင် ဆာနေလျှင် ထောပတ် ပျားရည် စတုမဓုတို့ကိုလည်း စားကောင်းပါသည်။

(၃) မွန်းတည့်ပြီးသောအခါကို **"နေလွဲ"**ဟု ခေါ်၏၊ ဥပုသ်စောင့်သူသည် ထိုနေလွဲအခါ၌ ထမင်း ဟင်းနှင့် မုန့်အမျိုးမျိုးများကို မစားရ, နွားနို့ ကော်ဖီ လဘက်ရည်ကိုလည်း မသောက်ရဟု ဝိကာလဘောဇနသိက္ခာပုဒ်တော်က



တားမြစ်ထားပါသည်၊ တားမြစ်လည်း တားမြစ်ထိုက်ပါသည်၊ နေလွဲအခါ၌ အစား အသောက်များကို စားသောက်နေသူသည် ကမ္မဋ္ဌာန်း ဘာဝနာပွားများ၍ နေရမည့်အချိန်ကို အချည်းနှီး ဖြုန်းပစ်ရာ ရောက်ပါသည်၊ အစား အသောက်များကို အလိုရှိသလို စားသောက်နေသူမှာ ကာမဂုဏ်စိတ်များလည်း ထကြွတတ်ပါသည်။

(၄) ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်တော်ကို စောင့်ထိန်းသူသည် မိမိတို့ သမီးခင်ပွန်းအချင်းချင်း ပျော်ရွှင်ခွင့်ရပါသေး၏၊ အဗြဟ္မစရိယသိက္ခာပုဒ်ကို စောင့်ထိန်းသူကား သမီးခင်ပွန်းအချင်းချင်းသော်မှ ပျော်ရွှင်မှုကို ရှောင်ကြဉ်ရပါသည်၊ ထို့ကြောင့် အဗြဟ္မစရိယသိက္ခာပုဒ်ကို စောင့်ထိန်းသူသည် ကာမစိတ်ဓာတ် ငြိမ်ဝပ်နေအောင် နေလွဲ ညစာကိုလည်း ရှောင်ကြဉ်ရပါသည်။

(၅) မာလာဂန္ဓစသော သိက္ခာပုဒ်ကို စဉ်းစားပါဦး၊ ပန်း ပန်ထားသူ, နံ့သာ လိမ်းထားသူ, ရေမွှေး နံ့သာဆီ မျက်နှာချေ ပေါင်ဒါ လိမ်းထားသူသည် မိမိကိုယ်တိုင်လည်း ကိလေသာစိတ်ဓာတ်ကို နှိုးဆော်ပေး၍, မြင်ရ–မွှေးရသူတို့ကိုလည်း ထကြွစေတတ်ပါသည်၊ နစ္စ ဂီတစသော ကမှု သီချင်းဆိုမှု တီးမှုတ်မှုတို့ကို ကိုယ်တိုင်ပြု

သည် ဖြစ်စေ, ကြည့်ရှုနားထောင်သည် ဖြစ်စေ ကာမစိတ်ဓာတ်ကို တိုးပွားစေမည်သာ ဖြစ်ပါသည်၊ ထို့ကြောင့် အဗြဟ္မစရိယ သိက္ခာပုဒ်တော်ကို စောင့်ထိန်းသူသည် နစ္စ ဂီတနှင့် မာလာ ဂန္ဓသိက္ခာပုဒ်ကိုလည်း စောင့်ထိန်းမှသာ အဗြဟ္မစရိယ သိက္ခာပုဒ်ကို လုံခြုံစွာ စောင့်နိုင်ပါသည်။

(၆) အခြေ တစ်ထောင့်ထွာထက်ရှည်သော ခုတင်ထိုင်ခုံများကို မြင့်သောနေရာ **"ဥစ္စာသယန"**ဟု ခေါ်ပါသည်၊ ခြင်္သေ့ သစ်ကျား အရုပ်များဖြင့် ခန်းနားဆန်းကြယ်သော ပလ္လင်, လက်လေးသစ်ထက် ပို၍ အမွေးရှည်သော သားမွေးကော်ဇော, အရုပ်အမျိုးမျိုးတို့ဖြင့် ဆန်းကြယ်သော သားမွေးကော်ဇောများသည် လူကုံတန်တို့၏ အိမ်များ၌သာ ခမ်းနားစွာ အသုံးပြုသောနေရာများ ဖြစ်ကြ၏၊ ထိုနေရာများကို **"မဟာသယန"**ဟု ခေါ်ပါသည်၊ ထိုကဲ့သို့ ခန်းနားကြီးကျယ် ထည်ထည်ဝါဝါဖြစ်၍ မြင့်သောမြတ်သော အိပ်ရာ နေရာများသည် ကာမဂုဏ်ခံစားစံစားသော အချိန်အခါနှင့်သာ သင့်လျော်ပါသည်၊ ကာမဂုဏ်ကိုချုပ်တည်း စောင့်စည်းသောအခါမျိုးနှင့် မသင့်လျော်ပါ။

(၇) အို ဥပုသ်စောင့်သူ အပေါင်းတို့...ရဟန္တာအရှင်မြတ်တို့သည် နေလွဲညစာ မစားကြသကဲ့သို့ အသင်တို့လည်း ညစာ မစားကြတော့ပေ၊ ရဟန္တာအရှင်မြတ်တို့သည် ကခြင်း သီဆိုခြင်း တီးမှုတ်ခြင်း ပန်းပန်ခြင်း နံ့သာလိမ်းခြင်းစသော အမှုများကို မပြုကြတော့သကဲ့သို့ အသင်တို့လည်း ထိုအမှုများမှ ရှောင်ကြဉ်၍ နေကြပါပေသည်၊ ရဟန္တာအရှင်မြတ်တို့သည် ခန်းနားကြီးကျယ် ထည်ထည်ဝါဝါ အိပ်ရာ နေရာ၌ အိပ်စက်တော် မမူကြသကဲ့သို့ အသင်တို့လည်း ထိုကဲ့သို့ နေရာမျိုး၌ အိပ်စက် နေထိုင်မှုကို မပြုကြကုန်၊ ယနေ့အဖို့၌ အသင်တို့ နေထိုင်ပုံသည် ရဟန္တာအရှင်မြတ်တို့ နေထိုင်ပုံနှင့် တူလှသဖြင့် အလွန်မွန်မြတ်လှပါပေသည်။

(၈) ဤနည်းအတိုင်း သီလကို စောင့်ထိန်း၍ မိမိဝါသနာပါသော ကမ္မဋ္ဌာန်း တစ်မျိုးမျိုးကို ပွားများ၍ဖြစ်စေ, ထိုသို့ မပွားများတတ်သေးလျှင် **"သဗ္ဗေသတ္တာ, ဝေနေယျာ, ချမ်းသာကိုယ်စိတ် မြဲပါစေ"**စသော မေတ္တာသံပေါက်အတိုင်း စိတ်ထည်းမှာ မေတ္တာပို့၍ဖြစ်စေ, နေထိုင်သူတို့သာလျှင် အကျိုးများသော ဥပုသ်ကို စောင့်သုံးကြရာ ရောက်လေသည်။

## လေးကျင့်ခန်း မေးခွန်း။

**က**။ ဗုဒ္ဓဘာသာဝင်တို့၏ အဘယ်အကျင့်ကို **"ဥပုသ်စောင့်"** ဟု ခေါ်သနည်း။

**ခ**။ ဥပုသ်နေ့ မတိုင်မီတစ်ရက်၌ သားငါးတို့ကို နေ့တိုင်းထက်ပို၍ ဝယ်ယူ ချက်ပြုတ်ကာ ဥပုသ်စောင့်သွားသောနေရာ၌ ပျော်ပျော်ပါးပါး စားကြခြင်းသည် ခြိုးခြံစွာ ကျင့်ရသော ဥပုသ်နှင့် လျော်ပါ၏လော။

**ဂ**။ ဥပုသ်သီလကို ဘယ့်သူ့အထံမှာ ခံယူနိုင်သနည်း။

**ဃ**။ ဥပုသ်စောင့်နေသောအခါ သမီးခင်ပွန်းချင်း သော်မှ ပျော်ခွင့် မရကြောင်းကို အဘယ်သိက္ခာပုဒ်က တားမြစ်ပါသနည်း။

**င**။ ဥပုသ်စောင့်နေသူသည် နေလွဲအခါ ထမင်း နွားနို့ ကော်ဖီ လဘက်ရည်များကို မစားသောက်ဖို့ရန် အဘယ်သိက္ခာပုဒ်က တားမြစ်ပါသနည်း။

**စ**။ ဥပုသ်စောင့်သူ သည် နေလွဲအခါ ထမင်းဆာလျှင် ဘာကို သောက်ကောင်း၍ လေထလျှင် ဘာကို စားကောင်းသနည်း။

**ဆ**။ ဥပုသ်စောင့်သူအတွက် သနပ်ခါး ပေါင်ဒါ မွှေးကြိုင်သောအရာနှင့် ပန်းပန်မှုများကို အဘယ် သိက္ခာပုဒ်တော်က တားမြစ်ထားပါသနည်း။



**ဇ**။ ဥပုသ်စောင့်သူသည် နစ္စ ဂီတ ဝါဒိတ္တသိက္ခာပုဒ်အရ ကိုယ်တိုင် မက မဆို မတီးမှုတ်ကောင်းသည်ကို သိပါပြီ၊ သူ့ဘာသာ က ဆို တီးမှုတ်နေသည်ကို ကြည့်ရှုနားထောင်ရာ၌ကား သိက္ခာပုဒ်တော်လာ အဘယ် ပါဠိက တားမြစ်ထားပါသနည်း။

**ဈ**။ အဘယ်နေရာမျိုးကို ဥစ္စာသယန ခေါ်၍ အဘယ်နေရာမျိုးကို မဟာသယနဟု ခေါ်သနည်း။

**ဥ**။ ဥပုသ် သီလကို ခံယူဆောက်တည်၍ စားသောက်ပြီးနောက် အဘယ်သို့နေမှ သီလအကျိုး ကောင်းစွာ ရနိုင်ပါသနည်း။

**ဋ**။ ဥပုသ်ကို စင်ကြယ်စွာစောင့်သူ၏ ထိုနေ့အဖို့၌ ရဟန္တာနှင့် တူနေပုံကို မှတ်မိသမျှ ပြောပြပါ။

**ဌ**။ သီလဆောက်တည်ပြီးနောက် တွေ့ကရာစကားကိုပြော, တော်သလိုနေ, ကိလေသာစိတ်ကို ထကြွစေသော စာတွေ ကြည့်နေသူကို **"သန့်ရှင်းစင်ကြယ်စွာ ဥပုဒ်စောင့်သူ"**ဟု ဆိုမည်လော၊ သို့မဟုတ် **"ဘာသာရေးကို မလေးစားသူ"**ဟု ဆိုမည်လော။

## မြို့ရွာပျက်စီးရခြင်း အကြောင်း။

**ဆရာ။** ။ဗြဟ္မစိုရ်တရားလေးပါး အကြောင်းကို မပြောပြမီ ကလေးများအား အောက်ပါ တရားတော်ကို ဖတ်စေချင်သေးတယ်ကွဲ့၊ **"ဗြဟ္မစိုရ်လေးပါးနှင့် ဆန့်ကျင်ဖက်စိတ်တွေ တိုးပွားနေလျှင် ရွာတွေ မြို့တွေ လူတွေ ပျက်စီးရမည်"**ဟု တရားတော် ညွှန်ပြချက်ဟာ ယခုခေတ်မှာ လက်တွေ့ ဖြစ်နေကြောင်းကို ကောင်းကောင်း သိကြရလိမ့်မယ်၊ ကိုင်း (မောင်ခွေး)က ဖတ်ကွဲ့, အားလုံး ကိုယ့်စာအုပ်ကို ကြည့်ပြီး နားထောင်ကြ။

အခါတစ်ပါး၌ ပုဏ္ဏားသူကြွယ်တစ်ယောက်သည် ဗုဒ္ဓမြတ်စွာ၏ အထံတော်သို့ လာ၍ လျှောက်ထားသည်မှာ— အရှင်ဂေါတမ အကျွန်ုပ်သည် ရှေးရှေးသော ဆရာ့ဆရာကြီးများအထံမှ ဤစကားကို ကြားခဲ့ရပါသည်၊ (အဘယ် စကားနည်း) ဤလူ့လောကသည် (အဝီစိငရဲမှာ အကြားမရှိ သကဲ့သို့) အကြားမရှိအောင် လူတို့ဖြင့် ပြည့်ကြပ်နေ၏၊ ရွာနိဂုံး မင်းနေပြည်တို့သည် (တစ်နေရာနှင့် တစ်နေရာ) ကြက်တစ်ခါပြန်လောက်သာ ဝေး၏၊ ဤသို့ ကြားခဲ့ရဖူး ပါသည်*။



ယခုအခါ၌ကား လူများ ကုန်းခန်းနည်းပါး၍ ရွာနိဂုံး မင်းနေပြည်များလည်း (တစ်နေရာနှင့် တစ်နေရာဝေးကွာ၍) ကြဲတောက်တောက် ဖြစ်နေသည်မှာ အထင်အရှားပင် ဖြစ်ပါသည်၊ ရှေးအခါက ရွာများသည် ယခုအခါ ရွာမဟုတ်တော့ပါ၊ ရှေးအခါက နိဂုံး, မြို့, ပြည်နယ်များလည်း ယခုအခါ နိဂုံး, မြို့, ပြည်နယ် မဟုတ်ကြတော့ပါ၊ ဤသို့ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ အဘယ်အရာ ဖြစ်ပါသနည်း? ဤသို့ လျှောက်လေသည်*။

---

* သုတံ မေတံ ဘော ဂေါတမ ပုဗ္ဗကာနံ ဗြာဟ္မဏာနံ ဗုဒ္ဓါနံ မဟလ္လကာနံ အာစရိယပါစရိယာနံ ဘာသမာနာနံ **"ပုဗ္ဗေ သုဒံ အယံ လောကော အဝီစိမညေ ဖုဋ္ဌော ဟောတိ မနုဿေဟိ, ကုက္ကုဋသံပါတိကာ ဂါမနိဂမရာဇဓာနိယော"**တိ၊ ကော နု ခေါ ဘော ဂေါတမ ဟေတု, ကော ပစ္စယော၊ ယေနေတရဟိ မနုဿာနံ ခယော ဟောတိ, တနုတ္တံ ပညာယတိ, ဂါမာပိ အဂါမာ ဟောန္တိ, နိဂမာပိ အနိဂမာ ဟောန္တိ, နဂရာပိ အနဂရာ ဟောန္တိ, ဇနပဒါပိ အဇနပဒါ ဟောန္တီတိ။

* ဧတရဟိ ဗြာဟ္မဏ မနုဿာ အဓမ္မရာဂရတ္တာ ဝိသမလောဘာဘိဘူတာ မိစ္ဆာဓမ္မပရေတာ တေ အဓမ္မရာဂရတ္တာ ဝိသမလောဘာဘိဘူတာ မိစ္ဆာဓမ္မပရေတာ တိဏှာနိ သတ္ထာနိ ဂဟေတွာ အညမညဿ ဇီဝိတာ ဝေါရောပေန္တိ၊ တေန ဗဟူ မနုဿာ ကာလံ ကရောန္တိ၊ အယံပိ ခေါ ဗြာဟ္မဏ ဟေတု, အယံ ပစ္စယော၊ ယေနေတရဟိ မနုဿာနံ ခယော ဟောတိ, တနုတ္တံ ပညာယတိ, ဂါမာပိ အဂါမာ ဟောန္တိ, နိဂမာပိ အဂနိမာ ဟောန္တိ, နဂရာပိ အနဂရာ ဟောန္တိ, ဇနပဒါပိ အဇနပဒါ ဟောန္တီတိ။

ထိုအခါ ဗုဒ္ဓမြတ်စွာ မိန့်တော်မူသည်မှာ—ပုဏ္ဏား… မတရားသောရာဂ, မညီမျှသောလောဘ, ယုတ်မာသော အကျင့်ဆိုးတို့သည် လူအများကို လွှမ်းမိုးလာသောအခါ ထက်မြက်သောလက်နက်တို့ကို စွဲကိုင်၍ လူအချင်းချင်း သတ်ဖြတ်နေကြသည်၊ ထိုသတ်ဖြတ်မှုကြောင့် (သတ္ထန္တရကပ် တိုက်မှုကြောင့်) လူအများ သေကြရသည့်အတွက် လူသတ္တဝါများ ကုန်ခန်းနည်းပါးရလေသည်၊ ထိုသို့ လူသူနည်းပါး၍ (ရှိသမျှလူများလည်း မိမိတို့၏ တောမြို့တောရွာမှာ မနေသာသောကြောင့် မြို့ရွာကို စွန့်ခွာ၍ စစ်တပ်ရှိရာ မှီခိုရသဖြင့်) ရှေးရွာတွေသည် ရွာပျက်ကြီးများ ဖြစ်၍ ရှေးနိဂုံး ပြည်နယ်များလည်း (နိဂုံး မခေါ်လောက်—, ပြည်နယ် မဖွဲ့လောက်အောင်) ဆုတ်ယုတ်ပျက် ပြားကြရသည်၊ [ဈေးမရှိ ရုံးမရှိလျှင် ရွာ, ဈေးသာရှိ၍ ရုံးမရှိလျှင် နိဂုံး, နှစ်မျိုးလုံးရှိလျှင် မြို့ဟု ခေါ်သတတ်။]

ထိုမှတစ်ပါး—မတရားသော ရာဂ, မညီမျှသော လောဘ, ယုတ်မာသော အကျင့်ဆိုးတို့သည် လူအများကို လွှမ်းမိုးလာသောအခါ မိုးသည် ကောင်းစွာ မရွာတော့ချေ၊ မိုးကောင်းစွာ မရွာသောကြောင့် ဒုဗ္ဘိက္ခန္တရကပ် တိုက်၍ (အစာငတ်၍) လူအများ သေကြရလေသည်၊ ထိုသို့ အသေအပျောက်များ၍ လူနည်းပါးသောကြောင့် ရွာ နိဂုံး မြို့များလည်း ဆုတ်ယုတ် ပျက်ပြားရလေသည်။



ထိုမှတစ်ပါးလည်း—မတရားသော ရာဂ, မညီမျှသော လောဘ, ဆုတ်ယုတ်သော အကျင့်ဆိုးတို့ လွှမ်းမိုးလာသောအခါ (အစောင့်အရှောက် နတ်ကောင်းများသည် မစောင့်ရှောက်တော့ချေ၊ ထိုအခါ နဂိုကပင် ရက်စက်ကြမ်းကြုတ်သော နတ်ဘီလူးတို့သည် သားရဲ သဘက်တို့ကို လွှတ်ကြကုန်၏၊ ထိုသားရဲ သဘက်တို့၏ ခြောက်လှန့်သတ်ဖြတ်မှုကြောင့် လူအများ ရောဂါဖြစ်၍ (ရောဂန္တရကပ် တိုက်၍) သေကြရလေသည်၊ ထိုသို့အသေအပျောက်များ၍ လူနည်းပါးသောကြောင့် ရွာ နိဂုံး မြို့များလည်း ဆုတ်ယုတ် ပျက်ပြားရလေသည်၊ ဤသို့ ဟောတော်မူသောအခါ ပုဏ္ဏားသည် ကျေနပ်၍ ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်ကာ **“ဥပါသကာ”**အဖြစ်ကို ခံယူသွားလေသည်*။

**ဆရာ**။ ။ကလေးများ၏ ဖတ်စာထဲမှာ **“မတရားသော ရာဂ”**လို့ ပါတယ်၊ အဲဒီ **“ရာဂ”**ဆိုတာ မိန်းမနှင့်

*ပုနစ ပရံ ဗြာဟ္မဏ၊ (ပေ)၊ မိစ္ဆာဓမ္မပရေတာနံ ဒေဝေါ န သမ္မာ ဓာရံ အနုပ္ပဝစ္ဆတိ၊ တေန ဒုဗ္ဘိက္ခံ ဟောတိ ဒုဿဿံ သေတဋ္ဋိကံ သလာကာဝုတ္တံ၊ တေန ဗဟူ မနုဿာ ကာလံ ကရောန္တိ၊ (ပေ)၊ တေသံ အဓမ္မရာဂရတ္တာနံ ဝိသမလောဘာဘိဘူတာနံ မိစ္ဆာဓမ္မပရေတာနံ ယက္ခာ ဝါဠေ အမနုဿေ ဩဿဇ္ဇန္တိ၊ တေန ဗဟူ မနုဿာ ကာလံ ကရောန္တိ။
[အင်္ဂုတ္တုရ်၊ တိကနိပါတ်၊ ဒုတိယပဏ္ဏာသက, ၁–ဗြာဟ္မဏဝဂ်, ဆဋ္ဌသုတ်။]

ယောကျ်ားတို့ တပ်မက် နှစ်သက်တာကို ဆိုတယ်၊ ဒီလို တပ်မက်မှုဟာ သမီး ခင်ပွန်းချင်းဆိုလျှင် မတရားဘူးလို့ မဆိုနိုင်ဘူး၊ သူများမယား သူ့ယောကျ်ားအပေါ်မှာ တပ်မက်မှုကိုတော့ **"မတရား ရာဂ"**ဟု ဆိုရတယ်။

ပြီးတော့, ဖတ်စာထဲမှာ **"မညီမျှသော လောဘ"**လို့ ပါတယ်၊ ဈေးရောင်း, ဈေးဝယ်, ကုန်သွယ်, လယ်လုပ်မှုစ၍ ကိုယ့်ဖို့, သူ့ဖို့ မျှမျှတတ လိုချင်မှုလောဘကို ဖြစ်စေ, ကိုယ်ပိုင်ဥစ္စာ၌ နှစ်သက်မှုလောဘကို ဖြစ်စေ **"မညီမျှသော လောဘ"**ဟု မဆိုနိုင်ဘူး၊ ကိုယ့်ဖို့ (တစ်ဖို့သာ) ကြည့်သော လောဘ, သူ့ဥစ္စာကို မတရားလိုချင်သော အဘိဇ္ဈာလောဘမျိုးကိုသာ မညီမျှသော လောဘဟု ဆိုရတယ်။

ပြီးတော့ ဖတ်စာထဲမှာ **"ယုတ်မာသော အကျင့်"**လို့ ပါတယ်၊ ကာမဂုဏ်အကျင့်ပင် ဖြစ်သော်လည်း ကျင့်ရိုးကျင့်စဉ်မှာ **"ယုတ်မာတယ်"**လို့ မဆိုနိုင်ပါဘူး၊ ကျင့်ရိုးကျင်းစဉ် မဟုတ်သော အကျင့်မျိုးကို **"ယုတ်မာတယ်"**လို့ ဆိုရတယ်။

အဲဒီတရားသုံးမျိုး သောင်းကြမ်းလာတဲ့အခါ (မတရား ရာဂ, မတရား ပစ္စည်းရှာသော မညီမမျှသော လောဘတွေ ဖြစ်နေတဲ့အခါ) ထိုသောင်းကျန်းသော ရာဂ လောဘ၏ အားမရနိုင်-အောင့်၍ မထားနိုင်မှုကြောင့် လက်နက်ကိုင်ပြီး



လုကြ, ထကြွကြရတယ်၊ မိုးမမှန် ဖြစ်ရတယ်၊ နတ်ကောင်းများ မစောင့်ရှောက်နိုင်လောက်အောင် ရွံ့စရာကောင်းသော လောကကြီး ဖြစ်ရတယ်၊ ကိုင်း ...ယခု ကမ္ဘာလောက ဖြစ်နေပုံနှင့် တရားတော်ညွှန်ပြပုံဟာ တစ်ထပ်တည်း ဖြစ်မနေဘူးလားကွယ်ရို့၊ ဒီတော့ **"မတရားမှု အားကြီးသော လောကကြီးမှာ ငါ့အတွက်တော့ တရားသော လောက ဖြစ်စေရမယ်"**ဟု အလွန် ထက်သန်သော စိတ်ကိုထားပြီး မတရားလောကကြီးကို ဗြဟ္မစိုရ်တရားနဲ့ ပြုပြင်ကြရအောင်၊ ကလေးများ ရပြီးသော မြန်မာလို မေတ္တာပို့ ရွတ်ကြကွဲ့၊ (ကလေးများ သံပြိုင် ညီညီ ရွတ်ကြစေ။)

**ဆရာ။** ။အေး, မေတ္တာဆိုတာ တွေ့ရာ မြင်ရာ သတ္တဝါတိုင်းမှာ ကောင်းကျိုးချမ်းသာ မင်္ဂလာဖြစ်စေလိုတဲ့ စိတ်ဓာတ်တစ်မျိုး ဖြစ်တယ်၊ အဲဒီမေတ္တာ စိတ်ဓာတ်ဟာ ရေစင် ရေမွှေးလို အလွန်စိုပြေ အေးမြတဲ့ ဓာတ်တစ်မျိုးဘဲ၊ ကလေးများ၏ မိဘများရဲ့ မေတ္တာစိတ်ဓာတ်က ကလေးများကို ကျန်းမာဝဖြိုးပြီး အလှတိုးစေချင်ကြတယ်၊ ပညာတွေတတ်ပြီး လိမ္မာစေချင်ကြတယ်၊ ကလေးများကို မြင်တဲ့အခါ မိဘတွေပြုံးနေတာဟာ အဲဒီမေတ္တာစိတ်ဓာတ်က အေးမြလွန်းလို့ ပြုံးကြတာ ဖြစ်တယ်၊ အဲဒီမေတ္တာမျိုးကို

သားသမီးအပေါ်မှာတွင် မကဘဲ သတ္တဝါတိုင်းအပေါ်မှာ ထားနိုင်ကြလျှင် ဒီကမ္ဘာလောကကြီးဟာ အလွန် သာယာသော နတ်ဘုံကြီး ဖြစ်နိုင်ပါတယ်ကွယ်၊ ကလေးအချင်းချင်းက စပြီး အဲဒီမေတ္တာကို ထား နိုင်အောင် ကြိုးစားကြကွယ်နော်။

ကိုင်း, ကရုဏာပို့ကို ရွတ်ကြဦးကွဲ့၊ (ကလေးများ သံပြိုင် ညီညီ ရွတ်ကြစေ။)

**ဆရာ။** ။မေတ္တာစိတ်က တစ်ယောက်နှင့် တစ်ယောက် တွေ့ကြလျှင် ကျန်းမာစေချင်, ချမ်းသာစေချင်တယ်၊ ကိုယ်က ကျန်းမာ ချမ်းသာစေချင်တဲ့ သတ္တဝါတစ်ယောက်ဟာ ဆင်းရဲ ရောက်နေတာမြင်တော့ ဘာဖြစ်တတ်သလဲဆိုလျှင် **"သနားတတ်တယ်, ဝမ်းနည်းတတ်တယ်"** အဲဒီနှစ်မျိုးတွင် ဝမ်းနည်းတာက မကောင်းဘူးကွဲ့၊ ဝမ်းနည်းတာကို **"သောက (ဒေါမနဿ)"**အကုသိုလ်လို့ ခေါ်တယ်၊ သနားတာကတော့ ကရုဏာ ဖြစ်တယ်၊ အဲဒီ ကရုဏာကြောင့် သူ့ကို ဒုက္ခမှ ကယ်ဆယ်ချင်လာတယ်၊ ကယ်နိုင်လျှင် ကယ်တာပဲ၊ ဒါ့ကြောင့် ကိုယ့်အောက်ကျနေတဲ့သူများကို (မြေ့နိမ့်ရာ လှံစိုက်သလို မရိုက်မနှက်ဘဲ) သနားညှာတာပြီး ကယ်ဆယ်နိုင်လျှင် ကယ်ဆယ်ကြပါကွဲ့။



ကိုင်း ကိုင်း, မုဒိတာပို့ကို ရွတ်ကြစမ်းပါဦး၊ (ကလေးများ သံပြိုင် ညီညီ ရွတ်ကြစေ။)

**ဆရာ။** ။မေတ္တာစိတ်က တစ်ယောက်နှင့် တစ်ယောက် တွေ့ကြလျှင် ကျန်းမာစေချင်, ချမ်းသာစေချင်တယ်နော်၊ ဒီတော့ ကျမ်းမာ ချမ်းသာနေသူကို မြင်ရတွေ့ရတဲ့အခါ ဘာဖြစ်တတ်သလဲဆိုလျှင်**"ဝမ်းသာအားရသဘောကျနေတတ်တယ်"** အဲဒီ သဘောကျတဲ့ စိတ်ဓာတ်ဟာ **"မုဒိတာ"**တရားပဲကွဲ့၊ ဒါပေမယ့် တချို့တော့ ကိုယ့်စပ်ရာ လူများချမ်းသာကြလို့ **"ပျော်တပြုံးပြုံး မော်မဆုံး"** ဆိုတာလို ဖြစ်တတ်သေးတယ်၊ အဲဒီ ပျော်မှုမျိုးကတော့ အကုသိုလ်လောဘ–သောမနဿဖြစ်လို့ မကောင်းဘူးနော်။

ကိုင်း, မေတ္တာ ကရုဏာ မုဒိတာပို့ သုံးမျိုးလုံးပေါင်းပြီး ရွတ်ကြဦးကွဲ့၊ ရွတ်နေရတာဘဲ သိပ်စိတ်ချမ်းသာပါတယ်ကွယ်ရို့၊ (ကလေးများ သံပြိုင် ညီညီ ရွတ်ကြစေ။)

**ဆရာ။** ။**"ဥပေက္ခာ"**တရားကတော့ တွေ့ရမြင်ရသော သတ္တဝါအပေါ်မှာ ချမ်းသာစေလိုသော မေတ္တာ, သနားသောကရုဏာ, ဝမ်းမြောက်သောမုဒိတာစိတ်တို့ဖြင့် စိတ်တွေ များမနေဘဲ **"ကမ္မဿကာ=သူ့ကံ အတိုင်းပဲ"**ဟု သင့်တော်သလို ရှုနိုင်တဲ့ စိတ်ဓာတ်တစ်မျိုး ဖြစ်တယ်၊

ဒီစိတ်ဓာတ်မျိုးကတော့ အလွန် မြင့်မြတ်တဲ့သူများသာ ထားနိုင်တဲ့ စိတ်မျိုးပါကွယ်၊ အဲဒီ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ လေးမျိုးကို ပါဠိလိုတော့ **"ဗြဟ္မဝိဟာရ"** ဟု ခေါ်တယ်၊ မြန်မာများကတော့ **"ဗြဟ္မစိုရ်တရား"**လို့ ခေါ်ကြတယ်။

**တပည့်များ။** ။ဘာကြောင့် **"ဗြဟ္မဝိဟာရ=ဗြဟ္မစိုရ်"**လို့ ခေါ်ပါသလဲဆရာ။

**ဆရာ။** ။[ဗြဟ္မ=မြတ်သော+ဝိဟာရ=နေခြင်း] လောကကြီးမှာ တစ်ယောက်အကျိုးကို တစ်ယောက် လိုလားသူ (မေတ္တာစိတ်ရှိသူ)အလွန်နည်းတယ်ကွဲ့၊ သူများ ကောင်းစားတာကို မကြည့်ချင်ဘူး၊ ပျက်စီးတယ်ဆိုတာကို သာ မြင်ချင် ကြားချင်တယ်၊ ကိုယ့်ထက်သာသူကို မြင်လျှင် ဝမ်းမြောက်ဝမ်းသာ မုဒိတာ မဖြစ်ဘဲ **"ကိုယ့်ထက်သာ မနာလို"**ဆိုတဲ့ (ငြူစူမှု, စောင်းမြောင်းမှု, အပြစ်ပြောမှု) ဣဿာ ဖြစ်ကြတယ်၊ **"မစားရတဲ့အမဲတော့ သဲနှင့်ပက်မှ ဘဲ"** ဆိုတဲ့စိတ်ဟာ အဲဒီ ဣဿာစိတ်ပေါ့၊ ကိုယ်ထက်သာတဲ့ စည်းစိမ်ကို မတရားလိုချင်မှုဆိုတဲ့ အဘိဇ္ဈာလဲ ဖြစ်ကြတယ်၊ ကိုယ့်နဲ့ တန်းတူနေသူတွေ ဆင်းရဲသွားသတဲ့လို့ ကြားတော့ သနား ကရုဏာ ဖြစ်ရမဲ့အစား ဝမ်းသာအားရ ဖြစ်ကြတယ်။



အဲဒီလို အလွန် မကောင်းဆိုးဝါးနေတဲ့ လောကကြီးမှာ မေတ္တာနဲ့ နေနိုင်ခြင်း, ကရုဏာ မုဒိတာနဲ့ နေနိုင်ခြင်းဟာ အလွန် မြင့်မြတ်သော နေခြင်းဖြစ်လို့ ပါဠိလို **"ဗြဟ္မဝိဟာရ"**လို့ ခေါ်ရတယ်၊ အဲဒီလို နေသူရဲ့စိတ်ဟာ ခြောက်ကပ်ကပ် မဟုတ်ဘဲ စိုစိုပြေပြေ ရှိပေတယ်၊ ဒါကြောင့် မေတ္တာစသော တရားလေးပါးကို **"ဗြဟ္မစိုရ်"** တရားလို့လဲ ခေါ်ကြတယ်။

## ဗြဟ္မစိုရ် ဖတ်စာ။

(၁) ကျောင်းသူ ကျောင်းသားအချင်းချင်း ကောင်းကျိုးလိုလား မေတ္တာစိတ် ထားကြပါ၊ ကိုယ့်ထက်သာသူကို မနာလိုစိတ် မဖြစ်ပါစေနှင့်၊ ပညာတတ်သူကို ကြည်ဖြူစွာ ပေါင်းသင်း၍ ကောင်းသတင်း မွေးပါစေ၊ မဟုတ် မမှန် လုပ်ကြံ၍ အပြစ် ပြောတတ်သူသည် အလွန် ယုတ်မာ၏၊ သူ့စကားကို ယုံကြည်သူများ လမ်းမှားကို လိုက်မိကြလိမ့်မည်။

(၂) ကုန်သည်ကြီးတွေ ကုန်သည်ကလေးများကို မနှိမ်ပါနှင့်၊ သမဝါယမစံနစ်ဖြင့် စုပေါင်းရောင်းဝယ်ကြပါ၊ မြို့က ဈေးသည်များသည် တောကလာ၍ ဝယ်သူများကို အမဲမဖမ်းပါနှင့်၊ မေတ္တာထား၍ သနားညှာတာကြပါ။

(၃) ငွေတိုး ပေးစားသူများသည် အတိုးများများ မယူပါနှင့်၊ သူ့ခများမှာ မရှိရှာလို့ မျက်နှာငယ်ငယ်နှင့် လာ၍ယူရှာပါသည်၊ မေတ္တာထား၍ သနား ညှာတာပါ။

(၄) လယ်ပိုင်ရှင်ကြီးများသည် သီးစားခ များများ ယူကြသေးသလား၊ ယခုခေတ်သည် ရှေးခေတ်နှင့် မတူတော့ပါ၊ လယ်လုပ်သားများအပေါ်မှာ မေတ္တာထား၍ သနား ညှာတာမှသာ တာရှည် ခိုင်မြဲပါမည်။

(၅) တရားသူကြီးသည် လာဘ်စား၍ မတရားစီရင်သလား၊ သည်လို လာဘ်စားလျှင် မတရားလောဘ ဖြစ်ပါသည်၊ နိုင်ငံတော်ကြီး ပျက်စီးပါလိမ့်မည်၊ နှစ်ဘက်အမှုသည်များအပေါ်မှာ မေတ္တာထား၍ သနား ညှာတာပါ။

(၆) အိမ်ကြီးရှင်တို့သည် အိမ်မှာ ခိုင်းစေသူတို့အား **"အိုးနှင့်ဆန် တန်ရုံ"** ခိုင်းကြပါ၊ အလုပ်ရှင်ကြီးများသည်လည်း လုပ်သားတို့အပေါ်မှာ ညှာတာသင့်ကြပါသည်၊ မေတ္တာစိတ်ကို အခြေခံလျှင် သနား ညှာတာစိတ် အလိုလိုဖြစ်နိုင်ပါသည်။

(၇) ပစ္စည်းဥစ္စာ နည်းပါသူတို့သည် ပစ္စည်းရှင်တို့အပေါ်မှာ မနာလို ဣဿာ မဖြစ်ပါစေနှင့်၊ မေတ္တာစိတ်ကို အခြေခံထားလျှင် စည်းစိမ်ရှင်များအပေါ်မှာ ဝမ်းမြောက်သော မုဒိတာစိတ်များ ယိုဖိတ်လာနိုင်ပါသည်။



(၈) **"ဆင်းရဲသားလူတန်းစား"**ဟူသော စကားကို သုံး၍ ဆင်းရဲသူများကို ခုတုံးလုပ်ကာ ဂုတ်ပေါ် ခွစီးမည့်သူများကို **"လူလိမ်လူညာ"**ဟု ခေါ်ပါသည်၊ ထိုလူလိမ်လူညာတွေလာ၍ ပြောတိုင်း တောသူ တောင်သားများ မယုံကြည်ထိုက်ပါ။

(၉) မိမိတို့အား ညှာတာသော လူကောင်းများကို မိမိတို့က မေတ္တာ အတုံ့ ပြန်နိုင်ပါစေ၊ ချမ်းသာကြွယ်ဝနေသည်ကို ဝမ်းမြောက်ကြပါ၊ မိမိတို့လည်း (နောက်၌ပြမည့်) သမ္ပဒါလေးပါးနှင့်အညီ ကြိုးစားကြပါလျှင် မကြာခင်လူချမ်းသာ လူရည်တတ် ဖြစ်နိုင်ပါသည်။

(၁၀) ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို မတရားရာဂ–မညီမမျှလောဘတည်းဟူသော အပူရှိန် မဟပ်စေဘဲ ဗြဟ္မစိုရ်ရေချမ်းဖြင့် အမြဲ စိုပြေနေအောင် ပက်ဖျန်းကြပါလော။

## ပုညကိရိယဝတ္ထုဆယ်ပါး ဖတ်စာ။

[ပုည=ပြုသူ၏စိတ်ကို ဖြူစင်စေတတ်သော သဘောတရား (ကောင်းမှု)+ကိရိယ=ပြုသင့်ပြုထိုက်သည်+ဝတ္ထု=ဆိုင်ရာအကျိုးတရား၏ တည်ရာအကြောင်း။]

ယခု ဘဝမှာဖြစ်စေ နောင်သံသရာမှာဖြစ်စေ ကောင်းကျိုးချမ်းသာ မင်္ဂလာကျက်သရေတို့၏ တည်ရာအကြောင်း

ဖြစ်၍ စင်စစ်ပြုသင့် ပြုတိုက်သောကြောင့်လည်းကောင်း, ပြုသူ၏စိတ်ဓာတ်ကို ဖြူစင် သန့်ရှင်းစေနိုင်သောကြောင့်လည်းကောင်း, ပုညကိရိယဝတ္ထုဟု ထင်ရှားသော ကောင်းမှုတို့သည် ဒါန သီလ ဘာဝနာ စသောအားဖြင့် ဆယ်ပါး ရှိပါသည်။

## ဒါနအကြောင်း။

(၁) မိမိမှာရှိသောပစ္စည်းကို သူတစ်ပါးအား ပေးကမ်းခြင်း, စွန့်ကြဲခြင်း, ဝေငှခြင်း, သံဃာတော်များအား လှူဒါန်းခြင်းကို **"ဒါန"**ဟု ခေါ်၏၊ ထိုဒါနသည် စေတနာဒါန, ဝတ္ထုဒါန နှစ်မျိုးရှိပါသည်။

(၂) ထိုနှစ်မျိုးတို့တွင် ဆွမ်း သင်္ကန်းစသော ပေးကမ်း လှူဒါန်းဖွယ် ဝတ္ထုပစ္စည်းကို ဒါနဝတ္ထုဟု ခေါ်ပါသည်၊ ထိုပစ္စည်းကို လှူသောအခါ ဖြစ်စေ, မလှူမီ ရှေ့အဖို့မှာ ဖြစ်စေ စွန့်ကြဲပေးကမ်း လှူဒါန်းလိုသော စိတ်စေတနာကို စေတနာဒါနဟု ခေါ်ပါသည်၊ လှူဒါန်းပြီးနောက်၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော စေတနာလည်း စေတနာဒါနတွင် ပါဝင်နိုင်ပါသည်။

(၃) မလှူမီ ရှေ့အဖို့က လှူဖို့ရန်စီစဉ်နေသော အခါဖြစ်ပေါ်နေသော စိတ်စေတနာကို **"ပုဗ္ဗစေတနာ"**ဟု



ခေါ်ပါသည်၊ စွန့်လွှတ် လှူဒါန်းနေတုန်းမှာ ဖြစ်ပေါ်လာသော စေတနာကို **"မုဉ္စစေတနာ"**ဟု ခေါ်ပါသည်၊ လှူဒါန်းပြီးနောက် မိမိအလှူကိုမှန်း၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော စေတနာကို **"အပရစေတနာ"**ဟု ခေါ်ပါသည်။

(၄) ဒါနပြုသောအခါ အလှူဝတ္ထု၏ သန့်ရှင်းမွန်မြတ်ခြင်း, စိတ်စေတနာ၏ ထက်သန်ခြင်း, အလှူခံ ပုဂ္ဂိုလ်၏ သီလ သိက္ခာရှိခြင်းအားဖြင့် ဤသုံးပါးပြည့်စုံဖို့ အရေးကြီးပါသည်၊ ဤသုံးပါးတွင် တစ်ပါးပါးက ညံ့နေလျှင် အကျိုးပေးရာ၌ ပြည့်ပြည့်ဖြိုးဖြိုး မရှိနိုင်ပါ။

## သူတော်ကောင်း၏ ဒါနပြုရိုးရှစ်မျိုး။

(၅) ဘိက္ခုတို့ သူတော်ကောင်းများ၏ ဒါနပြုရိုး ရှစ်မျိုး ရှိပေသည်၊ သူတော်ကောင်းသည် စွန့်ကြဲ ပေးကမ်း လှူဒါန်းသည့်အခါ* ......

---

*အဋ္ဌိမာနိ ဘိက္ခဝေ သပ္ပုရိသဒါနာနိ၊ ကတမာနိ အဋ္ဌ၊ သုစိံ ဒေတိ, ပဏီတံ ဒေတိ, ကာလေန ဒေတိ,ကပ္ပိယံ ဒေတိ, ဝိစေယျဒေတိ, အဘိဏှံ ဒေတိ, စိတ္တံ ပသာဒေတိ, ဒတွာ အတ္တမနော ဟောတိ, ဣမာနိ ခေါ ဘိက္ခဝေ အဋ္ဌ သပ္ပုရိသဒါနာနီတိ။

[အင်္ဂုတ္တုရ်, အဋ္ဌကနိပါတ်, ပဌမပဏ္ဏာသက, ဒါနဝဂ်, ဆဋ္ဌသုတ်။]

(၁) လှူဖွယ်ဝတ္ထုကို သန့်သန့်ရှင်းရှင်း အဆင်းအရောင် လှပအောင် ပြုလုပ်၍လည်း ပေးကမ်း လှူဒါန်း၏။

(၂) အနံ့အရသာ မွန်မြတ်စွာ ပြုပြင်၍လည်း ပေးကမ်း လှူဒါန်း၏။

(၃) ပေးသင့် လှူသင့်ရာ အချိန်အခါနှင့် သင့်တော်အောင်လည်း ပေးကမ်း လှူဒါန်း၏။

(၄) အလှူခံပုဂ္ဂိုလ်မှာ အပြစ်မရှိအောင် အပ်စပ်သော ဝတ္ထုကိုသာ ပေးကမ်း လှူဒါန်း၏။

(၅) ပုဂ္ဂိုလ်ကောင်းကို ရွေးချယ်၍လည်း ပေးကမ်း လှူဒါန်း၏။

(၆) မကြာမကြာလည်း ပေးကမ်း လှူဒါန်း၏။

(၇) လှူသောအခါ မိမိစိတ်ကို ကြည်လင် ရွှင်လန်းစေ၏။

(၈) လှူပြီးနောက်လည်း ဝမ်းမြောက်ဝမ်းသာ ရှိ၏။

ဤသို့အားဖြင့် သူတော်ကောင်းများ၏ ဒါနပြုရိုးရှစ်မျိုး ရှိပေသည်။

(၆) **“အပ်စပ်သော ဝတ္ထုကိုသာ ပေးကမ်း လှူဒါန်း၏”**ဟူသော (၄) နံပါတ်နှင့်စပ်၍ ပရိဝါပါဠိတော်



(ကေုတ္တရိကနယ)စသည်မှာလာသော ဘုရားအမိန့်တော်ကိုလည်း လေးလေးနက်နက် ဦးထိပ်ရွက်၍ အဆက်ဆက် မှတ်သားသင့်ပေသည်။

လောက၌ ကောင်းမှုဟု သမုတ်ထားသော်လည်း ကောင်းမှုမဟုတ် (မကောင်းမှုအလုပ်ဖြစ်သော) ဒါနတို့သည်...(၁) သေရည်အရက်ကိုပေးခြင်း, (၂) ဘုရားပွဲတော်စသည်၌ ပွဲကို ထည့်၍ လှူခြင်း,(၃) နွားမတစ်စု ရှိရာသို့ နွားလားဥသဘကြီးကို လွှတ်၍ ပေးခြင်း, (၄)မိန်းမ ပေးခြင်း, (၅) ဆန်းဆန်း ကြယ်ကြယ် ကိလေသာဖြစ်ဖွယ် အရုပ်ကားကို ပေးခြင်းအားဖြင့် ငါးမျိုး ရှိပေသည်။

(၇) ပညာရှိယောင် ဟန်ဆောင်နေသူ တချို့လူများသည် ဒါနကို သံသရာရှည်စေသည်ဟု ပြောဆိုကာ ဒါနကို ပစ်ပယ်ကြလေသည်၊ ဝေဿန္တရာမင်းမြတ်သည် ကြီးကျယ်သော ဒါနကို ပြုပါသော်လည်း သံသရာမှာ ကြာရှည်စွာ မနေရဘဲ တုသိတာနတ်ဘဝနှင့် ဘုရားဘဝသာနေ၍ နိဗ္ဗာန် စံဝင်တော်မူလေသည်။

(၈) လောကစည်းစိမ်ကို ခံစားလိုသောဆန္ဒဖြင့် လှူဒါန်းကြသော ဒါနမျိုးသာ သံသရာကို ရှည်စေပါသည်၊ နိဗ္ဗာန်ကို မြန်မြန် သိမြင်လို၍ ပြုကြသောဒါနသည်

သံသရာကို မရှည်စေပါ၊ ထို့ကြောင့် **"ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု"**ဟု ဆုတောင်း၍ သံသရာတိုကြောင်း ဒါနကို ပြုကြပါကုန်။

## သီလအကြောင်း။

မကောင်းမှုတို့မှ ရှောင်ကြဉ်၍ ကြည်လင် အေးမြသော စိတ်စေတနာကို **"သီလ"**ဟု ခေါ်ပါသည်၊ ထိုသီလသည် များစွာသော လူတို့အတွက် ငါးပါးသီလ ရှစ်ပါးသီလဟု နှစ်မျိုးရှိ၏၊ ငါးပါးသီလသည် မစောင့်ထိန်းလျှင် အကုသိုလ် အပြစ်ရှိ၍ စောင့်ထိန်းမှသာ အပြစ်ကင်းသောကြောင့် အမြဲ စောင့်ထိန်းရသော နိစ္စသီလဖြစ်သည်၊ ရှစ်ပါးသီလကား မစောင့်ထိန်းနိုင်သော် ကြီးကျယ်သော အပြစ်မရှိ, စောင့်ထိန်းနိုင်လျှင် အကျိုးရှိသော ဥပုသ် သီလပေတည်း။

## ဘာဝနာအကြောင်း။

(၁) သီလဖြင့် စင်ကြယ်ပြီးသောစိတ်ဓာတ်ကို သာ၍ မြင့်မြတ် တိုးပွားအောင် ကြိုးစားမှုကို **"ဘာဝနာ"**ဟု ခေါ်ပါသည်၊ ယိုဘာဝနာသည်၊ သမထဘာဝနာ ဝိပဿနာဘာဝနာဟု နှစ်မျိုးရှိပါသည်။

သမထသည် စိတ်ကို (တစ်ခြားအာရုံသို့ ပျံ့လွင့်မသွားစေဘဲ) ငြိမ်သက်အောင် ထိန်းထားသော သမာဓိ



တရားဖြစ်၍ ဝိပဿနာကား (အနိစ္စ ဒုက္ခ အနတ္တဟု) အမျိုးမျိုး အဖုံဖုံ စဉ်းစားတတ်သော ဉာဏ်ပညာတရား ဖြစ်ပါသည်။

(၂) ဗြဟ္မစိုရ်အခန်း၌ ပြခဲ့သော မေတ္တာ ကရုဏာ မုဒိတာတို့သည် နဂိုစိတ်ကို မြင့်မြတ် တိုးပွားစေနိုင်သော ဘာဝနာတရားများပင် ဖြစ်ပါသည်။

ဘုရားဂုဏ်တော်များကို စိတ်ထဲမှာ ပေါ်လာအောင် အာရုံပြုနေခြင်းသည်လည်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဟု ခေါ်သော ဘာဝနာတစ်မျိုးပင် ဖြစ်ပါသည်။

ထိုဘာဝနများသည် စိတ်ကို ငြိမ်းအေးစေတတ်သောကြောင့် သမထဘာဝနာ မည်ပါသည်။

(၃) မိမိခန္ဓာကိုယ်ကြီး၏ (အနိစ္စ) အမြဲ မတည်ပုံ, (ဒုက္ခ) ဆင်းရဲဒုက္ခတွေနှင့် မကင်းပုံ, (အနတ္တ) ခန္ဓာကိုယ်တွင်း၌ အနှစ် အသား ခိုင်မြဲသော (အတ္တတရား) မရှိပုံကို ဆင်ခြင် စဉ်းစားနေသောအခါ ခန္ဓာကိုယ်မှာ ဖြစ်လေ့ရှိသော တဏှာ ရာဂ လောဘ ဒေါသ မန်မာနနှင့် အဘိဇ္ဈာကြသာတွေ နည်းပါးသွားလေသည်။

ထိုညစ်ညမ်းယုတ်မာသော ကိလေသာတွေ နည်းပါးသလောက် စိတ်နေ စိတ်ထားလည်း သန့်ရှင်း မြင့်မြတ်လာရကား သောတာပန်စသော အရိယာပုဂ္ဂိုလ်များ ဖြစ်ကြရ

လေသည်၊ ထိုသို့ ခန္ဓာကိုယ်၌ အနိစ္စ ဒုက္ခ အနတ္တဟု စဉ်းစားနေမှုကို ဝိပဿနာဘာဝနာဟု ခေါ်ပါသည်။

(၄) ထိုသမထ ဝိပဿနာဘာဝနာ နှစ်မျိုးလုံးသည် (ကမ္မ) စိတ်အလုပ်၏ (ဌာန) တည်ရာဌာန ဖြစ်သောကြောင့် **"ကမ္မ+ဌာန=ကမ္မဋ္ဌာန်း"**ဟု ခေါ်ဆိုရပါသည်။

ဒါန သီလတို့သည် လှူပြည် နတ်ပြည်၌သာ ဖြစ်စေနိုင်ပါသည်၊ ဘာဝနာကမ္မဋ္ဌာန်းကား ဒါန သီလထက် စိတ်ကိုသာ၍ မြင့်မြတ်စေသောကြောင့် သမထဘာဝနာ ပေါက်သူသည် ဈာန်ကိုရ၍ ဗြဟ္မာ့ပြည်၌ ဖြစ်နိုင်ပါသည်။

ဝိပဿနာဘာဝနာ ပေါက်သူမှာ ခန္ဓာကိုယ်နှင့်စပ်၍ နှစ်သက်တွယ်တာမှု မရှိသောကြောင့် ရဟန္တာဖြစ်၍ စုတေလျှင် ရုပ်နာမ်ခန္ဓာ၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ဓာတ် တစ်မျိုး ပြောင်းသွားလေတော့သည်။

## အပစာယနအကြောင်း။

(၁) အရိုအသေပြုမှုကို **"အပစာယန"**ဟု ခေါ်၏၊ ထို့ကြောင့် အပစယနကုသိုလ် ဖြစ်စေလိုသူသည် မိမိထက် အသက်ကြီးသူ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ကြီးသူများကို ရိုသေ လေးစားသင့်ကြသည်။



အမျိုးဂုဏ် ရာထူးဂုဏ်အားဖြင့် အဆင့်အတန်း မြင့်နေသော မင်းမျိုးနှင့် အစိုးရသူများကိုလည်း အသက်အရွယ်ငယ်စေကာမူ လေးစား ရိုသေကြရပါသည်။

(၂) ထိုရိုသေမှုကို နေရာဌာနလိုက်၍ တစ်မျိုးစီ ပြုထိုက်ပါသည်၊ ရိုသေထိုက်သူလာလျှင် နေရာမှ ထပေးခြင်း, လမ်းဆုံနေလျှင် လမ်းဖယ်ပေးခြင်း, ရိုသေထိုက်သူ၏ အနီးအပါး၌ သွားစရာရှိလျှင် ကိုယ်ကို ကိုင်းညွတ်၍ သွားခြင်း, ဦးခေါင်းညွတ်၍ သွားခြင်း, ရဟန်း သံဃာဖြစ်လျှင် လက်အုပ်ချီခြင်း, (မျိုးရိုးထုံးစံလိုက်၍) ဦးထုပ်ချွတ်ခြင်း, ဆလံပေးခြင်းများသည် ရိုသေ လေးစားခြင်းပင် ဖြစ်ပါသည်။

(၃) ထိုသို့ အရိုအသေပြုရာဝယ် တကယ်လေးစားသော စိတ်ဖြင့်ပြုမှသာ **"အပစာယန"** ကုသိုလ် ဖြစ်ပါသည်၊ စိတ်မပါဘဲ မလွှဲသာ၍ ဟန်ဆောင်ပြုရသော ရိုသေမှုများကား အပစာယနကုသိုလ် မဟုတ်ပါ၊ သို့ရာတွင် ခေတ်ကာလအလိုက် မဆန့်ကျင်အောင် စိတ်မပါသော်လည်း ဝတ်တရားဟု သဘောထား၍ ပြုကြပါလေ။

စိတ်ပါ လက်ပါပြုသော ရိုသေမှု၏ အကျိုးကိုကား ဗုဒ္ဓမြတ်စွာ ဟောထားတော်မူပါသည်။

ဘုရားစသည်ကို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့လေ့ရှိသူ၊ အသက်သိက္ခာ ဂုဏ်ကြီးသူများကို လေးစား ရိုသေလေ့ရှိသူမှာ အသက်ဆုံးတိုင် တည်နေနိုင်ခြင်း၊ အဆင်းလှခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း၊ ခွန်အားဗလနှင့် ပြည့်ဝခြင်းဟူသော အကျိုးလေးပါး တိုးပွားနိုင်ပေသည်*။

## အယုဝဍ္ဍနသတိုးသား အကြောင်း။

(၄) ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါ၌ ပုဏ္ဏားတစ်ယောက်သည် ဇနီးနှင့် သားငယ်ကို ခေါ်၍ သူ၏ဆရာရသေ့အထံသို့ သွားလေသည်၊ ပုဏ္ဏားနှင့်ဇနီးတို့ ရှိခိုးဝပ်ချသည့်အခါ **"အသက်ရှည်ပါစေ"**ဟု ဆုပေး၍ ကလေးကို ဝပ်ချစေသောအခါ **"အသက်ရှည်ပါစေ"**ဟု ဆုမပေးသောကြောင့် **"ဘာကြောင့်ဆု မပေးပါသနည်း"**ဟု မေးမြန်းလေသည်၊ ဤကလေးသည် နောင် ခုနစ်ရက်လောက်သာ အသက်ရှည်စရာ ရှိသောကြောင့် **"အသက်ရှည်ပါစေ"**ဟု

---

*အဘိဝါဒနသီလိဿ, နိစ္စံ ဝုဍ္ဎာ.ပစာယိနော၊
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ, အာယု ဝဏ္ဏော သုခံ ဗလံ။

[ဓမ္မပဒ, သဟဿဝဂ်, ဂါထာအမှတ် ၁၀၉။]



ဆုမပေးကြောင်းကို ပြောသောအခါ **"အသက်ရှည်အောင် ကာကွယ်နည်း ရှိပါသေးသလား"**ဟု မေးမြန်းလေရာ **"ကာကွယ်နည်းကို ငါတော့မသိ၊ ရဟန်းဂေါတမ သိလောက်စရာ ရှိသည်"**ဟု ပြောလိုက်သဖြင့် ဘုရားအထံတော်သို့ ထိုသားအမိ သားအဘတစ်စု ရောက်လာကြလေသည်။

(၅) ဗုဒ္ဓမြတ်စွာသည် ပုဏ္ဏား၏ အိမ်တံခါးပေါက်၌ မဏ္ဍပ်တည်ဆောက်စေ၍ ကလေးကို အလယ်ခေါင် ခုံပေါ်မှာ ထားလျက် ရှစ်ပါး တစ်ဆယ့်ခြောက်ပါးထက်မနည်းသော သံဃာတော်များကို (တစ်လှည့်စီ) ခုနစ်ရက် ခုနစ်ညဥ့်အထိ ပရိတ်တော်ကို ရွတ်စေလေသည်၊ ခုနစ်ရက်ပြည့်မည့်နေ့၌ကား ဘုရားကိုယ်တော်တိုင် ကြွလာတော်မူလေသည်။

(၆) ဝေဿဝဏ် နတ်မင်းကြီးအထံမှ ခုနစ်ရက်ပြည့်လျှင် ကလေးကို ဖမ်းစားခွင့်ရသော နတ်ဘီလူးလည်း အနီးအပါးမှာ ရောက်နှင့်နေ၏၊ ဘုရားကြွလာလျှင် တန်ခိုးကြီးနတ်များလည်း ပရိတ်တရားနာ ရောက်လာသောကြောင့် ထိုနတ်ဘီလူးသည် တစ်ဖြည်းဖြည်း နေရာဖယ်ပေးကာ အလွန်ဝေးကွာသောအရပ်မှာ နေရလေသည်၊ ဗုဒ္ဓ

မြတ်စွာလည်း တစည၌လုံး ပရိတ်တရားတော်ကို ဟော ရွတ်တော်မူလေသည်။

(၇) ဤနည်းအားဖြင့် ခုနစ်ရက်လွန်မြောက်၍ ရှစ် ရက်ဖက်သို့ ရောက်သောအခါ ဖမ်းစားမည့်နတ်ဘီလူးမှာ အခွင့်ရသောအချိန် ကျော်လွန်သွားလေသည်၊ ထိုအချိန်မှာ ပင် မိဘတို့က ကလေးကိုပွေ့ချီ၍ ဘုရားကို ကန်တော့စေ ကြလေရာ **“အသက်ရှည်ပါစေ”**ဟု ဗုဒ္ဓမြတ်စွာ ဆုပေး တော်မူလေသည်၊ ထိုကလေးလည်း အရွယ်လောက်လျှင် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ကာ သောတာပန် တည်သော သီတင်းသည် ဥပါသကာကြီးအဖြစ်ဖြင့် အသက် တစ်ရာ့နှစ်ဆယ် ရှည်ရလေသည်။

(၈) ဤဝတ္ထု၌ ခုနစ်ရက်သာ အသက်ရှည်တော့မည် ဖြစ်သော်လည်း နားလည်သော မိဘတို့ကိုမှီ၍ ဘုရား သံဃာတော်ကို ရိုသေလေးစားမှုကြောင့် ဘုရား သံဃာ အစောင့် အရှောက်ကိုရသဖြင့် အသက်တစ်ရာနှစ်ဆယ် တိုင်အောင် တည်နေရသော ထုံးကို နှလုံးသွင်းကြပြီးလျှင် ဦးကြီး ဘကြီး အဒေါ် အရီးစသော ဆွေမျိုးကြီးများကို လည်းကောင်း, လူကြီးသူမ ဟူသမျှကိုလည်းကောင်း, ရိုသေ လေးစားသော အလေးအကျင့်ဖြင့် အပစာယန ကုသိုလ်တရား တိုးပွားစေသင့်ကြပေသည်။



## ဝေယျာဝစ္စအကြောင်း။

(၁) သူတစ်ပါး၏ ကုသိုလ်အလုပ်၌ အားစိုက်ကူညီ မှုကို **“ဝေယျာဝစ္စ”**ကုသိုလ်ဟု ခေါ်ပါသည်၊ ထို့ကြောင့် ဆွေးမျိုးဉာတိ မိတ်သင်္ဂဟတို့ အလှူဒါနပြုသောအခါ အလှူ ရှင်မှာ ကြောင့်ကျ မများစေဘဲ မိမိတို့ ကျွမ်းကျင်သောဖက် ၌ စိတ်ပါလက်ပါ စေတနာထက်ထက် သန်သန်ဖြင့် ကူညီ ဆောင်ရွက် သင့်ကြပါသည်။

(၂) ဘုရားလက်ထက်တော်၌ **“ပါယာသိ”**မင်း သည် နေ့စဉ်မပြတ် စွန့်ကြဲပေးကမ်းသော်လည်း ကိုယ်တိုင် မပြုဘဲ **“ဥတ္တရ”**မည်သော လုလင်တစ်ယောက်အား ထို ဒါနမှုကို လွှဲထားလေသည်၊ ဥတ္တရလုလင်သည် ဝေယျာဝစ္စ ပြုရသည်ကို သဘောကျ၍ (ကိုယ့်ပစ္စည်းကို လှူရသကဲ့သို့) စိတ်ပါလက်ပါ ရွက်ဆောင်လေသည်။

(၃) အလှူ့ရှင်ဘုရင်ခံသည် စုတေသောအခါ ကု သိုလ်ကောင်းမှုကို ကိုယ်တိုင် မပြုသောကြောင့် စာတုမဟာ ရာဇ် နတ်ပြည်၌သာ ဖြစ်၍, စိတ်ပါလက်ပါ ဝေယျာဝစ္စ ပြုသော ဥတ္တရလုလင်ကား ထိုနတ်ပြည်ထက် သာလွန် သော တာဝတိံသာနတ်ပြည်မှာ ဖြစ်ရလေသည်။

(၄) ဤဝတ္ထုကို ထောက်ထား၍ ဝေယျာဝစ္စကောင်း မှုကို ဂရုစိုက်၍ ပြုသင့်ကြပေသည်၊ မကျန်းမမာသူ,

အိုမင်းမစွမ်းဖြစ်နေသူ, တစ်စုံတစ်ခုဝန်ထုပ် ဝန်ပိုး၌ မနိုင်မနင်း ဖြစ်နေသူတို့အား ပြုစုခြင်း ကူညီခြင်းများလည်း ဝေယျာဝစ္စကုသိုလ်ပင် ဖြစ်ပါသည်။

## ပတ္တိဒါနအကြောင်း။

(၁) မိမိရသောကုသိုလ်ကို သူတစ်ပါးလည်း မိမိနှင့်အညီအမျှ အလားတူ ကုသိုလ်ရအောင် **"အမျှယူကြပါ= အမျှအမျှ"**စသည်ဖြင့် ပြောဆိုဝေငှခြင်းကို **"အမျှဝေခြင်း"** ဟု ခေါ်၏၊ ထိုအမျှဝေမှုကိုပင် **"ပတ္တိ+ဒါန"**ကုသိုလ်ဟု ခေါ်ပါသည်၊ [ပတ္တိ=မိမိ၌ ရရှိသော ကုသိုလ်ကို+ဒါန= တစ်ဆင့် ပေးဝေခြင်း။]

(၂) မိမိမှာရရှိသော ကုသိုလ်အဖို့ကို သူတစ်ပါးအား အမျှပေးဝေသည့်အခါ မိမိပြုရပြီး ကုသိုလ်များ လျော့မသွားပါ၊ စင်စစ်သော်ကား အမျှဝေသော ကုသိုလ်တစ်မျိုးပင် ထပ်မံ တိုးပွားပါသေး၏၊ ထို့ကြောင့် မည်သူမဆို ကုသိုလ်ပြုတိုင်း မိမိမှာရသော ကုသိုလ်အဖို့ကို အမျှဝေသင့်ပါသည်။

## ပတ္တာနုမောဒနအကြောင်း။

(၁) ကုသိုလ်ရှင်တို့က အမျှဝေသောအခါ ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်မှုကို **"ပတ္တာနုမောဒန"**ကုသိုလ်



ဟု ခေါ်ပါသည်၊ [ပတ္တ=အမျှဝေသဖြင့် မိမိအထံသို့ ရောက်လာသောကုသိုလ်ကို+အနုမောဒနာ=ဝမ်းမြောက်ခြင်း, သာဓုခေါ်ခြင်း၊] ဤပတ္တာနုမောဒန ကုသိုလ်သည် ပြိတ္တာဘဝရောက်နေသူတို့အတွက်မှာ ချက်ခြင်း အကျိုးရနိုင်ပါသည်။

(၂) ဘုရားလက်ထက်တော်၌ ဗိမ္ဗိသာရမင်းသည် ဝေဠုဝန်ကျောင်းတော်ကို ဘုရားအမှူးရှိသော သံဃာတော်အား လှူဒါန်းလေသည်၊ ထိုအလှူဒါနပြုရာ၌ အမျှမဝေမိသောကြောင့် ရှေးရှေးဘဝ၌ ဆွေမျိုးဖြစ်ခဲ့ဖူးကြသော ပြိတ္တာတို့သည် ညဉ့်အခါ အသံပေး၍ ကိုယ်ထင် ပြကြလေသည်၊ ထိုအကြောင်းကို ဘုရားထံလျှောက်၍ နောက်ထပ် ကုသိုလ်ပြုလျက် အမျှဝေလိုက်မှ သာဓုခေါ်ကြ၍ လက်ငင်းဒိဋ္ဌ နတ်၌ဖြစ်သော အဝတ်အစားကို ရကြလေသည်။

## ဓမ္မဿဝနအကြောင်း။

(၁) တရားနာခြင်းကို **"ဓမ္မဿဝန"** ကုသိုလ်ဟု ခေါ်၏၊ တရားနာရာ၌ (၁) မကြားဖူးသော အကြောင်းအရာများကိုလည်း ကြားသိရ၏၊ (၂) ကြားဖူးသော အကြောင်းအရာကိုလည်း ထပ်၍ ရှင်းလင်းစွာ နားလည်ရ၏၊ (၃) နဂိုက ယုံမှားဖြစ်နေသော အချက်များ၌ ယုံမှား

ကင်းရ၏၊ (၄) မှန်ကန်သောအယူ (သမ္မာဒိဋ္ဌိ)လည်း ဖြစ်ရ၏၊ (၅) ကုသိုလ်ကံ၏ ကောင်းသောအကျိုးပေးပုံ အကုသိုလ်ကံ၏ မကောင်းသောအကျိုးပေးပုံစသည်ကို ယုံကြည်သောသဒ္ဓါနှင့် အသိဉာဏ် ပညာမျိုး တိုးပွား၍ စိတ်ကြည်လင်ရ၏၊ ဤသို့ တရားနာရခြင်း၏ အကျိုးငါးမျိုး ရှိလေသည်။

(၂) ထိုအကျိုးများကို ရလို၍ တရားနာမှသာ ဓမ္မဿဝန ကုသိုလ်စစ်စစ် ဖြစ်နိုင်ပါသည်၊ တရားဟောပုဂ္ဂိုလ်ကို ခင်မင်၍ ဖြစ်စေ, ရယ်စရာ မောစရာ အသောပါသဖြင့် အပျင်းဖြေလို၍ ဖြစ်စေ, (တရားမှ နာဖော်မရဘူးဟု) အများကဲ့ရဲ့မည်ကို စိုးရိမ်၍ ဖြစ်စေ, (တရားနာလေ့ရှိပါပေသည်ဟု) ချီးမွမ်းခံလို၍ ဖြစ်စေ, တရားဟောပုဂ္ဂိုလ်၏ အရည်အချင်းကို အကဲ ခပ်လို၍ ဖြစ်စေ တရားနာခြင်းမျိုးမှာ ဓမ္မဿဝန ကုသိုလ်မရဘဲ စိတ်နေစိတ်ထား မသန့်ရှင်းမှုကြောင့် အကုသိုလ်ပင် ဖြစ်ပါသေးသည်။

**ဓမ္မဒေသနာအကြောင်း။**

(၁) တရားဟောမှုကို **"ဓမ္မဒေသနာ"** ကုသိုလ်ဟု ခေါ်ပါသည်၊ ရိုးသားဖြူစင်စွာ တတ်သိနားလည်စေလိုသော စိတ်ထားဖြင့် မိမိသိသော တရားများကို ဟောပြောပြသ ဝေငှ ပေးကမ်းခြင်းသည် ပစ္စည်းဥစ္စာကို ပေးကမ်းခြင်းထက် သာလွန် မြင့်မြတ်ပါပေသည်၊ ပရိသတ်အ... အဝေး၌ ဟောပြောမှုသာ **"တရားဟောခြင်း"**ဟု မဆိုလိုပ... အနီးအပါး ရောက်လာသူအား တစ်ယောက်နှစ်ယော... ဖြစ်စေ ဟောပြောခြင်းလည်း တရားဟောခြင်းပင် ဖြစ်... ထိုတရားကို နာယူခြင်းလည်း တရားနာခြင်းပင် ဖြစ်ပ... သည်။



(၂) ထိုသို့ တရားစကား ဟောပြောရာ၌ မြင့်မြ... သောစိတ်ကို မထားနိုင်ဘဲ နာမည်ကျော်စောလိုခြင်း... ပစ္စည်းလာဘ်ကို ရလိုခြင်း, မိမိအသံကို နားထောင်သူမျာ... သာယာနှစ်သက်အောင် အသံလုပ်၍ ဟောပြောခြင်းတို့မှ... ဓမ္မဒေသနာ ကုသိုလ်စင်စစ် မဖြစ်နိုင်ပါ၊ အသံလုပ်၍ ဟောရာ၌ အပြစ်ငါးမျိုးပြ၍ သီချင်းသံဖြင့် တရားမဟော... ဟု သိက္ခာပုဒ် ပညတ်တော်မူထားပါသည်။

**[စူဠဝါ, ခုဒ္ဒကဝတ္ထု, ခန္ဓကပါဠိတော်။]**

(၃) သီချင်းသံပေါက်လာအောင် အသံရှည်ရှည်ဆွဲ၍ တရားဟောရာ၌ (၁) မိမိအသံကို မိမိပြန်၍ သာယာသော... တဏှာဖြစ်ဖြင့်,(၂) ကြားနာသူတို့မှာလည်း (သာယာလျှင်) တဏှာဖြစ်ခြင်း, (၃) လူကြီးလူကောင်းတို့၏ ကဲ့ရဲ့မှုကို ခံရခြင်း, [လူများသီချင်းဆိုသလို တရားဟောပုဂ္ဂိုလ်များလဲ သီချင်းဆိုကြသည်ဟု ကဲ့ရဲ့သည်ဟူလို၊] (၄) အသံ လုပ်လို

သောစိတ်ဓာကြောင့် သမာဓိပျက်ရခြင်း, (၅) နောင်လာနောက်သားတို့ အတုလိုက်မှားတတ်ခြင်း, [**"ငါတို့ ဆရာများလည်း သိချင်းသံလုပ်၍ တရားဟောကြားသည်"**ဟု အတုယူ မှားတတ်သည်ဟူလို၊] ဤသို့အားဖြင့် အပြစ်ငါးပါးရှိပါသည်။

## ဒိဋ္ဌိဇုကမ္မအကြောင်း။

(၁) အယူအဆ အသိအမြင် ဖြောင့်မှန်ခြင်းကို **"ဒိဋ္ဌိဇုကမ္မ"**ဟု ခေါ်ပါသည်၊ [ဒိဋ္ဌိ=အမြင် (ဉာဏ်ကို)+ဥဇု=ဖြောင့်မှန်အောင်+ကမ္မ=ပြုခြင်း=ပြုကြောင်းဉာဏ်၊] ထိုအသိအမြင် မှန်ကန်လျှင် သမ္မာဒိဋ္ဌိဖြစ်၍ မမှန်လျှင် မိစ္ဆာဒိဋ္ဌိဖြစ်ပါသည်။

(၂) မိမိ၏အသိဉာဏ် အယူအဆအားဖြင့် **"ကုသိုလ်ကံ အကုသိုလ်ကံရှိ၏, ထိုကံ၏ ကောင်းကျိုး မကောင်းကျိုးရှိ၏၊ ထိုကံကြောင့် (ရဟန္တာ မဖြစ်သေးလျှင်) ရောက်ရဦးမည့် နောက်ဘဝရှိ၏, နတ်ဗြဟ္မာဆိုသော သတ္တဝါများရှိ၏, ကောင်းမွန်စွာကျင့်၍ ထူးချွန်အဘိညာဉ်ရသော ပုဂ္ဂိုလ်များရှိ၏, အလုံးစုံကိုသိနိုင်သော ဘုရားရှိ၏"**ဤသို့စသောအယူများသည် သမ္မာဒိဋ္ဌိ ဖြစ်၍၊ ထိုအားလုံး မရှိသောအယူများသည် မိစ္ဆာဒိဋ္ဌိ ဖြစ်ပါသည်။



(၃) ဤသမ္မာဒိဋ္ဌိ အယူမှန်ရှိသူတိုင်း ဗုဒ္ဓဘာသာဝင်များ မဟုတ်သေးပါ၊ ထိုသမ္မာဒိဋ္ဌိ အယူရှိ၍ ဘုရား တရား သံဃာကို ကိုးကွယ်ဆည်းကပ်လိုသောစိတ်ဖြင့် **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"**စသော သရဏဂုံသုံးပါးကို ပါဠိဘာသာဖြင့် ဖြစ်စေ, မိမိတို့၏ ဘာသာဖြင့် ဖြစ်စေ ရွတ်ဆိုဆောက်တည်မှသာ ဗုဒ္ဓဘာသာဝင် ဖြစ်နိုင်ပါသည်။

(၄) ဒါနမှစ၍ ဤဒိဋ္ဌိဇုကမ္မတိုင်အောင် ပုညကိရိယဝတ္ထုဆယ်ပါးကို (၁) ကိုယ်တိုင်ပြုခြင်း, (၂) သူတစ်ပါးကိုပြုဖို့ရန် တိုက်တွန်းခြင်း, (၃) ပြုချင်လာအောင် ဂုဏ်ကျေးဇူးကို ဟောပြောခြင်း, (၄) သူတို့ဘာသာ ပြုနေသည်ကို သဘောတူခြင်းအားဖြင့် မြှောက်ပွား၍ လေးဆယ်ပြားပုံကိုလည်း နားလည်ကြပါကုန်။

## လေးကျင့်ခန်းမေးခွန်း။

က။ မြို့ရွာပျက်စီး၍ လူများ နည်းပါးရခြင်း၏ အကြောင်းသုံးပါးကို ပြပါ။

ခ။ ကူးသန်း ရောင်းဝယ်မှုစသည်၌ တစ်ဖက်လူ၏ အကျိုးကို မကြည့်ဘဲ မိမိအကျိုးကိုသာ ကြည့်သော လောဘကို အဘယ် လောဘဟု ဆိုမည်နည်း။

ဂ။ မညီမမျှ လောဘတို့ အားကြီးလာသည့်အခါ အဘယ် မကောင်းကျိုးများ ဖြစ်လာတတ်သနည်း၊ [**“သတ္တန္တရကပ်, ဒုဗ္ဘိက္ခန္တရကပ်, ရောဂန္တရကပ်များ ဖြစ်လာတတ်သည်”**ဟု ဖြေတတ်ပါစေ။]

ဃ။ မေတ္တာဆိုတာ အဘယ်သဘောနည်း၊ မေတ္တာပို့ ပါဠိကို ပြပါ။

င။ မိဘနှင့်ဆရာအား မြန်မာလို မေတ္တာပို့ပုံကို ပြပါ၊ [အိမ်သူ အိမ်သား မေတ္တာပို့ပုံ စသည်ကိုလည်းမေး ပါ။]

စ။ ကရုဏာဆိုတာ အဘယ်သဘောနည်း၊ ကရုဏာပို့ ပါဠိကို ပြပါ၊ [မြန်မာလို ပို့ပုံကိုလည်း မေးပါ။]

ဆ။ မုဒိတာဆိုတာ အဘယ်သဘောနည်း၊ မုဒိတာပို့ ပါဠိကို ပြပါ၊ [မြန်မာလို ပို့ပုံကိုလည်း မေးပါ။]



ဇ။ မေတ္တာစသော လေးပါးကို ပါဠိလို အဘယ်သို့ ခေါ်၍, မြန်မာလို ဘယ်သို့ ခေါ်သနည်း။

ဈ။ ဒါနစသောဆယ်ပါးကို အဘယ့်ကြောင့် **“ပုညကိရိယဝတ္ထု”**ဟု ခေါ်သနည်း။

ည။ ဒါနနှစ်မျိုးတွင် အဘယ်ကို ဝတ္ထုဒါနဟု ခေါ်၍ အဘယ်ကို စေတနာဒါနဟု ခေါ်သနည်း။

ဋ။ အမြဲ စောင့်ထိန်းရသော သီလ သိက္ခာပုဒ်သည် ဘယ့်လောက် ရှိသနည်း၊ [**“ဥပုသ်သီလ သိက္ခာပုဒ်သည် ဘယ့်လောက် ရှိသနည်း”**ဟုလည်း မေးပါ။]

ဌ။ ဘာဝနာနှစ်မျိုးတွင် သမထဘာဝနာပေါက်လျှင် အဘယ်တရားကိုရ၍ သေလျှင် အဘယ်ဘုံမှာ ဖြစ်ရသနည်း၊ [ဝိပဿနာ ဘာဝနာပေါက်လျှင် အဘယ် တရားကို ရ၍ စုတေလျှင် အဘယ်သို့ ပြောင်းရသနည်း။]

ဍ။ အဘယ်ကို **“အပစာယန”**ဟု ခေါ်သနည်း၊ [ဝေယျာဝစ္စမှစ၍ **“ဒိဋ္ဌိဇုကမ္မ”**တိုင်အောင် မေးပါ။]

ဎ။ ပုညကိရိယဝတ္ထု ဆယ်ပါးကို လေးဆယ်ဖြစ်အောင် ဘာနှင့် မြှောက်မည်နည်း။

# မင်္ဂလသုတ်။

## [ပါဠိတော်နှင့်နိဿယ]

## အမွှန်းတင် ဂါထာ။

**ယံ မင်္ဂလံ ဒွါဒသဟိ,**
**စိန္တယိံသု သဒေဝကာ၊**
**သောတ္ထာနံ နာဓိဂစ္ဆန္တိ,**
**အဋ္ဌတိံသဉ္စ မင်္ဂလံ၊**
**ဒေသိတံ ဒေဝဒေဝေန,**
**သဗ္ဗပါပဝိနာသနံ၊**
**သဗ္ဗလောကဟိတတ္ထာယ,**
**မင်္ဂလံ တံ ဘဏာမ ဟေ။**

**နိဿယနက်။** ။သဒေဝကာ–နတ်နှင့်တကွသော လူတို့သည်၊ ယံမင်္ဂလံ–အကြင်မင်္ဂလာ တရားတော်ကို၊ ဒွါဒသဟိ-တစ်ဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး၊ စိန္တယိံသု–ကြံကြကုန်ပြီ၊ စ–ထိုသို့ပင် ကြံကြပါကုန်သော်လည်း၊ သောတ္ထာနံ–ကောင်းသောအကျိုးတရားတို့၏ ထင်ရှားတည်နေကြောင်းဖြစ်သော၊ အဋ္ဌတိံသံ–သုံးဆယ်ရှစ်ပါးသော၊ ယံမင်္ဂလံ–အကြင်မင်္ဂလာ တရားတော်ကို၊ နာဓိဂစ္ဆန္တိ–မသိနိုင်ကြကုန်။



ဒေဝဒေဝေန–နတ်တို့ထွဋ်ထား, မြတ်ဘုရားသည်၊ သဗ္ဗလောကဟိတတ္ထာယ–အလုံးစုံသော သတ္တလောက၏ စီးပွားအလို့ငှာ၊ ဒေသိတံ–ဟောတော်မူအပ်သော၊ သဗ္ဗပါပဝိနာသနံ–အလုံးစုံသော မကောင်းမှုကို ပယ်ဖျောက်နိုင်သော၊ တံမင်္ဂလံ–ထိုမင်္ဂလာ တရားတော်ကို၊ ဟေ–အိုသူတော်ကောင်းတို့၊ မယံ–ငါတို့သည်၊ ဘဏာမ–ရွတ်ကြကုန်စို့။

### ဧဝံ မေ သုတံ။

**နိဿယနက်။** ။ဘန္တေ–အရှင်ဘုရား၊ မင်္ဂလသုတ္တံ–မင်္ဂလသုတ်တော်ကို၊ မေ–တပည့်တော်သည်၊ ဘဂဝတော–မြတ်စွာဘုရား၏၊ သမ္မုခါ–မျက်မှောက်တော်၌၊ ဧဝံ–ဤသို့၊ သုတံ–ကြားနာ မှတ်သား ဆောင်ထားအပ်ပါပြီ။

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။

**နိဿယနက်။** ။ဧကံသမယံ-အခါတစ်ပါး၌၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ သာဝတ္ထိယံ သာဝတ္ထိမြို့တော်၌၊ အနထပိဏ္ဍိကဿ-အနာထပိဏ်သူဌေး၏၊ အာရာမေ-နှလုံးမွေ့လျော် ပျော်ဖွယ်ရာဖြစ်သော၊ ဇေတဝနေ-ဇေတဝန်ကျောင်းတော်၌၊ ဝိဟရတိ-နေတော်မူ၏။

အထခေါ-ထိုသို့ နေတော်မူရာအခါ၌၊ အညရာ-အမည်အနွယ်အားဖြင့် မထင်ရှားသော၊ ဒေဝတာ-နတ်သည်၊ အဘိက္ကန္တာယ-ညဉ့်ဦးယာမ် လွန်ပြီးသော၊ ရတ္တိယာ- သန်းခေါင်အခါ၌၊ အဘိက္ကန္တဝဏ္ဏာ-အလွန်နှစ်သက်ဖွယ် အဆင်းရှိသည်(ဖြစ်၍၊) ကေဝလကပ္ပံ-ထက်ဝန်းကျင်အလုံးစုံသော၊ ဇေတဝနံ-ဇေတဝန်ကျောင်းတော်ကို၊ သြဘာသေတွာ-ကိုယ်ရောင်ကိုယ်ဝါ တန်ဆာရောင်တို့ဖြင့် ထွန်းလင်းတောက်ပစေ၍၊ ယေန-အကြင်အရပ်၌၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ အတ္ထိ-ရှိတော်မူ၏၊ တေန-ဘုရားရှိတော်မူရာ ထိုအရပ်သို့၊ ဥပသင်္ကမိ-ကပ်လေ၏၊ ဥပသင်္ကမိတွာ-ကပ်လေပြီး၍၊ ဘဂဝန္တံ-မြတ်စွာဘုရားကို၊ အဘိဝါဒေတွာ-အလွန်ရိုသေစွာ ရှိခိုးပြီး၍၊ ဧကမန္တံ-သင့်တင့်လျောက်ပတ်သော အရပ်၌၊ အဋ္ဌာသိ-ရပ်လေ၏။

ဧကမန္တံ ဌိတာခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။



ဗဟူ ဒေဝါ မနုဿာစ,
မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ,
ဗြူဟိ မင်္ဂလမုတ္တမံ။

**နိဿယနက်။** ။ဧကမန္တံ-သင့်တင့်လျောက်ပတ်သောအရပ်၌၊ ဌိတာခေါ-ရပ်ပြီးသော၊ သာဒေဝတာ-ထိုနတ်သည်၊ ဘဂဝန္တံ-မြတ်စွာဘုရားကို၊ ဂါထာယ-ဂါထာဖြင့်၊ အဇ္ဈဘာသိ-ဤသို့ နားတော်လျှောက်လေ၏။

(ဘန္တေ-မြတ်စွာဘုရား၊) ဗဟူ-များစွာကုန်သော၊ ဒေဝါစ-နတ်တို့သည်လည်းကောင်း၊ မနုဿာစ-လူတို့သည်လည်းကောင်း၊ သောတ္ထာနံ-ကောင်းသောအကျိုးတရားတို့၏ ထင်ရှားတည်နေခြင်းကို၊ အာကင်္ခမာနာ-လိုချင် တောင့်တကုန်သည်(ဖြစ်၍၊) မင်္ဂလာနိ-စီးပွားချမ်းသာ၏ တည်ရာအကြောင်းဖြစ်ကုန်သော မင်္ဂလာတို့ကို၊ အစိန္တယုံ-ကြံကြပါကုန်ပြီ၊ ဥတ္တမံ-ကောင်းမြတ်သော၊ မင်္ဂလံ-မင်္ဂလာကို၊ ဗြူဟိ-ဟောတော်မူပါလော။

အသေဝနာစ ဗာလာနံ,
ပဏ္ဍိတာနဉ္စ သေဝနာ၊
ပူဇာစ ပူဇနီယာနံ,
ဧတံ မင်္ဂလမုတ္တမံ။

**နိဿယနက်**။ ။ဗာလာနံ–လူမိုက်တို့ကို၊ အသေဝနာစ–မမှီဝဲ မဆည်းကပ်ခြင်းသည်လည်းကောင်း၊ ပဏ္ဍိတာနံ–ပညာရှိသူတို့ကို၊ သေဝနာစ–မှီဝဲ ဆည်းကပ်ခြင်းသည်လည်းကောင်း၊ ပူဇနီယာနံ–ပူဇော်ထိုက်သူတို့ကို၊ ပူဇာစ–ပူဇော်ခြင်းသည်လည်းကောင်း၊ ဧတံ–ဤသုံးပါးသော တရားသည်၊ ဥတ္တမံ–ကောင်းမြတ်သော၊ မင်္ဂလံ–မင်္ဂလာပေတည်း။

**ပဋိရူပဒေသဝါသောစ,**<br>**ပုဗ္ဗေစ ကတပုညတာ၊**<br>**အတ္တသမ္မာပဏိဓိစ,**<br>**ဧတံ မင်္ဂလမုတ္တမံ။**

**နိဿယနက်**။ ။ပဋိရူပ ဒေသဝါသောစ–သင့်တင့်လျောက်ပတ်သောအရပ်၌ နေခြင်းသည်လည်းကောင်း၊ ပုဗ္ဗေ–ရှေးဘဝ၌၊ ကတပုညတာစ–ပြုအပ်ဖူးသော ကောင်းမှုရှိသူ၏ အဖြစ်သည်လည်းကောင်း၊ အတ္တသမ္မာပဏိဓိစ–မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ ထားခြင်းသည်လည်းကောင်း၊ ဧတံ–ဤသုံးပါးသော တရားသည်၊ ဥတ္တမံ–ကောင်းမြတ်သော၊ မင်္ဂလံ–မင်္ဂလာပေတည်း။



**ဗာဟုသစ္စဉ္စ သိပ္ပဉ္စ,**<br>**ဝိနယောစ သုသိက္ခိတော၊**<br>**သုဘာသိတာစ ယာ ဝါစာ,**<br>**ဧတံ မင်္ဂလမုတ္တမံ။**

**နိဿယနက်**။ ။ဗာဟုသစ္စဉ္စ–အကြားအမြင်များသူ၏ အဖြစ်သည်လည်းကောင်း၊ သိပ္ပဉ္စ–လက်မှုပညာအတတ်တို့ကို တတ်ခြင်းသည်လည်းကောင်း၊ သုသိက္ခိတော–ကောင်းစွာ သင်အပ်သော၊ ဝိနယောစ–ဝိနည်းတရားသည်လည်းကောင်း၊ သုဘာသိတာ–ကောင်းစွာ ပြောဆိုအပ်သော၊ ဝါစာစ–စကားသည်လည်းကောင်း၊ ဧတံ–ဤလေးပါးသော တရားသည်၊ ဥတ္တမံ–ကောင်းမြတ်သော၊ မင်္ဂလံ–မင်္ဂလာပေတည်း။

**မာတာပိတု ဥပဋ္ဌာနံ,**<br>**ပုတ္တဒါရဿ သင်္ဂဟော၊**<br>**အနာကုလာစ ကမ္မန္တာ,**<br>**ဧတံ မင်္ဂလမုတ္တမံ။**

**နိဿယနက်**။ ။မာတာပိတု ဥပဋ္ဌာနံစ–အမိအဘတို့ကို ပြုစု လုပ်ကျွေးခြင်းလည်းကောင်း၊ ပုတ္တဒါရဿ–သားမယားကို ၊ သင်္ဂဟောစ–သင်္ဂြိုဟ်ချီးမြှင့် ထောက်ပင့်ခြင်းသည်လည်းကောင်း၊ အနာကုလာ–အချိန်အခါကို

လွန်စေခြင်း, မသင့်မတော်ပြုခြင်း, ပေါ့ပေါ့ဆဆ ပြုခြင်းတို့ဖြင့် ရှုပ်ထွေးခြင်း မရှိကုန်သော၊ ကမ္မန္တာစ–အလုပ်အကိုင်တို့သည်လည်းကောင်း၊ ဧတံ–ဤသုံးပါးသော တရားသည်၊ ဥတ္တမံ–ကောင်းမြတ်သော၊ မင်္ဂလံ–မင်္ဂလာ ပေတည်း။

ဒါနဉ္စ ဓမ္မစရိယာစ,
ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ,
ဧတံ မင်္ဂလမုတ္တမံ။

**နိဿယနက်**။ ။ဒါနဉ္စ–အလှူပေးခြင်းသည်လည်းကောင်း၊ ဓမ္မစရိယာစ–မြတ်သောအကျင့်ကို ကျင့်ခြင်းသည်လည်းကောင်း၊ ဉာတကာနံ–အဆွေအမျိုးတို့ကို၊ သင်္ဂဟောစ–သင်္ဂြိုဟ်ချီးမြှင့် ထောက်ပင့်ခြင်းသည်လည်းကောင်း၊ အနဝဇ္ဇာနိ–အပြစ်မရှိကုန်သော၊ ကမ္မာနိစ–အလုပ်တို့သည်လည်းကောင်း၊ ဧတံ–ဤလေးပါးသော တရားသည်၊ ဥတ္တမံ–ကောင်းမြတ်သော၊ မင်္ဂလံ–မင်္ဂလာ ပေတည်း။

အာရတိ ဝိရတိ ပါပါ,
မဇ္ဇပါနာစ သံယမော၊
အပ္ပမာဒေါစ ဓမ္မေသု,
ဧတံ မင်္ဂလမုတ္တမံ။



**နိဿယနက်**။ ။ပါပါ–မကောင်းမှုမှ၊ အာရတိစ–ဝေးစွာ ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊ ဝိရတိစ–အထူးသဖြင့် ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊ မဇ္ဇပါနာ–သေရည် အရက်ကိုသောက်ခြင်းမှ၊ သံယမောစ–စောင့်စည်းခြင်းသည်လည်းကောင်း၊ ဓမ္မေသု–ကုသိုလ်ကောင်းမှုတို့၌၊ အပ္ပမာဒေါစ–မမေ့လျော့ခြင်းသည်လည်းကောင်း၊ ဧတံ–ဤလေးပါးသော တရားသည်၊ ဥတ္တမံ–ကောင်းမြတ်သော၊ မင်္ဂလံ–မင်္ဂလာပေတည်း။

ဂါရဝေါစ နိဝါတောစ,
သန္တုဋ္ဌိစ ကတညုတာ၊
ကာလေန ဓမ္မဿဝနံ,
ဧတံ မင်္ဂလမုတ္တမံ။

**နိဿယနက်**။ ။ဂါရဝေါစ–ရိုသေထိုက်သူတို့ကို ရိုသေခြင်းသည်လည်းကောင်း၊ နိဝါတောစ–မိမိကိုယ်ကို နှိမ့်ချခြင်းသည်လည်းကောင်း၊ သန္တုဋ္ဌိစ–ရောင့်ရဲလွယ်ခြင်းသည်လည်းကောင်း၊ ကတညုတာစ–ပြုအပ်ဖူးသော သူ့ကျေးဇူးကို သိခြင်းသည်လည်းကောင်း၊ ကာလေန–သင့်တင့်လျောက်ပတ်သောအခါ၌၊ ဓမ္မဿဝနံစ–တရားနာခြင်းသည်လည်းကောင်း၊ ဧတံ–ဤငါးပါးသော တရားသည်၊ ဥတ္တမံ–ကောင်းမြတ်သော၊ မင်္ဂလံ–မင်္ဂလာပေတည်း။

ခန္တီ စ သောဝစဿတာ,
သမဏာနဉ္စ ဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ,
ဧတံ မင်္ဂလမုတ္တမံ။

**နိဿယနက်**။ ။ခန္တီ စ–သည်းခံခြင်းသည်လည်းကောင်း၊ သောဝစဿတာစ–ဆုံးမစကားကို နာယူလွယ်သူ၏ အဖြစ်သည်လည်းကောင်း၊ သမဏာနံ–ကိလေသာငြိမ်းအေး၍ ယဉ်ကျေးသော ရဟန်းတော်တို့ကို၊ ဒဿနဉ္စ–ဖူးမြင်ခြင်းသည်လည်းကောင်း၊ကာလေန–သင့်တော်သောအခါ၌၊ ဓမ္မသာကစ္ဆာစ–တရားစကားကိုဆွေးနွေး မေးမြန်းခြင်းသည်လည်းကောင်း၊ ဧတံ–ဤလေးပါးသော တရားသည်၊ ဥတ္တမံ–ကောင်းမြတ်သော၊ မင်္ဂလံ–မင်္ဂလာပေတည်း။

တပေါ စ ဗြဟ္မစရိယဉ္စ,
အရိယသစ္စာနဒဿနံ၊
နိဗ္ဗာနသစ္ဆိကိရိယာစ,
ဧတံ မင်္ဂလမုတ္တမံ။

**နိဿယနက်**။ ။တပေါ စ–ဣန္ဒြေစောင့်စည်းခြင်း အစရှိသောအကျင့်ကို ကျင့်ခြင်းသည်လည်းကောင်း၊ ဗြဟ္မစရိယဉ္စ–မေထုန်မှ ရှောင်ခြင်းဟူသော မြတ်သောအကျင့်



သည်လည်းကောင်း၊ အရိယာသစ္စာနံ–အရိယသစ္စာတို့ကို၊ ဒဿနဉ္စ–သိမြင်ခြင်းသည်လည်းကောင်း၊ နိဗ္ဗာနသစ္ဆိကိရိယာစ–အရဟတ္တဖိုလ်ဟူသောနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည်လည်းကောင်း၊ ဧတံ–ဤလေးပါးသော တရားသည်၊ ဥတ္တမံ–ကောင်းမြတ်သော၊ မင်္ဂလံ–မင်္ဂလာပေတည်း။

ဖုဋ္ဌဿ လောကဓမ္မေဟိ,
စိတ္တံ ယဿ နကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ,
ဧတံ မင်္ဂလမုတ္တမံ။

**နိဿယနက်**။ ။လောကဓမ္မေဟိ – လောကဓမ်တရားတို့သည်၊ဖုဋ္ဌဿ–တွေ့ထိနှိပ်စက်အပ်သော၊ ယဿ–အကြင်ပုဂ္ဂိုလ်၏၊ စိတ္တံ–စိတ်သည်၊ နကမ္ပတိ–မတုန်လှုပ်၊ အသောကံ–ဝမ်းနည်းခြင်းလည်း မရှိ၊ ဝိရဇံ–တပ်မက်ခြင်းဟူ မြူလည်း မရှိ၊ ခေမံ–ဘေးလည်း မရှိ၊ (တဿ–ထိုပုဂ္ဂိုလ်၏၊) ဧတံ–ဤလေးပါးသော တရားသည်၊ ဥတ္တမံ–ကောင်းမြတ်သော၊ မင်္ဂလံ–မင်္ဂလာပေ တည်း။

ဧတာဒိသာနိ ကတ္ဝာန,
သဗ္ဗတ္ထ မပရာဇိတာ၊
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ,
တံ တေသံ မင်္ဂလမုတ္တမံ။

**နိဿယနက်။** ။ဧဝံဒိသာနိ–ဤသို့ သဘောရှိသော သုံးဆယ်ရှစ်ဖြာ မင်္ဂလာတို့ကို၊ ကတွာန–ပြုကျင့်ရသောကြောင့်၊ သဗ္ဗတ္ထ–အလုံးစုံသော ရန်သူတို့တွင် တစ်စုံတစ်ခုသော ရန်သူသည်လည်း၊ အပ္ပရာဇိတာ–မအောင်အပ်မအောင်နိုင်ကုန်သည်၊ (ဟုတွာ–ဖြစ်၍၊) သဗ္ဗတ္ထ–အလုံးစုံသော ဤဘဝ နောက်ဘဝ ရပ်ခြင်း, သွားခြင်းစသော ကိစ္စတို့၌၊ သောတ္ထိံ–ချမ်းသာခြင်းသို့၊ ဂစ္ဆန္တိ–ရောက်ကုန်၏၊ တေသံ–ထိုနတ်လူတို့၏၊ တံ–ထိုသုံးဆယ်ရှစ်ဖြာ မင်္ဂလာသည်၊ ဥတ္တမံ–ကောင်းမြတ်သော၊ မင်္ဂလံ–မင်္ဂလာပေတည်း။

**မင်္ဂလသုတ် ပါဠိတော်နှင့် နိဿယ**

**ပြီး၏။**



# မင်္ဂလသုတ်။

[မြန်မာပြန်နှင့် ဆောင်ပုဒ်လင်္ကာ။]

## ယံ မင်္ဂလံ ဒွါဒသဟိ ဂါထာ။

နတ်နှင့်တကွသော လူတို့သည် တစ်ဆယ့်နှစ်နှစ်လောက်ကြာအောင် အကြင်မင်္ဂလာကို စဉ်းစားခဲ့ကြကုန်ပြီ၊ (သို့သော်) စီးပွားချမ်းသာတို့၏ တည်နေနိုင်ကြောင်းကောင်းသော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကို မသိနိုင်ကြပေ၊ နတ်၏ ကိုးကွယ်ရာ နတ်မင်းသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် မကောင်းမှုအားလုံးကို ပယ်ဖျောက်နိုင်သော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကို အားလုံးသောသတ္တဝါတို့၏ စီးပွားအလို့ငှာ ဟောတော်မူအပ်ပြီ၊ ထိုမင်္ဂလာကို ငါတို့ ရွတ်ဆိုကြပါစို့။

## ဧဝံ မေ သုတံ။

အရှင်ဘုရား–တပည့်တော်သည် မင်္ဂလသုတ်ကို ဗုဒ္ဓမျက်မှောက်တော်၌ ဤနည်းအတိုင်း ကြားနာမှတ်သားလိုက်ရပါသည်၊ [ဤ ဧဝံ မေ သုတံဟု လျှောက်ပုံကို ထောက်၍ မင်္ဂလသုတ် စကားအားလုံးသည် **အရှင်မဟာကဿပ**အား **အရှင်အာနန္ဒာက**တစ်ဆင့် လျှောက်နေသော စကားများဟု မှတ်ပါ။]

## ဇာတ် သမယံ

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိမြို့တော် အနီးဝယ် အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူပါသည်၊ ထိုအခါ နာမည်မထင်ရှားသော နတ်သားတစ်ယောက်သည် ညဥ့်ဦးယာမ် လွန်ပြီးသော သန်းခေါင်အချိန်၌ အလွန် နှစ်သက်ဖွယ် အဆင်းရှိသည်ဖြစ်၍ ဇေတဝန်ကျောင်းတိုက် တစ်ရပ်လုံးကို ကိုယ်ရောင်ဖြင့် လင်းစေလျက် ဗုဒ္ဓရှိရာသို့ ချည်းကပ်၍ ဝပ်ချပြီးလျှင် သင့်တော်သောအရပ်၌ ရပ်နေပါသည်။

## ကေမန္တံ ဋီတာ ခေါ်။

သင့်တော်ရာအရပ်၌ ရပ်နေသော ထိုနတ်သည် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်ထားလေသည်–များစွာကုန်သော နတ်လူတို့သည် ကြီးပွားခြင်း ချမ်းသာခြင်းကို လိုလား တောင်းတကုန်သည် ဖြစ်၍ မင်္ဂလာတို့ကို စဉ်းစား ကြံစည်ခဲ့ပါကုန်ပြီ၊ ရှင်တော်မြတ်ဘုရားသည် ကောင်းမြတ်သော မင်္ဂလာကို ဟောတော်မူပါ၊ ဤသို့ နတ်က လျှောက်ထားလေသည်၊ [ထိုသို့ လျှောက်ထားခြင်းကြောင့် ဤမင်္ဂလသုတ်ကို ဗုဒ္ဓမြတ်စွာ ဟောတော်မူရပါသည်။]



## အသေဝနာစ ဗာလာနံ, ဂါထာ။

(၁) လူမိုက်တို့ကို မပေါင်းခြင်း,

(၂) လူလိမ္မာတို့ကို ပေါင်းခြင်း,

(၃) ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း,

ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

လူမိုက်များကိုလ, ရှောင်ရှားကြ များသူငယ်၊
လူလိမ္မာဟူသမျှကို, ပေါင်းကြလေကွယ်၊
ပူဇော်ဖွယ် ကကယ်လို့ထိုက်ငြား၊
ထိုသူ့ကို ပူဇော်စရာနှင့်, ပူဇော်ကာ မင်္ဂလာပြုရတယ်, ကောင်းသူ့စိတ်ထား။

## ပဋိရူပဒေသဝါသောစ, ဂါထာ။

(၁) သင့်တော်သောအရပ်၌ နေခြင်း,

(၂) ရှေးရှေးဘဝက ကုသိုလ်ကောင်းမှု ပြုခဲ့ခြင်း,

(၃) မိမိကိုယ် မိမိစိတ်ကို ကောင်းစွာထားခြင်း,

ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

သင့်တော်ရာရပ်ဒေသ, နေရမှ တော်လိမ့်မယ်၊
ရှေးပုဗ္ဗေဘဝဟောင်း, ကောင်းမှုကကြွယ်၊
ကောင်းရာဝယ် နှစ်သွယ်တဲ့ကိုယ်စိတ်၊
အမြဲ တူယှဉ်ကာဖြင့်, ဖြူစင်စွာ မင်္ဂလာထားကြလျှင်, များလိမ့်ဂုဏ်ဟိတ်။

### ဗာဟုသစ္စဉ္စ သိပ္ပဉ္စ, ဂါထာ။

(၁) ကျမ်းစာ အကြားအမြင်များခြင်း,
(၂) လက်မှုပညာ တတ်ခြင်း,
(၃) ကိုယ်ကျင့်ဝိနည်းကို ကောင်းစွာသင်ခြင်း,
(၄) စကားကို ကောင်းစွာပြောဆိုခြင်း,

ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

**ကြားအမြင်များလျှင် ကောင်းတာမို့,ကျောင်းမှာတဲ့ စာသင်ပါ၊**
**လက်မှုခေါ်ပညာရပ်ကို တတ်ကြစေရာ၊**
**ဝိနည်းလဲ သင်ရမှာ, ချိုသာတဲ့နှုတ်ခွန်း၊**
**လေးပါးငယ်မင်္ဂလာနှင့်, စဉ်မကွာ စုံညီရောက်လျှင်လ,**
**မယှဉ်သာ ဂုဏ်ရည်တောက်လိမ့်မယ်, ဖြိုးမောက်လို့ထွန်း။**

### မာတာပိတုဉပဋ္ဌာနံ, ဂါထာ။

(၁) မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း,
(၂) သားသမီးနှင့်ဇနီးတို့ကို ချီးမြှောက်ခြင်း,
(၃) ရှုပ်ရှုပ်ထွေးထွေး မရှိရအောင် အလုပ်လုပ်ခြင်း,

ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

**မိဘကို ပြုစုလို့, သားရွှေဥ သမီးမေ၊**
**ဇနီးဆွေ ချစ်သူ မြင့်အောင်, ချီးမြှင့်ပါလေ၊**
**မရှုပ်စေ လုပ်လေကွဲ့အလုပ်၊**
**သုံးပါးမင်္ဂလာမတော့, စဉ်မကွာ နှောင်ခါပြုရအောင်, ပေါင်းစုရုံချုပ်။**



### ဒါနဉ္စ ဓမ္မစရိယာစ, ဂါထာ။

(၁) စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း,
(၂) သုစရိုက်တရားကို ကျင့်ခြင်း,
(၃) ဆွေမျိုးတို့ကို ထောက်ပံ့ခြင်း,
(၄) အပြစ်မရှိသောအလုပ်တို့ကို လုပ်ခြင်း,

ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း

**ပေးငှစေ လှူဒါန်းလို့, တရားလမ်းကျင့်ကြစေ၊**
**မျိုးအဆွေ အောက်မကျအောင်, ထောက်ပံ့ကြပေ၊**
**အပြစ်ကင်း အလုပ်တွေ, လုပ်လေကွဲ့ အမြဲ၊**
**မင်္ဂလာလေးပါး ဂုဏ်အင်္ဂါနှင့်, စုံလင်စွာ အခြေစိုက်အောင်, မင်းစိတ်**

### အာရတိ ဝိရတိ ပါပါ, ဂါထာ။

(၁) မကောင်းမှုမှ စိတ်ဖြင့် ရှောင်ခြင်း (အာရ
ကိုယ်နှုတ်တို့ဖြင့် ရှောင်ခြင်း (ဝိရတိ),
(၂) သေရည်အရက် သောက်ခြင်းမှ စောင့်စ
ခြင်း,
(၃) ကုသိုလ်တရားတို့၌ မမေ့ခြင်း,

ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း၊ [
ရည်အရက်ဟူရာ၌ ဘိန်း–ကဇော်–လှော်စာတို့ကိုလ
သဘောတူပင် ယူကြသည်။]

မကောင်းဆိုထိုအယုတ်ကိုလ, စိတ်,ကိုယ် နှုတ်ရှောင်ခွါဖယ်၊
ဘိန်းကဓော်လှော်ဇာနှင့်, သေရည်ပါအရက်များကို သောက်စားနှင့်
ကွယ်၊ တရားနှင့်ဆိုင်ရာဝယ် မေ့တယ်လို့ရှိဘူး၊
မင်္ဂလာသုံးပါး ခြံရံကာတော့, ရန်မာန်ပါ ဘယာဝေးရမယ်, အေးမြကြည်နူး။

## ဂါရဝေါ စ နိဝါတောစ, ဂါထာ။

(၁) ရိုသေလေးစားထိုက်သူကို ရိုသေလေးစားခြင်း
(၂) ကိုယ့်ကိုယ်ကို နှိမ့်ချခြင်း,
(၃) တင့်တိမ်ရောင့်ရဲခြင်း,
(၄) သူ့ကျေးဇူးကို သိတတ်ခြင်း,
(၅) သင့်လျော်သောအခါ တရားနာခြင်း,

ဤငါးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

လေးစားဖွယ် ဂုဏ်ကြွယ်မြင့်လျှင်လ, လေးစားသင့်ပေတယ်၊
ကိုယ့်ကိုယ်ကိုမာန်စွယ် ကျိုးအောင်, ချိုးနှိမ်ချကွယ်၊
ရောင့်ရဲလွယ် ဆာကြွယ်နှင့် မေ့သား၊
ကျေးဇူးကို ဖန်ဖန်တင်လို့, ချိန်တန်လျှင် နာတရားရယ်နှင့်, ငါးပါးစုံ မင်္ဂလာပွားရအောင်, မင်းသတိ–ထား။

## ခန္တီ စ သောဝစဿတာ, ဂါထာ။

(၁) သည်းခံခြင်း,
(၂) ပြောဆိုဆုံးမ၍ နားထောင်လွယ်ခြင်း,
(၃) ကိလေသာငြိမ်းအေး၍ ယဉ်ကျေးသော ရဟန်းတော်များကို ဖူးမြင်ခြင်း,



(၄) သင့်တော်သောအခါ၌ တရားစကား ဆွေးနွေးမေးမြန်းခြင်း,

ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

မခံသာ ဆဲဆိုရိုက်သော်လဲ, သည်းခံလိုက်စေချင်၊
ကျိုးရှိအောင် ဆိုသမျှကို, နားသောတဆင်၊
ငြိမ်သက်တဲ့ ရဟန်းရှင်ကို, ဖူးမြင်ကွဲ့မမှား၊
သင့်တော်ရာ–တရားဆွေးနွေးကာဖြင့်, အေးဆေးစွာ မင်္ဂလာပြုရမယ်, လေးစုတရား။

## တပေါ စ ဗြဟ္မစရိယဉ္စ, ဂါထာ။

(၁) အကျင့်ကို ကျင့်ခြင်း,
(၂) မေထုန်မှ ရှောင်ခြင်း,
(၃) အရိယသစ္စာကို မြင်ခြင်း,
(၄) အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း,

ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

ဈာန်မဂ်ဖိုလ် အဆင့်မှန်းလျှင်လ, အကျင့်စွမ်းကျင့်ကာ၊
မေထုန်ဆို ဟိုအရေးကို, ဝေးကရှောင်ခွာ၊
အရိယာ–သစ္စာတဲ့ မြင်ပြား၊
မြတ်နိဗ္ဗူ–အရဟတ်–ဖိုလ်ကိုယူမှ, မြတ်လေးဆူ မင်္ဂလာပြည့်မယ်, ကောင်းသည့်တရား။

## ဖုဋ္ဌဿလောကဓမ္မေဟိ, ဂါထာ။

(၁) လောကဓမ်တရားတို့ တွေ့ထိနှိပ်စက်ခံရလျှင် စိတ် မတုန်လှုပ်ခြင်း,
(၂) ဝမ်းမနည်းခြင်း,
(၃) မမက်မောခြင်း,
(၄) ဘေးမရှိခြင်း,

ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

**လောကဓမ်တွေ့ရိုးမို့ အမျိုးမျိုးတွေ့ရမယ်၊**
**စိတ်အနေ မတုန်လှုပ်အောင်, ထိန်းချုပ်ပါ့ကွယ်၊**
**ဝမ်းပန်းလည်းမနည်းလွယ်, မက်မောဖွယ်ရှိဘူး၊**
**ဘေးကင်းစွာ လေးမျိုးမင်္ဂလာကြောင့်, စဉ်မကွာချမ်းသာပြည့်လို့ရယ်,**
**ပုဉ်းရှိကံထူး။**

## ဧတာဒိသာနိကတွာန, ဂါထာ။

(၁) ဤမင်္ဂလာတို့ကို ပြုကြပါလျှင် ရန်သူအားလုံးတို့တွင် မည်သည့်ရန်သူမျှ အနိုင်မရဘဲ (မိမိကသာ အောင်နိုင်၍) ဤဘဝ နောက်ဘဝ ရပ်ခြင်း သွားခြင်း ထိုင်းခြင်း လျောင်းခြင်း စသောကိစ္စတို့၌ ချမ်းသာခြင်းသို့ ရောက်ကြရ၏၊ ထိုနတ်လူတို့၏ သုံးဆယ်ရှစ်ဖြာ ထိုမင်္ဂလာသည် ကောင်းမြတ်သော မင်္ဂလာတည်း။



**မင်္ဂလာမြတ်တရားကိုလ, မြတ်ဘုရားဟောတော်မူ၊**
**သုံးဆယ်ကျော် ရှစ်ဖြာစွန်းတယ်, ထွန်းတောက်ဇမ္ဗူ၊**
**ကျင့်ပါတော့ များဗိုလ်လူ, ဆူပူတဲ့ရန်မျိုး၊**
**အားလုံးအောင်နိုင်၍, သက်ဆုံးတိုင် သုခတိုးလို့ရယ်, ဖြိုးလိမ့်တန်ခိုး။**

မင်္ဂလသုတ် မြန်မာပြန်နှင့်

ဆောင်ပုဒ် လင်္ကာ ပြီး၏။

## မင်္ဂလသုတ် ဖတ်စာ။

## **ယံ မင်္ဂလံ ဒွါဒသဟိ စသော ဖတ်စာ။**

၁။ ။မင်္ဂလာ၏ကောင်းကြောင်း အဖိုးတန်ကြောင်းကို ချီးမွမ်းသောစကားသည် အမွှန်းတင်သော စကားဖြစ်၏၊ ယံ မင်္ဂလံ ဒွါဒသဟိစသော နှစ်ဂါထာသည် ထိုအမွှန်းတင်စကားကို ပြသောဂါထာ ဖြစ်ပါသည်၊ ရှေးက ဆရာတော်ကြီးများသည် မင်္ဂလသုတ်ကို ရွတ်ချင် ဖတ်ချင် သင်ချင်လာအောင် အမွှန်းတင် နှစ်ဂါထာကို မင်္ဂလသုတ်၏ ရှေ့က ထည့်သွင်း၍ ထားကြပါသည်။

၂။ ။ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူမီ ဆယ့်နှစ်နှစ်လောက်က လူအပေါင်းတို့ စုဝေးကြ၍ မင်္ဂလာအကြောင်းကို စဉ်းစားခဲ့ကြပါသည်၊ ထိုသို့ စဉ်းစားရာ၌ တချို့က **"မိမိ နှစ်သက်သောအဆင်းကို မြင်ရလျှင် မင်္ဂလာ"**ဟု ပြောကြ၏၊ တချို့က **"မိမိ နှစ်သက်သောအသံကို ကြားရလျှင် မင်္ဂလာ"**ဟု ပြောကြ၏၊ တချို့ကမူ **"မိမိ နှစ်သက်သော အနံ့အရသာ အတွေ့အထိကိုရလျှင် မင်္ဂလာ"**ဟု ပြောကြလေသည်။

၃။ ။ဤသို့ အယူဝါဒ ကွဲကြရာ၌ မည်သည့်ဝါဒမျှ အားလုံးသဘောတူညီချက် မရခဲ့ကြပါ၊ အတော်ကြာလျှင်



လူတို့၏ ကိုယ်စောင့်နတ်များပါ ဝါဒကွဲပြားလျက် အထက်နတ်များတိုင်အောင် ကွဲပြားနေသော မင်္ဂလာ ငြင်းခုန်မှုကို အဆုံးအဖြတ် ခံဖို့ရန် သိကြားမင်း အထံသို့ နတ်အများ ရောက်လာကြလေသည်၊ ထိုအခါ ဗုဒ္ဓမြတ်စွာလည်း ပွင့်တော်မူလာပြီ ဖြစ်၍ သိကြားမင်းသည် နတ်သားတစ်ယောက်ကို ဗုဒ္ဓအထံတော်သို့ သွား၍ မင်္ဂလာပြဿနာကို လျှောက်ဖို့ရန် စေလွှတ်ရလေသည်။

၄။ ။ဗုဒ္ဓမြတ်စွာသည် ညဉ့်ဦးယာမ်၌ ရဟန်းတို့အား တရားဟောခြင်း ပြဿနာဖြေခြင်းတို့ဖြင့် ညဉ့်ဦးယာမ်ကို ကုန်လွန်စေတော်မူ၏၊ ထို့ကြောင့် နတ်တို့သည် သန်းခေါင်ယာမ် လူခြေတိတ်မှ ဗုဒ္ဓအထံတော်သို့ လာလေ့ရှိကြ၏၊ သို့ဖြစ်၍ ထိုနတ်သားလည်း ညဉ့်ဦးယာမ်လွန်ပြီးသော သန်းခေါင်အခါ၌ ကိုယ်ရောင်ကိုယ်ဝါ တန်ဆာရောင်တို့ဖြင့် ဇေတဝန်ကျောင်းတိုက် တစ်ရပ်လုံးကို ထိန်လင်းစေလျက် ဗုဒ္ဓအထံတော်သို့ ရောက်လာလေသည်၊ နတ်များသည် လူတို့၏ ကိုယ်အနံ့ကို စက်ဆုပ်ရွံရှာကြ၏၊ ထို့ကြောင့် ထိုနတ်သားသည် ပြဿနာ ဖြေဆိုပြီးလျှင် အမြန်ပြန်သွားလိုသောကြောင့် မထိုင်ဘဲ မတ်မတ်ရပ်၍ မင်္ဂလာပြဿနာကို လျှောက်လေသည်။

၅။ ။ဗဟုဒေဝါမနုဿာစ–ဂါထာသည် ထိုနတ်သားက မြတ်စွာဘုရားကို လျှောက်ထားသောဂါထာဖြစ်၏၊ ထိုသို့ လျှောက်ထားသောကြောင့် **"အသေဝနာစ ဗာလာနံ"** အစရှိသော မင်္ဂလာတရားတော်ကို ဟောတော်မူလေသည်၊ **"ဧဝံ+မေ+သုတံ"**ဟူသော ပါဠိစကား သုံးလုံးကား **အရှင်အာနန္ဒာက အရှင်မဟာကဿပ**အား လျှောက်ထားသော စကားသုံးခွန်း ဖြစ်ပါသည်။

၆။ ။ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီး၍ သုံးလလောက် ကြာသောအခါ ရဟန္တာအရှင်မြတ်တို့သည် ရာဇဂြိုဟ်မြို့တော်၏ အနီးဝယ် ကြီးကျယ်စွာ **အဇာတသတ်**မင်း ဆောက်လုပ်အပ်သော ဓမ္မာရုံ မဏ္ဍပ်တော်ကြီး၏ အတွင်း၌ ဗုဒ္ဓမြတ်စွာ၏ တရားတော်များကို သဘောတူရာ ပေါင်း၍ **"သံဂါယနာ"**ခေါ် စုပေါင်းရွတ်ဆိုမှုကို ပြုတော်မူခဲ့ကြလေသည်။

၇။ ။ထိုသို့ စုပေါင်းရွတ်ဆိုကာ သံဂါယနာ မတင်မီ ဗုဒ္ဓ၏ စကားတော်ဖြစ်ကြောင်း သေချာဖို့ရာ **"မည်သည့်တရားကို မည့်သည့်အရပ်၌ မည်သူ့ကို အကြောင်းပြု၍ ဟောတော်မူသနည်း"**ဟု မေးပါသည်၊ ထိုအခါ **အရှင်အာနန္ဒာ**သည် မိမိကြားနာ မှတ်သားခဲ့သော အကြောင်းများကို **"ဧဝံ+မေ+သုတံ=မင်္ဂလသုတ်တော်ကို တပည့်တော်သည် သည့်လို (ယခု လျှောက်မည့်အတိုင်း) ကြားလိုက်ရပါသည်"**ဟု အစချီ၍ လျှောက်ထားလေသည်။



၈။ ။**"မင်္ဂလာ"**ဟူသည် ဤဘဝ နောက်ဘဝ၌ ကြီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သော အလုပ်တည်း၊ အလုပ်ဟူသည်လည်း ကိုယ်ဖြင့်ပြုမှု, နှုတ်ဖြင့်ပြောမှု, စိတ်ဖြင့်ကြံစီ စဉ်းစားမှုများတည်း၊ ထိုကြီးပွား ချမ်းသာကြောင်း အလုပ်များကို ဖော်ပြသော တရားတော်သည် (ရတနာထည့်ရာ ရွှေကြုတ်နှင့် တူသော) မင်္ဂလသုတ်တရားတော် ဖြစ်ပါသည်။

**ဆောင်ပုဒ်။** (၁) ကြီးပွားချမ်းသာ, ကြောင်းများစွာ, မင်္ဂလာဟုခေါ်။

(၂) ချမ်းသာကြီးပွား, အကြောင်းများကို, ပြထားဖော်ထုတ်, တရားကြုတ်, မင်္ဂလာသုတ်ဟု ခေါ်။

## အသေဝနာစ အစရှိသောဂါထာ ဖတ်စာ။

၁။ ။(က) မိမိ ပျက်စီးကြောင်း သူတစ်ပါး ပျက်စီးကြောင်းဖြစ်သော ကိုယ်မှု နှုတ်မှု စိတ်မှုတို့ကို မကောင်းမှုဟု ခေါ်၏၊ ထိုမကောင်းမှုများသည် ပါဏာတိပါတစသော

ကာယဒုစရိုက်သုံးပါး, မုသာဝါဒစသော ဝစီဒုစရိုက်လေးပါး, အဘိဇ္ဈာစသော မနောဒုစရိုက်သုံးပါး ရှိကြောင်းကို ရှေ့အတန်းများ၌ ပြခဲ့ပါပြီ၊ ထိုဒုစရိုက်များကို ပြုလုပ်နေသူ ပြောဆိုနေသူ ကြံစီနေသူများကို **"ဗာလ=လူမိုက်"**ဟု ခေါ်ပါသည်၊ အသိအလိမ္မာ ဉာဏ်ပညာကင်း၍ ဖျင်း(အ)နေသော လူဖျင်း လူအ လူနတို့ကိုလည်း ဗာလဟုပင် ခေါ်ပါသည်။

(ခ) ထိုဗာလတို့နှင့် ပေါင်းချင်၍ ပေါင်းနေသူ, မပေါင်းချင်ဘဲလျက် ကံမကောင်း၍ ပေါင်းမိနေရသူများသည် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ရတတ်ပါသည်။

သူတို့၏ မကောင်းမှုများသည် ပေါင်းသင်းသူများထံ ကူးစက်လာတတ်ပါသည်၊ **"လူမိုက်နှင့် ပေါင်းနေသူ"**ဟူသော မကောင်းသတင်းအနံ့ကား ဧကန် ပြန့်နှံ့ပါလိမ့်မည်၊ ဥပမာဆိုသော်—ငါးပိကိုထုပ်သော ဖက်ရွက်၌ ငါးပိနံ့ ကူးစက်သကဲ့သို့ ဖြစ်ပါသည်။

ထို့ကြောင့် လူမိုက်နှင့်ပေါင်းခြင်းသည် မကောင်းသော အကျိုးကို ဖြစ်စေတတ်သော အမင်္ဂလာဖြစ်၍ လူမိုက်နှင့် မပေါင်းခြင်းကိုသာ အပြစ်ကင်းသော မင်္ဂလာဟု ဟောတော်မူပါသည်။



(၂) မိမိချမ်းသာကြောင်း သူတစ်ပါးချမ်းသာကြောင်းဖြစ်သော ကောင်းမှု သုစရိုက်များကို ပြောဆို ပြုလုပ် အားထုတ်ကြံစီနေသူကို **"ပဏ္ဍိတ=လူလိမ္မာ"**ဟု ခေါ်ပါသည်၊ သုစရိုက်ဆယ်ပါးကို ရှေ့အတန်း၌ ပြခဲ့ပါပြီ။

ထိုလူလိမ္မာတို့နှင့် ပေါင်းသင်းနေထိုင်သူသည် မိမိမှာလည်း အသိအလိမ္မာ ဉာဏ်ပညာကူးစက်၍ **"လူလိမ္မာနှင့် ပေါင်းလေ့ရှိသူ"**ဟူသော ကောင်းသတင်းလည်း မွှေးတတ်ပါသည်၊ ဥပမာဆိုသော်—မွှေးကြိုင်သောပန်းကို ထုပ်ထားသော ဖက်ရွက်၌ ပန်းရနံ့ ကူးစက်သကဲ့သို့ ဖြစ်ပါသည်။

သို့ဖြစ်၍ လူလိမ္မာနှင့် ပေါင်းခြင်းကို ကောင်းသတင်း ပြန့်နှံ့မှုကာစ၍ ကောင်းကျိုးချမ်းသာ တိုးပွားဖို့အကြောင်း ကောင်းသော မင်္ဂလာဟု ဟောတော်မူပါသည်။

၃။ ။ပူဇော်ထိုက်သူများကား — ဘုရား, တရား, သံဃာတော်များနှင့် မိဘ, ယောက္ခမ, အဖိုးအဖွား, ဦးကြီး, ဦးလေး, ဘကြီး, ဘထွေး, အဒေါ်, ကြီးကြီး, အရီး, အစ်ကို, အစ်မစသော ဆွေမျိုးများပေတည်း။

ထိုပူဇော်ထိုက်သူများကို ပန်းစသော ပူဇော်ဖွယ်များဖြင့် ပူဇော်ခြင်း, သင်္ကြန်စသော အခါကြီးများ၌ ရေ အဝတ် အစားစသော ပူဇော်ဖွယ်များဖြင့် ပူဇော်ခြင်း, ထိုဆွေ

မျိုးကြီးများ၏ အဆုံးအမကို လိုက်နာသောအားဖြင့် ပူဇော်ခြင်းများသည် အသက်ရှည်ကြောင်း ဘုန်းကံကြီးကြောင်း ဖြစ်၍ ကောင်းသော မင်္ဂလာတစ်ပါး ဖြစ်ပေသည် [အပစာယန ပုညကြိယ ဝတ္ထုအခန်း၌ ပြခဲ့ပြီး အကျိုးများကို ပြန်၍ကြည့်ရှုပါလေ။]

**ပဋိရူပဒေသဝါသော အစရှိသောဂါထာ ဖတ်စာ။**

၁။ ။(က) ပဋိရူပဒေသ (သင့်တော်သောအရပ်)ကို ရွေးချယ်ရာ၌ အချိန်ကာလလိုက်၍ ရွေးချယ်ရပေသည်၊ ပညာသင်ချိန်အရွယ်၌ ပညာသင်၍ ကောင်းသောအရပ်သည်လည်းကောင်း, ပစ္စည်းဥစ္စာ ရှာဖွေချိန်၌ အလုပ်အကိုင်ကောင်းသော အရပ်သည်လည်းကောင်း, ကုသိုလ်ကောင်းမှု ရှာဖွေချိန်၌ ကုသိုလ်ကောင်းမှု ပြုခွင့်ရသော အရပ်သည်လည်းကောင်း, ဥတုရေမြေနှင့်တကွ ကျန်းမာရေးကောင်းသော အရပ်သည်လည်းကောင်း ပဋိရူပဒေသ ဖြစ်ပါသည်၊ ထိုပဋိရူပဒေသ၌ နေခြင်းသည် ကျန်းမာကြောင်း ကုသိုလ်-ဥစ္စာ-ပညာတိုးပွားကြောင်းဖြစ်၍ ကောင်းမြတ်သော မင်္ဂလာ ဖြစ်ပါသည်။

(ခ) ထို့ကြောင့် မိမိနေရာအရပ်သည် မိမိအတွက် ပဋိရူပဒေသ မဖြစ်သေးလျှင် သင့်တော်သောဒေသသို့ ပြော[illegible]ရွှေ့ဖို့ရန် ဝန်မလေးသင့်ပါ၊ ထိုကဲ့သို့ ပြောင်းရွှေ့



နေထိုင်မှ အကျိုးရမည့် သူတို့အတွက် **"တစ်ရွာမပြောင်း သူကောင်း မဖြစ်"**ဟု ဆိုရိုး ပြုကြပါသည်၊ သို့ရာတွင် မိမိမှာ ကိုယ်ဖြင့် ရင်းနှီးဖို့ရာ အားခွန်ဗလလည်း မရှိ, ပညာဖြင့် ရင်းနှီးဖို့ရာ အတတ်ပညာလည်း မရှိ, ဥစ္စာဖြင့် ရင်းနှီးဖို့ရာ အရင်းအနှီးလည်း မရှိပါဘဲ ပြောင်းရွှေ့နေထိုင်လျှင် သာ၍ပင် အောက်ကျနောက်ကျ ဖြစ်ရတတ်ပါသည်၊ ထိုသူများအတွက် **"တစ်ရွာပြောင်းကာမှ သူကောင်း ကျွန်စော်နံရသည်"**ဟု ပြောစမှတ် ပြုကြလေသည်။

၂။ ။ပုဗ္ဗေစ ကတပုညာတာ မင်္ဂလာနှင့်ညီအောင် ရှေးရှေးဘဝ၌ ကုသိုလ်ကောင်းမှု ပြုခဲ့သူသည် ယခုဘဝ၌ ချမ်းသာသုခကို ရကြ၏၊ အမိ အဘချင်းတူပါလျက် ဉာဏ်ကောင်းခြင်း, ဉာဏ်မကောင်းခြင်း, အဆင်းလှခြင်း, မလှခြင်း ကြီးရင့်သည့်အခါ ဥစ္စာပေါခြင်း, မပေါခြင်း, ဥစ္စာရှာရာ၌လည်း အရင်းအနှီးချင်း တူပါလျက် အမြတ်အစွန်းရခြင်း, မရခြင်း (ရှုံးခြင်း), အသက်ရှည်ခြင်း, မရှည်ခြင်း ကွဲပြားနေမှုမှာ ရှေးကောင်းမှုချင်း ကွာခြားသောကြောင့် ဖြစ်ပါသည်၊ ထို့ကြောင့် ရှေးကောင်းမှုရှိခြင်းကို မင်္ဂလာတစ်ပါးဟု ဟောတော်မူပါသည်။

၃။ ။(က) အတ္တသမ္မာပဏိဓိ၌ အတ္တသဒ္ဒါသည် မိမိကိုယ်ကိုလည်းကောင်း မိမိစိတ်ကိုလည်းကောင်း ဟော

ပါသည်၊ မိမိကိုယ်ကိုကောင်းသော အလုပ်ကိစ္စ၌ ချထားခြင်း, မိမိစိတ်ကို ကောင်းသောအကြံအစီ၌ ချထားခြင်းသည် အတ္တသမ္မာပဏိဓိမင်္ဂလာ ဖြစ်ပါသည်။

သဒ္ဓါမရှိသောစိတ်ကို သဒ္ဓါရှိအောင်, သီလမရှိသေးသောစိတ်ကို သီလ စောင့်ချင်လာအောင်, မပေးရက်လို ဝန်တိုသောစိတ်ကို စွန့်ကြဲပေးကမ်း လှူဒါန်းချင်လာအောင် စိတ်ကို ပြုပြင်ပေးခြင်းသည် မိမိစိတ်ကို ကောင်းသောအရာ၌ ထားခြင်း မည်ပါသည်။

အချုပ်အားဖြင့် ဒုစရိုက်ဆယ်ပါးကို ပယ်ရှား၍ သုစရိုက်ဆယ်ပါးကို ပြုနေခြင်း ပုညကြိယဝတ္ထုဆယ်ပါးကို ပြုနေခြင်းသည် ယခုဘဝ၌ လူကောင်း သူကောင်းဖြစ်၍ စီးပွားဥစ္စာ တိုးတက်ဖို့အကြောင်း, နောက်နောက် ဘဝအတွက် ပုဗ္ဗေစကတပုညတာ မင်္ဂလာဖြစ်ဖို့အကြောင်း ကောင်းသော အတ္တသမ္မာပဏိဓိမင်္ဂလာ ဖြစ်ပါပေသည်။

(ခ) <u>အတ္တသမ္မာပဏိဓိနှင့်စပ်၍ ဓမ္မပဒပါဠိတော်၌ လာသော တရားတော်ကိုလည်း မှတ်သားသင့်ပါသည်</u>—[illegible] တစ်ကျွန်းလုံးဝယ် စကြာမင်းအသရေကို ပေးနိုင်[illegible]ဟူသော ထိုအကြောင်းကို အမိလည်းလည်း မပြုနိုင်, [illegible]လည်း မပြုနိုင်, အခြား ဆွေမျိုးများလည်း မပြုနိုင်



ကြ၊ ကောင်းစွာထားအပ်သော စိတ်သည်ကား ထိုမိဘဆွေမျိုးများ မပြုနိုင်သော အကြောင်းထက် သာလွန် မြင့်မြတ်သော နတ်ဗြဟ္မာစည်းစိမ်နှင့် နိဗ္ဗာန်ချမ်းသာကိုပင် ရအောင် ထိုသူ့ကို ပြုပေးနိုင်ပေသည်။

[ဓမ္မပဒ, ၃–စိတ္တဝဂ်, ဂါထာအမှတ် ၄၃။]

(ဂ) <u>သမ္မာပဏိဓိ၏ ပြောင်းပြန်ဖြစ်သော မိစ္ဆာပဏိဓိစိတ်၏ အပြစ်ကြီးလေးပုံကိုလည်း ဓမ္မပဒပါဠိတော်မှာ လာသည့်အတိုင်း မှတ်သားသင့်၏</u>—ခိုးသူတစ်ယောက်သည် အခြား ခိုးသူတစ်ယောက်ကို မြင်၍ ရန်သူတစ်ယောက်သည် အခြား ရန်သူ တစ်ယောက်ကို မြင်၍ အကြင်ပျက်စီးကြောင်း နည်းလမ်းကို ပြုရာ၏၊ (ထိုပျက်စီးကြောင်းနည်းလမ်းသည် တစ်ဘဝသာ ပျက်စီးနိုင်မည် ဖြစ်၍ ကြောက်ဖွယ် မကောင်းလှသေး) မကောင်းသဖြင့် ထားအပ်သောစိတ်ကား ထိုခိုးသူ ရန်သူတို့ပြုအပ်သော နည်းလမ်းထက် သာ၍ ဆိုးဝါးအောင် ထိုစိတ်ထား မကောင်းသူကို ပြုနိုင်လေသည်၊ (စိတ်ထားမကောင်းလျှင် အပါယ်လေးပါးကျ၍ ဘဝ အဆက်ဆက် ဒုက္ခရောက်စေနိုင်သောကြောင့် စိတ်ထားမကောင်းမှုသည် သာ၍ ကြောက်စရာကောင်း၏—ဟူလို။)

ဓမ္မပဒ, ၃–စိတ္တဝဂ်, ဂါထာမှတ် ၄၂။

(ဃ) စိတ်ကောင်းထားခြင်း၏ အကျိုး, စိတ်ကောင်းမထားခြင်း၏ အပြစ်ကို နားလည်ပြီးသော အမျိုးသားသည် အမြဲသတိထားဖို့ တရားတော်ကိုလည်း မှတ်သားသင့်ပါသည်—သူတစ်ပါးတို့၏ မလိုမုန်းထား၍ ဆန့်ကျင်ဘက် ပြောအပ်သောစကားတို့ကို စဉ်းစား တွေးတော၍ မနေရာ၊ သူ တစ်ပါးတို့၏ ပြုအပ်ပြီး မပြုအပ်သေးသော အမှုကိုလည်း ဂရုစိုက်၍ စဉ်းစားမနေရာ၊ မိမိအတွက်သာလျှင် ပြုအပ်ပြီး မပြုအပ်သေးသော ကုသိုလ် ကောင်းမှုတို့ကို ကြည့်ရှုဆင်ခြင်ရာ၏၊ (သူများအကြောင်းတွေကို စဉ်းစား၍ မနေရ, မိမိအတွက်သာ စိတ်ကောင်းရှိအောင် ကုသိုလ်ကောင်းမှုတိုးပွားအောင် သတိထားပါ— ဟူလို။)

ဓမ္မပဒ, ၃–စိတ္တဝဂ်, ဂါထာမှတ် ၄၂။]

---

### ဓမ္မပဒ ဂါထာများ။

၄၃။ န တံ မာတာ ပိတာ ကယိရာ,
အညေဝါပိစ ဉာတကာ၊
သမ္မာပဏိဟိတံ စိတ္တံ,
သေယျသော နံ တတော ကရေ။

၄၂။ ဒိသော ဒိသံ ယန္တံ ကယိရာ,
ဝေရီဝါ ပန ဝေရိနံ၊
မိစ္ဆာပဏိဟိတံ စိတ္တံ,
ပါပိယော နံ တတော ကရေ။



### ဗာဟုသစ္စဥ္စသောဂါထာ ဖတ်စာ။

၁။ ။(က) စာပေသင်ယူခြင်း ဖတ်ခြင်းတို့ကြောင့် မကြားဖူးသော အထူးအဆန်း အကြောင်းအရာများကို ကြားသိခြင်းသည်လည်းကောင်း၊ (ခ) အရပ်တစ်ပါး တိုင်းတစ်ပါးသို့ လှည့်လည် သွားလာခြင်းကြောင့် မတွေ့ မကြုံဖူးသော အရာဝတ္ထုတို့ကို တွေ့ကြုံနားလည်ခြင်းသည်လည်းကောင်း၊ ဗာဟုသစ္စ (အကြားအမြင် အတွေ့အကြုံများခြင်း) မင်္ဂလာမည်၏။

ထိုကဲ့သို့ ဗာဟုသစ္စ မင်္ဂလာရှိသူသည် မိမိကိုယ်ကို လူကောင်းတစ်ယောက် ဖြစ်စေနိုင်သော နည်းလမ်းနှင့် စီးပွားဥစ္စာ ရှာဖွေဖို့ နည်းလမ်းများကို သိသောကြောင့် ထိုသိသည့်အတိုင်း ပြုလုပ်ပါမူ ယခုဘဝမှာပင် ကောင်းကျိုးချမ်းသာ ရနိုင်ပေသည်၊ ထို့ကြောင့် ကလေးများသည် ဗာဟုသစ္စ မင်္ဂလာနှင့် ပြည့်စုံအောင် ပညာကို ကြိုးစားသင့်ကြပေသည်။

၂။ ။လက်သမား, အင်ဂျင်နီယာ, ပန်းပု, ပန်းဘဲ, ပန်းတိမ်, ပန်းချီ, စာရေးစသော လက်မှုပညာ အတတ်များ

---

၅၀။ ။န ပရေသံ ဝိလောမာနိ, န ပရေသံ ကတာကတံ၊
အတ္တနောဝ အဝေက္ခေယျ, ကတာနိ အကတာနိစ။

ကို တတ်မြောက်ခြင်းသည် သိပ္ပမင်္ဂလာနှင့် ပြည့်စုံခြင်းပေတည်း။

ထိုသိပ္ပ မင်္ဂလာရှိသူသည် ထိုလက်မှုပညာဖြင့် တစ်သက်လုံး မဆင်းရဲအောင် အသက်မွေးနိုင်သောကြောင့် စာပေပညာ တတ်မြောက်ပြီးသည့်အခါ (စာပေပညာဖြင့် အသက်မွေးဝမ်းကြောင်း မလုံလောက်သူများသည်) ထိုလက်မှုပညာ အတတ်ကိုလည်း သင်ယူသင့်ကြပါသည်။

၃။ ။(က) မိမိတို့၏ လူမျိုးထုံးစံအလိုက် နေနည်း ထိုင်နည်း အရိုအသေပြုနည်း ဝတ်တရားကြေအောင် ပြုစုနည်း, နင်–ငါစသည်ဖြင့် စကား မပြောဘဲ ခင်ဗျား ကျွန်တော်စသည်ဖြင့် ခေတ်ကာလအလိုက် အရပ်ဒေသအလိုက် ထိုက်သင့်သလို ပြောဆိုနည်းများသည် လူတိုင်း သင်ယူရမည့် လူ့ဝိနည်းတရားပင် ဖြစ်၏။

တချို့ဝိနည်းများကို ဆရာသမားများထံမှ သင်ယူရ၏၊ တချို့ကိုကား မိဘဆွေမျိုးတို့ထံမှ သင်ယူရသည်၊ တပည့်ကျင့်ဝတ် သားသမီးကျင့်ဝတ်များလည်း ကလေးများ တတ်သိရမည့် ဝိနည်းတရားပင် ဖြစ်သည်။

(ခ) ထို့ကြောင့် ကလေးများသည် အမှိုက် တံထွေး နှပ် ကျင်ကြီး ကျင်ငယ်တို့ကို လူသွားလမ်း လူအများ



နေထိုင်သောနေရာ၏ အနီးအပါး, ရေအိုးစဉ် အနီးအပါး စသောအရပ်၌ မစွန့်ပစ်ကြဘဲ အမှိုက်ပုံး ထွေးခံ လမ်းဘေး နှင့် အိမ်သာများ၌သာ စွန့်ရမည်ဟူသော ကလေးဝိနည်း များကို နားလည်၍ ပြုလည်း ပြုကျင့်ကြပါ။

(ဂ) ကျောင်းမှပြန်၍ အိမ်ရောက်သည့်အခါ မိဘကို ကန်တော့ခြင်း, နံနက်စောစော အိပ်ရာမှ ထသည့်အခါ သွားတိုက်ခြင်း, မျက်နှာကို စင်ကြယ်အောင် သစ်ခြင်း, မျက်နှာသစ်ပြီးနောက် ဘုရားကန်တော့ခြင်း, မေတ္တာပို့ ခြင်း, အမျှဝေခြင်းကိုလည်း လိမ္မာသော ကလေးကောင်း များ၏ ကိုယ်ကျင့် ဝိနည်းတရားဟု မှတ်သား၍ စွမ်းနိုင်သမျှ ပြုကျင့်ကြပါလေ။

၄။ ။(က) စကား အပြောကောင်းခြင်းသည် သုဘာသိတဝါစာ မင်္ဂလာတစ်ပါး ဖြစ်၏။

ထို့ကြောင့် ကလေးများသည် ဆဲခြင်း, မုသားပြောခြင်း, တစ်ယောက်နှင့်တစ်ယောက် ရန်တိုက်ပေးခြင်းစသော စကားဆိုးများကို မပြောဘဲ မိမိလဲအကျိုးရှိ–သူ့မှာလဲ အကျိုးရှိသော စကားကောင်းကိုသာ ပြောတတ်ကြပါစေ။

(ခ) အကျိုးရှိ၍ ကောင်းသည့်အပြင် နားဝင်ချိုအောင် ပြောသောစကားကိုကား လူအများပင် နားထောင်၍ မငြီးနိုင်ပါ၊ ထိုကဲ့သို့ စကားကောင်းကို ချိုချိုသာသာ ပြောတတ်

သူမှာ ကျက်သရေ မင်္ဂလာရှိသောကြောင့် **"နှုတ်ချိုလျှင် သျှိုတစ်လုံး"**ဟု ပြောရိုးထုံးစံ ရှိပါသည်။

### မိုးတိမ်နှင့်တူသော လူလေးမျိုး။

**၁။** ။**(က)** ချိမ်းသာချိမ်း၍ မရွာသောမိုး၊ **(ခ)** ရွာသာ ရွာ၍ မချိမ်းသောမိုး၊ **(ဂ)** ချိမ်းလည်းမချိမ်း ရွာလည်းမရွာ (မိုးတိမ်တွေသာ တက်၍နေသော)မိုး၊ **(ဃ)** ချိမ်းလည်းချိမ်း ရွာလည်းရွာသောမိုး ဤမိုးလေးမျိုးနှင့်တူသော လူလေးမျိုး လည်း ရှိပေသည်၊ ထိုလူလေးမျိုးကား များသောအားဖြင့် နိုင်ငံရေးသမားတို့၌ သာ၍ ထင်ရှားလေသည်။

**၂။** ။တချို့လူများသည် မြို့ရွာနယ်ပယ်ကောင်း အောင် တစ်နိုင်ငံလုံးကောင်းအောင် ဘာလုပ်မည် ညာလုပ် မည်စသည်ဖြင့် ပရိသတ်အလယ်တွင် တကယ်ထင်အောင် ချိမ်းသံပေး၏၊ သို့သော် သူပြောသည့်အတိုင်း လုပ်၍ကား မပေးနိုင်၊ ထိုလူမျိုးသည် ချိမ်းသာချိမ်း၍ မရွာသောမိုးနှင့် တူသော လူတစ်မျိုးပေတည်း။

**၃။** ။တချို့ လူရိုး လူကောင်းများသည် ပရိသတ် အလယ်ဝယ် ကျယ်လောင်စွာ ပြောလေ့ မရှိသော်လည်း အလုပ်ကိုမူ တစ်အိမ်လုံး ကောင်းအောင် မြို့ရွာနယ်ပယ်နှင့် နိုင်ငံကောင်းအောင် (စွမ်းနိုင်သမျှ) ပြုလုပ်လေ့ရှိ၏၊ ထို



လူမျိုးသည် ရွာသာရွာ၍ မချိမ်းသောမိုးနှင့်တူသော လူ တစ်မျိုးပေတည်း။

**၄။** ။လူဖျင်း လူ(အ)ဖြစ်သူ တချို့လူကား ပရိသတ် အလယ်၌ ကြီးကြီးကျယ်ကျယ်လည်း မပြောတတ်၊ မြို့ရွာ နယ်ပယ်နှင့် တစ်နိုင်ငံလုံးမဆိုထားဘိ တစ်ယောက် နှစ် ယောက်မျှ ကောင်းစားအောင်လည်း မပြုလုပ်တတ်၊ ထို လူမျိုးကား မချိမ်းမရွာ တက်၍လာသော မိုးတိမ်နှင့်တူစွာ လူ ရာမဝင်သော လူတစ်မျိုးသာ ဖြစ်ချေသည်။

**၅။** ။တချို့ လူတော်လူကောင်းများကား **"မစားရ, ဝ-ကမန်း"**ဆိုသလို ပရိသတ်အားရအောင်လည်း ပြောဆို အားပေးတတ်၏၊ အပြောနှင့်အလုပ်ညီအောင် တကယ် တမ်းလည်း ပြုလုပ်ပေးတတ်၏၊ ထိုလူမျိုးကား ချိမ်းလည်း ချိမ်း ရွာလည်းရွာသော မိုးနှင့်တူစွာ တစ်အိမ်လုံး တစ်ရွာ လုံး တစ်နယ်လုံး အားကိုးလောက်သော လူတစ်မျိုးပါပေ တည်း၊ ထိုသို့ အလုပ် လုပ်နိုင်သလောက်သာ ပြောဆိုအပ် သောစကားသည် ကြားရသူတို့ မျှော်လင့်သော ကောင်း ကျိုးကို ဖြစ်စေနိုင်သောကြောင့် သုဘာသိတာမင်္ဂလာရှိ သော စကားကောင်းဖြစ်ပေသည်။

**[အင်္ဂုတ္တိုရ်, စတုက္ကနိပါတ်, တတိယပဏ္ဏာသက, ၁-ဝလာဟကဝဂ် ပထမသုတ်။]**

## စကားခြောက်ခွန်း လူ၌ထွန်းပုံ။

၁။ ။မဟုတ်, မမှန်, အကျိုးမရှိ၍, ကြားရသူ တစ်ပါးလူတို့လည်း မနှစ်သက် မမြတ်နိုးအပ်သော စကားတစ်မျိုး။

၂။ ။ဟုတ်၏, မှန်၏, အကျိုးကားမရှိ၍, ကြားရသူ တစ်ပါးလူတို့လည်း မနှစ်သက် မမြတ်နိုးအပ်သော စကားတစ်မျိုး။

၃။ ။ဟုတ်၏, မှန်၏, အကျိုးရှိ၏, ကြားရသူ တစ်ပါးလူတို့ကား မနှစ်သက် မမြတ်နိုးအပ်သော စကားတစ်မျိုး။

၄။ ။မဟုတ်, မမှန်, အကျိုးမရှိ, ကြားရသူ တစ်ပါးလူတို့ကား နှစ်သက် မြတ်နိုးအပ်သော စကားတစ်မျိုး။

၅။ ။ဟုတ်၏, မှန်၏, အကျိုးကားမရှိ, ကြားရသူ တစ်ပါးလူတို့ နှစ်သက် မြတ်နိုးအပ်သော စကားတစ်မျိုး။

၆။ ။ဟုတ်၏, မှန်၏, အကျိုးလည်းရှိ၍, ကြားရသူ တစ်ပါးလူတို့လည်း နှစ်သက် မြတ်နိုးအပ်သော စကားတစ်မျိုး။

ဤသို့အားဖြင့် လောက၌ လူတို့ ပြောဆိုနေကြသော စကား ခြောက်မျိုးရှိ၏။

[မဇ္ဈိမပဏ္ဏာသ, အဘယရာဇ ကုမာရသုတ်။]



ထိုခြောက်မျိုးတွင်—(၁)နံပါတ် စကားမျိုးသည် သူခိုး မဟုတ်သူကို သူခိုးပဲဟု စွပ်စွဲသော စကားမျိုးတည်း၊ (၂)နံပါတ် စကားမျိုးသည် အစစ်အမှန် နူနေသူကို **“အနူ”** ဟု ပြောဆိုသော စကားမျိုးတည်း၊ (၃)နံပါတ် စကားမျိုးသည် ဆင်းရဲသူတစ်ယောက်ကို အကျိုးလိုလားသောစိတ်ထားဖြင့် **“ရှေးဘဝက ကုသိုလ်မပြုခဲ့၍ ယခုဘဝ၌ ဆင်းရဲဒုက္ခရောက်နေရသည်၊ ယခုဘဝ၌လည်း ကုသိုလ်ကောင်းမှု မပြုလျှင် နောက်ဘဝ၌ အပါယ်လေးပါးက လွတ်ရမည် မဟုတ်”**ဟု ဖိနှိပ်၍ ပြောဆိုဆုံးမကြောင်း စကားမျိုး ဖြစ်သည်၊ ဤစကားသုံးမျိုးတွင် တတိယစကားမျိုးကိုသာ (နားမခံသာသော်လည်း ဟုတ်မှန်၍ အကျိုးရှိသောကြောင့်) ဗုဒ္ဓမြတ်စွာသည် လိုက်နာနိုင်လောက်သော အချိန်အခါကို ကြည့်၍ မိန့်တော်မူလေ့ရှိပေသည်။

(၄)နံပါတ် စကားမျိုးသည် ယခုကာလ၌ မဟုတ်မမှန်ဘဲ လုပ်ကြံပြောဆို ရေးသားအပ်သော အကျိုးရှိဘဲလျက် နားထောင်၍ ကောင်းသောဇာတ်ဝတ္ထု ပုံပြင် စကားမျိုးတည်း၊ (၅)နံပါတ် စကားမျိုးသည် ပစ္စည်းဥစ္စာ ပေါများသော လူကြီးလူကောင်းကို (သူ့ထံမှ တစ်စုံတစ်ခုကို လိုလား၍) အမှန်အတိုင်း မြှောက်ပင့် ပြောဆိုအပ်သော စကားနှင့် သူခိုး ဓားပြ ရှင်ဘုရင်စသူတို့၏ သတ္တိကောင်းကြောင်း ဘုန်းတန်ခိုးကြီးကြောင်းစသော စကားမျိုးတည်း၊

(မြှောက်၍ ပြောဆိုအပ်သောစကားသည် မိမိကို မြှောက်နေမှန်းသိလျက် အလွန် နှစ်သက်အပ်သော စကားတစ်မျိုးပေတည်း။)

(၆)နံပါတ် စကားကား ပညာရှိများ၏နား၌ အလွန်နှစ်သက်အပ်သော သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ်စသော တရားစကားမျိုးတည်း၊ ဤခြောက်နံပါတ် စကားကိုလည်း ဗုဒ္ဓမြတ်စွာသည် အခါအခွင့် (တရားရသင့်သူကို) ကြည့်၍ ဟောမိန့်တော်မူပေသည်။

ထို့ကြောင့် **"သုဘာသိတာဝါစာ"** မင်္ဂလာဖြစ်အောင် ပြောဆိုလိုသော ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓမြတ်စွာ၏ မိန့်တော်မူရိုး စကားနှစ်မျိုးကိုသာ သတိထား၍ ပြောဆိုသင့်ကြပေသည်။

**မဃဒေဝလင်္ကာ**။ ။ဟုတ်–မဟုတ်ဆို, မနာလိုနှင့်, နာလိုတုံဘိ, ကျိုးမရှိငြား, စကားလေးလုံး, လူမိုက်သုံးကို, သက်ဆုံးဉာဏ်ရှင်, မမိန့်ချင်ဘူး၊ သူပင်နာလို, မနာလိုဘိ, ကျိုးရှိဟုတ်မှန်, ဤနှစ်တန်သာ, သူမွန်သူထွဋ်, သူမြတ်ပညဝါ, သမ္မာသမ္ဗုဒ္ဓ, သုဂတတို့, ပြောကြစရိုး, နည်းမှန်ခိုးလော့။

[လင်္ကာအပိုဒ် ၂၃၉။]



## မာတာပိတု ဥပဋ္ဌာနံစသော ဂါထာ ဖတ်စာ။

၁။ ။(က) မိဘတို့သည် သားသမီးများကို လွန်စွာချစ်ခင်ကြရာ၏၊ မိမိတို့၏ စီးပွားအခြေအနေနှင့်လိုက်အောင် ဝတ်ဆင်ပေး၍ ကျွေးမွေးယုယကြကုန်၏၊ ကျန်းကျန်း မာမာရှိအောင် နေပူမိုးရွာ မသွားမလာဖို့နှင့် မသင့်တော်သော အစားအစာကို မစားဖို့ရန် တားမြစ်ကြကုန်၏၊ မိခင်တိုက်ကျွေးသော နို့ချိုကလေးကား မေတ္တာစာတ်ကြောင့် ဖြူစင်၍လာသော မိခင်၏သွေးပင် ဖြစ်ပေသည်၊ ဤတစ်ဘဝအတွက်ကို စဉ်းစားကြလျှင် မိကောင်း ဖခင်ထက် သာလွန်သော ကျေးဇူးရှင်ကား မရှိတော့ချေ။

(ခ) ထို့ကြောင့် ကလေးများသည် သိတတ်သော အချိန်အရွယ်စ၍ မိဘနှစ်ပါးကို တတ်နိုင်သမျှ အကူအညီပေးသင့်ကြပေသည်၊ အိမ်ထောင်နှင့် နေကြသည့်အခါ အသက်မသေ ရှိနေသေးသော နှစ်ဖက်မိဘများကို အိမ်ဦးမှာထား၍ ဖြစ်စေ, အိမ်သီးခြားနေပြန်လျှင် စားဦးစားဖျားကို ပေးကမ်း၍ ဖြစ်စေ, ရပ်ဝေးမှာနေရလျှင် စွမ်းနိုင်သော အထောက်အပံ့ကိုပေး၍ ဖြစ်စေ အမှန်ပင် ပြုစုသင့်ကြပေသည်၊ ဤသို့ ပြုစုခြင်းကို **"မာတာပိတု ဥပဋ္ဌာန မင်္ဂလာ"**ဟု ခေါ်ဆိုရပါသည်။

၂။ ။(က) မိမိတို့ကိုယ်တိုင် မိဘအဖြစ်သို့ ရောက်သည့်အခါ သားသမီးများကို ချီးမြှောက် ထောက်ပင့်ဖို့ ဝတ္တရားရှိပြန်လေသည်၊ သားသမီးဟူသည် မိဘနှစ်ပါး၏ ခန္ဓာကိုယ် အစိတ်အပိုင်းတိုင်းမှ လည်းကောင်း, ဟဒယ စိတ်နှလုံးမှ လည်းကောင်း စိမ့်၍ ပေါက်ဖွားလာသောကြောင့် မိဘနှစ်ပါး၏ အသွေးအသားပင် ဖြစ်ချေသည်– ဟု လောကီကျမ်း၌ ဆိုလေသည်၊ သို့ဖြစ်၍ လောကဖြစ်ပုံကို စဉ်းစားတတ်သော မိဘတိုင်းပင် မိမိတို့၏ အသွေးအသားဖြစ်သော သားသမီးများကို မိမိနှင့်မခြားဘဲ သတိကြီးစွာထား၍ ကြီးပွားအောင် ထောက်ပင့်သင့်ကြလေသည်။

(ခ) ယောကျ်ားကောင်းမှန်လျှင် မိမိကို အသက်နှင်း၍ ချစ်ခင်ခြင်းအားကြီးစွာသော ဇနီးသည်ကို စိတ်ရောကိုယ်ပါ ကျန်းမာ ချမ်းသာအောင် ချီးမြှင့် ထောက်ပင့်ရပေမည်၊ မိန်းမသားတို့ အသရေသည် ခင်ပွန်းသည်အပေါ်မှာ တည်နေရာ၏၊ ရေမြှင့်မှ ကြာတင့်သကဲ့သို့ ခင်ပွန်းသည် မြင့်ကြွယ်မှသာ ဇနီးသည်များလည်း တင့်တယ်ကြပေသည်၊ ဆွေတွေမျိုးတွေ မည်မျှပင် အခြေအနေကြီးနေသော်လည်း ခင်ပွန်းသည် အောက်ကျလျှင် ထိုဆွေမျိုးအလယ်မှာ တင့်တယ်နိုင်ရာမည် မဟုတ်ပါ၊ **"ဆွေကောင်းတော့ တစ်**



**စလယ်, မျိုးကြွယ်တော့ တစ်စလောင်း, ဖူးကောင်းလျှင် စင်ခံ, လင်ကောင်းမှ စံရသည်"**ဟူသော ရှေးစကားသည် ယခု ပြသောစကား၏ သက်သေခံများပင် ဖြစ်ပါသည်။

(ဂ) ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အမျိုးသမီးကောင်း ဇနီးအပေါင်းကား ခင်ပွန်းသည် ယောကျ်ား၏ ရှာဖွေသော ပစ္စည်းကိုသာသုံး၍ အိမ်တွင်းပုံး နေနိုင်ရာသူများ မဟုတ်ကြပါ၊ တစ်ဖက် တစ်လမ်းက စီးပွားရှာ၍ သူတို့ကိုယ်တိုင်ပင် အိမ်ထောင်ကြီးကို ထိန်းသိမ်းနိုင်လောက်အောင် အရည်အချင်းရှိသူတွေ အလွန် များပါပေသည်၊ ဤမျှလောက် အဆင့်အတန်း မြင့်နေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဇနီးကောင်းများကို အဘယ် ယောကျ်ားကောင်းသည် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါထား၍ မမြှောက်စားထိုက်ဘဲ ရှိပါအံ့နည်း၊ ဤသို့ သားသမီးနှင့် ဇနီးများအား မြှောက်စား ချီးမြှင့်မှုကို **"ပုတ္တဒါရဿ ဟမင်္ဂလာ"**ဟု ဟောတော်မူပါသည်။

၃။ ။(က) အိမ်ရာတည်ထောင် လူတို့ဘောင်၌ စီးပွားဥစ္စာ ရှာဖွေစုဆောင်း၍ နေကြရသော လူဝတ်ကြောင်တို့သည် စီးပွားဥစ္စာကို ရှာဖွေရာ၌ သင့်တော်သော အချိန်အခါကို မလွန်စေခြင်း, မသင့်မလျော် မပြုလုပ်ခြင်း, ပေါ့ပေါ့ဆဆ မလုပ်ခြင်းတို့ဖြင့် ရှုပ်ထွေးခြင်း မရှိရအောင်

ရှာဖွေသင့်ပါသည်၊ ဥပမာ—လယ်ယာကို လုပ်ကိုင်လျှင် ထိုအလုပ်တွင် မိမိကျွမ်းကျင်နိုင်နင်း၍ ရှင်းလင်းစွာလုပ်တတ်ဖို့ လိုပါသည်၊ တချို့မှာ လယ်ထွန်ခြင်းကိစ္စလည်း မပြီးသေး၊ စိုက်ပျိုးချိန်ကလည်း ကျရောက်၍နေရာ ပျိုးတွေမှာလည်း နုတ်ပေးမည့်သူ ရှာမရ၍ ထိုအလုပ်တစ်ခုမှာပင် ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတတ်ပါသည်။

(ခ) ရောင်းရေးဝယ်တာ ကုန်သည်ကိစ္စမှာလည်း ဝယ်ထားသော ကုန်ပစ္စည်းတွေ ဟိုနေရာတချို့, သည်နေရာတချို့နှင့် စိတ်ရှုပ်စရာ ဖြစ်နေရုံမက ရစရာလည်း အထွေထွေ, ပေးစရာလည်း အစားစား ဖြစ်နေတတ်၏၊ တချို့ကား ဟိုအလုပ်လည်း မပြီးပြတ်, သည်အလုပ်လည်း တစ်ပိုင်းတစ်စနှင့် ရှုပ်ထွေးလှ၏၊ ဤကဲ့သို့ အလုပ်လုပ်ခြင်းကား ကြီးပွားဖို့မရှိသော အမင်္ဂလာသာ ဖြစ်၍ ဆိုင်ရာအလုပ်ကို နိုင်နိုင်နင်းနင်း ရှင်းရှင်း လုပ်တတ်ခြင်းကိုသာ **"အနာကုလာ စ ကမ္မန္တာ"** ဟု မင်္ဂလာအဖြစ်ဖြင့် ဟောတော်မူပါသည်။

## ဒါနဥ္စသောဂါထာ ဖတ်စာ။

၁။ ။(က) ပုညကြိယဝတ္ထုဆယ်ပါး၌ ပြခဲ့သော ဒါနကိုပင် **"ဒါနမင်္ဂလာ"** ခေါ်ပါသည်၊ မိမိပစ္စည်းကို သူတစ်ပါးအား စွန့်လွှတ်ခြင်း, အများသုံးစွဲရအောင်



(ပိုက်ဆံ ကြဲသကဲ့သို့) ကြဲခြင်း, လောက်လောက်ငငရကြအောင်ဝေငှခြင်း, မိမိပစ္စည်းကို သူတစ်ပါးလက်သို့ရောက်အောင် ပေးခြင်း ကမ်းခြင်းများသည် ဒါနမင်္ဂလာများပင် ဖြစ်ပါသည်။

(ခ) ထိုသို့ ဒါနမင်္ဂလာ ပြုကြရာ၌ မရှိဆင်းရဲနေသူအား အဝတ်အစား အိပ်ရာ နေရာပေးခြင်း, ရောဂါရှိသူအား ဆေးပေးခြင်း, တစ်ယောက်တည်းဖြစ်စေ, အသင်းဖွဲ့၍ဖြစ်စေ အများကောင်းအောင် ပြုလုပ်နေသူအား ထောက်ပံ့ကူညီခြင်း, ဆရာသမား ဆွေမျိုးဉာတိတို့အား မေတ္တာစေတနာဖြင့် ပေးခြင်းများသည် ဒါနမင်္ဂလာပင် ဖြစ်ပါသည်။

(ဂ) ချစ်ကြိုက်၍ ပေးခြင်း, ကြောက်ရွံ့၍ ပေးခြင်း, တရားတွေ့ရာ၌ အနိုင်ရလို၍ လာဘ်ပေးခြင်း, တစ်ကိုတစ်ခုသော ရာထူးဂုဏ်သိရ်ကို ရလို၍ လာဘ်ပေးခြင်း, ပစ္စည်းလာဘ်ကို များစွာပြန်၍ ရလိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် လာဘ်ပေးခြင်းများကား (တဏှာရာဂ လောဘမကင်းသော ပေးခြင်းဖြစ်၍) ဒါနမင်္ဂလာ မဖြစ်နိုင်သာမက ခုဘဝ နောက်ဘဝ၌ ဒုက္ခဖြစ်ကြောင်း မကောင်းသော အကုသိုလ် (အမင်္ဂလာ)သာ ဖြစ်ချေသည်။

**(ဃ)** ဒါနမင်္ဂလာဖြစ်အောင် ရိုးရိုးသားသား ဒါနပြုသူများကိုကား လူအများကား ချီးမွမ်းကြ၏၊ ထိုဒါနရှင်၏အိမ်သို့ ပညာရှိ သူတော်ကောင်းများပင် ရောက်လာ၍ ကောင်းသောတရားစကားကို ပြောဆိုညွှန်ပြကြ၏၊ ဒါနရှင်သည် အစည်းအဝေးပွဲသဘင်၌ ကြည်လင်ရွှင်ပြ မျက်နှာလှ၏၊ သူတစ်ပါးချမ်းသာကြောင်း စိတ်ကောင်းထား၍ စွန့်ကြဲနေသူသည် ဤဘဝ၌ပင် တိုးတက်၍ ချမ်းသာတတ်၏၊ စုတေသည့်အခါ၌ကား မုချဧကန် ကောင်းရာမြတ်ရာဘဝ၌ ခံစားရမည်သာ ဖြစ်ပေသည်။

၂။ ။ဓမ္မစရိယာ မင်္ဂလာတော်အရ တရားကျင့်ခြင်းဟူသည် ရှေ့၌ပြခဲ့ပြီးသော သုစရိုက်ဆယ်ပါးကို ပြုကျင့်ခြင်း, ပုဂ္ဂိယဝတ္ထုဆယ်ပါးကို ပြုကျင့်ခြင်းများ ဖြစ်၏၊ ဒါနမင်္ဂလာ ရှိနေသူသည် ဤဓမ္မစရိယာ မင်္ဂလာနှင့်လည်း ပြည့်စုံမှသာ ဤဘဝ နောက်ဘဝ၌ ချမ်းသာသုခကို ရနိုင်ပေသည်၊ ဒါနမင်္ဂလာသာရှိ၍ တရားကျင့်မှုဟူသော ဓမ္မစရိယာမင်္ဂလာ မရှိသူကား ငါးပါးသီလ (ပုဂ္ဂိယဝတ္ထု တစ်ခုတည်းပျက်မှုကြောင့်ပင် ဒါနက မကယ်နိုင်ဘဲ အပါယ်လေးပါး၌ ဖြစ်ခွင့်ရှိလေသည်။

၃။ ။**"ဉာတကာနဉ္စ သင်္ဂဟော"**ဟူသော မင်္ဂလာတရားတော်အရ ဆွေမျိုးတို့ကို ထောက်ပင့်ခြင်းဟူသည်



အခြားအရပ်၌ ဆင်းရဲ၍ မိမိအထံသို့ အားကိုးအားထား ရောက်လာသော ဆွေမျိုး, မိမိအိမ်အနီးအပါးမှာပင် ဆင်းရဲဒုက္ခရောက်နေသော ဆွေမျိုးများအား နေရာထိုင်ခင်း ပေးခြင်း, အရင်းအနှီး ထုတ်ပေးခြင်းဖြင့် ချီးမြှင့်ထောက်ပင့်ခြင်းတည်း။

ထိုကဲ့သို့ ထောက်ပင့်သည့်အတွက် (ကျေးဇူး မသိတတ်သော ဆွေမျိုးတချို့က ကျေးဇူးတင်ကြမည် မဟုတ်သော်လည်း) များစွာသော ဆွေမျိုးတို့ကား ကျေးဇူးတင်ကြပေလိမ့်မည်၊ ကျေးဇူးတင်သည် ဖြစ်စေ, မတင်သည်ဖြစ်စေ ထိုကဲ့သို့ ထောက်ပင့်ခြင်းသည် လောက၌ လူကြီးလူကောင်းပီသ၍ လူရိုသေခံရကြောင်း, နောင်သံသရာ၌ အထောက်အပံ့ အကူအညီ ပေါများကြောင်းဖြစ်၍ ကောင်းသောမင်္ဂလာတစ်ပါး ဖြစ်ပေသည်။

၄။ ။**"အနဝဇ္ဇာနိ ကမ္မာနိ"**ဟူသော မင်္ဂလာတရားတော်အရ အပြစ်မရှိသော အလုပ်ဟူသည် လောက၌ မင်းပြစ်လည်း မရှိ, အကုသိုလ်အပြစ်လည်း မရှိသော ဥပုသ်စောင့်ခြင်း, အရိပ်ခိုရအောင် သစ်ပင်စိုက်ခြင်း, တံတားခင်းခြင်း, လမ်းပြုပြင်ခြင်း, ရေအိုးစင်တည်ခြင်း, ကုသိုလ်ရေး အသင်းဖွဲ့ခြင်း, တရားသောနည်းလမ်းဖြင့် စုပေါင်းရောင်းဝယ်ရေး (သမဝါယမ)အသင်း ဖွဲ့ခြင်းစသော

အလုပ်များ ဖြစ်ပေသည်၊ ဤအလုပ်များကို မြန်မာနိုင်ငံတော်၌ အများအပြားပင် တိုး၍ လုပ်သင့်ကြပေသည်။

## အာရတိ ဝိရတိစသောဂါထာ ဖတ်စာ။

၁။ ။**"ပါပ"**အရ မကောင်းမှုဟူသည် ပြခဲ့ပြီးသော ဒုစရိုက်ဆယ်ပါး အကုသိုလ် တရားများပင်တည်း၊ မကောင်းမှု အကုသိုလ်စိတ် မဖြစ်ရအောင် သတိထား၍ ရှောင်ရှားခြင်းသည် အာရတိမည်၏၊ နှုတ်ဖြင့် မကောင်းသောစကား ဝစီဒုစရိုက်များကို မပြောမိအောင်လည်းကောင်း, ကိုယ်ဖြင့် မကောင်းသောအလုပ် ကာယဒုစရိုက်များကို မပြုမိအောင်လည်းကောင်း သတိထား၍ ရှောင်ရှားခြင်းသည် ဝိရတိမည်၏၊ ထိုအာရတိ ဝိရတိ မင်္ဂလာရှိအောင် စောင့်ထိန်းသူကား အလွန် မြင့်မြတ်သူပင် ဖြစ်ပေသည်။

၂။ ။(**က**) သေရည်အရက်၏ အပြစ်များကို သုရာမေရယသိက္ခာပုဒ်၌ ပြခဲ့ပါပြီ၊ ရှေးအခါ၌ သေရည်အရက်ကို သောက်စားလေ့ရှိသော ရှင်ဘုရင်သည် အသားမပါလျှင် ပွဲတော်တည်၍ မဖြစ်၊ (ထမင်း မစားနိုင်၊) တစ်နေ့သောအခါ အရက်သောက်ပြီးလျှင် ရင်ခွင်ထက်၌ သားတော်ကလေးကို ထား၍နေစဉ် အသားမပါသော ပွဲတော်



ထမင်းကို ဆက်သလေရာ လွန်စွာ စိတ်ဆိုးသောကြောင့် သားကလေးသတ်၍ အမြန်ချက်စေလေသည်၊ သို့သော် အရက်မူးပြေသောအခါ သတိရ၍ လွန်စွာ ဝမ်းနည်းခြင်း ဖြစ်ရရှာလေသည်၊ ရှင်ဘုရင်မှာ ဝမ်းနည်းရုံသာ၊ သားကလေးကား ပြန်မလာနိုင်ရှာတော့ပြီ၊ ဤမျှလောက် မကောင်းကျိုး ပေးတတ်သော သေရည်အရက်ကို အဘယ်လူကောင်းတစ်ယောက်သည် သောက်ထိုက်ပါတော့မည်နည်း၊ ထို့ကြောင့် သေရည်အရက်မှ ရှောင်ခြင်းကို လောက၌ အပြစ်နည်းပါး၍ ကြီးပွားကြောင်း မင်္ဂလာတစ်ပါးဟု ဟောတော်မူပါသည်။

(**ခ**) သေရည်အရက် သောက်လေ့ရှိသူသည် အကျိုးကိုလည်း မသိတတ်, အကြောင်းကိုလည်း မသိတတ်ပါ၊ အမိအဘ, ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာများကိုပင် (သေရည်အရက် မူးနေခိုက်၌) သတ်မိတတ်ပါသည်၊ ယခု ဘဝမှာပင် အရက်သမားဟု အကဲ့ရဲ့ခံရ၍ နောက်ဘဝ၌ အပါယ်လေးပါးသို့ ကျရောက်တတ်ပါသည်၊ အပါယ်မှလွတ်၍ လူဖြစ်လာပြန်လျှင်လည်း အရူးအနှမ်း ဖြစ်တတ်ပါသည်။

၃။ ။**"အပ္ပမာဒေါစ ဓမ္မေသု"**ဟူသော မင်္ဂလာ တရားတော်နှင့်အညီ နံနက်အိပ်ရာမှ ထသည့်အခါ ဘုရားရှိခိုးခြင်း, သံဃာတော်များအား ဆွမ်းလောင်းဖို့ရန် ချက်

ပြုတ်ခြင်း, ဆွမ်းလောင်းခြင်း, တောင်းရမ်းလာသူတို့အား ပေးကမ်းခြင်း, ငါးပါးသီလကို မကြိုးမပေါက်ရအောင် သတိထား၍ စောင့်ထိန်းခြင်း, ကိုယ်ထက်သာသူကို မနာလိုသောဣဿာ မဖြစ်စေဘဲ ဝမ်းမြောက်ဝမ်းသာ မုဒိတာ ဖြစ်စေခြင်း, သတ္တဝါအားလုံး၌ မေတ္တာထားခြင်းများသည် နေ့စဉ်ဖြစ်စေနိုင်သော ကုသိုလ်တရားများတည်း၊ ထိုကုသိုလ်တရားများဖြစ်အောင် အခါအားလျော်စွာ သတိထားခြင်းသည် **"အပ္ပမာဒေါစ ဓမ္မေသု"**မင်္ဂလာ မိမိမှာ တည်နေခြင်းပင် ဖြစ်သည်။

## ဂါရဝေါစ စသောဂါထာ ဖတ်စာ။

၁။ ။**(က)** ဂါရဝေါစ မင်္ဂလာတရားတော်အရ ရိုသေခြင်းဟူသည် လေးလေးစားစား ပြုခြင်း, ဂရုစိုက်ခြင်းတည်း၊ လေးစားထိုက်သူများကား ကောင်းစွာကျင့်သော ရဟန်း, ဆရာ, မိဘ, ဘိုးဘွား, ဘကြီး, ဦးကြီး, ဘထွေး, ဦးလေး, အဒေါ်, အရီး, အစ်ကို, အစ်မတို့နှင့် မိမိထက် အသက်ကြီးသူ ဂုဏ်ကြီးသူများတည်း။

ထိုသူများနှင့် လမ်းဆုံနေလျှင် လမ်းရှောင်ပေးခြင်း, မိမိထိုင်နေတုန်း သူတို့လာလျှင် ထိုင်ရာမှ ထပေးခြင်း, မီးရထား ဓာတ်ရထား မော်တော်ကားစသည်၌ သူတို့ထိုင်စရာ နေစရာ မရှိလျှင် မိမိနေရာကို ဖယ်ပေးခြင်း, လူကြီးများအနီးမှ ဖြတ်သွားစရာရှိလျှင် ခတ်ရို့ရို့ (ကုန်း၍) သွားခြင်း, တစ်စုံတစ်ခု ပေးစရာ ယူစရာရှိလျှင် လက်နှစ်ဖက်ဖြင့် လေးလေးစားစား ပေးခြင်း ယူခြင်း, ထိုသူများ၏ အပေါ်၌ကျော်၍ တစ်စုံတစ်ခုကို မယူခြင်း မပေးခြင်း, မရှောင်သာ၍ ကျော်ယူ ပေးရလျှင် **"ကန်တော့ပါ"**ဟု ခွင့်တောင်း၍ ယူခြင်း ပေးခြင်း, အိပ်ပျော်နေလျှင် ကျော်မသွားခြင်းများသည် ရိုသေလေးစားခြင်း မည်၏။

**(ခ)** အသက်ငယ်သော်လည်း မိမိထက်ဂုဏ်ကြီးသူ ရာထူးကြီးသူ စည်းစိမ်ကြီးသူများနှင့် အလုပ်အကိုင် ဆက်သွယ်ရာ၌ ပေါ့ပေါ့ဆဆ မလုပ်ဘဲ လေးလေးစားစား လုပ်ခြင်း, လက်အုပ်ချီခြင်း, ဆလံပေးခြင်း, ကျွန်တော်, တပည့်တော်, ခင်ဗျား, လူကြီးမင်း, ဆရာ, အရှင်ဘုရား စသည်ဖြင့် သင့်တော်သလို ခေါ်ပြောခြင်းများသည် လေးစားခြင်း ရိုသေခြင်း မည်၏၊ (အသက်ငယ်၍ ရာထူး စည်းစိမ်ကြီးသူကို ရိုသေ လေးစားရသကဲ့သို့ ရာထူး စည်းစိမ်ကြီးသူကလည်း မိမိထက် အသက်ကြီး၍ ရာထူးငယ်သူ ဆင်းရဲသူများကို ပြန်၍ ရိုသေ လေးစားရမည်၊ ရဟန်းများ၌ မိမိအလျင် ရဟန်းပြုသူကို **"သိက္ခာ–အသက် ကြီးသူ"**ဟု ခေါ်၏၊ ဂုဏ်ကြီးသည် ဖြစ်စေ, ငယ်သည် ဖြစ်စေ သိက္ခာငယ်သူက သိက္ခာကြီးသူကို ရိုသေ လေးစားရမည်။

(ဂ) ဆရာမိဘစသူများကို မရိုသေ မလေးစားသူသည် ဆရာမိဘစသူတို့၏ ပြောဆိုဆုံးမခြင်းကိုလည်း နာယူမည့်သူ မဟုတ်၊ ဂုဏ်ရာထူးကြီးသူကို မလေးစားသူသည် ထိုဂုဏ်ကြီးသူများ၏ ချီးမြှောက်ခြင်းကို ခံရမည် မဟုတ်၊ သို့ဖြစ်လျှင် ထိုသူ့မှာ လောကကြီးပွားရေးမှ ဆုတ်ယုတ်သဖြင့် လေးစားထိုက်သူကို မလေးစားခြင်းသည် အမင်္ဂလာ ဖြစ်ရုံသာမက ဘုန်းကြီး ရာထူးကြီးသော်လည်း အသက် မရှည်–အသက် ရှည်သော်လည်း ဘုန်းကံမရှိ ဖြစ်တတ်လေသည်။

ရိုသေ လေးစားထိုက်သူကို ရိုသေ လေးစားသူကား ကြီးပွားချမ်းသာကြောင်း နည်းလမ်းကောင်းကို ဆရာမိဘ လူကြီးသူမတို့အထံမှ ကြားသိရဖြင့်လည်းကောင်း, ရာထူးကြီးသူတို့က ချီးမြှောက်ကြသဖြင့်လည်းကောင်း, အသိအလိမ္မာ စီးပွားဥစ္စာတိုးပွား၍ ဘုန်းကြီး သက်ရှည် ဖြစ်ရ၏၊ ထို့ကြောင့် ရိုသေ လေးစားမှုကို မင်္ဂလာတစ်ပါးဟု ဟောတော်မူပေသည်။

(ဃ) ရာထူးကြီးသူတို့က ချီးမြှောက်ချင်အောင် ဆရာမိဘတို့က ယုံကြည်အောင် ရိုသေ လေးစားဟန်ဆောင်ခြင်းမျိုးကား အကြောင်း မသိခင် အကျိုးရှိကောင်း ရှိတန်ရာသော်လည်း အကြောင်းသိသည့်အခါ တစ်သက်လုံး အသုံး



မကျအောင် အမင်္ဂလာ ဖြစ်ရမည်သာ၊ နောင်သံသရာ အတွက်လည်း မကောင်းကျိုးသာ ခံရပေမည်၊ ထို့ကြောင့် ဟန်ဆောင်ရိုသေ လေးစားမှု မဟုတ်ဘဲ စိတ်ရင်းအတိုင်း လေးစားခြင်းသာ ခုဘဝ နောက်ဘဝ၌ တာရှည်ခံသော အဖိုးတန် မင်္ဂလာဟု မှတ်ပါ။

၂။ ။(က) နိဝါတောစ မင်္ဂလာတရားတော်အရ ကိုယ့်ကိုယ်ကို နှိမ်ချပုံမှာ—လူကောင်း တစ်ယောက်သည် လမ်းသွားသည့်အခါ ခတ်ရိုးရိုးသွား၏၊ လူကြီးသူမများနှင့် တွေ့လျှင် ကြုံ့ကြုံ့ ရို့ရို့ နေထိုင်၏၊ ပညာတတ်သော်လည်း ပညာတတ်ကြောင်းကို ဖော်ပြောလေ့ မရှိ၊ ဥစ္စာပေါ၍ ရုပ်ချောသော်လည်း ဥစ္စာနည်း၍ ရုပ်ဆိုးသူတို့အပေါ်မှာ ဘယ်အခါမျှ ဟန်ကြီးပန်ကြီး မလုပ်၊ စကားပြောသည့် အခါ ရိုးရိုးကလေး ပြောတတ်၏၊ ထိုသူသည် မာန်မာန အစွယ်ကို ချိုးဖယ်နှိမ်ချထားသူ ဖြစ်၏။

ထိုသူ့ကို လူတိုင်းက ချစ်ခင်၏၊ ချီးမြှောက်စရာရှိလျှင် ထိုသူ့ကို ဝိုင်း၍ ချီးမြှောက်လိုကြ၏၊ ထို့ကြောင့် ကိုယ့်ကိုယ်ကို နှိမ်ချခြင်းသည် ကြီးပွားချမ်းသာကြောင်း ကောင်းသော မင်္ဂလာတစ်ပါး ဖြစ်ပေသည်။

(ခ) လောက၌ ခတ်ကြွကြွ ခတ်ကြွားကြွားနှင့် နေထိုင် ပြောဆိုတတ်သူတွေ ရှိ၏၊ လမ်းသွားသည့်အခါ

ရင်ကော့၍ ခတ်မော့မော့ သွားတတ်၏၊ လူကြီး သူမများကိုလည်း ရိုသေလေးစားခြင်း မရှိ၊ စကားပြောသည့်အခါ လူတစ်ဖက်သားကို အရေးမစိုက်သလို ပြောတတ်၏၊ **"ငါ ပညာတတ် ၏, ငါ အမျိုးမြတ်၏, ငါ ရုပ်ချော၏, ငါ ဥစ္စာပေါ၏"**ဟု ကိုယ့်ကိုယ်ကို အထင်ကြီးရုံသာမက စကားပြောသည့်အခါလည်း **"ပညာတတ်ကြောင်း"** စသည်ကို ထည့်၍ ထည့်၍ ပြောတတ်၏။

ထိုသူကား သူ၏မာန်မာနအစွယ်ကို မနှိမ်မချိုးသော လူမိုက်တစ်မျိုးဖြစ်၍ ထိုသူ့ကို မြင်သူတိုင်းက ရွံကြ မုန်းကြ၏၊ နှိမ်စရာ အချက်ပါလာလျှင် ဝိုင်း၍ နှိမ်လိုကြ၏၊ ထို့ကြောင့် ကိုယ့်ကိုယ်ကို မနှိမ် မချခြင်းသည် မကြီးပွားနိုင်ကြောင်း မကောင်းသော အမင်္ဂလာ ဖြစ်ရလေသည်။

(ဂ) ယခုခေတ်၌ အနေအထိုင် အပြောအဆိုသာ၍ ခက်၏၊ ပညာဖြစ်စေ, ဥစ္စာဖြစ်စေ သိသိသာသာတော်လာလျှင် နာမည်ကျော်လွယ်၏၊ နာမည်ကျော်သူကို (မမော်မမောက်သော) လူကောင်းတစ်ယောက်မှန်ပါလျက် ဝိုင်း၍ နှိမ်လိုကြ၏၊ ပညာဖြစ်စေ, ဥစ္စာဖြစ်စေ ညံ့နေသူကိုကား အဖက်မလုပ်ချင်ကြ၊ ရိုးရိုးကုပ်ကုပ် နေသူကိုမူ လူဖျင်းလူအဟူ၍ ထင်တတ်ကြ၏၊ ထို့ကြောင့် ကလေးများသည်



မြှောက်တိုင်းလည်း မမြှောက်, ချောက်တိုင်းလည်း မကြောက်, နှိမ်တိုင်းလည်း မနှိမ့်စေဘဲ အနုတ်အစုတ် ထင်အောင်လည်း မကုပ်ပါနှင့်၊ သင့်တော်ရုံ ဝတ်လို့စားလို့ ရိုးရိုးသားသား လိမ်လိမ်မာမာနှင့် ပညာကိုသာ ကြိုးစားသင်ကြပါလေ၊ [ဤနိဝါတနှင့် ဂါရဝမင်္ဂလာတို့ကို ဆရာမိဘတို့က လက်တွေ့ပြ၍ အနေအထိုင် အပြောအဆို သင်ကြပါလေ။]

၃။ ။**"သန္တုဋ္ဌိ"**ဟူသော ပါဠိကို **"ရောင့်ရဲလွယ်ခြင်း"**ဟု မြန်မာပြန်ကြ၏၊ **"ရောင့်ရဲ"**ဟူသည် **"တင်းတိမ်ခြင်း=ကျေနပ်ခြင်း"**ဟု အဓိပ္ပာယ်ရ၏၊ လွယ်လွယ်ကူကူနှင့် တင်းတိမ်ခြင်း ကျေနပ်ခြင်းကို **"ရောင့်ရဲလွယ်ခြင်း"** ဟု ခေါ်၏၊ ရောင့်ရဲဖို့ တင်းတိမ်ဖို့ မလွယ်ကူသူကား အဆာကြယ်တတ်၏။

**"အဆာကြယ်"**ဟူသည် လက်သုတ်ဟင်းတစ်ခု၌ အဆာတွေ ကြယ်ဝန်းများပြားစွာ ထည့်ရသကဲ့သို့ တစ်ခုနှစ်ခုနှင့် အားမရဘဲ ဟိုဟာလိုချင် သည်ဟာလိုချင်မှုကို **"အဆာကြယ်"**ဟု ဆို၏၊ **"ဇီဇာကြောင်သည်=ကြေး (ဂျီး) များသည်"**ဟုလည်း ဆိုကြ၏။

ထိုသို့ အဆာကြယ်လေ အလုပ်များစွာ လုပ်၍ ဒုက္ခရောက်လေ ဖြစ်သောကြောင့် မရောင်းရဲခြင်းကို ဒုက္ခများ

ကြောင်း မကောင်းသော အမင်္ဂလာဟု မှတ်၍ အဆာ မကြယ်ခြင်း လယ်ကူစွာ ရောင့်ရဲခြင်းကို စိတ်ချမ်းသာ ကိုယ်ချမ်းသာကြောင်း ကောင်းသော မင်္ဂလာတစ်ပါးဟု မှတ်ပါ။

၄။ ။ကတညုတာမင်္ဂလာတရားတော်အရ ကျေးဇူး သိတတ်ပုံမှာ—မိဘ ဆရာစသူတို့က မိမိအပေါ်၌ အဝတ် အစားပေးခြင်း, လိမ္မာအောင်ဆုံးမခြင်း, ပညာသည်ပေးခြင်း များသည် သူတို့က ပြုထားသော ကျေးဇူးတည်း၊ ကြွေးယူမိ သူသည် မိမိအပေါ်မှာ ကြွေးတင်သကဲ့သို့ သူတို့ကျေးဇူး မိမိအပေါ်မှာ တင်နေခြင်းကို **"ကျေးဇူးတင်"**ဟု ခေါ်၏။

ကြွေးတင်ခံရသူသည် ကြွေးကိုပြန်၍ ဆပ်နိုင်မှ ကျေသကဲ့သို့ ထို့အတူ တင်နေသောကျေးဇူးလည်း ပြန်၍ ဆပ်နိုင်မှ (ပြန်၍ ပြုစုလုပ်ကျွေးနိုင်မှ) ကျေ၏၊ ထို့ကြောင့် လူကောင်းမှန်လျှင် မိဘကျေးဇူး, ဆရာ့ကျေးဇူး, မိတ် ကောင်း ဆွေကောင်းတို့၏ ကျေးဇူးကို ပြန်၍ ဆပ်ရ၏၊ မဆပ်နိုင်လျှင်**"သူ့ကျေးဇူး ရှိပေသည်"**ဟု အမြဲ ကျေးဇူးသိ နေမှ တာဝန်ကျေသည်။

၅။ ။**"ကာလေန ဓမ္မဿဝန"**မင်္ဂလာနှင့်အညီ မိမိ စိတ်မကောင်းနေသောအခါသည် စိတ်ကောင်းလာအောင် တရားနာဖို့ သင့်တော်သောအခါတည်း၊ ဥပမာ— လောဘ



စိတ်အားကြီး၍ တစ်စုံတစ်ခုကို လိုချင်နေသောအခါ ထိုစိတ် ပျောက်သွားအောင် တရားနာသင့်၏၊ ဒေါသ အားကြီး၍ သတ်ချင် ဖြတ်ချင် ဖြစ်နေသည့်အခါ ထိုစိတ် အေးသွားအောင် တရားနာသင့်၏၊ သဒ္ဓါတရား အလွန် ထက်သန်နေသည့်အခါလည်း ထိုသဒ္ဓါတရားမပျက်ဘဲ တိုးသည်ထက် တိုးလာအောင် တရားနာသင့်၏၊ ထိုသို့ တရားနာခြင်းသည် စိတ်မကောင်းကို ကင်းရှင်းစေ, စိတ် ကောင်းကို တိုးပွားစေနိုင်သောကြောင့် ကြီးပွားချမ်းသာ ကြောင်း မင်္ဂလာတစ်ပါး ဖြစ်ပေသည်၊ [တရားသဘော ဟောပြမည့်ပုဂ္ဂိုလ် မရှိလျှင် တရားသဘောပါသော ကျမ်း စာကို ကြည့်ရှုနေခြင်း သူများဖတ်နေသည်ကို နားထောင် နေခြင်းလည်း တရားနာခြင်းပင် ဖြစ်၏။]

## ခန္တီစ စသောဂါထာ ဖတ်စာ။

၁။ ။(က) မခံသာအောင် သူများက ပြောသည့် အခါ, ဆဲသည့်အခါ, ရိုက်နှက်သည့်အခါတို့၌ ပြန်၍မပြော, ပြန်၍မဆဲ, ပြန်၍ မရိုက်နှက်ဘဲ ခံနေခြင်းကို **"ခန္တီ= သည်းညည်းခံခြင်း"**ဟု ခေါ်၏။

ဤသည်းခံမှု ခန္တီတရားကား အလွန် အထက်တန်း ကျသော တရားဖြစ်၍ ကလေးများ မလိုက်နိုင်အောင် ရှိပေလိမ့်မည်၊ သို့သော် ကလေးများသည် ဤခန္တီတရားကို

ငယ်ငယ်က အလေ့အကျင့်ရအောင် ကြိုးစားသင့်၏၊ ငယ်ငယ်က အလေ့အကျင့်ရမှသာ ကြီးသည့်အခါ သည်းခံလေ့အထုံပါ၍ နေရာတိုင်း အကျိုးရနိုင်ပေသည်။

(ခ) **မောင်အေးကို မောင်မဲက** ဆဲလျှင် (**မောင်အေး** တို့အမျိုးက အလကား အမျိုးဟု ပြောလျှင်, **မောင်အေး** စာမေးပွဲအောင်တာ ခိုးချလို့အောင်တာဟု ပြောလျှင်, **မောင်အေး** အစ်မကို မကောင်းပြောလျှင်) **မောင်အေး** ဘယ်လို စိတ်ထားမလဲ၊ ပြန်၍ဆဲ, ပြန်၍ ပြောနေလျှင် တစ်ယောက်နှင့် တစ်ယောက် ရိုက်ကြဖို့ဘဲ ရှိ၏၊ ကလေးချင်း ရိုက်ပြီးနောက် သည်းမခံတန်းဆိုလျှင် လူကြီးချင်း သတ်ကြဖို့ ရှိ၏၊ သတ်ကြပြီးနောက် ရုံးရောက် ထောင်ကျ၍ ငွေကုန် လူဆင်းရဲ လူသေသည့်တိုင်အောင် မကောင်းကျိုး ရကြတော့မည်၊ သည်းခံခြင်း မင်္ဂလာ မရှိမှုသည် ဤဘဝ၌ ဤမျှလောက် ဒုက္ခပေးရုံမက နောင်ဘဝအဆက်ဆက်လည်း ရန်ဖက်ကြီး ဖြစ်လျက် အပါယ်လေးပါးက မတက်နိုင်ဘဲ ရှိကြရတတ်ပါသည်။

(ဂ) မောင်မဲက မခံချင်စရာ ပြောသည့်အခါ **မောင်အေး**သည် သည်းခံ၏၊ **မောင်မဲ**ရာ...ငါ့ကို ဒီလို မပြောပါနှင့်၊ မင်းက ငါ့ကို ဒီလိုပြောလို့ မင်းမှာလဲ အကျိုးမရှိ, ငါ့မှာလဲ အကျိုးမရှိပါ၊ မင်းနဲ့ငါနဲ့ ရန်ဖြစ်ကြလျှင် မင်းလဲ



မကောင်း၊ ငါလဲ မကောင်းပါ၊ လူကြီးတွေ သိသွားလျှင် လူကြီးချင်း မုန်းကုန်ကြလို့ သာပြီး ဒုက္ခများကုန်ပါလိမ့်မည်၊ ဤသို့ ပြောဆိုပါလေ၊ ပြော၍မရလျှင် အခြားတစ်နေရာသို့ ရှောင်သွားပါ၊ **"ငါ့လို လိမ္မာတဲ့သူက သည်းခံမှ တော်မယ်"**ဟု သတိပြုကာ သည်းခံနိုင်အောင် ကြိုးစားကြပါလေ။

(ဃ) ထိုသို့ သည်းခံလိုက်ခြင်းကြောင့် မိမိနှင့်မိဘများ၌ ငွေကုန် ထောင်ကျ မဖြစ်ရ၊ နောက်ဘဝ အဆက်ဆက်လည်း ရန်ဖက်မဖြစ်ရ၊ သည်းခံနိုင်မှု ကုသိုလ်တစ်ခုကိုအရင်းတည်ကာ ဤဘဝ၌ပင် လူကောင်းတစ်ယောက်ဟု ထင်ရှားလာ၍ ချီးမြှောက်သူတွေ ပေါများလာလိမ့်မည်၊ ထို့ကြောင့် သည်းခံခြင်း ခန္တီကို ကြီးပွားကြောင်း မင်္ဂလာတစ်ပါးဟု ယုံယုံကြည်ကြည် မှတ်သားပါလော။

၂။ ။ဆရာမိဘ အစ်ကို အစ်မစသူတို့က မိမိအကျိုးရှိအောင် ပြောဆိုဆုံးမလျှင် မငြင်းဆန်ဘဲ လွယ်လွယ်ကူကူ နားထောင်ခြင်းသည် **"သောဝစဿတာ=မင်္ဂလာ"** တစ်ပါးဖြစ်၏။

တချို့ ကလေးများသည် မိဘက **"ပွဲမကြည့်ပါနှင့်, အအိပ်ပျက်ပြီး ဖျားတတ်သည်"**ဟု ပြောလျှင် **"ဟုတ်ကဲ့

**မကြည့်ပါ**"ဟု နားထောင်၏၊ ထိုကလေးသည် ဆုံးမသည်ကို လွယ်ကူစွာ နားထောင်သော ကလေးတည်း။

ဆုံးမ၍ နားထောင်သော ကလေးကို မိဘ ဘိုးဘွားက ချစ်၏၊ ပေးစရာရှိလျှင် ပေး၏၊ ကျွေးစရာရှိလျှင် ကျွေး၏၊ ဆရာကလည်း မကြာမကြာ ဆုံးမချင်၏၊ ဆုံးမသည်ကို လိုက်နာသူတို့သာ လူလိမ္မာ ပဏ္ဍိတ ဖြစ်ကြ၍ ကြီးပွားချမ်းသာနိုင်ကြသည်။

ယခုကာလ၌ ကြီးပွားချမ်းသာသူ ဟူသမျှသည် လူကြီး မိဘ ဆရာသမား အစ်ကို အစ်မများ၏ စကားကို လိုက်နာ၍ သောဝစဿတာ မင်္ဂလာရှိသူများသာ ဖြစ်လေသည်

**၃**။ ။**(က)** ယခုလက်ရှိ သာသနာတော်၌ ဖူးတွေ့ရလျှင် စိတ်ကြည်လင်၍ အလွန် မင်္ဂလာရှိသော ရဟန်းသံဃာတော်များ အမှန်ပင် ရှိပါသေး၏၊ ရဟန်းတော်ဟစ်ပါးသည် အလွန် စိတ်ကောင်းရှိ၏, ကမ္မဋ္ဌာန်းတရားကို လက်မလွှတ်ဘဲ သံဃာ့ပရိသတ်နှင့် စာချနေ၏၊ စကားပြောသည့်အခါ အေးအေး သာသာ ရှိလှ၏၊ **"သမဏာနဥ္စဒဿနံ=ရဟန်းတော်တို့ကို ဖူးမြင်ရခြင်းမင်္ဂလာ"** ဆိုသည်မှာ ဤရဟန်းတော်မျိုးကို ဆိုလိုပါသည်။



(ခ) ထို့ကြောင့် မိမိအကျိုးစီးပွားကို လိုလားသော အမျိုးသားသည် သီလသိက္ခာရှိသော ရဟန်းတော်များကို မိမိအိမ်ပေါက် ရောက်လာသည်ကို မြင်လျှင် လှူဖွယ်ဝတ္ထုရှိက ထိုလှူဖွယ်ဝတ္ထုဖြင့် မြတ်နိုးကော်ရော် ပူဇော်ထိုက်၏၊ လှူဖွယ်ဝတ္ထု မရှိလျှင် တည်ခြင်းငါးမျိုးဖြင့် ရှိခိုးဝပ်ချထိုက်၏၊ (ဝပ်ချနိုင်လောက်အောင် မအားမလပ် ဖြစ်နေလျှင်) လက်အုပ်ချီထိုက်၏၊ လက်အုပ်ကိုမျှ မချီနိုင်လျှင် စိတ်ထည်းကပင် ကြည်ညိုထိုက်ပါသည်၊ ဤကဲ့သို့ ပြုရခြင်း၏ အကျိုးကြောင့် ကမ္ဘာသိန်းပေါင်းများစွာ မျက်စိရောဂါ ကိုယ်ပူရောဂါ စသည်ကင်း၍ ကြည်လင်သော မျက်လုံးများနှင့် ပြည့်စုံသူ ဖြစ်နိုင်ပါသည်။

**၄**။ တရားနှင့်စပ်သော စကားကို သူကပြော ကိုယ်ကပြော, ကိုယ်မသိတာ သူ့မေး၊ သူမေးတာ ကိုယ်သိလျှင် ဖြေ၊ ဤသို့ ပြောဆိုနေခြင်းကို **"ဓမ္မသာကစ္ဆာ=တရားဆွေးနွေးခြင်း မင်္ဂလာ"**ဟု ခေါ်၏။

ဥပုသ်နေ့ (တနင်္ဂနွေနေ့)များသည် တရားဆွေးနွေးဖို့ သင့်တော်သောအခါတည်း၊ အချုပ်အားဖြင့် အားလပ်ချိန်အခါသည် တရားဆွေးနွေးဖို့ သင့်တော်သောအခါဖြစ်၏။

ဤတရားဆွေးနွေးမှုကို ရဟန်းတော်များအထံ၌လည်း မသိတာကို မေးမြန်းသောအားဖြင့် ဆွေးနွေးနိုင်၏၊ ဆရာပြောလိုက်သော အဓိပ္ပာယ်ကို မမှတ်မိလျှင် မှတ်မိသော ကလေးနှင့်လည်း ဆွေးနွေးနိုင်၏၊ ဆွေးနွေးကြပါလေ။

## တပေါ့စ စသောဂါထာ ဖတ်စာ။

၁။ ။**"တပေါ့စ=ကျင့်ခြင်း"**မင်္ဂလာ ဟူသည်မှာ မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်နှင့် စိတ်ဟူသောဣန္ဒြေခြောက်ပါးလုံးကို (အကုသိုလ် မဖြစ်အောင်) စောင့်စည်းခြင်း, ကုသိုလ်တိုးပွားအောင် လွန်စွာ ကြိုးစားခြင်းဝီရိယ အကျင့်များတည်း။

၂။ ။**"ဗြဟ္မစရိယဉ္စ"** မင်္ဂလာဟူသည် မေထုန်မှ ရှောင်ကြဉ်သော မြင့်မြတ်သော အကျင့်တရားတည်း။

၃။ ။အရိယသစ္စာဟူသည် ဒုက္ခ,သမုဒယ,နိရောဓ, မဂ္ဂဟူသော သစ္စာလေးတည်း။

၄။ ။ထိုသစ္စာလေးပါးတွင် နိရောဓဟူသည် နိဗ္ဗာန်တရားတည်း၊ ဤသို့ သစ္စာလေးပါးတွင် နိဗ္ဗာန်တရားပါပြီး ဖြစ်သောကြောင့် နိဗ္ဗာန သစ္ဆိကိရိယ မင်္ဂလာ၌ အရဟတ္တဖိုလ်ကို **"နိဗ္ဗာန"**ဟု ဆိုရလေသည်၊ ဤတရားများကို ကြိုးစား၍ သိမြင်သည့်အခါ ဝဋ္ဋဒုက္ခမှ လွတ်မြောက်သောကြောင့် အလွန်ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ရလေသည်။



## ဖုဋ္ဌဿ စသောဂါထာ ဖတ်စာ။

၁။ ။(က) လောက၌ နေသူမှန်လျှင် မကင်းနိုင်သော မကြာခဏ တွေ့ရတတ်သောကြောင့်**"လောကဓမ္မ= လောကဓံ"**ဟု ခေါ်ရသောတရားတို့သည် (၁)လာဘော= လာဘ်ရခြင်း၊ (၂) အလာဘော=လာဘ်မရခြင်း၊ (၃) ယသော=အခြွေအရံပေါ်ခြင်း၊ (၄) အယသော=အခြွေအရံ မရှိခြင်း၊ (၅) နိန္ဒာ=ကဲ့ရဲ့ခံရခြင်း၊ (၆) ပသံသာ=ချီးမွမ်းခံရခြင်း၊ (၇) သုခံ=ချမ်းသာခြင်း၊ (၈) ဒုက္ခံ=ဆင်းရဲခြင်း အားဖြင့် ရှစ်ပါးရှိကြသည်၊ ဤလောကဓံ ရှစ်ပါးတွင် အကောင်းလေးပါး, မကောင်းလေးပါးဟု ခွဲခြားမှတ်သားရာ၏။

(ခ) ဤလောကဓံရှစ်ပါးတွင် တစ်ပါးပါးနှင့် လူတိုင်းပင် မကြာမကြာ တွေ့ရတတ်၏၊ ထိုသို့တွေ့ရာ၌ ရောင်းလို့ ဝယ်လို့ကောင်း၍ ရွှေငွေ အသုံးအဆောင်ပစ္စည်း လာဘ်ရသည့်အခါ, ရာထူးတက်၍ လာဘ်ပေါ်များသည့်အခါ, အခြွေအရံ အစေခံနှင့် လက်အောက်ငယ်သားပေါများသည့်အခါ, ချီးမွမ်းခံရသည့်အခါ, ချမ်းသာနေ

သည့်အခါ တပြုံးပြုံး တကြွကြွ တရွှရွှ တမော်မော် ပျော်ချင်တိုင်း ပျော်ခြင်းသည် နဂိုအတိုင်း မငြိမ်သက်ဘဲ တုန်လှုပ်ခြင်း မည်၏။

(ဂ) ရောင်းလို့ဝယ်လို့ မကောင်းခြင်း , ရာထူးတက်သင့်လျက် မတက်ခြင်းတို့ကြောင့် ပစ္စည်းလာဘ်လာဘ မရသည့်အခါ အခြွေအရံ အစေခံနှင့် လက်အောက်ငယ်သား နည်းပါးသည့်အခါတို့၌ စိတ်အားငယ်ခြင်း, လူညှိုးနွမ်းခြင်းသည် တုန်လှုပ်ခြင်းပင်တည်း၊ အကဲ့ရဲ့ခံရသည့်အခါ **"ငါမခံဘူး, ငါ့ကို မဟုတ်တာ ပြောတယ်"**စသည်ဖြင့် ရှူးရှူးရှဲရှဲနှင့် ဒေါသထွက်ခြင်း, တစ်စုံတစ်ခုကြောင့် ဒုက္ခရောက်သည့်အခါ မြင်သူတိုင်း သနားစဖွယ် အားငယ်ခြင်း ညှိုးနွမ်းနေခြင်းသည် နဂိုနေရိုးအတိုင်း မဟုတ်တော့ဘဲ တုန်လှုပ်ခြင်းမည်၏။

(ဃ) လာဘ်လာဘ အခြွေအရံ ပေါသည့်အခါလည်း စိတ်နေမပြောင်း, မပေါသည့်အခါလည်း စိတ်မပျက်, ချီးမွမ်းခံရသည့်အခါ သူတကာ မြှောက်၍လည်း မမြောက်, ကဲ့ရဲ့ခံရသည့်အခါ သူတကာ နှိမ်လို့လည်း မနိမ့်ကျ၊ ချမ်းသာလည်း စိတ်ကြီးမဝင်, ဆင်းရဲလည်း စိတ်မငယ်၊ နဂိုစိတ်နေမပြောင်း စိတ်ကောင်းမပျက်သူကို မတုန်လှုပ်သူဟု ခေါ်၏၊ ထိုမတုန်လှုပ်သူကို **"တော်ပါပေတယ်,**



**စိတ်ကြီးလဲ မဝင်တတ်ဘူး, စိတ်လဲ မဆင်းရဲတတ်ဘူး"**ဟု ချီးမွမ်းကြရ၏၊ ထိုမတုန်လှုပ်ခြင်းသာ ကြီးစွာသော ကျက်သရေမင်္ဂလာ ဖြစ်ပေသည်။

၂။ ။ဆွေမျိုးမိဘတို့ သေကျေ ပျက်စီးသော်လည်းကောင်း, ပစ္စည်းဥစ္စာ ဆုတ်ယုတ်သော်လည်းကောင်း, ဝမ်းနည်းတတ်၏၊ ထိုသို့ ဝမ်းနည်းနေခြင်းကြောင့် သေသူလည်း ပြန်၍ မရှင်လာ၊ ပစ္စည်းလည်း ပြန်၍ မတိုးပွား၊ ထိုဝမ်းနည်းနေခြင်းသည် သက်သက် အကျိုးမများသော ကျက်သရေ မရှိသော အမင်္ဂလာသာ ဖြစ်၏။

**"မွေးလာလျှင် မည်သူမဆို သေရမှာပဲ, အရင်သေတာနှင့် နောက်သေတာပဲ ကွာခြားတယ်"**ဟု စိတ်ကို ဖြေ၍ ဝမ်းမနည်းခြင်း, **"ပစ္စည်းဆိုတာ လူရှာလျှင် ရတာပဲ, နဂိုကလဲ ရှာလို့ရတဲ့ ပစ္စည်းပဲ, ပျက်ချိန်တန်လို့ ပျက်တာ၊ ရချိန်တန် ရဦးမှာပေါ့"**ဟု စိတ်ကို တင်း၍ ဝမ်းမနည်းခြင်းသည် ကျက်သရေမင်္ဂလာ တစ်မျိုးဖြစ်၍ **"တော်ပါပေတယ်, တရား ပြည့်ဝပါပေတယ်"**ဟု လူချီးမွမ်း ခံရပါသေးသည်။

၃။ ။လောက၌ မက်မောစရာတွေ များလှ၏၊ ကလေးဘဝ၌ အစားကောင်း မက်၏၊ အဝတ်ကောင်း မက်၏၊ စာသင်ချိန်၌ ခဲတန် စာအုပ်ကောင်း မက်၏၊

နည်းနည်းကြီးလာလျှင် မက်စရာတွေ ပိုလာ၏၊ လူကြီးဖြစ်လာလျှင် သာ၍ များလာ၏၊ ထိုမက်စရာတွေကို မက်၍ မရ ရအောင် ရှာရသဖြင့် မောနေကြ၏၊ ထိုသို့မက်မောခြင်းသည် ဒုက္ခရောက်ကြောင်း မကောင်းသော အမင်္ဂလာဖြစ်၍ ဘာကိုမျှ မမက်ခြင်းသာ ချမ်းသာကြောင်း မင်္ဂလာဖြစ်သည်။

၄။ ။လောက၌ အမျိုးမျိုးကြောက်စရာ ဘေးရန်တွေ များလှချေ၏၊ ရေဘေး, မီးဘေး, သူခိုးဓားပြဘေး, မင်းဘေး, အမွေခံ သားသမီးဆိုးဘေးဟု ဘေးရန်ငါးမျိုးဆိုရိုးရှိ၏၊ ထိုဘေးများမှ ကင်းလွတ်အောင် နေထိုင်နည်းကို ရန်သူမျိုး ငါးပါးအခန်း၌ ပြခဲ့ပြီ။

**နိဂုံးချုပ်။** ။အို ကလေးများ ...ကလေးအရွယ်၌ လိမ္မာနှင့်ပါမှ ကြီးရင့်သည့်အခါ လိမ္မာနိုင်ကြလေသည်၊ မလိမ္မာသူတွေချည်း စုနေလျှင် ဤပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ကြာရှည်စွာ တည်တံ့မည် မဟုတ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို အရှည်တည်တံ့စေလိုသောကြောင့် သုံးဆယ်ရှစ်ဖြာ မင်္ဂလာတို့ကို ဖတ်စာလုပ်၍ ပြဆိုခဲ့ရာ ယခုအခါ ကောင်းစွာ ပြီးဆုံးပေပြီ၊ ဤဖတ်စာကို ဖတ်၍ ကလေးအရွယ်က စပြီးလျှင် မင်္ဂလာရှိသော နိုင်ငံတော်သားများ ဖြစ်ကြပါစေသား။



လင်္ကာ

**ကလေးရွယ် လိမ္မာနှင့်ပါမှ,**
**ကြီးရင့်က လိမ္မာမည်၊**
**မလိမ္မာ ပြည်ထောင်စုကြလျှင်,**
**ကောင်းမှုမတည်။**

**ကလေးတို့နေပြည်,**
**တည်စေဖို့ စိတ်စော၊**
**နံနက်မင်္ဂလာနှင့်,**
**နေ့မကွာ ညဥ့်ပါသုံးလို့ရယ်,**
**ပြုံးကြစေသော။**

မင်္ဂလာဖတ်စာ ပြီး၏။

## အသေဝနာစ ဂါထာနှင့်စပ်၍ မှတ်ဖွယ်။

**ဆရာ။** ။တတိယတန်းတုန်းက ဒုစရိုက်ပြုသူကို **“ဗာလ”**, သုစရိုက်ပြုသူကို **“ပဏ္ဍိတ”**ဟု နားလည်ခဲ့ကြပြီ၊ ကိစ္စတစ်ခုပြုဖို့ ကြံလာလျှင် ဗာလစဉ်းစားပုံနှင့် ပဏ္ဍိတစဉ်းစားပုံကို ဗုဒ္ဓမြတ်စွာ ဟောတော်မူထားသော တရားတော်တစ်မျိုး ရှိသေးတယ်၊ အဲဒီတရားတော်ကို မှတ်သား၍ မိမိနှင့်တကွ လူအများကို ဗာလလား, ပဏ္ဍိတလားဟု ခွဲခြားဆုံးဖြတ်တတ်အောင် တရားတော်ကို ဖတ်ကြဦးကွဲ့။

## ဗာလ ပဏ္ဍိတတို့ အမြော်အမြင် ကွဲပြားပုံ။

ဘိက္ခုတို့…အလုပ်ကိစ္စနှင့်စပ်၍ ကျိုးရှိ–ကျိုးမဲ့, ပြုချင်စရာ ကောင်း–မကောင်းသော အကြောင်းအရာဌာန လေးမျိုးရှိသည်။

(၁) ပြုလုပ်ရာဝယ် နှစ်သက်ဖွယ်လည်း မရှိ, ပြုလုပ်လျှင်လည်း အကျိုးမဲ့ ဖြစ်ဖို့သာရှိသော အကြောင်းအရာလည်း တစ်မျိုး။

(၂) ပြုလုပ်ရာဝယ် နှစ်သက်ဖွယ်ကား မရှိ, သို့သော် ပြုလုပ်နိုင်လျှင် အကျိုးများဖို့ရှိသော အကြောင်းအရာလည်း တစ်မျိုး။



(၃) ပြုလုပ်ရာဝယ် နှစ်သက်ဖွယ် ကောင်းပေ၏၊ သို့သော် ပြုလုပ်လျှင် အကျိုးမဲ့ ဖြစ်ဖို့သာရှိသော အကြောင်းအရာလည်း တစ်မျိုး။

(၄) ပြုလုပ်ရာဝယ် နှစ်သက်ဖွယ်လည်းရှိ, ပြုလုပ်လျှင်လည်း အကျိုးများဖို့ရှိသော အကြောင်းအရာလည်း တစ်မျိုး*။

ထိုလေးမျိုးတွင် (၁)နံပါတ် အလုပ်မျိုးသည် လာသမျှသတ္တဝါတွေ ကျ၍သေအောင် တွင်းတူးခြင်း, ငါးဖမ်းခြင်း, ညဥ့်အခါ ခိုးဖို့ရာ သူတစ်ပါးအိမ်ဝင်း အစက်အစပ်ကို ဖောက်ဖြတ်ခြင်းစသော ဆင်းရဲပင်ပန်းသော အလုပ်မျိုးဖြစ်၏။

ထိုအလုပ်မျိုးမှာ ပျော်ပျော်ပါးပါးလုပ်ရသော အလုပ်မဟုတ်သောကြောင့် (အသက် မွေးဝမ်းကျောင်းအတွက်

---

* စတ္တာရိမာနိ ဘိက္ခဝေ ဌာနာနိ၊ ကတမာနိ စတ္တာရိ-အတ္ထိ ဘိက္ခဝေ ဌာနံ အမနာပံ ကာတုံ တဉ္စ ကယိရမာနံ အနတ္ထာယ သံဝတ္တတိ၊ အတ္ထိ ဘိက္ခဝေ ဌာနံ အမနာပံ ကာတုံ, တဉ္စ ကယိရမာနံ အတ္ထာယ သံဝတ္တတိ၊ အတ္ထိ ဘိက္ခဝေ ဌာနံ မနာပံ ကာတုံ, တဉ္စ ကယိရမာနံ အနတ္ထာယ သံဝတ္တတိ၊ အတ္ထိ ဘိက္ခဝေ ဌာနံ မနာပံ ကာတုံ, တဉ္စ ကယိရမာနံ အတ္ထာယ သံဝတ္တတိ။

[အင်္ဂုတ္တိုရ် စတုက္ကပါတ်, တတိယပဏ္ဏာသက, ၁၂–ကေသိဝဂ်, ပဉ္စမသုတ်။]

လုပ်လျှင်သာ လုပ်ရမည်၊) ဗာလဖြစ်စေ, ပဏ္ဍိတဖြစ်စေ လုပ်ချင်စရာကောင်းသော အကြောင်းအရာဟု မှတ်ထင်ကြပေမည်သာ။

(၂)နံပါတ် အလုပ်မျိုးကား အမှိုက်ကျုံး မစင်ကျုံး အင်္ဂတေထောင်း အိမ်မိုးစသော မသတီစရာအလုပ် ဆင်းရဲ ပင်ပန်းအားကြီးသော အလုပ်မျိုးဖြစ်၏။

ထိုအလုပ်မျိုး၌ကား ဗာလ၏ စဉ်းစားဉာဏ်စွမ်းနှင့် ပဏ္ဍိတ၏ စဉ်းစားဉာဏ်စွမ်းကို သိရတော့မည်၊ ဗာလသည် ထိုအလုပ်အတွက် အကျိုးရမည်ကို မကြည့်တတ်၊ အလုပ်၏ ရွံစရာကောင်းပုံ ဆင်းရဲ ပင်ပန်းပုံလောက်ကိုသာ ကြည့်တတ်၏၊ ထိုသို့ကြည့်၍ ထိုအလုပ်ကို မလုပ်ဘဲ ရှောင်လွှဲလိုက်သဖြင့် အလုပ်လက်မဲ့ဖြစ်ကာ အစားအသောက် အနေအထိုင် ကြပ်တည်းသောအကျိုးမဲ့နှင့် တွေ့ရလေတော့၏၊ [ပြည်ထောင်စု မြန်မာနိုင်ငံ၌ ဤနည်းအားဖြင့် အလုပ်လက်မဲ့တွေ များစွာရှိသည်။]

ပဏ္ဍိတဖြစ်သူကား **"ဤအလုပ်သည် ရွံစရာအလုပ် ဆင်းရဲ ပင်ပန်းအားကြီးသော အလုပ်မှန်၏၊ သို့သော် သူများ မလုပ်ချင်သော အလုပ်မျိုးကို လုပ်မှ အကျိုးရသည်"**ဟု စဉ်းစား၍ ထိုအလုပ်ကို မရှောင်လွှဲဘဲ ပြုလုပ်



လေတော့၏၊ ထိုသို့ ပြုလုပ်ခြင်းကြောင့် အလုပ်လက်မဲ့ မဖြစ်ရ, စားရမဲ့ သောက်ရမဲ့ မဖြစ်ရသော လက်ငင်းအကျိုးကို ရရှိလေသည်၊ [ဤစဉ်းစားမျိုးကြောင့် နိုင်ငံခြားသားတွေ အောက်တန်းဘဝမှ ပြည်ထောင်စု နိုင်ငံသားတို့၏ ထိပ်ဖျားသို့ တက်နေနိုင်ကြလေသည်။]

(၃)နံပါတ် အလုပ်မျိုးကား သေရည် သေရက်သောက်ခြင်း, ပန်းနံ့သာစသည်ကို လိမ်းကျံခြယ်လှယ်ခြင်း, အပျော်အပါး လိုက်စားခြင်း, ပွဲလမ်းသဘင် အမျိုးမျိုး ဆင်ယင် ကျင်းပခြင်း, မိမိတို့အားကောင်းသော အစည်းအရုံးဖြင့် ပျော်ပျော်ပါးပါး လုယူခြင်းစသော မတရား အလုပ်မျိုးတည်း။

ဤအလုပ်မျိုး၌လည်း ဗာလနှင့် ပဏ္ဍိတတို့၏ ဉာဏ်စွမ်းကို ခွဲခြမ်းသိသာနိုင်လေသည်၊ ဗာလသည် အလုပ်၏ ပျော်စရာကောင်းပုံသာ ကြည့်၏၊ အကျိုးမဲ့ ဖြစ်ရမည့် အချက်ကို မကြည့်တတ်၊ ထိုမကြည့်တတ်မှုကြောင့် ဗာလတစ်စုသည် မတရားမှုတွေကို ပျော်ပျော်ပါးပါးပြုကာ သူတို့မှာလည်း ကွဲကြ မွဲကြ သေကြ ကြေကြ ထောင်ကျကြနှင့် ဆွေမျိုးမိဘ တိုင်းသူ ပြည်သားတို့လည်း ပူကြ ဆွေးကြ ငိုယိုကြလျက် (သူပုန်ထမှု စသည်အတွက်)

တစ်နိုင်ငံလုံး မီးဟုန်းဟုန်း တောက်သည်အထိ အကျိုးမဲ့တွေ ပြည့်နှက်၍ နေလေတော့သည်။

အလိမ္မာပဏ္ဍိတ ဖြစ်သူကလေးတွေကား ထိုအကျိုးမဲ့တွေကို မြော်မြင်ကာ ပျော်စရာကောင်းသော မတရားမှုကိုပင် ရှောင်ကြဉ်ကြပေသည်။

(၄)နံပါတ် အလုပ်မျိုးကား ပျော်ပျော်ပါးပါး တရားနာသွားခြင်း, သန့်ရှင်းစင်ကြယ်စွာ ဝတ်၍ ပန်းနံ့သာစသည်ဖြင့် ဘုရားပူဇော်သွားခြင်းစသော သူတော်ကောင်း အလုပ်မျိုးတည်း။

ဤအလုပ်ကား အလုပ် လုပ်တုန်းမှာလည်း ဆင်းရဲပင်ပန်းခြင်း မရှိ, အကျိုးကို ကြည့်လျှင်လည်း ကောင်းသည်သာ ဖြစ်၍ အထူး စဉ်းစားဖွယ် မလို၊ ဝါသနာမပါ၍ မပြုလုပ်သော်လည်း ဝါသနာပါသူမှာ အလွယ်ဘကူ ပြုနိုင်သောအလုပ် ဖြစ်လေသည်။

**[အင်္ဂုတ္တိုရ် စတုက္ကပါတ်, တတိယပဏ္ဏာသက, ၁၂–ကေသိဝဂ်, ပဉ္စမသုတ်။]**

**ဆရာ။** ။ဗုဒ္ဓမြတ်စွာ၏ ဤ တရားတော်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် လူကြီး လူငယ်အများပင်



လေးလေး စားစား မှတ်သားထိုက်တယ်ကွဲ့၊ နိုင်ငံတော်မှာ အမြော်အမြင် နည်းပါးသော ဗာလတွေ များနေလျှင် ဘယ်အလုပ်ကိစ္စဉ်မျှ အထက်တန်း ရောက်နိုင်ကြမှာ မဟုတ်ဘူး၊ ဗာလအပြစ်ကို နားလည်ပြီး ပဏ္ဍိတဖြစ်အောင် အောက်ပါတရားတော်အတိုင်း ကြိုးစားကြကွဲ့။

## ဒုစရိုက်အတွက် ဘေးကြီးလေးပါးအကြောင်း။

ဘိက္ခုတို့...(၁) မိမိကိုယ်ကို မိမိပြန်၍ ကဲ့ရဲ့စွပ်စွဲသော အတ္တာနုဝါဒဘေး။

(၂) သူတစ်ပါးတို့၏ ကဲ့ရဲ့ စွပ်စွဲခြင်းဟူသော ပရာနုဝါဒဘေး။

(၃) အပြစ်ဒဏ် ခံရခြင်းဟူသော ဒဏ္ဍဘေး။

(၄) အပါယ်သုံးပါးဟူသော ဒုဂ္ဂတိဘေးအားဖြင့် ဘေးကြီးလေးပါး ရှိပါသည်*။

---

*စတ္တာရိမာနိ ဘိက္ခဝေ ဘယာနိ၊ ကတမာနိ စတ္တာရိ–အတ္တာနုဝါဒဘယံ ပရာနုဝါဒဘယံ ဒဏ္ဍဘယံ ဒုဂ္ဂတိဘယံ၊ ကတမဉ္စ ဘိက္ခဝေ အတ္တာနုဝါဒဘယံ၊ ဣဓ ဘိက္ခဝေ ဧကစ္စော ဣတိ ပဋိသဉ္စိက္ခတိ– **"အဟဉ္စေဝ ခေါ ပန ကာယေန ဒုစ္စရိတံ စရေယျံ, ဝါစာယ ဒုစ္စရိတံ စရေယျံ၊ မနသာ ဒုစ္စရိတံ စရေယျံ, ကိဉ္စ တံ မံ အတ္တာ သီလတော**

**န ဥပဝဒေယျာ**"တိ၊ သော အတ္တာနုဝါဒဘယဿ ဘီတော ကာယဒုစ္စရိတံ ပဟာယ ကာယသုစရိတံ ဘာဝေတိ, ဝစီဒုစ္စရိတံ ပဟာယ ဝစီသုစရိတံ ဘာဝေတိ, မနောဒုစ္စရိတံ ပဟာယ မနောသုစရိတံ ဘာဝေတိ, သုဒ္ဓံ အတ္တာနံ ပရိဟရတိ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အတ္တာနုဝါဒဘယံ၊ ကတမဉ္စ ဘိက္ခဝေ ပရာနုဝါဒဘယံ၊ ဣဓ ဘိက္ခဝေ ဧကစ္စော ဣတိ ပဋိသဉ္စိက္ခတိ- **"အဟဉ္စေဝ ခေါ ပန ကာယေန ဒုစ္စရိတံ စရေယျံ၊ (ပေ) ကိဉ္စ တံ မံ ပရေ သီလတော န ဥပဝဒေယျုံ"**န္တိ၊ သော ပရာနုဝါဒဘယဿ ဘီတော ကာယဒုစ္စရိတံ ပဟာယ ကာယသုစရိတံ ဘာဝေတိ၊ (ပေ) သုဒ္ဓံ အတ္တာနံ ပရိဟရတိ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ပရာနု ဝါဒဘယံ၊ (ပေ)။

သော ဒဏ္ဍဘယဿ ဘီတော န ပရေသံ ပါဘတံ ဝိလုမ္ပန္တော စရတိ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒဏ္ဍဘယံ၊ ကတမဉ္စ ဘိက္ခဝေ ဒုဂ္ဂတိဘယံ၊ ဣဓ ဘိက္ခဝေ ဧကစ္စော ဣတိ ပဋိသဉ္စိက္ခတိ- **"ကာယဒုစ္စရိတဿ ခေါ ပါပကော ဝိပါကော အဘိသမ္ပရာယံ, ဝစီဒုစ္စရိတဿ ပါပကော ဝိပါကော အဘိသမ္ပရာယံ, မနောဒုစ္စရိတဿ ပါပကော ဝိပါကော အဘိသမ္ပရာယံ၊ အဟဉ္စေဝ ခေါ ပန ကာယေန ဒုစ္စရိတံ စရေယျံ, ဝါစာယ ဒုစ္စရိတံ စရေယျံ, မနသာ ဒုစ္စရိတံ စရေယျံ, ကိဉ္စတံ" "ယာဟံ န ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇေယျံ"**န္တိ သော ဒုဂ္ဂတိဘယဿ ဘီတော ကာယဒုစ္စရိတံ ပဟာယ သုစရိတံ ဘာဝေတိ၊ (ပေ)၊ မနောသုစရိတံ ဘာဝေတိ၊ သုဒ္ဓံ အတ္တာနံ ပရိဟရတိ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုဂ္ဂတိဘယံ၊ ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ ဘယာနီတိ။

**[အင်္ဂုတ္တိုရ်, စတုက္ကနိပါတ်, တတိယပဏ္ဏာသက, ၃-ဘယဝဂ်, ပထမသုတ်။]**



ဘိက္ခုတို့... ဤလောက၌ အချို့လူများ စဉ်းစား ဆင်ခြင်သည်မှာ-**"ငါသည် ကိုယ်ဖြင့် ဒုစရိုက်ကို ပြုကျင့်လျှင်, နှုတ်ဖြင့် ဒုစရိုက်ကို ပြုကျင့်လျှင်, စိတ်ဖြင့် ဒုစရိုက်ကို ပြုကျင့်လျှင် ထိုဒုစရိုက်ကြောင့် ငါ့ကိုငါပြန်၍ အဘယ်မှာ မစွပ်စွဲ မကဲ့ရဲ့ဘဲ ရှိတော့မည်နည်း"** ဤသို့ စဉ်းစားပြီးလျှင် မိမိကိုယ်ကို မိမိကိုယ်တိုင် မကြည်ညိုနိုင်ဘဲ စွပ်စွဲကဲ့ရဲ့မည်ကို ကြောက်သောကြောင့် ဒုစရိုက်စုကို ရှောင်ရှား၍ သုစရိုက်ကို တိုးပွားစေလျက် မိမိကိုယ်ကို သန့်ရှင်း စင်ကြယ်သူဖြစ်အောင် ရွက်ဆောင်လေသည်။

ဘိက္ခုတို့... ဤလောက၌ အချို့လူများ စဉ်းစား ဆင်ခြင်သည်မှာ-**"ငါသည် ကိုယ်နှုတ်စိတ်တို့ဖြင့် ဒုစရိုက်ကို ပြုလိုက်လျှင် ထိုဒုစရိုက်ကြောင့် အခြားသူတို့သည် ငါ့ကို အဘယ်မှာ မစွပ်စွဲ မကဲ့ဘဲ ရှိတော့မည်နည်း"** ဤသို့ စဉ်းစားပြီးလျှင် သူတစ်ပါးတို့က မိမိကို မကြည်ညိုနိုင်ဘဲ စွပ်စွဲကဲ့ရဲ့မည်ကို ကြောက်သောကြောင့် ဒုစရိုက် ရှောင်ရှား၍ သုစရိုက်ကို တိုးပွားစေလျက် မိမိကိုယ်ကို သန့်ရှင်းစင်ကြယ်သူဖြစ်အောင် ရွက်ဆောင်လေသည်။

ဘိက္ခုတို့... ဤလောက၌ အချို့လူများ စဉ်းစား ဆင်ခြင်သည်မှာ-**"ငါသည် ကိုယ်နှုတ်စိတ်တို့ဖြင့် ဒုစရိုက်**

**ကို ပြုလိုက်လျှင် ထိုဒုစရိုက်ကြောင့် အစိုးရ အမှုထမ်းတို့သည် ငါ့ကိုဖမ်း၍ အမျိုးမျိုးနှိပ်စက်ကာ ထောင်ချကုန်ရာ၏"** ဤသို့ စဉ်းစားပြီးလျှင် လောက၌ ခံရမည့်ဘေးဒဏ်မှ ကြောက်သောကြောင့် ဒုစရိုက်ကို ရှောင်၍ သုစရိုက်ကို တိုးပွားစေလျက် သန့်ရှင်း စင်ကြယ်သူဖြစ်အောင် ရွက်ဆောင်လေသည်။

ဘိက္ခုတို့... ဤလောက၌ အချို့လူများ စဉ်းစားဆင်ခြင်သည်မှာ—**"ငါသည် ကိုယ်နှုတ်စိတ်တို့ဖြင့် ဒုစရိုက်ကို ပြုလိုက်လျှင် ထိုဒုစရိုက်ကြောင့် အဘယ်မှာ အပါယ်ဒုဂ္ဂတိသို့ မလားမရောက်ရဘဲ ရှိတော့အံ့နည်း၊ (အပါယ်ဒုဂ္ဂတိသို့ လားရတော့မည်မှာ ဧကန်ပင် ဖြစ်ပေလိမ့်မည်—ဟူလို၊)"** ဤသို့ စဉ်းစားပြီးလျှင် ဒုဂ္ဂတိသို့ ရောက်ရမည်မှာ ကြောက်သောကြောင့် ဒုစရိုက်ကို ပယ်ရှား ၍ သုစရိုက်ကို တိုးပွားစေလျက် မိမိကိုယ်ကို သန့်ရှင်း စင်ကြယ်သူဖြစ်အောင် ရွက်ဆောင်လေသည်။

[အင်္ဂုတ္တိုရ်, စတုက္ကနိပါတ်, တတိယပဏ္ဏာသက, ၃–ဘယဝဂ်, ပထမသုတ်။]



## ပူဇာစ ပူဇနီယာနံနှင့်စပ်၍ အမြတ်ဆုံးကို ကြည်ညိုခြင်း၏ အကျိုး။

**ဆရာ။** ။ဗုဒ္ဓမြတ်စွာက **"ပူဇာစ ပူဇနီယာနံ=ပူဇော်ထိုက်သော ပုဂ္ဂိုလ်ကို ပူဇော်ခြင်းသည် မင်္ဂလာတစ်ပါး"** လို့ မင်္ဂလသုတ်မှာ ဟောတော်မူတယ်၊ အဲဒီပူဇော်ထိုက်သော ပုဂ္ဂိုလ်ကိုလဲ ရွေးချယ်နိုင်သမျှ ရွေးချယ်ပြီး ပူဇော်တတ်လျှင် သာ၍ မြင့်မြတ်သော အကျိုးကို ရနိုင်တယ်၊ အောက်ပါ တရားတော်ကို ဖတ်ကြစမ်းကွဲ့။

ဘိက္ခုတို့... မြတ်သောအရာတို့၌ ကြည်ညိုခြင်းများ လေးပါး ရှိကြလေသည်၊ (၁) အခြေမရှိသော သတ္တဝါ, အခြေနှစ်ချောင်းရှိသော သတ္တဝါ, အခြေလေးချောင်းရှိသော သတ္တဝါ, အခြေအများရှိသော သတ္တဝါ, ရုပ်သာရှိသော သတ္တဝါ, နာမ်သာရှိသော သတ္တဝါ, သညာရှိသော သတ္တဝါ, သညာမရှိသော သတ္တဝါ, သညာရှိ မရှိ နှစ်မျိုးပင် မထင်ရှားသော သတ္တဝါအားဖြင့် များစွာသော သတ္တဝါတို့တွင် ကိလေသာတို့မှ ဝေးကွာစင်ကြယ်၍ သိဖွယ်ဟူသမျှကို အမှားအယွင်း မရှိရအောင် ကိုယ်တိုင်သိနိုင်သော မြတ်စွာဘုရားကို အမြတ်ဆုံးဟူ၍ ဆိုအပ်၏၊ ထိုမြတ်စွာဘုရား၌ ကြည်ညိုသူတို့သည် အမြတ်ဆုံးပုဂ္ဂိုလ်၌ ကြည်ညိုရာ

ရောက်၏၊ အမြတ်ဆုံး၌ ကြည်ညို သူတို့မှာ အမြတ်ဆုံး အကျိုးကို ရနိုင်ပေသည်*။

(၂) ဘိက္ခုတို့...အကြောင်း မကင်းဘဲ ဖြစ်ရသော သင်္ခတတရား များစွာတို့တွင် အင်္ဂါ ၈ ပါးရှိသော အရိယာမဂ်တရားသည် အမြတ်ဆုံးဖြစ်၏၊ သင်္ခတ အသင်္ခတ တရားတို့တွင်ကား အသင်္ခတ (အကြောင်းကင်း၍ ဖြစ်ရသော) နိဗ္ဗာန်တရားသည် အမြတ်ဆုံးဖြစ်၏၊ ထိုအမြတ်ဆုံးဖြစ်သော အရိယာမဂ်တရား နိဗ္ဗာန်တရား၌ ကြည်ညိုသူတို့မှာ အမြတ်ဆုံးအကျိုးကို ရနိုင်ပေသည်။

(၃) ဘိက္ခုတို့...ရှိသမျှ အားလုံး စုရုံးပေါင်းစပ်ထားသော (သံဃ) အသင်းအဖွဲ့၊ ထိုသံဃာအသင်း အဖွဲ့ထဲတွင် သဘောတူရာ စုပေါင်းထားသော (ဂိုဏ်း) အသင်းအဖွဲ့ ရှိ၏၊ ၎င်းတို့တွင် ငါဘုရား၏ အရိယာ(သံဃာ) အသင်း

*စတ္တာရောမေ ဘိက္ခဝေ အဂ္ဂပ္ပသာဒါ၊ ကတမေ စတ္တာရော– ယာဝတာ ဘိက္ခဝေ သတ္တာ အပဒါဝါ ဒွိပဒါဝါ စတုပ္ပဒါဝါ ဗဟုပ္ပဒါဝါ ရူပိနောဝါ အရူပိနောဝါ သညိနောဝါ အသညိနောဝါ နေဝသညိနာသညိ နောဝါ တထာဂတော တေသံ အဂ္ဂမက္ခာယတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ယေ ဘိက္ခဝေ ဗုဒ္ဓေ ပသန္နာ, အဂ္ဂေ တေ ပသန္နာ, အဂ္ဂေ ခေါပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ စသည်တည်း။

[အင်္ဂုတ္တိုရ်, စတုက္ကနိပါတ်, ပဌမပဏ္ဏာသက, ၄–စက္ကဝဂ်, စတုတ္ထသုတ်။]



အဖွဲ့သည် အမြတ်ဆုံးဖြစ်၏၊ အမြတ်ဆုံးဖြစ်သော အရိယာသံဃာ၌ ကြည်ညိုသူမှာ အမြတ်ဆုံးအကျိုးကို ရနိုင်ပေသည်။

[အင်္ဂုတ္တိုရ်, စတုက္ကနိပါတ်, ပဌမပဏ္ဏာသက, ၄–စက္ကဝဂ်, စတုတ္ထသုတ်။]

## ပဋိရူပဒေသဝါသောစ ဂါထာနှင့်စပ်၍ မှတ်ဖို့ရာ စက်လေးပါး တရားတော်။

ဘိက္ခုတို့ အဆက်ဆက် လည်တတ်၍ စက်နှင့်တူသော တရားတို့သည် ဤလေးပါးတို့ပေတည်း၊ ၎င်းစက်လေးပါးနှင့် ပြည့်စုံသော နတ်လူတို့မှာ စက်လေးပါး အမြဲလည်၍ နေပေသည်၊ ၎င်းစက်လေးပါးနှင့် ပြည့်စုံနေသော နတ်လူတို့သည် မကြာမီပင် စည်းစိမ်ဥစ္စာတို့၌ များပြားပြည့်စုံခြင်းသို့ ရောက်ကြလေသည်၊ စက်လေးပါးတို့ဟူသည် အဘယ်နည်း*။

*စတ္တာရိမာနိ ဘိက္ခဝေ စက္ကာနိ၊ ယေဟိ သမန္နာဂတာနံ ဒေဝမနုဿာနံ စတုစက္ကံ ဝတ္တတိ၊ ယေဟိ သမန္နာဂတာ ဒေဝမနုဿာ နစိရဿေဝ မဟတ္တတံ ဝေပုလ္လတံ ပါပုဏန္တိ ဘောဂေသု၊ ကတမာနိ စတ္တာရိ–ပဋိရူပဒေသဝါသော သပ္ပုရိသာဝဿယော အတ္တသမ္မာပဏိဓိ ပုဗ္ဗေစ ကတပုညတာ။

[အင်္ဂုတ္တိုရ်, စတုက္ကနိပါတ်, ပဌမပဏ္ဏာသက, ၄–စက္ကဝဂ်, ပဌမသုတ်။]

(၁) **ပဋိရူပဒေသဝါသ**=သင့်တော်သော အရပ်၌ နေခြင်း။

(၂) **သပ္ပုရိသာဝဿယ**=သူတော်ကောင်းကို မှီခို ဆည်းကပ်ခြင်း။

(၃) **အတ္တသမ္မာပဏိဓိ**=မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားခြင်း။

(၄) **ပုဗ္ဗေစ ကတပုညတာ**=ရှေးဘဝ၌ ကုသိုလ် ကောင်းမှုကို ပြုခဲ့ခြင်း ဤလေးပါးတို့တည်း။

ဆရာ။ ။**"အဲဒီစက်လေးပါးထဲမှာ သူတော်ကောင်းကို မှီခိုဆည်းကပ်ခြင်း"**ဆိုတဲ့ (၂)နံပါတ်စက်က **"ပဏ္ဍိတာနဉ္စ သေဝနာ"**ဆိုတဲ့ မင်္ဂလာမှာ ပါသွားပြီး ဖြစ်တယ်၊ ဒါ့ကြောင့် **"ပဋိရူပ ဒေသဝါသောစ"**ဂါထာမှာ စက်သုံးပါးသာ ပါတော့တယ်။

လောက၌ စက်ခေါ်သော အရာဝတ္ထုတွေဟာ စက်ဘီးတစ်ခုနှင့်တစ်ခု ဆက်ကာဆက်ကာ လည်နေသလို ဤစက်လေးပါး တရားမှာလည်း တစ်ပါးနှင့်တစ်ပါး ဆက်ကာဆက်ကာ လည်နေတာပဲကွဲ့၊ ကလေးများ စဉ်းစားနိုင်အောင် ဆရာပြောပြမယ်။

(၁) ရှေးရှေးဘဝက ကုသိုလ်ကောင်းမှု ပြုခဲ့ခြင်းဟူသော မင်္ဂလာစက်ရှိသူမှာ (၂) သင့်တော်သောအရပ်၌ နေထိုင်ရခြင်းဟူသော မင်္ဂလာစက် လည်လာတာပဲ၊ သင့်တော်သောအရပ်မှာ နေထိုင်ရပြန်တော့ (၃) ပညာရှိ သူတော်ကောင်းများနှင့် ပေါင်းရခြင်းဟူသော မင်္ဂလာစက်ဟာ အလွယ်တကူ လည်လာတာပဲ၊ ပညာရှိ သူတော်ကောင်းနှင့် ပေါင်းရပြန်လျှင် သူတို့၏ အဆုံးအမကို မကြာမကြာနာယူရ, သူတို့နေထိုင်ပုံ ပြောဆိုပုံကို နည်းယူရသဖြင့် (၄) မိမိ ကိုယ်စိတ်နှစ်ပါးကို ကောင်းသော အလုပ် ကောင်းသောနေရာ၌ ကောင်းစွာချထားခြင်းဟူသော မင်္ဂလာစက်ဟာ အလိုလို လည်လာတာပဲ။

**"မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားတယ်"** ဆိုလျှင်ဘဲ ဒီလို ကောင်းစွာထားမှုဟာ ကုသိုလ်ကောင်းမှုတွေသာ ဖြစ်တယ်၊ အဲဒီ ကုသိုလ်ကောင်းမှုတွေဟာ နောက်နောက် ဘဝများအတွက် **"ပုဗ္ဗေစ ကတပုညတာ"** မင်္ဂလာစက် ဖြစ်ပြန်ရော၊ ဒီတော့ အဲဒီ မင်္ဂလာစက်က သင့်တော်သောအရပ်၌ နေရခြင်းဆိုတဲ့စက်ကို လှမ်း၍ ဆက်ပြန်တော့ နောက်နောက် ဘဝမှာ မင်္ဂလာစက်တွေ ဆက်ကာဆက်ကာ လည်ပြန်တာပဲကွဲ့။

အဲဒီလို မင်္ဂလာစက်တွေနှင့် ပြည့်စုံနေတဲ့ တရားစက်သူဌေးဟာ ပဋိရူပဒေသခေါ်သော ဥတု ရေ မြေကောင်းတဲ့

အရပ်, ပညာသင်လို့ကောင်းတဲ့အရပ်, ရောင်းလို့ ဝယ်လို့ ကောင်းတဲ့အရပ်, လူကောင်းသူကောင်းတွေ ပေါများတဲ့ အရပ်မှာနေရလို့ ငယ်ရွယ်စဉ်က ပညာတတ်တယ်၊ လူကောင်း သူကောင်းများရဲ့ အနေအထိုင် အပြောအဆို နည်းယူရလို့ ရောင်းတတ် ဝယ်တတ်တယ်၊ သူတော်ကောင်းများရဲ့ အဆုံးအမကို နာယူရလို့ မိမိ၏ ကိုယ်နှင့်စိတ်ကို ကောင်းအောင်ထား၍ ကုသိုလ်တိုးပွားတယ်၊ ဒါ့ကြောင့် မင်္ဂလာတရားစက်နှင့် ပြည့်စုံနေသော တရားစက်သူဌေးဟာ မကြာခင် စီးပွားဥစ္စာ တိုးတက်သော ဥစ္စာစက်သူဌေးလဲ ဖြစ်နိုင်ပြန်တယ်ကွဲ့။

ဒါ့ကြောင့် ကလေးများဟာ ပညာသင်ချိန်မှာ ပညာသင်မှု၌ မိမိကိုယ်ကို ကောင်းစွာထားတဲ့သူဖြစ်အောင် ကျောင်းကို မှန်မှန်တက်ကြ, စာကို ကောင်းကောင်းကျက်ကြ, လက်ရေးကို ကောင်းကောင်းရေးကြ, မိမိစိတ်ကို ကောင်းစွာထားတဲ့သူဖြစ်အောင် ကစားဖော်ချင်း ရန်မဖြစ်ကြနဲ့၊ ချစ်ချစ်ခင်ခင်နေကြနော်၊ အဲဒီလို ကိုယ်နဲ့စိတ်ကို ကောင်းစွာထားကြလျှင် ကြီးတဲ့အခါ ပညာတတ် ဥစ္စာပေါသော မင်္ဂလာတရားစက်သူဌေး စီးပွားဥစ္စာစက်သူဌေးများ ဖြစ်ကြလိမ့်မယ်ကွဲ့။



# လောကကြီးပွားကြောင်း။

## သမ္ပဒါတရားလေးပါး ဖတ်စာ။

၁။ ။လောက၌ ဥစ္စာစည်းစိမ် ဂုဏ်သိရ်ပြည့်စုံကြောင်း တရားကို **"သမ္ပဒါတရား"**ဟု ခေါ်၏၊ ထိုသမ္ပဒါတရားသည် (၁) **ဥဋ္ဌာနသမ္ပဒါ,** (၂) **အာရက္ခသမ္ပဒါ,** (၃) **ကလျာဏမိတ္တတာ,** (၄) **သမဇီဝိတာ**အားဖြင့် လေးပါး ရှိပါသည်။

၂။ ။ဆိုင်ရာ အလုပ်ကိစ္စတွင် ကျွမ်းကျင်သော အသိဉာဏ်နှင့် ထထကြွကြွ လုံ့လဝီရိယရှိမှုကို **"ဥဋ္ဌာနသမ္ပဒါ"**ဟု ခေါ်ပါသည်၊ ထို့ကြောင့် လယ်သမားများ၌ လယ်လုပ်မှုနှင့်စပ်၍ အရပ်ရပ်နားလည်သော အသိဉာဏ်သည် ပထမဆုံး အရေးကြီးလှပါသည်၊ ကုသန်းရောင်းဝယ်သူတို့မှာ ကုန်ပစ္စည်းတို့၏ ထွက်ပေါ်ရာ ရောင်းချရာ အရပ်ဒေသနှင့် အချိန်ကာလကို နားလည်သော အသိဉာဏ်သည် ပထမဆုံး အရေးကြီးလှပါသည်။

၃။ ။ထိုကဲ့သို့ အသိဉာဏ်ရှိသော်လည်း ထထကြွကြွ ဝီရိယမရှိဘဲ ပျင်းရိနေသူမှာ အသိဉာဏ်၏အကျိုးကို မခံစားရပါ၊ အသိဉာဏ်ရှိသလောက် ထထကြွကြွ လုံ့လဝီရိယ ရှိဖို့ရန်လည်း ဒုတိယ အရေးကြီးပြန်ပါသည်၊

ထို့ကြောင့် ကလေးများသည် ကျောင်းမှထွက်၍ စီးပွားရှာသောအခါ အလုပ်ဆိုင်ရာ အသိဉာဏ်နှင့် ဖွဲ့သန်သော ဝီရိယကို ပြည့်စုံအောင် ကြိုးစားကြပါလေ။

၄။ ။**ဥဋ္ဌာနသမ္ပဒါ**ဖြင့် ရအောင်ရှာပြီးသော ဥစ္စာပစ္စည်းကို ရေ မီးစသော ရန်သူမျိုးငါးပါးကြောင့် မပျက်ပြားအောင် စောင့်ရှောက်တတ်မှသာ **"အာရက္ခသမ္ပဒါ"** ဖြစ်ပါသည်၊ ထို့ကြောင့် တတိယတန်းဝယ် ဗျသနတရားငါးပါး ဖတ်စာကိုပြရာ၌ ဘောဂဗျသန မဖြစ်ရအောင် ပြခဲ့သောနည်းများဖြင့် အာရက္ခသမ္ပဒါဖြစ်အောင် စောင့်ရှောက်ကြပါလေ။

၅။ ။ပညာရှိ သူတော်ကောင်းများနှင့် ပေါင်းခြင်းကို **"ကလျာဏမိတ္တတာ (ကောင်းသောမိတ်ဆွေ ရှိခြင်း)"**ဟု ခေါ်ပါသည်၊ မိတ်ဆွေကောင်းနှင့် အတူသွား အတူလာ အတူစား၍ အတူစကားပြောလေ့ရှိသူသည် ထိုမိတ်ဆွေကောင်း၏အထံမှ ကောင်းသောအကျင့် အကြံ အပြော အဆို အနေအထိုင်များကို အတုရသဖြင့် မိမိကိုယ်တိုင်လည်း နဂိုအခြေအနေထက် တိုးတက်၍ ကောင်းသောလူတစ်ယောက် ဖြစ်နိုင်ပါသည်၊ ထို့ကြောင့် ကလေးများသည် ဘယ်အခါမဆို လူကောင်းများနှင့်သာ ပေါင်းသင်းနေထိုင်ကြပါလေ။



၆။ ။အကုန်နှင့်အရ (အထွက်နှင့်အဝင်) မျှတအောင် စားသောက် နေထိုင်တတ်ခြင်းကို **"သမဇီဝိတာ= ညီမျှသော အသက်မွေးခြင်း"**ဟု ခေါ်ပါသည်၊ ထို့ကြောင့် သူများထံမှ ကြွေးမြီကို မျက်နှာငယ်ငယ်ဖြင့် မယူရဘဲ မိမိရသမျှဖြင့် မျှတလုံလောက်အောင် သုံးစွဲစားသောက်တတ်ဖို့ရာ အမြဲ သတိထားသင့်ပါသည်၊ ဘယ်အခါမဆို အကုန်ထက် အရက ပို၍နေလျှင် သာ၍ စိတ်ချမ်းသာရပါသည်၊ ထို့ကြောင့် ချိန်ခွင်ဖြင့် ချိန်စက်၍ ကြည့်သူကဲ့သို့ အကုန် အရကို အမြဲချိန်စက်၍ ကြည့်ကာ အရဘက်က အမြဲသာလျက် ရှိကြပါစေ။

၇။ ။ကုန်သည်ကြီး ဈေးသည်ကြီး စသည်ဖြစ်၍ အဝင် အရ အလွန်များနေသူသည် မိမိဂုဏ်နှင့်လိုက်အောင် အထိုက်အလျောက် ကောင်းကောင်းမွန်မွန် စားသောက်နေထိုင်မှသာ လူကဲ့ရဲ့ လွတ်နိုင်ပါသည်၊ အရများပါလျက် နုံနုံချာချာနေတတ်သူကို **"ကိုးကွယ်ရာမဲ့ သေမည့်သူ"**ဟုလည်းကောင်း, **"ရှေးကဝဋ်ပါလာလို့ မစားရက် မဝတ်ရက်နေသူ"**ဟု လည်းကောင်း ကဲ့ရဲ့တတ်ကြပါသည်၊ သမဇီဝိတာဖြစ်အောင် အသက်မွေးရာ၌ အရနည်းသူမှာ အရထက်ပင် လျော့၍ သုံးရပါသည်၊ အဝင် အရအလွန်များသူကား မိမိဂုဏ်နှင့် ထိုက်တန်အောင် နေထိုင်ရပါ

သည်၊ ဤသို့ သမ္မဒါတရားလေးပါးနှင့် ပြည့်စုံစွာ နေထိုင်သူတို့သာလျှင် လောက၌ တင့်တင့်တယ်တယ် နေနိုင်ကြပါသည်*။

[အင်္ဂုတ္တိုရ်, ဆက္ကနိပါတ်, ဒုတိယပဏ္ဏာသက, ဂေါတမီဝဂ်, စတုတ္ထသုတ်။]

## ပျက်စီးကြောင်းတရားလေးပါး။

၁။ ။သမ္မဒါန်တရားလေးပါးနှင့်အညီ နေထိုင်၍ တိုးတက်ကြီးပွားလာသော စီးပွားဥစ္စာတို့အတွက် ပျက်စီးကြောင်းတရားလည်း လေးပါးပင် ရှိပြန်၏၊ ထိုလေးပါးကား (၁) မိန်းမလိုက်စား၍ အပျော်အပါးကျူးလွန်ခြင်း, (၂) သေရည်အရက် (ဘိန်း,ကဇော်)ကြူး၍ ယစ်မူးမေ့လျော့ခြင်း, (၃) အလောင်းအစားကြူးခြင်း, (၄) မကောင်းသောမိတ်ဆွေများနှင့် ကိုယ်ရောစိတ်ပါ ပေါင်းခြင်းများတည်း။

၂။ ။မိန်းမလိုက်စား၍ အပျော်အပါး ကြူးလွန်သူသည် အလုပ်အကိုင်တွင် စိတ်မဝင်စားနိုင်ရုံသာမက ထိုမိန်းမတို့ကို ပေးကမ်းရသဖြင့် ရှိသမျှဥစ္စာတွေ ကုန်းခန်းသည့်တိုင်အောင် ပျက်စီးတတ်လေသည်။

၃။ ။သေရည်အရက်ကြူး၍ မူးမေ့နေသူကား သုရာမေရယ သိက္ခာပုဒ်၌ ပြခဲ့သောအပြစ်များ ရှိရုံသာမက အလုပ်ကိစ္စ၌ မေလျော့နေတတ်သဖြင့် တိုးတက်သင့်သော



ဥစ္စာများ မတိုးပွားဘဲ ဆုတ်ယုတ် ပျက်ပြားတတ်လေသည်။

၄။ ။အလောင်းအစားကြူးသူမှာ တစ်ရာလျှင် ကိုးဆယ်ကိုးယောက်သည် အလုပ်လစ်ဟင်း၍ ရှိရင်းဥစ္စာများ ကုန်ခန်းရမည်သာတည်း၊ ရန်ကုန်မြို့ကြီးများကဲ့သို့ ကြီးကျယ်သော မြို့ကြီးများ၌ အလောင်းအစား လုပ်ဖို့ရာ မြင်းပွဲစသော ကလပ်တွေ များစွာရှိနေသည်မှာ နိုင်ငံသူနိုင်ငံသားတို့ ပျက်ပြားဆုတ်ယုတ်ဖို့ အကြောင်းချည်းသာ ဖြစ်လေသည်။

၅။ ။မကောင်းသောမိတ်ဆွေများနှင့် ပေါင်းသင်းခြင်းကား ပြခဲ့သော ဥစ္စာပျက်ကြောင်းသုံးပါး၏ အခြေခံတရားပင် ဖြစ်လေသည်၊ မိန်းမလိုက်စားသူနှင့် ပေါင်းသူသည် မကြာခင် မိန်းမလိုက်စားသူ ဖြစ်တတ်၏၊ အရက်သမားနှင့်ပေါင်းသူလည်း အရက်သမား ဖြစ်တတ်၏၊ မြင်းသမား ကစားသမားနှင့်ပေါင်းသူလည်း မြင်းသမား ကစားသမား ဖြစ်တတ်သည်။

၆။ ။ရေသွင်းဖို့ရာ ပြွန်လေးခုပါသော ရေကန်ကြီးတစ်ခု၌ ရေထုတ်ပြွန်လည်း လေးခုပင်ရှိလေရာ ရေသွင်းပြွန်တစ်ခုမှ တသွင်သွင် ရေဝင်နေသော်လည်း ရေထုတ်ပြွန်လေးခုကို မပိတ်လျှင် ဝင်သမျှရေတွေ ထွက်နေမည်သာ

ဖြစ်သကဲ့သို့ သမ္မာဒါလေးပါးနှင့်အညီ စုဆောင်း ရှာဖွေ၍ ဝင်လာသော စီးပွားဥစ္စာတွေသည် ပျက်စီးကြောင်း အပေါက်လေးပါးကို ပိတ်ဆို့၍ မထားနိုင်လျှင် မကြာခင် ထွက်သွား၍ ပျက်ပြားရမည် ဖြစ်လေသည်၊ ထို့ကြောင့် သမ္မာဒါလေးပါးဖြင့် ရရှိသောစီးပွားများကို အလွယ်တကူ ထွက်၍ မသွားအောင် ပျက်စီးကြောင်း အပေါက်လေးပါး ကိုလည်း လုံခြုံစွာ ပိတ်ဆို့ထားကြပါကုန်။

## အနာထပိဏ်သူဌေးအား ဟောအပ်သော သုခလေးပါးတရားတော်။

၁။ အိမ့်ရှင်သူဌေး... ကာမဂုဏ်စည်းစိမ်ကို ခံစားသော လူဝတ်ကြောင်သည် အခါအခွင့်အကြောင်း အပေါင်းသင့်မှုကို အစွဲပြု၍ ဤလေးပါးကုန်သော သုခတို့ကို ရနိုင်ကြပေသည်၊ အဘယ်လေးပါးတို့နည်း? (၁) အတ္ထိသုခ, (၂) ဘောဂသုခ, (၃) အနဏျ သုခ, (၄) အနဝဇ္ဇ သုခတို့တည်း*။

*စတ္တာရိမာနိ ဂဟပတိ သုခါနိ အဓိဂမနီယာနိ ဂိဟိနာ ကာမဘောဂိနာ ကာလေန ကာလံ သမယေန သမယံ ဥပါဒါယ၊ ကတမာနိ စတ္တာရိ အတ္ထိသုခံ ဘောဂသုခံ အနဏျသုခံ အနဝဇ္ဇသုခံ။

[အင်္ဂုတ္တိုရ်, စတုက္ကနိပါတ်, ဒုတိယပဏ္ဏာသက, ၂–ပတ္တကမ္မဝဂ်, ဒုတိယသုတ်။]



၂။ အိမ့်ရှင်သူဌေး... ဤလောက၌ အလုပ်သမား အမျိုးသားတစ်ယောက်မှာ ထကြွလုံ့ ဝီရိယဖြင့် ရအပ်, လက်ရုံးအားကိုးဖြင့် စုဆောင်းအပ်, ချွေးကျအောင် ကြိုးစား၍ တရားသဖြင့် ရအပ်ကုန်သော စည်းစိမ်များ ရှိကြပေသည်၊ ထိုအမျိုးသားသည် **“မိမိကြိုးစား၍ စုဆောင်းထားသော စည်းစိမ်များ ရှိနေပါတကား”**ဟု စဉ်းစားတိုင်း နှစ်သက်ဝမ်းမြောက်မှု သုခတစ်မျိုးကို ခံစားရလေသည်၊ ဤသုခမျိုးသည် ရွှေငွေဥစ္စာရှိနေမှုကို အကြောင်းပြု၍ ဖြစ်ရသော**“အတ္ထိသုခ”**ပေတည်း၊ [အတ္ထိ–ရှိ၏ဟုဖြစ်သော+သုခ–ချမ်းသာ။]

၃။ အိမ့်ရှင်သူဌေး... ထိုအမျိုးသားသည် လက်ရုံးအားကိုးဖြင့် ကြိုးစား၍ တရားသဖြင့် ရရှိစုဆောင်းထားသော ထိုစည်းစိမ်များဖြင့် မိမိကိုယ်တိုင်လည်း သုံးစွဲစားသောက်၏၊ ဒါနစသော ကုသိုလ်ကောင်းမှုများကိုလည်း ပြု၏၊ ထိုအမျိုးသားသည် **“တရားသဖြင့် ရရှိစုဆောင်းထားသော စည်းစိမ်များဖြင့် သုံးစွဲစားသောက်ရပေသည်, ကုသိုလ်ကောင်းမှု ပြုရပေသည်”**ဟု စဉ်းစားတိုင်း နှစ်သက်ဝမ်းမြောက်မှု သုခတစ်မျိုးကို ခံစားရလေသည်၊ ဤသုခမျိုးသည် သုံးစွဲရခြင်းကြောင့်ဖြစ်သော **“ဘောဂသုခ”**ပေတည်း၊ [ဘောဂ=သုံးစွဲရခြင်းကြောင့်ဖြစ်သော+သုခ–ချမ်းသာ။]

**၄။** အိမ့်ရှင်သူဌေး... ထိုအမျိုးသားသည် ရရှိသော စီးပွားဥစ္စာကို သမ္ဗဒါတရားလေးပါးနှင့်အညီ စုဆောင်းနိုင်သောကြောင့် သူတစ်ပါးအထံမှ ကြွေးမြီကို မယူရသဖြင့် မည်သူ့ကြွေးကိုမျှ ပေးဆပ်ရခြင်း မရှိ၊ (ကြွေးယူမိသူတို့ ကြွေးအတွက် ပူပန်ဒုက္ခရောက်ရပုံနှင့် မိမိမှာကြွေး မရှိပုံ ကြွေးမဆပ်ရပုံကို နှိုင်းယှဉ်၍) စဉ်းစားတိုင်း နှစ်သက် ဝမ်းမြောက်မှု သုခမျိုးကို ခံစားရပေသည်၊ ဤသုခမျိုးသည် ကြွေးမရှိမှုကြောင့်ဖြစ်သော **"အနဏျသုခ"**ပေတည်း၊ [အနဏျ–ကြွေးမရှိခြင်းကြောင့် ဖြစ်သော+ သုခ–ချမ်းသာ။]

**၅။** အိမ့်ရှင်သူဌေး... ထိုအမျိုးသားသည် စီးပွားဥစ္စာကို စုဆောင်းထားပြီး ဖြစ်သောကြောင့် (သူတစ်ပါးကို ကပ်ရပ်ချော့မော့ခြင်း, မတရားသဖြင့် စီးပွားရှာခြင်းကို မပြုဘဲ နေနိုင်တော့ရကား) အပြစ်မရှိသော ကိုယ်မှု, နှုတ်မှု,စိတ်မှုကိုသာ ပြုနိုင်လေတော့သည်၊ (ဘယ်အရာမဆို တရားသောအလုပ်ကိုသာ ရဲရဲဝံ့ဝံ့ လုပ်နိုင်သည်, တရားသောဘက်က နေရဲသည်ဟူလို) ထိုအမျိုးသားသည် **"ငါ့မှာ အပြစ်ကင်းသော ကိုယ်မှု, နှုတ်မှု, စိတ်မှုကိုသာ ပြုနိုင်သည်"**ဟု စဉ်းစားတိုင်း နှစ်သက်ဝမ်းမြောက်မှု သုခတစ်မျိုးကို ခံစားရလေသည်၊ ဤသုခမျိုးသည် အပြစ်ကင်းသောအမှုကိုသာ ပြုရခြင်းကြောင့် ဖြစ်သော **"အနဝဇ္ဇသုခ"**ပေတည်း၊ [အနဝဇ္ဇ–အပြစ်မရှိခြင်းကြောင့် ဖြစ်သော+သုခ–ချမ်းသာ။]



**၆။** သမ္ဗဒါ တရားလေးပါးနှင့်အညီ စီးပွားဥစ္စာကို ရှာဖွေစုဆောင်း၍ ပျက်စီးကြောင်း အပေါက်လေးပါးကို ပိတ်ဆို့ထားနိုင်သော အမျိုးသားသည် ဤသုခလေးပါးကို အချိန်မရွေး တွေးတိုင်းတွေးတိုင်း ခံစားနိုင်သောကြောင့် အမြော်အမြင် ဆင်ခြင်စဉ်းစားတတ်သော အမျိုးသား အမျိုးသမီးတို့သည် ဤတရားတော်များမှာ လာသည့်အတိုင်း မိမိနှင့်တကွ အမျိုးဘာသာ သာသနာတိုးပွားအောင် ကြိုးစားကြပါကုန်။

[အင်္ဂုတ္တိုရ်,စတုက္ကနိပါတ်,ဒုတိယပဏ္ဏာသက,၂ပတ္တကမ္မဝဂ်,ဒုတိယသုတ်။]

## ကုန်သည် (ဈေးသည်)များ၏ ကြီးပွားကြောင်း တရားတော်။

**၁။** ။ဘိက္ခုတို့...အင်္ဂါသုံးပါးတို့နှင့် ပြည့်စုံသော ကုန်သည် ရောင်းဝယ်သူသည် မကြာမီပင် စီးပွားဥစ္စာတို့၌ တိုးတက်ပြန့်ပွားခြင်းသို့ ရောက်နိုင်၏၊ အင်္ဂါသုံးပါးဟူသည် အဘယ်နည်း? ဘိက္ခုတို့... ဤလောက၌ ကုန်သည် ရောင်းဝယ်သူသည် (၁) မျက်စိအမြင်ကျယ်၏၊ (၂) တာဝန်ကိုလည်း ထမ်းဆောင်နိုင်၏၊ (၃) အမှီလည်း

ကောင်း၏၊ ဤသို့ မျက်စိအမြင်ကျယ်ခြင်း, စွမ်းဆောင်နိုင်ခြင်း, အမှီကောင်းခြင်းသည် အင်္ဂါသုံးပါးပင်တည်း*။

၂။ ဘိက္ခုတို့...ဤလောက၌ ကုန်သည် ရောင်းဝယ်သူသည် ကုန်အကြောင်းကို ကောင်းကောင်း နားလည်၏၊ ဤကုန်သည် ဤဈေးနှုန်းဖြင့် ဝယ်၍ ဤဈေးနှုန်းဖြင့် ရောင်းရလျှင် အရင်းမည်မျှကျ၍ အမြတ်မည်မျှ ရမည်ဟု နားလည်၏၊ ဤသို့ နားလည်ခြင်းသည် အမြင်ကျယ်ခြင်း ပင်တည်း။

၃။ ဘိက္ခုတို့...ဤလောက၌ ကုန်သည် ရောင်းဝယ်သူသည် ကုန်များကို ရအောင်ဝယ်မှု စွန်အောင်ရောင်းမှု၌ ကျွမ်းကျင်၏၊ ဤသို့ ကျွမ်းကျင်ခြင်းသည် မိမိတာဝန်ကို စွမ်းဆောင်နိုင်ခြင်းပင်တည်း။

၄။ ဘိက္ခုတို့...ဤလောက၌ ကုန်သည် ရောင်းဝယ်သူကို အရင်းအနှီးထုတ်ပေးနိုင်သော ဓနရှင်ကြီးများက ယုံကြည်ကြ၏၊ (အဘယ်သို့ ယုံကြည်ကြသနည်း?) ဤသူသည် မျက်စိအမြင်လည်း ကျယ်ဝန်း၏၊ ဝယ်မှုရောင်းမှု၌လည်း ကျွမ်းကျင်၏၊ သားမယားကို ကျွေးမွေးခြင်းငှာလည်းကောင်း, ငါတို့အား အချိန်ကျလျှင် အတိုးပေးခြင်းငှာလည်းကောင်း စွမ်းနိုင်၏၊ ဤသို့ ယုံကြည်ကြလေသည်၊ ဤသို့ ယုံကြည်ကြသဖြင့် အရင်းအနှီး (ကုန်ပစ္စည်း) များကို ထုတ်ပေးကြကုန်၏၊ ဤသို့ ဓနရှင်ကြီးများ၏ ယုံကြည်မှု အားပေးမှုကိုရခြင်းသည် အမှီ ကောင်းခြင်းပင်တည်း။

* တီဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ပါပဏိကော နစိရဿေဝ မဟတ္တံဝါ ဝေပုလ္လတ္တံဝါ ပါပုဏာတိ ဘောဂေသု၊ ကတမေဟိ တီဟိ ဣဓ ဘိက္ခဝေ ပါပဏိကော စက္ခုမာစ ဟောတိ ဝိဓုရောစ နိဿယ သမ္ပန္နောစ။

[အင်္ဂုတ္တိုရ်, တိကနိပါတ်, ပဌမပဏ္ဏာသက, ၂-ရထကာရဝဂ်, ဒသမသုတ်။]



၅။ ဤတရားတော်ကို မှတ်သား၍ ကုန်သန်းရောင်း ဝယ်ကြသော ကုန်သည် (ဈေးသည်)များသည် ကုန်၏ အကြောင်းကို နားလည်ခြင်း ရောင်းစွမ်းဝယ်စွမ်း ရှိခြင်း ကို အခြေခံထား၍ ဓနရှင်ကြီးများ၏ ယုံကြည်မှုကို ရ လောက်အောင် ရိုးသားဖြောင့်မတ်စွာ ကုန်သန်းရောင်းဝယ် ကြလျှင် မကြာခင် ကြီးပွား၍ ကုမ္ပဏီပိုင်ရှင်ကြီးများပင် ဖြစ်နိုင်ပါသည်၊ ထိုကဲ့သို့ ဈေးသည်တို့၏ ဂုဏ်အင်္ဂါနှင့် မပြည့်စုံဘဲ ကုန်သန်းရောင်းဝယ်ကြလျှင်ကား အရင်းပင် ဆုံးရှုံးကာ လက်ရှိ စည်းစိမ်များပင် ပျက်စီးတတ်ပါသည်။

[အင်္ဂုတ္တိုရ်,တိကနိပါတ်,ပဌမပဏ္ဏာသက,၂ရထကာရဝဂ်,ဒသမသုတ်။]

## သင်္ဂဟဝတ္ထုလေးပါး တရားတော်။

**ဆရာ။** ။တပည့်များ... ဤလောကကြီးမှာ တော်တော် တန်တန် တတ်သိလိမ္မာရုံဖြင့် ကြီးပွားချမ်းသာ

ကြောင်း နည်းကောင်းတွေ စုံပြီဟု မမှတ်ကြနှင့်၊ သမ္ဗုဒ္ဓါ တရားလေးပါး, ကုန်သည် ဈေးသည်များ၏ ဂုဏ်အင်္ဂါ သုံးပါးတို့နှင့်အညီ စီးပွားဥစ္စာ ဖွေရှာစုဆောင်းပြီးနောက် ပျက်စီးကြောင်း ထွက်ပေါက်လေးပါးကို ပိတ်ဆို့ထားတတ်ရုံမျှဖြင့် လူတို့၏ တတ်သိ လိမ္မာဖွယ်များ မစုံလင်သေးပါ၊ မိမိနှင့် ပေါင်းသင်းဆက်ဆံသော မိတ်ဆွေများကို ထိုက်တန်သလို ချီးမြှောက်နည်းများကိုလည်း တတ်သိနားလည်ဖို့ လိုပါသေးသည်၊ ဒါကြောင့် အောက်ပါ **"သင်္ဂဟဝတ္ထု"** ခေါ်သော ချီးမြှောက်နည်း တရားတော်ကိုလည်း ဖတ်ကြပါကွယ်။

ဘိက္ခုတို့...မိတ်ဆွေများကို သင်္ဂြိုဟ် ချီးမြှောက်ကြောင်း နည်းလမ်းကောင်းတို့သည် (၁) ဒါန=ပေးကမ်းခြင်း၊ (၂) ပိယဝစ္စ=ချစ်နှစ်သက်ဖွယ် ပြောခြင်း, (၃) အတ္ထစရိယာ=အကျိုးစီးပွားတိုးပွားအောင် ပြုကျင့်ခြင်း, (၄) သမာနတ္တတာ=တူမျှသောသုခဒုက္ခ ရှိခြင်းအားဖြင့် လေးပါး ရှိကုန်၏။*

---

*စတ္တာရိမာနိ ဘိက္ခဝေ သင်္ဂဟဝတ္ထူနိ၊ ကတမာနိ စတ္တာရိ၊ ဒါနံ ပေယျဝဇ္ဇံ အတ္ထစရိယာ သမာနတ္တတာ။

[အင်္ဂုတ္တိုရ်, စတုက္ကနိပါတ်, ပဌမပဏ္ဏာသက, ၄-စက္ကဝဂ်, ဒုတိယသုတ်။]



၁။ ထိုလေးပါးတို့တွင် မိတ်ဆွေတစ်ယောက်အပေါ်၌ ထိုလေးမျိုးလုံးဖြင့် ချီးမြှောက်ရမည်ဟု ဟောတော်မူလိုရင်း မဟုတ်ပါ၊ မိတ်ဆွေ၏ အလိုဆန္ဒလိုက်၍ ထိုက်သလို ချီးမြှောက်ရမည်ဟု ဟောတော်မူလိုပါသည်။

၂။ အချို့သောမိတ်ဆွေသည် ပစ္စည်းဥစ္စာ မရှိ၊ ထိုမိတ်ဆွေမျိုးအတွက် ချစ်ဖွယ်စကားကို ပြောဆိုနေရုံမျှဖြင့် ချီးမြှောက်ရာ မရောက်သေး၊ ထိုက်တန်သလောက် ပေးကမ်းလိုက်မှသာ ချီးမြှောက်ရာရောက်၏၊ ထိုမိတ်ဆွေကို ပေးကမ်းခြင်းဟူသော ဒါနဖြင့် ချီးမြှောက်သင့်လေသည်။

၃။ တချို့မိတ်ဆွေသည် ပစ္စည်းဥစ္စာ ရှိပြီးဖြစ်၍ ပေးကမ်းခြင်းကို မမျှော်လင့်ချေ၊ တစ်ယောက်နှင့် တစ်ယောက် တွေ့ဆုံသည့်အခါ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ခြင်း, ချစ်ခင်ကြင်နာစွာ ပြောဆိုခြင်းကိုသာ အလိုရှိ၏၊ ထိုမိတ်ဆွေမျိုးကို ချစ်နှစ်သက်ဖွယ်စကားကို ပြောဆိုခြင်းဟူသော ပိယဝစ္စဖြင့် ချီးမြှောက်သင့်လေသည်။

၄။ တချို့မိတ်ဆွေများသည် စီးပွားဥစ္စာနှင့် ကုသိုလ်ကောင်းမှု တိုးတက်ဖို့ရန် နည်းပေးလမ်းပြ စကားကို နားထောင်လို၏၊ မိမိ၏ကိစ္စ၌ ကူညီလုပ်ကိုင်ပေးခြင်းကို

လိုလား၏၊ ထိုမိတ်ဆွေအတွက်ကား ပေးကမ်းနေဖွယ်လည်း မလို၊ နှစ်သက်ဖွယ်စကားကို ပြောဆိုနေဖွယ်လည်း မလို၊ သူ၏အကျိုးရှိရာ ရှိကြောင်း နည်းပေးလမ်းပြပြုလုပ်ခြင်း၊ အကျိုးစီးပွားရှိအောင် ကူညီခြင်းဟူသော အတ္ထစရိယဖြင့် ချီးမြှောက်သင့်လေသည်။

၅။ တချို့မိတ်ဆွေကား ရှေ့သုံးပါးဖြင့် ချီးမြှောက်ခြင်းထက် သွားလျှင်အတူ, စားလျှင်အတူ, ထိုင်လျှင်အတူ ဤသို့ တန်းတူထားခြင်းကို လိုလား၏၊ ထိုမိတ်ဆွေမျိုးကို တန်းတူထား၍ ချီးမြှောက်သင့်ရုံမက သူဆင်းရဲနေသည့်အခါ မိမိကလည်း စိတ်မချမ်းသာသော အမူအရာကိုပြခြင်း, သူချမ်းသာနေသည့်အခါ မိမိကလည်း ဝမ်းသာအားရရှိပုံ အမူအရာပြခြင်းဟူသော သမာနတ္တတာဖြင့် ချီးမြှောက်သင့်ပေသည်၊ [သမာနတ္တ=တူသောသဘောရှိသည်၏+တာ=အဖြစ် (တန်းတူထားခြင်း။)]

**အမိ, အဘ, ဘုရား, သာဝကတို့၌ ကောင်းစွာ ကျင့်ထိုက်ကြောင်း တရားတော်။**

**ဆရာ။** ။မိတ်ဆွေများအပေါ်မှာ သင်္ဂဟဝတ္ထု လေးပါးဖြင့် ချီးမြှင့်တတ်လျှင် တာဝန်ဝတ္တရားကျေပြီဟု မမှတ်ကြသေးနှင့်၊ အမိ, အဘ, ဗုဒ္ဓမြတ်စွာနှင့် **"သာဝက"**ဟု ခေါ်သော အရိယာသံဃာတော်များအပေါ်၌ ထိုက်သင့်သလို ကောင်းစွာ ပြုကျင့်တတ်ဖို့လဲ လိုသေးတယ်ကွဲ့၊ အောက်ပါ တရားတော်ကို ဖတ်ကြစမ်းပါ။



၁။ ဘိက္ခုတို့...လေးမျိုးသောပုဂ္ဂိုလ်တို့၌ မှားယွင်းစွာ ပြုကျင့်သော လူမိုက်, လူဖျင်း, လူမသူတော်သည် မိမိကိုယ်ကို တူးဖြို ဖျက်ဆီးအပ်ရာရောက်အောင် ရွက်ဆောင်နေ၏၊ ကြီးလေးသော အပြစ်လည်းရှိ၏၊ ပညာရှိသူတော်ကောင်းတို့၏ အကဲ့ရဲ့ကိုလည်း ခံရ၏၊ များစွာသော မကောင်းမှုကိုလည်း တိုးပွားစေ၏၊ အဘယ်လေးမျိုးတို့၌နည်း?၊ အမိ၌လည်းကောင်း, အဘ၌လည်းကောင်း, မြတ်စွာဘုရား၌လည်းကောင်း ဗုဒ္ဓ၏စကားတော်ကို လိုက်နာသော ရဟန်းကောင်း သာဝကတို့၌လည်းကောင်း တည်း*။

၂။ ဘိက္ခုတို့...လေးမျိုးသောပုဂ္ဂိုလ်တို့၌ ကောင်းစွာ ပြုကျင့်သော လူလိမ္မာ, လူထက်, လူသူတော်ကောင်းသည် မိမိကိုယ်ကို တူးဖြိုဖျက်ဆီးအပ်ရာ မရောက်အောင်

---

*စတူသု ဘိက္ခဝေ မိစ္ဆာပဋိပဇ္ဇမာနော ဗာလော အဗျတ္တော အသပ္ပုရိသော ခတံ ဥပဟတံ အတ္တာနံ ပရိဟရတိ၊ သာဝဇ္ဇော စ ဟောတိ၊ သာနုဝဇ္ဇော စ ဝိညူနံ၊ ဗဟုဉ္စ အပုညံ ပသဝတိ၊ ကတမေသု စတူသု မာတရိ+ပိတရိ+ တထာဂတေ+တထာဂတသာဝကေ။
[အင်္ဂုတ္တိုရ်, စတုက္ကနိပါတ်, ပဌမပဏ္ဏာသက, ၁-တဏှာယောဂဝဂ်, စတုတ္ထသုတ်။]

ရှက်ဆောင်၏၊ အပြစ်လည်းကင်း၏၊ ပညာရှိ သူတော်ကောင်းတို့၏ အကဲ့ရဲ့လည်း မခံရ၊ (ချီးမွမ်းကိုသာ ခံရ၏၊) များစွာသော ကုသိုလ်ကောင်းမှုကိုလည်း တိုးပွားစေ၏၊ အဘယ်လေးမျိုးတို့ဌ်နည်း?၊ အမိဌ်လည်းကောင်း, အဘဌ်လည်းကောင်း, မြတ်စွာဘုရားဌ်လည်းကောင်း ဗုဒ္ဓ၏စကားတော်ကို လိုက်နာသော ရဟန်းကောင်း သာဝကတို့ဌ်လည်းကောင်းတည်း*။

**ဆရာ**။ ။**"မှားယွင်းစွာ ပြုကျင့်တယ်"**ဆိုတာ ကောင်းစွာ ပြောသောစကားကို အကြောင်းမရှိဘဲ ငြင်းပယ်ခြင်း, ဆဲဆိုကြိမ်းမောင်းခြင်း ဆန့်ကျင်ဘက် (အတိုက်အခံ)လုပ်ခြင်း, သတ်ပစ်ခြင်းစသည်ကို ဆိုလိုတယ်၊ အဲဒီလို မှားယွင်းစွာ ပြုကျင့်တဲ့သူဟာ သေလျှင် ဧကန်အပါယ်ကျမည် ဖြစ်သောကြောင့် (သစ်ပင်ကြီးကို နောင်အခါ မစည်ပင်အောင် အမြစ်ကစ၍ တူးဖြိုဖျက်ဆီး

*စတူသု ဘိက္ခဝေ သမ္မာပဋိပဇ္ဇမာနော ပဏ္ဍိတော ဝိယတ္တော သပ္ပုရိသော အက္ခတံ အနုပဟတံ အတ္တာနံ ပရိဟရတိ၊ အနဝဇ္ဇော စ ဟောတိ၊ အနနုဝဇ္ဇော စ ဝိညူနံ၊ ဗဟုဥ္စ ပုညံ ပသဝတိ၊ ကတမေသု တူသု မာတရိ+ပိတရိ+ တထာဂတေ+တထာဂတသာဝကေ။

[အင်္ဂုတ္တိုရ်, စတုက္ကနိပါတ်, ပဌမပဏ္ဏာသက, ၁-တဏှာယောဂဝဂ်, စတုဿသုတ်။]



ပစ်လိုက်သကဲ့သို့) မိမိကိုယ်ကို တူးဖြိုဖျက်ဆီးရာ ရောက်တယ်၊ လူဖြစ်ရှုံးတယ်၊ ဒီလိုလူမျိုးဟာ လွန်စွာ ကြီးလေးသောအပြစ်ကို ပြုရာရောက်သဖြင့် ပညာရှိများ၏ ကဲ့ရဲ့ခြင်းကိုလဲ ခံရတော့တာပဲ။

အဲဒီ ပုဂ္ဂိုလ်လေးမျိုးဌ် **"ကောင်းစွာကျင့်တယ်"**ဆိုတာကတော့ ဆုံးမစကားကို နားထောင်ခြင်း, ပြုစုလုပ်ကျွေးခြင်း, ရိုခိုးကန်တော့ခြင်းစသော အကျင့်များပဲ၊ ဒီလိုကျင့်တဲ့ အမျိုးသားများမှာ မိမိကိုယ်ကို တူးဖြိုဖျက်ဆီးပစ်ရာ မရောက်ဘဲ လူ့ဘဝ ရကျိုးနပ်တယ်၊ ပညာရှိအများ၏ ချီးမွမ်းခြင်းကို ခံရတယ်၊ ကုသိုလ်တရားတွေ (ဘဝသံသရာမှာ အကျိုးပေး၍ မကုန်နိုင်အောင်)များပြီး နိဗ္ဗာန်ကိုပင် မျက်မှောက်ပြုဖို့ရန် အခြေခံကုသိုလ်များ တိုးပွားတယ်။

ဒါကြောင့် မိဘစကား နားထောင်ပြီး စွမ်းနိုင်သမျှ မိဘကို ပြုစုကြနော်၊ မြတ်စွာဘုရား၏ ဓာတ်တော်များ ထာပနာထားတဲ့ စေတီများနှင့် ရုပ်ပွားတော်များကိုလဲ ပန်း ဆီမီးစသည်ဖြင့် ပူဇော်ကန်တော့ကြ၊ ကောင်းမွန်စွာ ကျင့်သော သံဃာတော်များကိုလဲ ဆွမ်း သင်္ကန်းစသော ပူဇော်ဖွယ်များဖြင့် ပူဇော်ထောက်ပံ့ကြကွဲ့။

## အကုသိုလ်ကလေးပဲဟု အထင်မသေးဖို့ရန် ဆုံးမသော တရားတော်။

**ဆရာ။** ။မိဘစသူကို စော်ကားတဲ့ အကုသိုလ်ကြီးကို မဆိုထားဘိ အနည်းငယ်သောမ ကောင်းမှုအကုသိုလ်ကိုပင် မပြုဖို့ရန် ဗုဒ္ဓမြတ်စွာက တားမြစ်တော်မူတယ်။

**မာဝမညေထ ပါပဿ, န မန္တံ အာဂမိဿတိ၊**
**ဥဒဗိန္ဒုနိပါတေန, ဥဒကုမ္ဘောပိ ပူရတိ၊**
**ဗာလော ပူရတိ ပါပဿ, ထောကံ ထောကံပိ အာစိနံ။**

မြန်မာပြန်။ ။**"အနည်းငယ်သော မကောင်းမှုကလေးသည် အကျိုးပေးလာမည် မဟုတ်"**ဟု အထင်မသေးလင့်၊ မိုးရေပေါက်ကလေးတွေ တစ်ပေါက်စီ တစ်ပေါက်စီ ကျခြင်းဖြင့် ရေလှောင်အိုးကြီး သော်မှလည်း ပြည့်ရသကဲ့သို့ ထို့အတူ အနည်းငယ် အနည်းငယ် ပြုသဖြင့် ပေါင်းစုမိလတ်သော် လူမိုက်မှာ မကောင်းမှုတွေ အပြည့် ဖြစ်နေလေသည်၊ **"အငယ်စား မကောင်းမှုကလေးတွေ ပေါင်းစုမိသည့်အခါ အားရှိသဖြင့် အကျိုးပေးလာနိုင်သည်"**ဟူလို။

[ဓမ္မပဒ, ၉-ပါပဝဂ်, ဂါထာ အမှတ်-၁၂၁။]



## ကုသိုလ်ကလေးဟု အထင်မသေးဖို့ရန် ဆုံးမသော တရားတော်။

**မာဝမညေထ ပုညဿ, န မန္တံ အာဂမိဿတိ၊**
**ဥဒဗိန္ဒုနိပါတေန, ဥဒကုမ္ဘောပိ ပူရတိ၊**
**ဓီရော ပူရတိ ပုညဿ, ထောကံ ထောကံပိ အာစိနံ။**

မြန်မာပြန်။ ။**"အနည်းငယ်သော ကုသိုလ်ကောင်းမှုသည် အကျိုးပေးလာမည် မဟုတ်"**ဟု အထင် မသေးသင့်၊ မိုးရေပေါက်ကလေးတွေ တစ်ပေါက်စီ တစ်ပေါက်စီ ကျခြင်းဖြင့် ရေလှောင်အိုးကြီး သော်မှလည်း ပြည့်ရသကဲ့သို့ ထို့အတူ အနည်းငယ် အနည်းငယ်ပြုသဖြင့် ပေါင်းစုမိလတ်သော် လူလိမ္မာပညာရှိမှာ ကောင်းမှုတွေ ပြည့်နေလေတော့သည်၊ **"အနည်းငယ်သော ကောင်းမှုကလေးတွေ ပေါင်းစုမိသည့်အခါ အားရှိသဖြင့် အကျိုးပေးလာနိုင်သည်"**ဟူလို။

[ဓမ္မပဒ, ဂါထာ အမှတ်-၁၂၂။]

## ကုသိုလ် အကုသိုလ်တို့ အကျိုးပေးရာ၌ စည်းစနစ် ရှိပုံ။

[မလ္လိကာမိဖုရား မေးလျှောက်၍ ဗုဒ္ဓမြတ်စွာ ဖြေတော်မူခြင်း။]

**မေး။** ။(၁) မြတ်စွာဘုရား...ဤလောက၌ တချို့ မိန်းမသည် ရုပ်လည်းမချော, ဥစ္စာလည်းမပေါ, သြဇာ

အာဏာလည်း မရှိပါ၊ ဤသို့ သုံးမျိုးလုံး မကောင်းခြင်း၏ အကြောင်းရင်းကား အဘယ်ပါနည်း?။

**ဖြေ**။ ။**မလ္လိကာ**...ဤလောက၌ တချို့မိန်းမသည် (၁) ဒေါသကြီး၏, သူများက နည်းနည်းပါးပါး မခံချင်စရာပြောလျှင် သူကစိတ်ဆိုး၍ မပြေနိုင်အောင်ဖြစ်၏၊ နေရာတိုင်းမှာ မနှစ်သက် မကျေနပ်သော အမူအရာကို ပြတတ်၏၊ (၂) စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ မရှိ၊ (၃) ကိုယ်ထက်သာလျှင် မနာလိုတတ်သော(ဣဿာ) စိတ် ရှိ၏၊ ထိုမိန်းမသည် (နောက်ဘဝ၌) ဒေါသကြီးသောကြောင့် အရုပ်ဆိုး၏၊ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ မရှိသောကြောင့် ဥစ္စာပစ္စည်းမွဲ၍ ဆင်းရဲရ၏၊ ကိုယ့်ထက်သာလျှင် မနာလိုတတ်သောကြောင့် သြဇာအာဏာ မရှိသူ ဖြစ်ရလေသည်။

**မေး**။ ။(၂) မြတ်စွာဘုရား...ဤလောက၌ တချို့မိန်းမသည် ရုပ်မချောပါ၊ သို့သော် ဥစ္စာပေါ၍ သြဇာအာဏာ ရှိပါသည်၊ ဤသို့ တစ်မျိုးမကောင်း၍ နှစ်မျိုးကောင်းခြင်း၏ အကြောင်းရင်းကား အဘယ်ပါနည်း?။

**ဖြေ**။ ။ **မလ္လိကာ**...ဤလောက၌ တချို့မိန်းမသည် (၁) ဒေါသကြီး၏၊ (၂) စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိ၏၊ (၃) ကိုယ့်ထက်သာလျှင် မနာလိုသောဣဿာစိတ်လည်း မရှိ၊ ထိုမိန်းမသည် (နောက်ဘဝ၌) အရုပ်ဆိုး၏၊ သို့သော် ဥစ္စာပေါ၍ သြဇာအာဏာကား ရှိလေသည်။



**မေး**။ ။(၃) မြတ်စွာဘုရား...ဤလောက၌ တချို့မိန်းမသည် ရုပ်ချောပါ၏၊ သို့သော် စည်းစိမ်ဥစ္စာလည်း မရှိ, သြဇာအာဏာလည်း မရှိပါ၊ ဤသို့ တစ်မျိုးကောင်း၍ နှစ်မျိုးမကောင်းခြင်း၏ အကြောင်းရင်းကား အဘယ်ပါနည်း?။

**ဖြေ**။ ။ **မလ္လိကာ**...ဤလောက၌ တချို့မိန်းမသည် ဒေါသမကြီးတတ်၊ သို့သော် စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ မရှိ, ကိုယ့်ထက်သာလျှင် မနာလိုသော ဣဿာစိတ်လည်း ရှိ၏၊ ထိုမိန်းမသည် (နောက်ဘဝ၌) ရုပ်ချော၏၊ သို့သော် ဥစ္စာပစ္စည်းမွဲ၍ ဆင်းရဲသည့်အပြင် သြဇာအာဏာလည်း မရှိတတ်ချေ။

**မေး**။ ။(၄) မြတ်စွာဘုရား...ဤလောက၌ တချို့မိန်းမသည်၊ ရုပ်ချောပါ၏၊ ဥစ္စာပေါပါ၏၊ သြဇာအာဏာလည်း ရှိပါ၏၊ ဤသို့ သုံးမျိုးလုံးကောင်းခြင်း၏ အကြောင်းရင်းကား အဘယ်ပါနည်း?။

**ဖြေ**။ ။ **မလ္လိကာ**...ဤလောက၌ တချို့မိန်းမသည် ဒေါသလည်း မကြီး, စွန့်ကြဲပေးကမ်း လှူဒါန်း

လေ့လည်း ရှိ၏, ကိုယ့်ထက်သာလျှင် မနာလိုစိတ်လည်း မရှိ၊ ထိုမိန်းမသည် (နောက်ဘဝ၌) ရုပ်ချော ဥစ္စာပေါ၍ သြဇာအာဏာရှိသူ ဖြစ်နိုင်လေသည်။

ထိုတရားတော်ကို ကြားနာရ၍ **မလ္လိကာ**မိဖုရားသည် ယနေ့ကစ၍ ဒေါသမကြီးသူ, စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိသူ, ကိုယ့်ထက်သာလျှင် မနာလိုသော ဣဿာစိတ် မရှိသူ ဖြစ်ပါတော့မည်ဟု လျှောက်ထားလေသည်။

[အင်္ဂုတ္တိုရ်, စတုက္ကနိပါတ်, စတုတ္ထပဏ္ဏာသက, ၅-မဟာဝဂ်, သတ္တမသုတ်။]

**ဆရာ။** ။ကိုင်း, ကုသိုလ် အကုသိုလ် တရားများဟာ ဘယ့်လောက် စည်းစနစ် သေချာသလဲကွဲ့၊ ဒေါသကြီးတဲ့သူဟာ ဒီဘဝမှာပဲ ဒေါသဖြစ်တုန်း အရုပ်ဆိုးနေသလို နောက်ဘဝလဲ အရုပ်ဆိုးတော့တာပဲ၊ မပေးကမ်းတဲ့သူလဲ (ယခုဘဝ နှစ်မြောနေတဲ့အတွက်) နောက်ဘဝကျတော့ နှမြောစရာတောင် မရှိအောင် မွဲတာပဲ၊ ကိုယ့်ထက်သာသူတွေကို မနာလိုတဲ့သူများတော့ နောက်ဘဝမှာ သြဇာအာဏာ မရှိတော့ပဲ သူ့စကားကို ဘယ်သူမှ နာလိုသူ မရှိတော့ဘူး။

ဒေါသမကြီးတဲ့ သူကတော့ ဒီဘဝမှာ အမြဲ စိတ်ကြည်နေသလို နောက်ဘဝမှာ ရုပ်အဆင်းပါ ကြည်လင်လှပနေတာပဲ၊ သူများ ပေးကမ်းစွန့်ကြဲသူဟာ နောက်ဘဝမှာ ပေးလို့တောင် မကုန်နိုင်အောင် ပေါတာပဲ၊ ကိုယ့်ထက်သာသူကို မနာလိုစိတ် မရှိတဲ့သူဟာ နောက်ဘဝမှာ သူ့စကားကိုလဲ အားလုံးက နာလိုကြလို့ သြဇာအာဏာ ပြည့်ဝနိုင်တယ်။

ဒါ့ကြောင့် ကလေးများလဲ ဒေါသ မကြီးကြနဲ့၊ စွန့်ကြဲ ပေးကမ်းကြ၊ ကိုယ့်ထက်သာသူကို **"တော်ပါပေတယ်, ရှေးကုသိုလ် ကောင်းပါပေတယ်, ယခုဘဝလဲ လုံ့လဝီရိယ ကောင်းပါပေတယ်"**လို့ ချီးမွမ်းနိုင်ကြကွဲ့၊ ဒါမှ နောက်ဘဝကျတော့ ဥစ္စာပေါ ရုပ်ချောပြီး သြဇာအာဏာရှိသူ ဖြစ်နိုင်မယ်နော်။



## အမြတ်ဆုံး တရားတော်လေးပါး။

**ဆရာ။** ။ဗုဒ္ဓမြတ်စွာက အကောင်းဆုံး အသာဆုံး အမြတ်ဆုံးဖြစ်သော တရားလေးပါးကိုလဲ ဟောတော်မူထားသေးတယ်၊ အောက်ပါ တရားတော်ကို ဖတ်ကြစမ်းကွဲ့။

(၁) အနာရောဂါကင်း၍ ကျန်းမာခြင်းလာဘ်သည် အမြတ်ဆုံး အကောင်းဆုံးလာဘ် ဖြစ်၏။

(၂) ရရှိသောဥစ္စာဖြင့် တင်းတိမ်ရောင့်ရဲခြင်းသည် အမြတ်ဆုံး အသာဆုံးဥစ္စာ ဖြစ်၏။

(၃) အကျွမ်းတဝင် ချစ်ခင် ရင်းနှီးခြင်းရှိသူသည် အမြတ်ဆုံး အသာဆုံးဆွေမျိုး ဖြစ်၏။

(၄) နိဗ္ဗာန်သည် အမြတ်ဆုံး အသာဆုံး ချမ်းသာ ဖြစ်၏။

**ဆရာ။** ။လူတစ်ယောက်ဟာ စည်းစိမ်ချမ်းသာ ရှိတယ် ဆိုကြစို့၊ အဲဒီလူဟာ မကျန်းမမာ ဖြစ်နေလျှင် သူ့စည်းစိမ်တွေကို သူ ခံစားနိုင်ဦးမလားကွဲ့။

**ကလေးများ။** ။မခံစားနိုင်တော့ဘူး ဆရာ။

**ဆရာ။** ။ကဲ, လူတစ်ယောက်ကတော့ ပစ္စည်းမရှိ ရှာဘူးကွဲ့၊ သို့သော် သိပ်ကျန်းမာတာပဲ၊ အဲဒီလူဟာ ထမင်း စားလို့ မမြိန်ပေဘူးလား, အိပ်လို့ မပျော်ပေဘူးလားကွဲ့။

**ကလေးများ။** ။မြိန်မှာပဲ ပျော်မှာပဲ ဆရာ။

**ဆရာ။** ။အေး, ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာက ကျန်းမာ ခြင်းကို အကောင်းဆုံးလာဘ်လို့ ဟောတော်မူတယ်၊ မိမိ တို့ အရပ်ထဲမှာ ပစ္စည်းရှိလျက် မကျန်းမမာသူနှင့် ဥစ္စာ မရှိဘဲ ကျန်းမာသူနှစ်ယောက်ကို ဘယ်သူက ချမ်းသာသ လဲလို့ စဉ်းစားကြည့်ကြကွဲ့၊ ကလေးများလဲ ကျန်းမာ အောင် တွေ့ကရ အစာကို မစားကြနဲ့၊ သန့်ရှင်းတဲ့အစာကို သာ စားကြ၊ ဒို့မြန်မာလူမျိုးများဟာ ဘုရားကိုးကွယ်ပြီး



တော့ **"ကျန်းမာတာ အသာဆုံးလာဘ်"**လို့ ဟောတော်တဲ့ ဗုဒ္ဓရဲ့ တရားတော်ကို မလေးစားကြလို့ အပျို လူပျိုဘဝမှာ ရောဂါမကင်းကြဘဲ သူတို့ကတစ်ဆင့် ချူနာသယ် ကလေး တွေကို မွေးပစ်ကြတယ်ကွဲ့၊ ကလေးများ လက်ထက်က စပြီး ကျန်းမာရေး လိုက်စားကြနော်။

**တပည့်များ။** ။ဟုတ်ကဲ့ ဆရာ။

**ဆရာ။** ။**"တင်းတိမ် ရောင့်ရဲခြင်းဟာ အသာဆုံး ဥစ္စာ"**လို့ ဟောတော်မူတဲ့အတွက် ဒီတရားတော်အရ **"စီးပွားတိုးတက်အောင် ရှာဖို့မလိုပါဘူး"**ဟု အယူမှား ကြတယ်ကွဲ့၊ ဗုဒ္ဓမြတ်စွာရဲ့အလိုတော်က ဥဋ္ဌာနသမ္ပဒါ စသည်ဖြင့် ရခွင့်ရှိသောဥစ္စာကို ရှာရမယ်၊ ရပြီးတဲ့အခါ အဲဒီရတာနဲ့ ကျေနပ်ရမယ်၊ တစ်ရာရအောင် ရှာပါလျက် တစ်ဆယ်သာရပေမယ့် စိတ်ဆင်းရဲ မနေနဲ့၊ နောက်တစ်ခါ တစ်ရာရလိမ့်မပေါ့၊ ယခု အလှဲ့တော့ ရသမျှ တစ်ဆယ်နဲ့ ပဲ ကျေနပ်ရမယ်လို့ (စိတ်ချမ်းသာအောင် ဟောတော်မူ တာ) ဖြစ်တယ်။

---

အာရောဂျပရမာ လာဘာ, သန္တုဋ္ဌိ ပရမံဓနံ၊
ဝိဿာသပရမာ ဉာတိ, နိဗ္ဗာနံ ပရမံ သုခံ။

(ဓေနိပါတ်, အဋ္ဌသဒ္ဒါရဇာတ်။)

တချို့က မိမိမှာရရှိတဲ့ စည်းစိမ်နဲ့ တင့်တိမ်မနေသေးဘဲ သူများစည်းစိမ်ကိုပင် လိုချင်သေးတယ်၊ (အဘိဇ္ဈာဖြစ်သေးတယ်၊) ကိုယ့်ဇနီးနှင့် တင်းမတိမ်ဘဲ အပိုလိုချင်သေးတယ်၊ အဲဒီလို အလိုကြီးနေလျှင် ဆင်းရဲစရာတွေများစွာဖြစ်မှာကို မြင်တော်မူလို့ ရသမျှနှင့် (ရှိသမျှနှင့်) တင်းတိမ်အားရ ရောင့်ရဲရမယ်လို့ ဟောတော်မူတာပါကွယ်ရို့၊ ပစ္စည်း မရှာရဘူးလို့ ဟောတော်မူတာ မဟုတ်ကြောင်းကို ကလေးများ နားလည်ကြကွဲ့။

**ကလေးများ။** ။ဟုတ်ကဲ့ ဆရာ။

**ဆရာ။** ။သွေးသားစပ်တဲ့ ဆွေမျိုးတချို့ဟာ ဘာမှ အကူအညီ မပေးဘဲ သွေးသားမစပ်သော မိတ်ဆွေကောင်းကသာ အကူအညီပေးတာ ရှိသေးတယ်၊ အဲဒီလို ဆွေမျိုးများအတွက်တော့ ဘာမှအကျိုး မရှိဘူး၊ မိတ်ဆွေကသာ အကျိုးရှိတယ်၊ ဒါ့ကြောင့် သွေးသားစပ်သည်ဖြစ်စေ, မစပ်သည်ဖြစ်စေ ချစ်ခင်ရင်းနှီးပြီး တစ်ယောက်အကျိုး တစ်ယောက်လိုလားလို့ ကူညီစရာရှိလျှင် ကူညီတဲ့သူဟာ အကောင်းဆုံး ဆွေမျိုးလို့ ဟောတော်မူတယ်၊ ဆွေမျိုးအရင်းမက ချစ်ခင်ကြတဲ့ ကလေးများလဲ တစ်ယောက်ကို တစ်ယောက် စောင့်ရှောက်ကြ ကူညီကြနော်။



**ကလေးများ။** ။ဟုတ်ကဲ့ ဆရာ။

**ဆရာ။** ။နိဗ္ဗာန် တရားတော်မြတ်ရဲ့ အချမ်းသာဆုံးဖြစ်ပုံကိုတော့ နောင်ကြီးတဲ့အခါ လေ့လာကြသေးတာပေါ့ကွယ်။

## ဘုရားဖြစ်တော်စဉ် (ဗုဒ္ဓဝင်)။

### သူဌေးသား သုမေဓာ။

ဤကမ္ဘာမှ ပြန်၍ရေတွက်သည်ရှိသော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း အထက်၌ **"အမရဝတီ"** မည်သော မင်းနေပြည်တော်ဝယ် သူဌေးမျိုးရိုး အစဉ်အဆက်မှ ဆင်းသက်လာသော သတိုးသားကလေး တစ်ယောက်သည် **"သုမေဓာ"** ဟူသော အမည်အားဖြင့် ထင်ရှားခဲ့လေသည်၊ ထိုသတိုးသား ငယ်စဉ်ကပင် မိဘများ ကွယ်လွန်သဖြင့် ရွှေ ငွေ စိန် ကျောက်စသော ရတနာတိုက်ပေါင်းများစွာကို ဘဏ္ဍာတော်ထိန်း အမတ်က ထိန်းသိမ်းစောင့်ရှောက်ထားရလေသည်။

ထိုသတိုးသားကလေး **သုမေဓာ**သည် အတတ်ပညာကို သင်ကြားရာ၌ ဆယ့်ခြောက်နှစ် အရွယ်မှာပင် ဆိုင်ရာအားလုံးကို ပြီးဆုံးလုံလောက် တစ်ဖက်ကမ်းရောက်မျှ တတ်မြောက်ပြီးဖြစ်၍ ဆိုင်ရာပစ္စည်းများကို

စာရင်းနှင့်တကွ ပစ္စည်းထိန်းအမတ်က လွှဲအပ်သည်ကို လက်ခံပြီးနောက် ပစ္စည်းရှင်ဖြစ်သော မိဘဘိုးဘွားတို့ အဆက်ဆက် ကွယ်လွန်ကာ ပစ္စည်းတွေသာ ကျန်ရစ်ခဲ့ပုံကို အကြောင်းပြုလျက် ပင်ကိုယ်က ပညာပါရမီအခံရင့်သန်ပြီး အပေါ်မှာ သင်ကြားတတ်မြောက်ထားသော ကျမ်းစာတို့ရောစွက်၍ ဆိတ်ငြိမ်ရာအရပ် အုတ်တိုက်အထက်ထပ်သို့ တက်ပြီးလျှင် ကမ္ဗဍ္ဍာန်းအားထုတ်သည့်အသွင် တင်ပလ္လင် ဖွဲ့ခွေလျက် လေးလေးနက်နက် စဉ်းစားတော်မူလေသည်။

## စဉ်းစားတော်မူခန်း။

အိုကြရ–သေကြရ–မိန်းမောတွေဝေလျက် သေကြပျက်စီးကြရ–သေလွန်ပြီးနောက် ပဋိသန္ဓေတည်နေရသဖြင့် ဤလောကကြီးသည် သက်သာခွင့် မရနိုင်လောက်အောင် ဆင်းရဲလှပါဘိတော့ တကား၊ ငါသည်လည်း ဤဆင်းရဲမျိုးမှ မလွတ်နိုင်သေး၊ ဤဆင်းရဲမျိုးမှ လွတ်ရာလွတ်ကြောင်း ကောင်းမြတ်သော သဘောတစ်မျိုးသည်ကား ဧကန်မုချ ရှိပေလိမ့်မည်၊ အပူ ရှိလျှင် အအေးလည်းရှိရ, မကောင်းမှု ရှိလျှင် ကောင်းမှုလည်း ရှိရ, ဆင်းရဲရှိလျှင် ချမ်းသာလည်း ရှိရသကဲ့သို့ အို, နာ, သေရေး ဒုက္ခဘေးတို့ဖြင့် ကြီးလေးစွာ ဆင်းရဲခံနေသော ဤခန္ဓာကိုယ်ကြီးရှိလျှင် မအို, မနာ, မသေရာဖြစ်သော ဓာတ်တစ်မျိုးလည်း ဧကန် ရှိသင့်သေး၏၊ ထိုတရားထူးကို မရမနေ ရှာဖွေတော့အံ့။



ထင်ရှားရှိသောတရားကို မရှာဘဲနေခြင်းသည် တရား၏ အပြစ်မဟုတ်၊ မရှာသူ၏ အပြစ်သာ ဖြစ်လေသည်၊ မိဘဘိုးဘွား အဆက်ဆက်ဆွေမျိုးများသည် စီးပွားဥစ္စာတွေကို ရှာဖွေစုဆောင်းပြီးလျှင် အနည်းငယ်မျှ မယူနိုင်ကြဘဲ စွန့်ခဲ့ကြရကုန်ပြီ၊ ငါ၏ဆွေမျိုးများမှာ ပစ္စည်းကို ရှာသာ ရှာတတ်၍ မယူတတ် မသုံးစွဲတတ်ကြ၊ ငါကား ဤပစ္စည်းတွေကို စွန့်ကြဲပေးကမ်းသောအားဖြင့် ယူသွားတော့အံ့၊ [လှူဒါန်းလျှင် မိမိသန္တာန်၌ ဒါနကုသိုလ်ကျန်ရစ်၍ ထိုဒါနဖြင့် နောက်နောင်ဘဝ၌ ပစ္စည်းရနိုင်သည်ဟု ကြံစည်လိုရင်းဖြစ်သည်။

## တောထွက်၍ ရှာန်အဘိညာဉ်ရတော်မူခန်း။

ဤသို့လျှင် သတို့သားသုခမိန်သည် မအို, မနာ, မသေရာကို ရှာလိုသော ဇောဆန္ဒက အားကြီးလှသဖြင့် မရေမတွက်နိုင်အောင် မြားမြောင်သော စည်းစိမ်တွေအပေါ်မှာ အနည်းငယ်မျှ တွယ်တာတော်မမူဘဲ ရွှေ ငွေ

ဘဏ္ဍာ ရတနာအပြည့်ဖြစ်သော တိုက်ကြီးများကို ဖွင့်လှစ်ကာ **"အလိုရှိရာ ယူ ရစ်ကြလော"**ဟု အားရပါးရ စွန့်ကြဲတော်မူခဲ့ပြီးနောက် ဝတ်ဆင်မြဲ အဝတ်တစ်စုံမျှဖြင့် ဟိမဝန္တာသို့ မြန်းကြွပြီးလျှင် ဝိသကြုံနတ်သား ဖန်ဆင်းထားနှင့်သော ကျောင်းသခ်မ်းနှင့် ရဟန်းပရိက္ခရာတို့ကို တွေ့မြင်၍ ရသေ့ ရဟန်းအသွင်ကို ယူ တော်မူလေသည်။

ထို့နောက် ကမ္မဋ္ဌာန်းကို အားထုတ်လေရာ ပင်ကိုယ်က ထက်မြက်သော ဉာဏ်ပညာနှင့် သင်ကြားတတ်မြောက်ထားသော ကျမ်းစာတို့၏ အစွမ်းကြောင့်လည်းကောင်း, ဈာန်အဘိညာဉ်တို့၏ အထက် ဟိုဘက်က နိဗ္ဗာန်ကို ရှာကြံလိုသော ဆန္ဒတော်ကြီးကြောင့်လည်းကောင်း, လောကီဈာန် အဘိညာဉ်လောက်အတွက်မှာ အနည်းငယ်မျှ ကြန့်ကြာတော်မမူဘဲ ခုနစ်ရက်အတွင်းဝယ် အလွယ်တကူ ထမြောက်တော်မူလေသည်၊ [အဘိညာဉ်၏ အစွမ်ကား မြေလျှိုး-မိုးပျံ, ပုံသဏ္ဍာန်အမျိုးမျိုး ဖန်ဆင်းနိုင်ခြင်းနှင့်တကွ ဝေးဝေးလန်လန် သေးငယ်သော အသံကိုကြားနိုင်ခြင်း, သေးငယ်သော အဆင်း-ငရဲသူ ငရဲသား-ပြိတ္တာများနှင့် အထက်နတ်များကို မြင်နိုင်ခြင်း စသည်တည်း။]



ထို့နောက် ရရှိပြီးသော ဈာန်အဘိညာဉ်ဖြင့် မွေ့လျော်ကာ နိဗ္ဗာန်ကို ရှာသော်လည်း ကောင်းစွာ အထမမြောက်သေးချေ၊ သို့သော် ပင်ကိုယ်က ပညာပါရမီအခံ ရင့်သန်ပြီး ဖြစ်သည့်အပြင် ဈာန်အဘိညာဉ်တို့၏ အတွက် တိုးတက်လာသော ဘာဝနာအစွမ်းကြောင့် အနည်းငယ်မျှ သဲလွန်စကိုရလျှင် နိဗ္ဗာန်ကို ဘွားကနဲ မြင်ဖို့ရာ ကောင်းစွာလုံလောက်သော အခြေအနေသို့ ရောက်လေပြီ။

## ဘုရားဆု ပန်တော်မူခန်း။

ထိုကဲ့သို့ ဈာန်အဘိညာဉ်ဖြင့် မွေ့လျော်ကာ တစ်ရံတစ်ခါ ကောင်းကင်ခရီးဖြင့် လှည့်လည်တော်မူလေ့ရှိရာ နှစ်ပေါင်းအတော်ကြာလျှင် **"ဒီပင်္ကရာ"** ဘုရားရှင်လည်း ပွင့်တော်မူလာသောကြောင့် **"ရမ္မာ"**မည်ခေါ် နေပြည်တော်သားတို့ ဘုရားရှင်ကို ပင့်ဖိတ်လျက် ကြွတော်မူရန် လမ်းပြင်နေကြသည်ကို မြင်ရသဖြင့် ကောင်းကင်မှ ဆင်းသက်၍ မေးမြန်းသောအခါ အကြောင်းအရာကို ကောင်းစွာသိရသည့်အတွက် နှစ်သက်ဝမ်းမြောက်ခြင်း ထန်ပြင်းစွာဖြစ်လေရကား မိမိလည်း လမ်းပြင်လိုကြောင်း ခွင့်တောင်းလေသော် **"ဤရသေ့သည် တန်ခိုးကြီးသော ရသေ့ဖြစ်၏, တန်ခိုးဖြင့် ပြင်ဆင်လိမ့်မည်, ရွံ့ညွန်ရှိသော နေရာကို**

**ပေးကြစို့ရယ်”**ဟု တိုင်ပင်လျက် အပြင်ခက်သောနေရာကို ပေးကြလေသတည်း။

အရှင်ရသေ့သည်လည်း တန်ခိုးဖြင့် ပြင်ဆင်လျှင် လွယ်ကူစွာ ပြီးနိုင်ပါလျက် ကိုယ်ဖြင့် ပင်ပန်းခံ၍ ပြုမှသာ သာလွန်၍ အကျိုးများဖွယ်ရာ ရှိလေသောကြောင့် သူများနည်းတူ မြေကို ထမ်းယူလျက် ရွှံ့ညွန်ကွက်ကို ဖို့နေစဉ် ရဟန္တာလေးသိန်း အခြံအရံနှင့်တကွ ဘုရားရှင် ကြွတော်မူလာသောကြောင့် ဘုရားရှင်၏ ထူးခြားသော ကျက်သရေတော်ကို ဖူးမျှော်ရသည့်အခါ လွန်စွာအားရ ပီတိသောမနဿတွေ အလှိုင်းတကြီးထလျက် ယခင်က အပြီးမသတ်သေးသော ရွှံ့ညွန်အပြင်မှာ ဘုရားရှင်နှင့်တကွ နောက်ပါရဟန္တာ အပေါင်းကို မနင်းစေဘဲ မိမိအပေါ် နင်းလျက် ကြွတော်မူဖို့ရာ တံတားအသွင် ခင်းလျက် ဝပ်စင်း၍ နေလေသည်။

ထို့နောက် မိမိ ဦးခေါင်းရင်းသို့ ဘုရားရှင် ရောက်တော်မူလာသည့်အခါ စဉ်းစားတော်မူသည်မှာငါသည် တစ်ကိုယ်တည်းအတွက် နိဗ္ဗာန်ကို အလိုရှိပါလျှင် ယခုပင် ကိလေသာ အာသဝေါကို ကုန်ခန်း သွေ့ခြောက်စေလျက် ရဟန္တာအဖြစ်သို့ ရောက်နိုင်လောက်ပြီ၊ သို့သော်



အိုနာ သေရေး ဒုက္ခဘေးတို့ဖြင့် ကြီးလေးစွာ ဆင်းရဲရုံမက အပါယ်လေးပါး၌ နစ်မွန်း မျောပါးနေကြရသော သတ္တဝါတွေကို ကယ်ဆယ်နိုင်လောက်သော စွမ်းရည် သတ္တိရှိသူတစ်ယောက်က မကယ် မယူ လျစ်လျူပြုထား၍ ကိုယ်လွတ်ရုန်းသွားခြင်းကို တရားနည်းလမ်းကျသည်ဟု မဆိုနိုင်ချေ၊ (ဥပမာ–လူပေါင်းများစွာ ပင်လယ်ကျော ဝယ် မျောနေရာ၌ ကိုယ်ပိုင်သင်္ဘော စီးနင်းလာသူက မကယ် မပိုးဘဲ ရှောင်လွှဲ၍ သွားသကဲ့သို့ ရှိရာ၏)ဟု ကြံတော်မူပြီးလျှင်…

**“ဤဒီပင်္ကရာ မြတ်စွာဘုရား၏ အထံတော်၌ မထင်ရှားသောအသွင်ဖြင့် သစ္စာလေးပါးတရားကို မျက်မှောက်ပြုခြင်းဖြင့် ငါ့မှာ အဘယ်အကျိုးထူး ရှိတော့အံ့နည်း?၊ အလုံးစုံကို အကုန်သိနိုင်သောဉာဏ်ကို ရ၍ နတ်ပြဟ္မာနှင့်တကွသော လောက၌ ဗုဒ္ဓဖြစ်အောင် အားထုတ်တော့အံ့, မိမိဉာဏ်စွမ်းကို မြင်သော ယောကျ်ားကောင်း မှန်ပါလျက် တစ်ယောက်ထည်းသာ သံသရာရေယဉ်ကို ကူးခြင်းဖြင့် ငါ့မှာ အဘယ်အကျိုးထူး ရှိအံ့နည်း?၊ အလုံးစုံကို အကုန်သိမြင်နိုင်သော ဉာဏ်ကို ရ၍ နတ်ပြဟ္မာနှင့်တကွသော လောကကို သံသရာရေအယဉ်မှ ကယ်တင်တော်မူအံ့”**ဟု ဓိဋ္ဌာန်တော်မူလေသည်။

ဤသို့လျှင် အရှင်ရသေ့သည် ရှေးတုန်းက မိမိအတွက်သာ နိဗ္ဗာန်ကို ရှာခဲ့ပါသော်လည်း နိဗ္ဗာန်ကို ညွှန်ပြမည့် ဘုရားရှင်နှင့် တွေ့ရသည့်အခါ သတ္တဝါအပေါင်းကို ကယ်ဆယ်နိုင်လောက်သည့် ဘုရားရှင်၏ အသရေတော်ကို ဖူးမျှော်ရ–အပါယ်လေးပါး၌ အလွန်အမင်း ဆင်းရဲနေကြသော သတ္တဝါတွေကို အဘိညာဉ်အစွမ်းဖြင့် မျက်ဝါးထင်ထင် လှမ်း၍မြင်ရ မိမိ စွမ်းရည်သတ္တိကိုလည်း ယုံကြည် စိတ်ချသောကြောင့် သတ္တဝါတို့၌ လွန်မင်းစွာ သနားတော်မူသော မဟာကရုဏာတော် အားကြီးလှသဖြင့် ဆန္ဒတော်တစ်မျိုး တိုးတက်ကြီးမား၍ ဘုရားဆုကို ပန်ဆင်တော်မူလေသည်။

## ဗျာဒိတ်ရတော်မူခန်း။

ဒီပင်္ကရာ ဘုရားရှင်သည် အရှင်ရသေ့၏ ဦးခေါင်းရင်း၌ ရပ်တန့်တော်မူပြီးလျှင် **သုမေဓာ**ရသေ့၏ နောင်ရေးနောင်တာကို ဆင်ခြင်တော်မူသောအခါ ဘုရားဖြစ်မည့် အကြောင်းကို မြင်တော်မူ၍ မိန့်မြွက်တော်မူသည်မှာ– **“မိမိကိုယ်ကို တံတားခင်းလျက် ထက်မြက်သော အကျင့်ဖြင့် တင့်တယ်သော ဤရသေ့ကို ကြည့်ရှုကြလော့၊ ဤရသေ့သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း အလွန်တွင်**



**ငါဘုရားကဲ့သို့ ဂေါတမ–ဟူသော အမည်အားဖြင့် ထင်ရှားသော ဘုရားတစ်ဆူ ဖြစ်လိမ့်မည်”**ဟု ဘုရားတံဆိပ် ဗျာဒိတ်တော်မြွတ် ခတ်နှိပ်တော်မူပြီးလျှင် ရသေ့၏နံပါးမှ ရှောင်လွှဲ၍ ကြွတော်မူလေသည်။

ထိုဗျာဒိတ်ပွဲသို့ ရောက်ရှိကြသော လူရော နတ်ပါ ဗြဟ္မာအပေါင်းလည်း ကောင်းချီးသြဘာ မင်္ဂလာစကားကို အသီးအသီး ချီးကျူးကြလေသည်၊ ရှေးရှေးက ဗျာဒိတ်ပွဲကို နွဲလိုက်ဖူးသော ဗြဟ္မာမင်းကြီးတို့ကလည်း တွေ့ဖူးသော စနည်းတဘောင် အထောက်အထားဖြင့် ဧကန်မုချ ဘုရားဖြစ်လိမ့်မည်ဟု အားပေးကြလေသည်။

## ပါရမီပြည့်၍ ပဋိသန္ဓေ တည်နေတော်မူခန်း။

အလောင်းတော်သည် ဗျာဒိတ် ရတော်မူပြီးနောက် ရှုံ့ညွှန်ပြောင်းမှ ထတော်မူပြီးလျှင် **“များစွာသော သတ္တဝါတွေကို သံသရာရေယဉ်မှ ကယ်တင်ဖို့ရာ လွန်စွာ မြင့်မြတ်သော ဘုရားအဖြစ်ဟူသည် သာမန်ကောင်းမှု ပါရမီဖြင့် ပြည့်နိုင်သော အဖြစ်မျိုး မဟုတ်၊ ဘုရား ဖြစ်နိုင်ဖို့ အကြောင်းကောင်းမှု ပါရမီတော်ကား ဘယ်လောက်များပါလိမ့်မည်နည်း?”**ဟု ဆင်ခြင်တော်မူရာ ပါရမီဆယ်ပါးကို အစဉ်အတိုင်း မြင်တော်မူလေသည်။

ထိုပါရမီဆယ်ပါးကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်အောင် ဖြည့်ကျင့်တော်မူပြီးနောက် **ဝေဿန္တရာ**မင်း အဖြစ်သို့ ရောက်တော်မူသောအခါ ပြည့်စုံလုံလောက်ပြီး ဖြစ်၍ ထိုဘဝမှတစ်ဖန် တုသိတာနတ်ပြည်၌ နတ်မင်း အဖြစ်ဖြင့် စိုးစံတော်မူလေသည်။

တုသိတာနတ်ပြည်၌ နတ်သက်စေ့သောအခါ တစ် သောင်းသော စကြဝဠာမှ နတ်ဗြဟ္မာအပေါင်းတို့သည် **"လူ့ပြည်၌ ပဋိသန္ဓေနေလျက် ဘုရားဖြစ်တော်မူ၍ သတ္တဝါ အများကို ကယ်ဆယ်တော်မူပါရန်"** တောင်းပန် လျှောက်ထားသောကြောင့် ကပိလဝတ် နေပြည်တော်ဝယ် **"မယ်တော်မာယာ"** မိဖုရား၏ဝမ်းတိုက်၌ စွဲပိုက်သန္ဓေ တည်နေတော်မူလေသည်၊ [ထိုပဋိသန္ဓေ တည်နေတော် မူသောနေ့ကား ဝါဆိုလပြည့် (ကြွက် အမှတ်အသားဖြင့် မှတ်သားထားသော) ကြာသပတေးနေ့ ဖြစ်၏။]

> ၁။ သုံးလူ့ရှင်ပင်, ကျွန့်ထိပ်တင်, သောင်းခွင်
> စကြဝဠာ ... နတ်ဗြဟ္မာတို့, ညီညာရုံးစု,
> တောင်းပန်မှုကြောင့်, ရတုနဂို, ရွှန်းရွှန်းစို
> သည့်, ဝါဆိုလပြည့်,* ကြွက်မင်းနေ့ဝယ်,
> ချမ်းမြေ့ကြည်ဖြူ, သန္ဓေယူသည်...နတ်
> လူငြိမ်းဖို့ ကိန်းပါကို။

*"ပြည့်"ကို "ပြေ့"ဟု ဖတ်။



## မီးရှူးသန့်စင်တော်မူခန်း။

ဝါဆိုလပြည့်နေ့၌ ပဋိသန္ဓေ နေတော်မူခဲ့၍ ဆယ်လ စေ့ရာ (မဟာသက္ကရာဇ် ခြောက်ဆယ့်ရှစ်ခု) ကဆုန်လ ပြည့်နေ့ဝယ် မယ်တော်မာယာသည် ဆွေတော် မျိုးတော် များနေရာ **ဒေဝဒဟပြည်**သို့ သွားလိုကြောင်းဖြင့် **သုဒ္ဓေါဒန** မင်းကြီးထံ ခွင့်တောင်း၍ မင်းခမ်းမင်းနား ခင်းကျင်း လျက် ထွက်တော်မူပြီးလျှင် လုမ္ဗိနီခေါ် အင်ကြင်းဥယျာဉ် တော်၏ သာယာပုံကို မြင်တော်မူသဖြင့် ရှုစားတော်မူရန် ခေတ္တ ဝင်တုန်းမှာပင် ကမ္ဗဇလေလှုပ်ရကား အင်ကြင်းခက် ကို လက်တစ်ဖက်ဖြင့်ကိုင်ကာ ကောင်းစွာ ရပ်တော်မူနေ တုန်းဝယ် အလောင်းဘုရားကို မီးရှူးသန့်စင် ဖွားမြင်တော် မူလေသည်၊ [ထိုဖွားမြင်တော်မူရာနေ့ကား ကဆုန်လပြည့် သောကြာနေ့ ဖြစ်၏။

> ၂။ သန္ဓေယူခါ, ဆယ်လကြာသော်, မဟာ
> သက္ကရာဇ်, ခြောက်ဆယ့်ရှစ်ကြုံ, ကဆုန်
> လပြည့်,* သောကြာနေ့ဝယ်, ချမ်းမြေ့စုံစီ,
> လုမ္ဗိနီ၌, မဟီလှိုက်ဆူ, ဖွားတော်မူသည်,
> နတ်လူအောင်မြို့ လမ်းပါကို။

*"ပြည့်"ကို "ပြေ့"ဟု ဖတ်။

သန့်စင်သည့်အခါ သုဒ္ဓါဝါသဘုံသား ရဟန္တာဗြဟ္မာကြီးများက ဓာတဘက်ဖြင့် ခံယူ၍ မယ်တော်၏ရှေ့၌ပြကာ **"အရှင်မိဖုရား...ဝမ်းမြောက်တော်မူပါ, အဖိုးတန်သားရတနာကို ဖွားမြင်ပါပြီ"**ဟု ပြောဆိုကြလေသည်။

ထို့နောက် စာတုမဟာရာဇ် နတ်မင်းများက သစ်နက်သားမွေးအထည်ဖြင့် လှမ်းယူပြီးလျှင် လူတို့လက်သို့ လှမ်းလိုက်လေသည်၊ ထို့နောက် လူတို့လက်မှ ဆင်းသက်၍ မြေ၌ တည့်မတ်စွာ ရပ်နေတော်မူလျက် အရပ်ဆယ်မျက်နှာကို လှည့်လည် ရှုစားတော်မူရာ အားလုံးသော နတ်ဗြဟ္မာ အပေါင်းတို့က အရိုအသေ ပေးကြသဖြင့် မြောက်အရပ်သို့ ခုနစ်လှမ်းလောက် ကြွပြီးလျှင် **"အဂ္ဂေါဟသ္မိလောကဿ"** ဟု တစ်လောကလုံးတွင် ကိုယ်တော်သာလျှင် အမြတ်ဆုံးစသော စကားသံကို ခံ့ခံ့ငြားငြား မိန့်မြွက်တော်မူလေသည်။

အကျိုးအားလုံးကို ပြီးစေနိုင်သော သတ္တိကြောင့် အလောင်းဘုရားကို **"သိဒ္ဓတ္ထမင်းသား"**ဟု နာမည်တော်တင်သ၍ ပုရောဟိတ်ပုဏ္ဏားများ ရုပ်လက္ခဏာကို ကြည့်ရှု စစ်ဆေးကြရာ ပုဏ္ဏားခုနစ်ယောက်က လက်နှစ်ချောင်းကို ထောင်ပြလျက် **"လူ့ဘောင်မှာ နန်းစံလျှင်**



**စကြာမင်းတရား, တောထွက်တော်မူလျှင်ကား ဘုရားဖြစ်လိမ့်မည်"** ဟု ဟောကြ၍ **အညာသိကောဏ္ဍည**မထေရ်၏ အလောင်းဖြစ်သော အငယ်ဆုံး ပုဏ္ဏားကမူ လက်တစ်ချောင်းကိုသာ ထောင်ပြလျက် **"မုချ ဘုရားဖြစ်လိမ့်မည်"** ဟု ဟောလေသည်။

## ထီးနန်း စိုးစံတော်မူခန်း။

ခမည်းတော် **သုဒ္ဓေါဒန**မင်းမြတ်သည် **ယသော်ဓရာ**မင်းသမီးကို သာကီဝင်မင်းသမီးအပေါင်း လေးသောင်းတို့၏ ထိပ်ထား မိဖုရားခေါင်အရာ၌ မြှောက်စား၍ အလောင်းတော်ဘုရားနှင့်အတူ ဘိသိက် ခံယူ တော်မူပြီးလျှင် ဆောင်းဥတုတွင် စံမြန်းတော်မူရန် **"ရမ္မ"** မည်သော ကိုးဆင့် တိုက်နန်းကိုလည်းကောင်း, နွေဥတုတွင် စံမြန်းတော်မူရန် **"သုရမ္မ"** မည်သော ငါးဆင့် တိုက်နန်းကိုလည်းကောင်း, မိုးဥတုတွင် စံမြန်းတော်မူရန် **"သုဘ"** မည်သော ခုနစ်ဆင့် တိုက်နန်းကိုလည်းကောင်း ခမ်းနားမြင့်မောက် တည်ဆောက်စေတော်မူသည်။

ဆောင်း နွေ မိုးဟု ဥတုသုံးပါးအလိုက် သိုက်မြိုက်သော အသုံးအဆောင် ဥယျာဉ် ရေကန်တို့ကို တည်ဖန်ပြီးနောက် နွေဥတုရောက်သည့်အခါ စိတ်ကြည်နူးဖွယ်ရာ

ရေပြွန်တို့မှ ရေပန်းတို့ကို ထွက်ဖြာစေလျက် အထက်ကောင်းကင်၌ သားရေများ ကြက်ပြီးလျှင် ထိုသားရေမျက်နှာကြက်တို့ အပေါ်ဝယ် မိုးရွာသံ ထင်ရအောင် ကျောက်ခဲကလေးများဖြင့် အသံပေးကာ ရေပန်းဥယျာဉ်၏ အလယ်မှာ စိတ်ဓာတ်ကို လွန်စွာ အေးမြစေသည့်အပြင် နန်းတော်ကြီး၏ အရှေ့အနောက် ကန်တော်ကြီးတို့၌ ပျံသန်း ပျော်မြူးကြသော ငှက်တို့၏အသံက ထပ်မံ အေးမြစေသည့်အတွက် အထက်နတ်ဘုံ၌ စံမြန်းနေရသည့်ပမာ လွန်စွာ ချမ်းမြေ့တော်မူစေသည်။

## သံဝေဂ ယူတော်မူခန်း။

အလောင်းဘုရားသည် ပြခဲ့သော ထီးနန်းစည်းစိမ်ကို စံစားတော်မူစဉ်ဝယ် နှစ်ဆယ့်ကိုးနှစ် အရွယ်တော်သို့ ရောက်သည့်အခါ များစွာသော အခြွေအရံတို့ဖြင့် ဥယျာဉ်တော်သို့ ထွက်တော်မူလေသော် အလောင်းတော်ဘုရား၏ တောထွက်ဖို့ အခွင့်အခါကို မကြာခဏ ကြည့်ရှုနေကြသော ဗြဟ္မာမင်းတို့က သူအို သူနာ သူသေ ရဟန်းဟု လေးပါးသော နိမိတ်ကြီးများကို အစဉ်အတိုင်း ဖန်ဆင်း၍ အလောင်းဘုရားနှင့် ရထားထိန်း မြင်ရုံမျှ ပြကြလေသည်။

ထိုအခါ သူအို သူနာ သူသေတို့ကို တစ်ကြိမ်တစ်ခါမျှ မမြင်ခဲ့ရသော အလောင်းဘုရားသည် ကိုယ်တော်နှင့်



တကွ ဆွေတော် မျိုးတော်အားလုံးပင် အိုကြရ, နာကြရ, သေကြရဦးမည့် အချက်ကို ဆက်လက်တွေးဆ သံဝေဂ ဖြစ်တော်မူနေတုန်းဝယ် သပ္ပာယ်သော ရဟန်းတော်ကို ဖူးမြော်ရသည့်အခါ ကမ္ဘာအဆက်ဆက်က နှစ်သက်ခဲ့သော အသွင်အပြင်ဖြစ်ပေရကား အားရွှင်လန်းလျက် ရဟန်းဖြစ်မှုကို အဓိဋ္ဌာန် ပြုတော်မူပြီးလျှင် ဥယျာဉ်တော် မင်္ဂလာရေကန် အနီးမှ ရထားစီး၍ ပြန်လှည့်တော်မူရာ သားတော်ရာဟုလာ ဖွားမြင်တော်မူကြောင်းကို သံတော်ဦးတင်လာသဖြင့် **"ရာဟုဇာတော-(လမင်းကို ရာဟုခေါ်သော အသူရိန်နတ်က ဖမ်းသကဲ့သို့ ငါ့ကို ဖမ်းထားမည့်) အနှောင်အဖွဲ့တစ်ခုဖြင့် ဖြစ်ပါပကော"**ဟု ငြီးတွားတော်မူလေသည်။

## တောထွက်တော်မူရန် အစီအစဉ်။

အလောင်းတော်ဘုရားသည် နန်းတော်သို့ ရောက်ပြီးနောက် ကချေသည်မောင်းမတို့ ကပြ တီးမှုတ်လျက် ဖြေဖျော်ကြသည်ကို ရှေးကလို စိတ်ဝင်စားတော် မမူဘဲ သလွန်တော်၌ လျောင်းစက်တော်မူလေသည်၊ ထိုအခါ ကချေသည် မောင်းမအပေါင်းလည်း သီဆို တီးမှုတ်မှုကို ရပ်တန့်၍ အိပ်ပျော်နေကြစဉ် ဒူးပေါ် ပေါင်ပေါ်စသည်ဖြင့် မလျော်သော အိပ်ပျော်နေကြပုံကို အလောင်းဘုရား

စက်တော်မူရာမှ အထတွင် မြင်တော်မူရ၍ ရှေးကထက် သံဝေဂရပြီးလျှင် ယနေ့ညပင် တောထွက်တော့အံ့ဟု ကြံတော်မူကာ ငယ်ကျွန်တော်ရင်း **ဆန္နအမတ်**ကို နှိုး၍ **ကဏ္ဍက**မြင်းကို ဆက်သဖို့ရန် အမိန့်ပေးလေသည်။

ထိုအခါ နန်းတော်အတွင်းအပြင်၌ နတ်ဗြဟ္မာများ ရောက်လျက်ရှိ၏၊ နန်းတော်အတွင်းရှိ လူများနှင့်တကွ တစ်မြို့လုံး မနိုးကြအောင် နတ်များ စီမံထား၏၊ **ကဏ္ဍက** မြင်းတော်ကို ဆက်သဖို့ရန် **ဆန္န**သည် အတော်ဝန်လေး၏၊ တောထွက်မှာကို အမှန်စိုးရိမ်၏၊ သူ၏သခင် စကြာရှင် ဖြစ်နေပုံကို ဖူးမြင်လို၏၊ သို့သော် အမိန့်တော်ကို မလွန် ဆံဝံ့ရုံသာမက မည်သူမှလည်း မနိုးကြသဖြင့် **ကဏ္ဍက** မြင်းတော်ကို ပြင်ဆင်ရရှာလေသည်။

အလောင်းတော်ဘုရားသည် ထွက်တော်မူခါနီးဝယ် သားတော်ကလေးကို ရှုစားတော်မူလိုသဖြင့် **ယသော်ဓရာ** စုဖုရား၏ အဆောင်သို့ ကြွသွားလေသည်၊ ထိုအခါ အဆောင်တော်တွင်း၌ နံ့သာတိုင်များကို ညှိထွန်းထား၏၊ **ယသော်ဓရာ**စုဖုရားသည် မြလေးပန်းတို့ဖြင့် ရောပြွမ်းနေသော သလွန်တော်ပေါ်ဝယ် သားတော်၏ ဦးခေါင်းပေါ်မှာ ရွှေလက်တင်လျက် စက်တော်ခေါ်နေ၏။



အလောင်းဘုရားသည် အဆောင်တော် တံခါးခုံ အတွင်းသို့ ချဉ်းနင်းတော်မူမိသည့်အခါ လွန်စွာ ကျက်သရေရှိသော တိုက်ခန်းဝယ် အလွန်တင့်တယ်သော သလွန်တော်ထက်၌ မြတ်လေးပန်းပုံတို့၏ အလယ်မှာ ရင်သွေးတော်ရတနာနှင့် ကြင်ရာတော်မိဖုရားတို့ စက်တော်ခေါ်ပုံကို ရှုစားတော်မူရလေသော် တော်တော် တန်တန်ပါရမီရှင်သာဆိုလျှင် ထိုနေရာတစ်ချက်နှင့် တောထွက်ဖို့ အထမြောက်တော့မည် မဟုတ်။

မိဖုရားကား ရှိသမျှ မိန်းမသားတို့တွင် အမြတ်ဆုံး ဖြစ်ရုံမျှမက လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က စ၍ ပါရမီကို ကူညီလာခဲ့ရရှာသူ ဖြစ်သည့်ပြင် မီးရှူးသန့်စင်ပြီးစ အားတော်ခပ်နွဲ့နွဲ့ဖြင့် သားတော်ကလေးအပေါ် လက်တော်တင်လျက် တော်ထွက်မည့်အကြောင်းကိုမျှ လုံးလုံး မသိရှာဘဲ စက်တော်ခေါ်နေ၏၊ သားတော်ကလေးကား ရင်သွေးတော်ရတနာ စကြာမင်း အလျောင်းအလျာကလေး ဖြစ်ရုံသာမက တစ်ခါမျှလည်း အားရပါးရ ရှုစားတော်မမူရသေး၊ ထို့ကြောင့် ရင်သွေးတော်ကို အားရပါးရ ပွေ့ယူတော်မူလိုသော်လည်း စုဖုရား နိုးတော်မူလျှင် ထွက်နိုင်ဖို့ မမြင်သောကြောင့် **"ဘုရားဖြစ်မှ သားချစ်ကို ရှုတော့အံ့"**ဟု အာရုံတော် ရုပ်သိမ်းကာ အဆောင်တော်မှ

ထွက်ခွာ၍ မင်္ဂလာမြင်းတော်ထက်သို့ ရွှေစက်တော် တင်ရလေသည်။

## တောထွက်တော်မူခန်း။

မင်္ဂလာမြင်းတော်ထက်သို့ ရောက်ပြီးနောက် ကဆုန်လပြည့်နေ့ သန်းခေါင်လောက်အချိန်မှာ နတ်ဗြဟ္မာအများ ခြံရံလျက် ဖွားဘက်တော် **ဆန္နအမတ်**အား မြင်းမြီးကို ကိုင်ထားစေပြီးလျှင် မြို့တော်တံခါးအနီးသို့ ရောက်သည့်အခါ မြို့တံခါးစောင့်နတ်များက အဆင်သင့် တံခါးကို ဖွင့်ကြလေသည်၊ ထိုအခါ **မာရ်နတ်က "အသင်မင်းသား...တောထွက်ဖို့ မလိုပါ၊ မကြာခင် ခုနစ်ရက်မြောက်၌ စကြာရတနာ ဆိုက်ပါလိမ့်မည်"**ဟု တားဆီးသော်လည်း ဂရုမပြု စကြာမင်းစည်းစိမ်ကိုပင် လျစ်လျူရှုတော်မူလျက် မင်္ဂလာတံခါးမှ ထွက်တော်မူလေသည်။

ထိုအခါ အချို့သောနတ်ဗြဟ္မာတို့သည် မီးရောင်စုံများကို ရှေ့နောက်ဝဲယာက ညှိထွန်းလျက်၊ အချို့က ပန်းနံ့သာများကို ကြဲဖြန့် ပူဇော်ကြပြီးလျှင်၊ အချို့က ဘုန်းတော်ဖွဲ့ သီချင်းများနှင့် တူရိယာတို့ကို တီးမှုတ် သီဆိုကာ လွှန်စွာ ကြည်နူးဖွယ် ကောင်းလေသည်၊ [ထို တောထွက်တော်မူသောနေ့ကား ဝါဆိုလပြည့် (ကျား အမှတ်အသား ဖြင့် မှတ်သားထားသော) တနင်္လာနေ့ ဖြစ်၏။]



၃။ **ဖွားမြင်မြောက်သော်, ဆယ့်ခြောက်နှစ်ရွယ်,**
**ပျိုနုနယ်၌, သုံးသွယ်ရွှေနန်း, သိမ်းမြန်းပြီးလစ်,**
**ဆယ့်သုံးနှစ်လျှင်, ဘုန်းသစ်လျှံလူ, စံတော်မူ၍,**
**ရွယ်မှုနုဖြိုး, နှစ်ဆယ့်ကိုးဝယ်, လေးမျိုးနိမိတ်,**
**နတ်ပြုဟိတ်ကြောင့်, ရွှေစိတ်ငြင်ငြို, သံဝေဂိုက,**
**ဝါဆိုလပြည့်, ကျားမင်းနေ့ဝယ်, ချမ်းမြေ့ရဂုံ,**
**တောရပ်လှုံ့သည့်, စုံမြိုင်ပင်ရိပ် ခမ်းမှာကိုး။**

## ရဟန်းပြုတော်မူခန်း။

ထိုအစီအစဉ်ဖြင့် ထွက်တော်မူရာ **အနော်မာ**မြစ်ကမ်းသို့ ဆိုက်ရောက်တော်မူလျှင် မြင်းတော်ကို အချက်ပေး၍ ရှစ်ဥသဘဝေးသော ထိုဘက်ကမ်းသို့ ပျံသန်းစေပြီးနောက် ထိုဘက်ကမ်းအရောက်တွင် ငွေသားအဆင်းရှိသော သဲသောင်ပြင်မှာ တည်နေတော်မူလျက် သံလျက်ဖြင့် ဆံတော်ကို ကိုယ်တော်တိုင် ပယ်ပြီးလျှင် ကောင်းကင်သို့ မြှောက်တင်လိုက်သည့်အခါ သိကြားမင်းခံယူ၍ တာဝတိံသာ နတ်ပြည်၌ **"စူဠာမဏိစေတီ"**တည်ထားလေသည်၊ ထို့နောက် **ဃဋီကာရ**ဗြဟ္မာမင်းက ဆက်သလာသော ရဟန်းပရိက္ခရာကို ဆင်မြန်း၍ ရဟန်းပြုတော်မူပြီးလျှင် ဝတ်လဲတော်ကို ကောင်းကင်သို့ မြှောက်ပြန်ရာ **ဃဋီကာ**ရ ဗြဟ္မာမင်း ခံယူ၍ ဗြဟ္မာပြည်၌ **"ဒုဿစေတီ"**တည်ထား ကိုးကွယ်လေသည်။

အလောင်းဘုရားသည် ရဟန်းပြုပြီးနောက် **ဆန္န**အားတိုင်းပြည်သို့ ပြန်ဖို့ရန် အမိန့်ပေးသံကို **ကဏ္ဍက**မြင်းတော်ကြားသဖြင့် မိမိသခင်နှင့် ခွဲခွာရမည့်အချက်ကြောင့် စိတ်မသက်သာ ရင်ကွဲနာဖြင့် စုတေရှာပြီးနောက် တာဝတိံသာနတ်ပြည်သို့ ရောက်လေ၏၊ **ဆန္နအမတ်**လည်း မိမိသခင်ကို ခွဲခွာရမှာက တစ်ဖက်, မြင်းတော်စုတေသည်က တစ်ဖက်နှင့် အခက်ကြုံကာ တိုင်းပြည်သို့ မပြန်လိုပါသော်လည်း အရှင်၏အာဏာကို မလွန်ဆန်ဝံ့သောကြောင့်သာ တိုင်းပြည်သို့ ပြန်ရှာလေသည်။

## *ဒုက္ကရစရိယာ ကျင့်ခန်း။

ဘုရားအလောင်းတော်သည် ရဟန်း ပြုပြီးနောက် ဒေသစာရီ လှည့်လည်တော်မူစဉ် **အာဠာရ**နှင့် **ဥဒက**ရသေ့တို့ အထံသို့ ဝင်၍ တရားထူးကို စုံစမ်းတော်မူရာ လောကီဈာန် သမာပတ်လောက်ကိုသာ ထိုရသေ့တို့အထံမှ ရရှိသဖြင့် တင်းတိမ်အားရတော် မမူသောကြောင့် **ဥရုဝေဠ** အရပ်သို့ ကြွတော်မူပြီးလျှင် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူလေသည်။

---

* ဒုက္ကရ=ပြုကျင့်နိုင်ခဲသော အကျင့်ကို+စရိယာ=ပြုကျင့်ခြင်း၊ အခြားသူတို့ ပြုကျင့်နိုင်ခဲသော အကျင့်ကို ကျင့်တော်မူခြင်းသည် **"ဒုက္ကရစရိယာ"** မည်၏၊ ဒုက္ခစရိယာဟု ပြောဆိုရိုး ပြုကြသည်မှာ ကျမ်းဂန်လာ မဟုတ်။



ကျင့်တော်မူပုံအစဉ်မှာ ရှေးဦးစွာ **"သေနာ"**မည်သော နိဂုံးသို့ ဆွမ်းခံ၍ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် မေတ္တာဘာဝနာကို ပွားများလျက် ထိုနေ့ကာလကို လွန်စေပြီးနောက် ဤကဲ့သို့သော ဆွမ်းအာဟာရကို သုံးဆောင်တော်မမူဘဲ အလို့အလျောက် ကြွေကျသောသစ်သီးများကိုသာ ကောက်ယူ ဘုဉ်းပေးတော်မူ၏၊ ထို့နောက် ထိုထို ဤဤ သစ်ပင်အောက်သို့ လှည့်လည်ကောက်ယူခြင်းကိုပင် အလုပ်ပျက်သည်ဟု အယူရှိသဖြင့် ကိုယ်တော်မြတ်၏နေရာ သစ်ပင်အောက်မှာသာ ကြွေကျသော သစ်သီးများဖြင့် မျှတတော်မူ၏။

ထိုနောက် အစာအာဟာရ စားသောက်ရခြင်းကိုပင် အလုပ်ပျက်သည်ဟု ထင်တော်မူ၍ လုံးလုံးအစာ မစားဖို့ရန် ကြံစီတော်မူပြန်သော်လည်း နတ်တို့က အစာ မစားဘဲ နေပါလျှင် နတ်သြဇာကို သွင်းပေးမည်ဟု လျှောက်ထားကြသဖြင့် နတ်သြဇာအသွင်းလည်း မခံလိုသောကြောင့် တစ်လက်ခုပ်လောက်သော ပဲရည်–ဆီးသီးရည်ကလေးမျှကို ဘုဉ်းပေးတော်မူလေ၏။

ထိုကဲ့သို့ အစာအာဟာရလည်း ဆုတ်ယုတ်, တရားကိုလည်း အားထုတ်မှုကြောင့် အလောင်းဘုရား၏ ရွှေ

အဆင်းကဲ့သို့ ဝါဝင်းပြည့်ဖြိုးသော ကိုယ်တော်သည် ညှိုးမဲခြောက်ကပ်၍ နေလေတော့၏၊ အသွေးအသားဟူ၍ လုံးဝ မရှိတော့ဘဲ အရိုးနှင့်အရေသာ ကျန်လေတော့သည်၊ ထိုကဲ့သို့ ခြောက်ကပ်မှုကြောင့် ကျင်ကြီးစွန့်ရာ ဝစ္စမဂ် (စအို)သည် အတွင်းသို့ တွန့်ကြုံ့၍နေရကား ကျင်ကြီး စွန့်လိုသည့်အခါ မစွန့်နိုင်ဘဲ မှုးမိုက် မျောမေ့ကာ ထို နေရာမှာပင် လဲရှာလေသတဲ့။

ဤသို့သောနည်းများဖြင့် ခြောက်နှစ်ခန့်ကြာအောင် ဒုက္ကရစရိယာကို ကျင့်တော်မူသော်လည်း* တရားထူးကို မရနိုင်သောကြောင့် အတိုင်းထက် အလွန် ခန္ဓာကိုယ် ကို အပင်ပန်းခံခြင်းသည် သမာဓိရနိုင်ဖို့ရန် နည်းလမ်း

*အလောင်းတော်၏ ခြောက်နှစ်ခန့်မျှ ခန္ဓာကိုယ်ကို အလွန် ပင်ပန်းစေလျက်, ကျင့်တော်မူခြင်းသည် စင်စစ် လမ်းမှန်ကျသော အကျင့် မဟုတ်၊ ထိုစဉ်က ခန္ဓာကိုယ်ကို အပင်ပန်းခံနိုင်သော (အတ္တကိလမထ) အကျင့်ဖြင့် အသားယူ၍ ဘုရားတစ်ဆူ လုပ်နေကြသော ခေတ်ကြီးပေတည်း၊ အလောင်းတော်လည်း ဇောတိပါလဘဝတုန်းက ကဿပဘုရားရှင်အား **"ဖောဓိဉာဏ်နှင့် ဝေးပါသေးရဲ့"**ဟု နှုတ်ကြွေးတော် ဝစီပြစ်ကြောင့် ထိုအတ္တကိလမထ အကျင့်များကို ကျင့်မိတော်မူလေသည်၊... **ဇောတိပါလ, ဖြစ်စဉ်ကလျှင်, ကဿပဘုန်းရှိ, စောမုနိကို, ဖောဓိဉာဏ်ရေး, အလွန်ဝေး–ဟု, နှုတ်ကြွေးတင်လစ်, ဝစီပြစ်ကြောင့်, ခြောက်နှစ်ဒုက္ကရ, ကျင့်လွဲရ၏။**



မဟုတ်သဖြင့် တစ်ဖန် သေနာနိဂုံး၌ ဆွမ်းခံ၍ အာဟာရ ကို မှီဝဲပြန်ရာ မကြာခင် အားအင်တိုးပွား၍ ပင်ကိုယ်က အရေ အသား ဖြစ်ပေါ်လာလေသည်။

## မာန်နတ်မင်းကို အောင်မြင်တော်မူခန်း။

ဘုရားအလောင်းတော်သည် နှစ်ဆယ့်ကိုးနှစ်အရွယ်၌ တောထွက်တော်မူခဲ့၍ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူပြီးနောက် သုံးဆယ်ငါးနှစ်အရွယ်တော်သို့ ရောက်ရာ ကဆုန်လပြည့်နေ့ဝယ် သေနာနိဂုံးသူ သူဌေး ကတော်ကလေး သုဇာတာ၏* နို့ဃနာဆွမ်းကို ရွှေခွက် နှင့်တကွ ခံယူပြီး၍ **နေရဥ္စရာ**မြစ်ဆိပ်၌ လေးဆယ်ကိုး လုပ်မျှ ဘုဉ်းပေးတော်မူပြီးလျှင် **"ဘုရား ဖြစ်မည်မှန်လျှင် ဤရွှေခွက်သည် ရေညာသို့ ဆန်တက်စေသား"**ဟု ဓိဋ္ဌာန် ၍ မျှောလိုက်ရာ ရွှေခွက်လည်း ဝမ်းဘဲအလား ရေညာသို့ ဆန်သွား၍ **ကာဠနဂါး**မင်း ဗိမာန်တွင်းသို့ သက်ဆင်း

*သုဇာတာသည် အပျိုဘဝတုန်းက **"အမျိုးတူ သူဌေးသားနှင့်ရ၍ သားဦးဖွားအောင် စောင်မလျှင် အရှင်နတ်မင်းအား နှစ်စဉ် ပူဇော်ပါမည်"** ဟု ဝန်ခံခဲ့၍ သူတောင်းတတိုင်း အကျိုးရသောကြောင့် ညောင်စောင့်နတ်က (မ)သည်ဟု ထင်၍ နှစ်စဉ် ညောင်ပင်ကို ပူဇော်ရာ ထိုနှစ်၌ ဘုရား အလောင်းနှင့်တွေ့၍ ညောင်စောင့်နတ်ဟုပင် မှတ်ထင်ကာ နို့ဃနာ ရွှေခွက်ပါ ပူဇော်သွားလေသည်။

နှစ်မြုပ်လျက် ရှေးဘုရားရှင်တို့ ရွှေခွက်အောက်၌ တည်လေသတဲ့။

ထို့နောက် ဘုရားအလောင်းသည် **နေရဉ္ဇရာ**မြစ်ကမ်း အင်ကြင်းဥယျာဉ်၌ နေ့အဖို့ သီတင်းသုံး၍ ညချမ်းအချိန်တွင် ဗောဓိပင်သို့ ကြွတော်မူရာ လမ်းခရီးအကြား မြက်ရိပ်သမား ပုဏ္ဏားအထံမှ မြက်ရှစ်ဆုပ်ကို အလှူခံခဲ့၍ **မဟာဗောဓိ** ညောင်ပင်အောက်သို့ ရောက်သည့်အခါ ထိုမြက်ကို ဖြန့်ခင်းတော်မူပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသည်။

ထိုကဲ့သို့ နွေကာလဝယ် စိမ်းစိုသော မြက်ခင်းအပေါ်မှာ အေးမြသော ဗောဓိညောင်ရိပ်၌ **"ဘုရား မဖြစ်သမျှ ဤထက်ဝယ် တင်ပလ္လင်ကို မဖျက်တော့အံ့"**ဟု ဓိဋ္ဌာန်၍ ထိုင်နေသည့်အခါ သိကြားမင်းသည် **ဝိဇယုတ္တရ**မည်သော ခရုသင်းကြီးကို မှုတ်လျက် အောင်သံပေး၍ နေ၏၊ **ပဉ္စသီခ**နတ်သားက **ဗေဠုဝ**မည်သော နတ်စောင်းကြီးကို တီးလျက်နေ၏၊ **သုယာမ**နတ်မင်းနှင့် **သန္တုသိတ**နတ်မင်းတို့က သားမြီးယပ်နှင့် ပတ္တမြားယပ်များကို တငြိမ့်ငြိမ့်ခတ်၍နေ၏၊ **သဟမ္ပတိ**ဗြဟ္မာမင်းက ထီးဖြူတော်ကို ဆောင်းမိုးလေ၏၊ **ကာဠနဂါး**မင်း၏ ကိုယ်ရံတော် နဂါးပျိုမလေးများက ဘုန်းတော်ဘွဲ့များကို သာယာစွာ ရွတ်



ဆိုကြ၏၊ အခြားသော နတ်ဗြဟ္မာအပေါင်းက ပန်းနံ့သာအမျိုးမျိုးတို့ဖြင့် ပူဇော်လျက် ကောင်းချီးပေးကာ ထောမနာ ပြုကြလေသည်။

ထိုကဲ့သို့ အခြင်းအရာကို မာန်နတ်မင်း မြင်လျှင်ချက်ခြင်း နတ်ပြည့်သို့တက်၍ မိမိစစ်သည် တပ်သားများကို စုရုံးလျက် မိမိကိုယ်တိုင်က လက်နက်အမျိုးမျိုး စွဲကိုင်သော လက်ရုံးပေါင်းတစ်ထောင်ကို ဖန်ဆင်းပြီးလျှင် ဂိရိမေခလာမည်သော ဆင်ပြောင်ကြီးကိုစီးကာ ဗောဓိပင်သို့ ရှေးရှုလာ၍ မိမိစစ်သားများကို **"တက်ကြလော–လက်ရဖမ်းကြလော"**ဟု တိုက်တွန်း ဆော်အောပါသော်လည်း ဗောဓိပင်၏ အနားသို့ မကပ်ဝံ့ကြသဖြင့် အဝေးကနေ၍ အမျိုးမျိုးသောလက်နက်များဖြင့် ပစ်ခတ်ရုံသာမက **"ဟေ့–သိဒ္ဓတ္ထ...သည်နေရာကား ငါ့နေရာ ဖြစ်သည်, ယခု ချက်ခြင်း ထသွား"**ဟု မဖွယ် မရာသောစကားကို ပြောဆို ခြိမ်းခြောက်လေသည်။

မာန်နတ်စစ်သည်များ တက်လာခါစကပင် ယခင်ဗြဟ္မာ သိကြားစသူတို့လည်း ဝေးရာကရှောင်လွှဲ၍ အောင်ပွဲကို ကြည့်ရှုနေကြလေသည်၊ ဘုရားအလောင်းတော်မှာ တစ်ပါးတည်း ကျန်ရစ်တော်မူသော်လည်း အနည်းငယ်မျှ စိုးရွံ့တော်မမူဘဲ **"သားသည် မိခင်သည် ရင်ခွင်ထဲမှာနေ

**သော သားငယ်က ဆံပင်ကိုဆွဲ, မျက်နှာကို ကုပ်, ပါးကို ပုပ်လျက်, တလှုပ်လှုပ် နှိပ်စက်ပါသော်လည်း မပျက်သော အချစ်မျိုးဖြင့် တိုး၍သာ ပွေးပိုက်သကဲ့သို့"** ထို့အတူ မဟာကရုဏာတော်၏ သခင် အလောင်းတော် အရှင်မြတ်လည်း မာန်နတ်သားကို မေတ္တာမကင်းဘဲ သနားသော ကြည့်ခြင်းဖြင့် ကြည့်တော်မူ လျက် နှစ်သက်ဖွယ်စကားများကို တုန့်ပြန် ပြောဆိုတော်မူပြီးလျှင် **"ဤပလ္လင်နေရာကို ရဖို့အတွက် အသက် စည်းစိမ်ပေါင်းများစွာကို ကမ္ဘာကမ္ဘေ သချေ် သချာ မရေတွက်သာသော ကာလတုန်းက စွန့်လွှတ်ခဲ့ရသည်ကို ထားလိုက်ပါဦးတော့၊ နောက်ဆုံး ဝေဿန္တရာမင်း၏ ဘဝဝယ် ကြင်ယာတော်မြောက်သား မဒ္ဒီမိဖုရားကို လှူတုန်းက ဤမဟာပထဝီ မြေကြီး ပဲ့တင်ဟီးလျက်* ရိုက်တီးဆော်ခတ် အသိအမှတ် ပြုခဲ့ဖူးလေပြီ"**ဟု မိန့်တော်မူလျက် လက်တော်ဖြင့် မြေကို သုံးသပ်တော်မူလိုက်သည့်အခါ ယန္တရားစက်ခလုတ်ကို ဖြုတ်လိုက်သည့်ပမာ ပြင်းစွာ တုန်လှုပ်လေသည်။

---

* ဤနေရာဝယ် လလိတဝိတ္ထာရသုတ္တန်က မြေစောင့်နတ်သားသည် ကိုယ်တစ်ဝက်မျှ ပေါ်ထွက်၍ သက်သေခံသည်ဟု ဆို၏၊ ထို အဆိုအတိုင်းပင် ယခုအခါ ဘုရားပရိဝုဏ်အတွင်း၌ **"ဝသုန္ဓြေအရုပ်"** ထုလုပ်ထားကြသည်။



မဟာပထဝီမြေကြီး တုန်လှုပ်သံမှ ပဲ့တင်ထပ်၍ တောသံ အောင်သံတို့ဖြင့် ပြင်းစွာ ဆူညံသည့်အပြင်, ကောင်းကင် တစ်ပြင်လုံးလည်း တဂျုံးဂျုံးထစ်ကြိုးလျက် မိုးကြိုးများ ကျရောက်လေ၏၊ ထိုကဲ့သို့ တပြိုင်နက် အကြီးအကျယ် ကြောက်မက်ဖွယ်များ ဖြစ်ပေါ်သည့်အခါ **ဂိရိမေခလာ** ဆင်ပြောင်ကြီးကိုသော်မှ မကြည့်အားပဲ လက်ရုံးပေါင်းတစ်ထောင်ကို ပယ်ရှား၍ မာန်နတ်ကြီး ထွက်ပြေးလေရာ နောက်လိုက် နောက်ပါ စစ်သည်တော်အားလုံးလည်း အစုအရုံးပျက်ပြား၍ **ဝသဝတ္တီ**နတ်ပြည်သို့ တက်ပြေးကြလေသော် သိကြား ဗြဟ္မာ များစွာသော နတ်အပေါင်းတို့၏ ကောင်းချီးသြဘာ ထောမနာ အောင်သံတို့ဖြင့် ဆူညံ၍ သွားလေသတည်း။

## ဘုရားဖြစ်တော်မူခန်း။

အလောင်းဘုရားသည် **"ဒေဝပုတ္တမာရ်"**ဟု ခေါ်ကြသော မာရ်နတ်သား၏ ရန်ကို နေမဝင်မီ အောင်မြင်တော်မူပြီး၍ တရားကို ဆင်ခြင် အားထုတ်တော်မူရာ သန်းခေါင်လောက်အချိန်မှာ တစ်လောကလုံးရှိ သတ္တဝါအပေါင်းတို့ကို မျက်ဝါးထင်ထင် သိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရတော်မူပြီးလျှင် အတွင်းသန်္တာန်က တစ်ထောင့်

ငါးရာ ကိလေသာမာရ် သူပုန်ရန်ကို အနည်းငယ်မျှ မကျန်အောင် တွန်းလှန် ဖြိုဖျက်ဖို့ရာ သဒ္ဓါ ပညာ ဝီရိယ သမာဓိ သတိဟူသော တရားငါးဦးကို ဗိုလ်မှူးတင်၍ လေးသချေ်နှင့် ကမ္ဘာတစ်သိန်းက စုဆောင်းတော်မူခဲ့သော ပါရမီအင်အား ရိက္ခာတော်အမြောက်အမြားဖြင့် အစွမ်းကုန် ကြိုးစားတော်မူလျက် မဂ်လေးပါးတည်းဟူသော စက်အမြောက်ကြီးများကို အသုံးပြုကာ တွန်းလှန် ဖြိုဖျက်တော်မူလေရာ အရုဏ်တက်တော့မည့် ဆဲဆဲအချိန်မှာ ကိလေသာအားလုံး ပြုတ်ပြုတ်ပြုန်းသဖြင့် သုံးလောကနေ ဗိုလ်ချေမျိုးစွာ သတ္တဝါခပင်း အမင်းမင်း၏ ဝပ်စင်းကိုးစား အားထားရာအစစ် ဓမ္မရာဇ်တစ်ဆူ သဗ္ဗညုဉာဏ်တည်းဟူသော ထီးဖြူကို စိုက်ထူဆောင်နွှဲ၍ အောင်ပွဲဆင်တော်မူခဲ့လေသတည်း၊ [ထို ဘုရားဖြစ်တော်မူသောနေ့ကား ကဆုန်လပြည့် (ဆင်အမှတ်အသားဖြင့်) မှတ်သားထားသော) ဗုဒ္ဓဟူးနေ့ ဖြစ်၏။

၄။ တောရပ်မြိုင်ပေါ်, ခြောက်နှစ်ပျော်၍, ခါတော်တစ်ပုံ, ပွင့်ချိန်ကြုံက, ကဆုန်လပြည့်, ဆင်မင်းနေ့ဝယ်, မြေ့ပရမေ, ပလ္လင်ဖွေထက်, ရွှေညောင်တော်ကြီး, ဗိတာန်ထီးနှင့်, မငြီးကြည်ဖြူ, နေတော်မူလျက်, ရန်သူခပင်း, အမိုက်သင်းကို, အရှင်းပယ်ဖျောက်, အလင်းပေါက်က, ထွန်းတောက်ဘုန်းတော်, သောင်းလုံးကျော်သည်, သုံးဘော်လူတို့ ငြိမ်းပါကိုး။



## ပဉ္စဝဂ္ဂီငါးဦးအား တရားဦးဟောတော်မူခန်း။

**၁။** ။ဘုရားဖြစ်သို့ ရောက်တော်မူပြီးလျှင် ဗောဓိပင်နှင့် လေးတောင်ကွာသော အရှေ့မျက်နှာအရပ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုနေတော်မူလျက် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ခုနစ်ရက်ပတ်လုံး ဆင်ခြင်တော်မူကာ နေထိုင်ရာဖြစ်သော **ပလ္လင်္ကသတ္တာဟ** (တင်ပလ္လင်ခွေ၍ ထိုင်နေရာခုနစ်ရက်)ကိုလည်းကောင်း။

**၂။** ။ဗောဓိပင်၏ အရှေ့မြောက်ယံ တစ်ဆယ့်လေးလံကွာသောအရပ်၌ ရပ်တော်မူ၍ ဘုရားဖြစ်တော်မူရာအရပ်ကို မမှိတ်မသုန် ကြည့်ရှုတော်မူလျက် ခုနစ်ရက်ကာလ **အနိမိသသတ္တာဟ** (မမှိတ်ဘဲ ကြည့်ရှုရာခုနစ်ရက်)ကိုလည်းကောင်း။

**၃။** ။ထိုသို့ ဘုရားဖြစ်ရာအရပ်ကို စိမ့်စိမ့်မှည့်မှည့် ကြည့်တော်မူသောအခါ နတ်ဗြဟ္မာတို့က **"တွယ်တာမှုတဏှာ မကင်းသေးလေရော့သလား"**ဟု ထင်မှားကြသဖြင့် တစ်ယူဇနာမျှလောက်သော ကောင်းကင်သို့ ပျံတက်၍ ရေအစုံ မီးအစုံကို ကိုယ်တော်မှထွက်စေသော တန်ခိုးတော်ကို ပြတော်မူပြီးလျှင် ကောင်းကင်မှ သက်ဆင်း၍ ဗောဓိပင်နှင့် အနိမိသအကြား အတောင်နှစ်ဆယ်ရှိသောအရပ်ကို အလယ်ထား၍ တစ်ဖက် ငါးလံကွာ

ဌာနတွင် အရှေ့မှ အနောက်သို့ အတောင်ခြောက်ဆယ်ရှိသော စင်္ကြံထက်၌ ခုနစ်ရက်ပတ်လုံး စင်္ကြံကြွကာ နေတော်မူရာဖြစ်သော **စင်္ကမသတ္တာဟ**ကိုလည်းကောင်း။

၄။ ။ဗောဓိပင်မှ အနောက်မြောက်ကျသော အတောင်လေးဆယ်ကွာ ဌာနတွင် နတ်တို့ စီမံဖန်ဆင်းအပ်သော ရတနာရွှေကျောင်း၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် တရားတော်ကို ဆင်ခြင် သုံးသပ်တော်မူလေရာ ပဋ္ဌာန်းဒေသနာတော်ကို ဆင်ခြင်သည့်အခါဝယ် ကိုယ်တော်မှ ရောင်ခြည်တော် ခြောက်သွယ်ကွန့်မြူး၍ ခုနစ်ရက်ပတ်လုံး အထူးကြည်လင်စွာ နေတော်မူရာဖြစ်သော **ရတနာဃရ** (ရတနာစံကျောင်း) သတ္တာဟကိုလည်းကောင်း။

၅။ ။ဗောဓိပင်မှ သုံးဆယ်နှစ်လံကွာတွင် အဇပါလမည်သော ပညောင်ပင်ရင်း၌ ခုနစ်ရက်လုံး သီတင်းသုံးတော်မူရာ **အဇပါလသတ္တာဟ**ကိုလည်းကောင်း။

၆။ ။ဗောဓိပင်၏ အရှေ့တောင်မျက်နှာ ငါးဆယ်တစ်လံကွာတွင် မုစလိန္ဒာမည်သော ရေအိုင်၏အနီး ကျည်းပင်ကြီး၏အောက်၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးနေတော်မူရာ **မုစလိန္ဒသတ္တာဟ**ကိုလည်းကောင်း။



၇။ ။ဗောဓိပင်၏ တောင်မျက်နှာ အလံလေးဆယ်ကွာတွင် လင်းလွန်းပင်၏အောက်၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူရာ* **ရာဇာယတနသတ္တာဟ**ကိုလည်းကောင်း ကုန်လွန်စေတော်မူသည်။

၈။ ။ထိုမှတစ်ဖန် **အဇပါလ**မည်သော ပညောင်ပင်သို့ ပြန်တော်မူ၍ တရားတော်ကို ဆင်ခြင်တော်မူစဉ် တရားတော်၏ လေးနက်ပုံ သတ္တဝါတို့ မောဟဖုံးလွှမ်းနေပုံကို နှိုင်းယှဉ်တော်မူကာ **"တရား မဟောတော့အံ့"** ဟု အကြံ ဖြစ်တော်မူလေရာ **သဟမ္ပတိ**ဗြဟ္မာမင်း၏ တောင်းပန်ခြင်းကို အကြောင်းပြု၍ **ပဥ္စဝဂ္ဂီ** (ငါးပါးတစ်စု–စု၍နေသော) ရသေ့တို့အား တရားဦးကို ဟောတော်မူဖို့ရာ **ဗာရာဏသီ**ပြည်၏အနီး **မိဂဒါဝုန်**တောသို့ ကြွတော်မူပြီးလျှင် ပဥ္စဝဂ္ဂီငါးပါး အမှူးထား၍ တစ်သောင်းသော စကြဝဠာမှ ရောက်လာကြသော နတ်ဗြဟ္မာတို့အား **ဓမ္မစကြာ** တရားရတနာကို ဟောတော်မူလေသည်၊ [ထိုတရားဟောတော်မူသောနေ့ကား ဝါဆိုလပြည့် စနေနေ့ဖြစ်၏။]

---

*လင်းလွန်းပင်ကို ပါဠိလို **"ရာဇာယတန"**ဟု ခေါ်၏။

၅။ ဘုရားဖြစ်ခါ, မိဂဒါသို့, စကြာရွှေဘွား, ဖြန့်ချီသွား၍, ငါးပါးဝဂ္ဂီ, မဟီတစ်သောင်း, တိုက်အပေါင်းမှ, ခညောင်းကပ်လာ, နတ်ဗြဟ္မာအား, ဝါဆိုလပြည့်, စနေနေ့ဝယ်, ကြွေ့ကြွေ့လျှံတက်, ဓမ္မစက်ကို, မိန့်မြွက်ထွေပြား, ဟောဘော်ကြားသည့်, တရားနတ်စည် ရွှမ်းတယ်ကို။

## ပရိနိဗ္ဗာန်စံတော်မူခန်း။

ဤကဲ့သို့ တရားတော်များကို နေ့ညဥ့်မလပ် မပြတ်ဟောတော်မူ၍ ဝါတော်လေးဆယ့်ငါး, သက်တော်အားဖြင့် ရှစ်ဆယ်ပြည့်သောအခါ **ကုသိနာရုံပြည်** **မလ္လာ**မင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ကြွတော်မူပြီးလျှင် အင်ကြင်းပင်ပျိုအစုံတို့၏အကြား ခင်းထားအပ်သော ညောင်စောင်းထက်၌ မြောက်အရပ်သို့ ဦးခေါင်းမူကာ လက်ျာနံစောင်းဖြင့် လျောင်းတော်မူလေသည်။

ဤသို့ လျောင်းတော်မူစဉ် ပရိနိဗ္ဗာန် စံတော်မူမည့်ဘုရားရှင်ကို နောက်ဆုံး ပူဇော် ဖူးမျှော်ကန်တော့ဖို့ရာ ရောက်လာကြသော လူနတ်ဗြဟ္မာ သံဃာတော်ပရိသတ်အား သင့်မြတ်သောတရားတော်ကို ဟောဘော်ညွှန်ပြဆုံးမတော်မူကာ **"ဟန္ဒ–ဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ, ဝယဓမ္မာ သင်္ခါရာ, အပ္ပမာဒေန သမ္ပာဒေထ=အင်း (အားလုံးစကားတွေ လက်စ သိမ်းလိုက်ကြစို့) ဘိက္ခုတို့ ...**



**ယခုအချိန်မှာ သင်တို့ကို သိစေတော်မူခဲ့မည်၊ သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘော ရှိကြ၏၊ မမေ့တတ်သောသတိဖြင့် အလုပ်ကိစ္စဟူသမျှကို ပြည့်စုံစေရစ်ကြ"**။

ဤသို့ နောက်ဆုံးစကားတော်ကို မိန့်မြွက်တော်မူပြီးလျှင် ညောင်စောင်းငယ်ပေါ်မှာ လျောင်းမြဲလျောင်းတော်မူလျက်သာလျှင် ဗုဒ္ဓရှင်တော်သည် ပဌမဈာန်မှ စ၍အစဉ်အတိုင်း သမာပတ် ဝင်စားတော်မူကာ လွန်စွာငြိမ်သက်တော်မူ၏၊ ထိုအချိန်မှာ **အရှင်အာနန္ဒာ**ကိုယ်တိုင်ပင် ပရိနိဗ္ဗာန်စံတော်မူပြီဟု ထင်၍ **အရှင်အနုရုဒ္ဓါ**ကို မေးရလေသည်၊ **အရှင်အနုရုဒ္ဓါ**က ပရိနိဗ္ဗာန် မစံသေးကြောင်း နိရောဓသမာပတ် (စိတ် စေတသိက်ချုပ်၍ ရုပ်တချို့သာ ရှိနေသောသမာပတ်)သို့ ရောက်နေကြောင်းကို မိန့်တော်မူ၏။

ထို ဈာန်သမာပတ်များကို ထပ်ပြန်တလဲလဲ ဝင်စားတော်မူသည်မှာ သမာပတ်အကြိမ်ပေါင်း ကုဋေနှစ်ဆယ်နှင့်လေးသိန်းမျှ အရေအတွက် ရှိလေသည်၊ သမာပတ်အားလုံး ပြီးဆုံး၍ အရုဏ်ရောင်ခြည် ပေါ်လာသည်နှင့်တပြိုင်နက် ဗုဒ္ဓရှင်တော်၏ ဝိညာဉ်တော်နှင့် ကံကြောင့်ဖြစ်တည်လျက်ရှိသော ရုပ်ဓာတ်တော်သည် (နောက်ထပ်

အဆက် မရှိတော့ပဲ) ခန္ဓာတော်ဓာတ်သိမ်း၍ ချုပ်ငြိမ်းလေတော့သည်၊ [ဤသို့ ချုပ်ငြိမ်းတော်မူသည်ကိုပင် **"ငြိမ်းအေးခြင်း"**အနက်ဟော ပရိနိဗ္ဗာနပါဠိကို အစွဲပြု၍ **"ပရိနိဗ္ဗာန် စံတော်မူသည်"**ဟု ပြောစမှတ် ပြုကြရလေသည်၊ ထိုပရိနိဗ္ဗာန် စံတော်မူရာနေ့ကား မဟာသက္ကရာဇ် ၁၄၈–ခု, ကဆုန်လပြည့်, အင်္ဂါနေ့ ဖြစ်ပေသည်။

၆။ **တရားနတ်စည်, ဆော်ရွှမ်းလည်က, သုံးမည်ဘုံသိုက်, တစ်သောင်းတိုက်ဝယ်, ကျွတ်ထိုက်သသူ, နတ်လူဖြဲ့ဟွာ, သတ္တဝါကို, ခေမာသောင်းသို့, ဖေါင်ကတို့ဖြင့်, ဆောင်ပို့ပြီးခါ, ဝါလေးဆယ့်ငါး, သက်ကားရှစ်ဆယ်, စုံပြည့်ကြွယ်က, ရာလေးဆယ်ရှစ်, သက္ကရာဇ်ဝယ်, နယ်မလ္လာတိုင်း, စံနှိုင်းမယုတ်, ကုသိနာရုံ, အင်းကြင်းစုံ့ဒွ, ကဆုန်လပြည့်, အင်္ဂါနေ့ဝယ်, ချမ်းမြေ့နိဗ္ဗူ, စံတော်မူသည်, ဝှန်းဆူသောင်းလုံး ကျော်တယ်ကို။**

## ဓာတ်တော်ဝေခန်း။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီးသောအခါ **ကုသိနာ**ရုံပြည် မ**လ္လာ**မင်းတို့သည် အလောင်းတော်ကို ပန်းနံ့သာစသော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်၍ တရားသံဝေဂသီချင်းများကို ရွတ်ဆိုလျက် ခုနစ်ရက်လုံးလုံး **သာဓုကီဠန**သဘင်ဆင်ယင်ကျင်းပကြလေသည်၊ [သာဓု=သူတော်ကောင်းတို့၏+ကီဠန=လောကဥ္စ မမြဲပုံ ဆင်းရဲပုံ အစိုးမရပုံကို ပြလျက် ထိပ်လန့်စရာ (သံဝေဂ) သီချင်းများကို သီဆို၍ ကစားခြင်း။

ထို့နောက် အလောင်းတော်ကို မီးပူဇော် (မီးသင်္ဂြိုဟ်) ဖို့ရာ **မလ္လာ**မင်းတို့ မင်္ဂလာပြုရာ (**မကုလဗန္ဓန**–မည်သော) အရပ်သို့ ဆောင်ယူကြပြီးလျှင် စန္ဒကူးနံ့သာ ထင်းပုံထက်သို့ တင်ထားကြလေသည်၊ ထိုအခါ တစ်စုံယောက်မျှ မီး မရှို့ရဘဲ ဗုဒ္ဓမြတ်စွာ၏ သက်တော်ရှိစဉ်က မိဋ္ဌာန်တော်မူချက်ကြောင့် တေဇော်ဓာတ် (မီးဓာတ်) တောက်ပ၍ အလောင်းတော်နှင့်တကွ စန္ဒကူးနံ့သာထင်းပုံ အလုံးစုံ လောင်းကျွမ်းပြီးကာ ခုနစ်ရက်ကြာလျှင် အားလုံး ငြိမ်းအေး၍ ဓာတ်တော်များကို ကောက်ယူကြလေသည်၊ [ထို ဓာတ်တော်များကို ဘုရားရှင်၏ ကိုယ်စား ကိုးကွယ်ရစ်ဖို့ အမွေ အနှစ်ဖြစ်သောကြောင့် **"အမွေတော်"**ဟု ခေါ်စမှတ် ပြုကြ၏၊ (ထို ဓာတ်မွေတော်များသည် ရှစ်စိတ်သားလောက် ရှိသည်ဟု ဆို၏၊ ထိုဓာတ်တော်များ ကျန်ရစ်ရာနေ့ကိုလည်း ဂဠုန်ငှက်ဖြင့် မှတ်သားအပ်သော **"တနင်္ဂနွေနေ့"**ဟု သတ်မှတ်ကြလေသည်။

**၇။ နိဗ္ဗုတ်ပြီ, ရှမအဓိသား, သိင်္ဂီရွှေလှော်, အလောင်းတော်ကို, ထိုရော်ကဆုန်, လဆုတ်ကြံ၍, ဂမ္ဘုန်နေ့ဝယ်, ခိုးငွေ့မနှော, ဓာတ်တေဇောလျှင်, ရှင်စောဉာဏ်စက်, စိဋ္ဌာန်ချက်ဖြင့်, လျှံတက်ကော်ယော်, မီးပူဇော်သည်, မွေတော်ရှစ်စိတ် ကြွင်းတယ်ကို။**

ထိုသို့ ဓာတ်တော်များကို **မလ္လာ**မင်းတို့ ကောက်ယူပူဇော်ပြီးလျှင် ပန်းနံ့သာစသော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်၍နေစဉ် **အဇာတသတ်**စသော ခုနစ်ပြည်ထောင်မင်းတို့သည် စစ်တပ်ကိုယ်စီဖြင့် ဓာတ်တော်ကို လုယူဖို့ရန် လာကြလေရာ ထိုမင်းအများ၏ ဆရာဖြစ်ဖူးသော **ဒေါဏ**ပုဏ္ဏားဏ်၏ တရားပြမှုကြောင့် ရန်စစ် မပြုကြတော့ဘဲ ကျေနပ်စွာ ရှစ်ဖို့ခွဲ၍ ဓာတ်တော်များကို ဝေဖန်ကြလေသည်၊ ယခုအခါ၌ကား ထိုအမွေအနှစ်ဖြစ်သော ဓာတ်တော်များကို စေတီတော်တွင်းသို့ အနည်းငယ်စီ ထာပနာ(သွင်း၍) ဗုဒ္ဓမြတ်စွာကို ရည်မှန်းလျက် ပန်းစသော ပူဇော်ဖွယ်တို့ဖြင့် ကိုးကွယ်ပူဇော်၍ နေကြရလေတော့သည်။

**[ရတုလင်္ကာ ခုနစ်ပုဒ်သည် လယ်တီဆရာတော်ဘုရားကြီး၏ လင်္ကာများတည်း။]**

ဘုရားဖြစ်တော်စဉ် (ဗုဒ္ဓဝင်) ပြီး၏။



**ဆရာ။** ။ကလေးများ…ဗုဒ္ဓမြတ်စွာ၏ တရားတော်များကို သင်ခန်းစာလုပ်၍ ကလေးများကို သင်စေခြင်း၌ ရည်ရွယ်ရင်းအကျိုးက (၁) ကလေးများကို လူလိမ္မာကလေးတွေ ဖြစ်စေလိုခြင်း, (၂) ကလေးများကြီးရင့်သည့်အခါ တရားမျှတသော တိုင်းသူပြည်သားတွေ ဖြစ်စေလိုခြင်း, (၃) ယခုအခါ နိုင်ငံတော်၏ အခြေခံ ဥပဒေအရ တိုင်းပြည်အုပ်ချုပ်သည့် အစိုးရကို တိုင်းသူ ပြည်သားထဲမှ ရွေးချယ် တင်မြှောက်ရသောကြောင့် ထိုရွေးချယ်မှုကိစ္စ၌ လူကောင်းများကိုသာ ရွေးချယ်တတ်သော အသိဉာဏ် ရှိစေလိုခြင်း ဤအကြောင်းရင်းသုံးပါးကြောင့် ကလေးများအား ဗုဒ္ဓ၏တရားတော်များကို သင်စေခြင်း ဖြစ်တယ်။

တိုင်းသူပြည်သားတို့က အစိုးရကောင်းကို မရွေးချယ်တတ်လျှင် မည်မျှအထိ မကောင်းကျိုးရနိုင်ပုံနှင့် ရွေးချယ်တတ်လျှင် မည်မျှအထိ ကောင်းကျိုးရနိုင်ပုံကို အောက်ပါတရားတော်အရ အစစ်အမှန် ထင်ရှားနေတယ်ကွဲ့၊ ဖတ်ကြည့်ကြစမ်း။

## အစိုးရမင်းတို့ တရားမစောင့်သောအခါ တိုင်းပြည်ဆင်းရဲပုံ။

၁။ ။ဘိက္ခုတို့... ပြည်ပိုင်အစိုးရမင်းတို့ တရားမစောင့်သောအခါ (တိုင်းပြည်ဘဏ္ဍာကို မတရားသုံးစွဲခြင်း, ရုံးများ၌ လာဘ်ပေး လာဘ်ယူခြင်းတို့ များပြားသောအခါ) လက်အောက်ငယ်သား မင်းမှုထမ်းအများတို့လည်း မတရား ပြုလုပ်ကြလေတော့သည်၊ မင်းမှုထမ်းတို့ မတရားသောအခါ ပုဏ္ဏားသူကြွယ် နယ်သူနယ်သား လူအများတို့လည်း မိမိတို့ ဆိုင်ရာကိစ္စ၌ (တတ်နိုင်သမျှ) မတရား ပြုလုပ်ကြလေတော့သည်။

၂။ ။ထိုအခါ၌ လ နေတို့သည် လမ်းမှန် မလှည့်လည်ကြတော့ကုန်၊ နက္ခတ်တာရာတို့လည်း လမ်းမှန် မလှည့်လည်ကြတော့ကုန်၊ (လမ်းမှန် မသွားသဖြင့် နေ့ ညဥ့် အတိုအရှည် မမှန်တော့ရကား) ညဥ့် နေ့တို့လည်း မမှန်ကန်ကြကုန်၊ ထိုအခါ လ, လဝက်, နှစ်, ဥတု သတ်မှတ်ချက်တို့လည်း မမှန်ကန်ကြကုန်၊ ထိုအခါ လေတို့သည် မမှန်ကန်ကြကုန်၊ လေ မမှန်သဖြင့် ကောင်းကင်ဗိမာန်၌ နေကြရကုန်သောနတ်တို့သည် စိတ်ဆိုးကြကုန်၏၊ ထိုသို့ စိတ်ဆိုးကြသော မိုးတိမ်ကို အစိုးရသော



နတ်တို့သည် မိုးတိမ်ကို မှန်မှန်မတက်စေဘဲ အချိန်မှန်မှ
မိုး မရွာကြစေကုန်။

၃။ ။မိုး မမှန်သောကြောင့် စိုက်ပျိုးအပ်သေ
ကောက်ပင်တို့သည် ညီညီမျှမျှ မမှည့်မရင့်ရကြကု
ထိုကဲ့သို့သော ကောက်တို့ကို စားသောက်ကြရသေ
လူတို့သည် (အဆီဩဇာကောင်းကောင်း မရကြသဖြ
အသက် တိုကြရကုန်၏၊ အရေအဆင်းလည်း မလှကြကု
အားခွန်ဗလလည်း နည်းပါးကုန်၏၊ အနာရောဂါလည
များပြားကြရလေသည်။

## အစိုးရမင်းတို့ တရားစောင့်သောအခါ တိုင်းပြည်ချမ်းသာပုံ။

၁။ ။ဘိက္ခုတို့...ပြည်ပိုင်အစိုးရမင်းတို့ တ
စောင့်သောအခါ မင်းမှုထမ်းအများလည်း တရားစေ
ကြလေသည်၊ ထိုအခါ ပုဏ္ဏားသူကြွယ် နယ်သူနယ်သ
လူအများတို့လည်း တရားစောင့်ကြလေသည်။

၂။ ။ထိုအခါ လ နေ နက္ခတ် တာရာ ကြယ်တ
တို့သည် လမ်းမှန်ကမ်းမှန် သွားကြကုန်၏၊ ထိုအ
ညဥ့် နေ့, လ, လဝက်, ဥတု, နှစ်အပိုင်းအခြားတို့သ

မှန်ကန်ကုန်၏၊ လေတို့သည် မှန်မှန်လာကုန်၏၊ ကောင်းကင်ဘုံ၌ နေကြသောနတ်တို့သည် စိတ် မဆိုးကြသဖြင့် မိုးတိမ်တို့လည်း မှန်မှန်တက်စေ၍ မိုးကို မှန်မှန် ရွာစေကုန်၏။

၃။ ။မိုးမှန်မှန် ရွာသောကြောင့် ကောက်စပါးတို့သည် ညီညီမျှမျှ မှည့်ရင့်ကြကုန်၏၊ ထိုစပါးကို စားကြရသူတို့သည် (အဆီသြဇာကောင်းကောင်း ရသဖြင့်) အသက်ရှင်ကြ, အရေအဆင်းလှကြ, ခွန်အားဗလ တိုးပွားကြ, အနာရောဂါ ကင်းရှင်းကြလေသည်*။

## မစွဲလမ်းရာ ဆယ်ဌာနကိုပြသော ကာလာမသုတ်တော်။

**ကောသလ**တိုင်းတွင် အပါအဝင်ဖြစ်သော **ကာလာမ**မင်းတို့၏အုပ်စိုးရာ **ကေသမုတ္တ**နိဂုံးသည် တောအုပ်တစ်ခု

*ယသ္မိံ ဘိက္ခဝေ သမယေ ရာဇာနော အဓမ္မိကာ ဟောန္တိ၊ ရာဇယုတ္တာပိ တသ္မိံ သမယေ အဓမ္မိကာ ဟောန္တိ၊ ရာဇယုတ္တေသု အဓမ္မိကေသု ဗြာဟ္မဏဂဟပတိကာပိ တသ္မိံ သမယေ အဒမ္မိကာ ဟောန္တိ၊ ဗြာဟ္မဏဂဟပတိကေသု အဓမ္မိကေသု နေဂမဇာနပဒါပိ တသ္မိံ သမယေ အဓမ္မိကာ ဟောန္တိ၊ နေဂမဇာနပဒေသု အဓမ္မိကေသု ဝိသမံ စန္ဒိမသူရိယာ ပရိဝတ္တန္တိ၊ (ပေ) ဒုဗ္ဗဏ္ဏာစ ဒုဗ္ဗလာစ ဗဟွာဗာဓာစ။
[အင်္ဂုတ္တိုရ်, စတုက္ကနိပါတ်, ဒုတိယပဏ္ဏာသက, ၂-ပတ္တကမ္မဝဂ်, ဒသမသုတ်။]



၏အဝင်ဝ၌ တည်ရှိသောကြောင့် ထိုတောလမ်း ခရီးသွာ
တို့၏ တည်းခိုရာအရပ် ဖြစ်နေ၏၊ အယူဝါဒ အမျိုးမျိ
ရှိကြသော ဆရာကြီးတို့သည် ထိုအရပ်ရောက်လျှင် မိ
တို့အယူကို ဝါဒဖြန့်၍ အခြားအယူများကို ဖိနှိပ်ပြေ
ဟောတတ်ကုန်၏၊ ထိုနိဂုံးသားတို့သည် အယူဝါဒနှင့်စ
၍ ယောင်ဝါးဝါးဖြစ်ကြစဉ် ဗုဒ္ဓရှင်တော်မြတ်လည်း ထ
အရပ်သို့ ရောက်တော်မူလာ၏၊ ထို နိဂုံးသားတို့သည

**"အယူဝါဒအမျိုးမျိုးကို ကြားနေရသဖြင့် ဟိုသူပြောတ**
**ဟုတ်နိုးနိုး, ဒီသူပြောတာ ဟုတ်နိုးနိုး တွေးတောနေကြ**
**ပါကြောင်း"** လျှောက်ကြလေရာ ဗုဒ္ဓရှင်တော်မြတ်က
အမျိုးမျိုး ကြားနာနေရသော သင်တို့မှာ ယုံမှားတွေ
တောစရာတွေပဲဟု မိန့်တော်မူပြီးလျှင် နားထောင်ကြ
**ကာလာမ**အမျိုးသားတို့...

၁။ ။ကလေးဘဝမှစ၍ ကြားနာ မှတ်သားခဲ့ရခြင်
ဖြင့်လည်း **"ဟုတ်တယ် မှန်တယ်"**ဟု အစွဲအမြဲ မယူကြနှင့်

၂။ ။မိဘဘိုးဘွားစသည်တို့မှ ဆင်းသက်၍ (ပ
ပရ=အဆက်ဆက်) မှတ်ယူ လုပ်ကိုင်ရိုး ဖြစ်၍လည
အမြဲအစွဲ မှတ်ယူမထားကြနှင့်။

၃။ ။**"ဣတိကိရ=ဒီဟာက ဒီလိုတဲ့"**ဟု အခြားတစ်ယောက်က ပြောလိုက်ရုံမျှဖြင့်လည်း အမြဲမှတ်ယူ မထားကြနှင့်။

၄။ ။**"ဒီ အယူအဆသာ ငါတို့ သင်ထားသော ကျမ်းစာနှင့်ညီတယ်"**ဟု မိမိတို့ ကျမ်းစာနှင့် ညီနေရုံမျှဖြင့်လည်း အတည်တကျမှတ်ယူ မထားကြနှင့်။

၅။ ။မိမိဘာသာ ကြံစည်ထားသောအရာကိုလည်း **"ဟုတ်လှပြီ မှန်လှပြီ"**ဟု အမြဲအစွဲ ယူမထားကြနှင့်။

၆။ ။အခြားနေရာ (အခြားနိုင်ငံ)တို့၌ သူတစ်ပါးတို့လုပ်နည်း ကိုင်နည်းကို သဘောကျ၍လည်း ဤနေရာ၌ သင့်တော်လှပြီဟု အမြဲအစွဲ ယူမထားကြနှင့်။

၇။ ။တစ်စုံတစ်ရာ ပြုဖို့ရာအကြောင်း အထောက်ကို စဉ်းစားရာဝယ် အကြောင်း အထောက်ကောင်းရ၍ သဘောကျသဖြင့်လည်း အမြဲအစွဲ ယူမထားကြနှင့်။

၈။ ။**"သူပြောသော အယူဝါဒသည် ငါတို့ စဉ်းစားကျေနပ်ထားသော အယူနှင့်ညီမျှပေသည်း"**ဟု အယူဝါဒချင်း တူမျှရုံဖြင့်လည်း အမြဲအစွဲ မယူကြနှင့်။

၉။ ။**"ဤရသေ့ ရဟန်းကား ယုံကြည်ထိုက်သော အထက်တန်းပုဂ္ဂိုလ်တည်း၊ ဒီလိုပုဂ္ဂိုလ်၏ စကားကို**



**လေးလေးစားစား မှတ်သားထိုက်သည်"**ဟုလည်း စွဲစွဲမြဲမြဲ မှတ်ယူမထားကြနှင့်။

၁၀။ ။**"ဤရသေ့ ရဟန်းကား ငါတို့ ကိုးကွယ်ထားသောဆရာ ဖြစ်၏၊ ငါ့ဆရာစကားကို ငါမှတ်သားသင့်သည်"**ဟုလည်း စွဲစွဲမြဲမြဲ မှတ်ယူမထားကြနှင့်။

**ကာလာမ**အမျိုးသားတို့... **"ဤအကျင့်တွေသည် ကောင်းလည်းမကောင်း, အပြစ်လည်းမကင်း, ပညာရှိကဲ့ရဲ့စရာလည်း ဖြစ်၏၊ ထိုအကျင့်အကြံ အလုပ်အကိုင်ကို ပြုလိုက်လျှင် စီးပွားမဲ့ဖို့, ဒုက္ခရောက်ဖို့ ဖြစ်၏"**ဟု ကိုယ်တိုင် နားလည်လာသည့်အခါ ထိုအကျင့် ထိုအပြုအမူများကို စွန့်လိုက်ကြ၊ **"စီးပွားတိုးတက်၍ သုခရဖို့ အကျင့်အကြံများ"**ဟု ကိုယ်တိုင် နားလည်ထားသော အကျင့်အကြံ အပြုအမူများကိုသာ လိုက်နာ ပြုကျင့်ကြ...

ဤသို့ ဟောတော်မူပြီးလျှင် ဒုစရိုက် သုစရိုက်များကို ခွဲခြား၍ မေတ္တာ ကရုဏာစသော တရားများကို ဟောတော်မူလေသည်။

[အင်္ဂုတ္တိုရ်, တိကနိပါတ်, ဒုတိယပဏ္ဏာသက, ၂—မဟာဝဂ်, ပဉ္စမသုတ်။]

ဆောင်ပုဒ်။

(၁) ကလေးဘဝ, စ၍မှလျှင်, ကြားရဖန်ဖန်၊ (၂) ပရံပရ, မိဘဘိုးဘွား, ဆက်ဆက်အားဖြင့်, မှတ်သားခဲ့ဘိ, ပြုရိုးရှိ၏၊ (၃) ဣတိကိရ, ကြားလူကပြော၊ (၄) ကျမ်းသဘောနှင့်, နှီးနှောညီပြန်၊ (၅) အကြံသက်သက်, ကြံစည်ချက်တည်း၊ (၆) တစ်နည်းမှန်းဆ, နည်းလမ်းရယူ၊ (၇) တစ်မူအကြောင်း, ကြံကောင်းကြံရ၊ (၈) ကိုယ့်ယူဆကို, အားရနှစ်သက်, ညီညွတ်ချက်ပါ၊ (၉) ရဟန်းမှာမူ, ပြောရာမှန်ကန်, ဖြစ်သင့်တန်၏၊ (၁၀) တစ်ဖန်သူဟာ, တို့ဆရာဟု, ဆယ်ဖြာကြောင်းစု, တစ်ခုခုကြောင့်, ယူမှုတိမ်းစောင်း, မှားတတ်ကောင်းသည်, ... အပေါင်းစဉ်းစားကြစေသောဝ်။

## နိဂုံးချုပ်အမှာ။

ဤ**ကာလာမ**သုတ်တော်လာ လွတ်လပ်ပြီးစဖြစ်သော နိုင်ငံတော်အတွက် လွန်စွာ မှတ်သားတိုက်သော တရားတော် ဖြစ်ပေတယ်၊ **“တစ်ခြားနိုင်ငံမှာ လုပ်နည်း ကိုင်နည်းကို သဘောကျ၍ ဤနိုင်ငံမှာ ဘာမဆို လုပ်သင့်တယ်”**လို့ အစွဲအမြဲ မယူရဘူးဆိုတဲ့ ခြောက်နံပါတ်ဟာ လွန်စွာ အရေးကြီးတာပဲ။

ပြီးတော့ နိုင်ငံရေးသမားဆိုတဲ့ လူမျိုးထဲမှာ လူကောင်း လူဆိုး နှစ်မျိုးရှိတယ်၊ နှစ်မျိုးလုံးကဘဲ နိုင်ငံကောင်းစားအောင် ရွက်ဆောင်နေတယ်လို့ ပြောကြတယ်၊ ဒီလိုပြောတိုင်း **“ရသေ့ရဟန်း ပြောတာတောင် မယုံရဘူး”**လို့ ကိုးနံပါတ် အမိန့်တော်ရှိတယ်၊ ဒါ့ကြောင့် နိုင်ငံရေးသမားတွေက ဘာပဲပြောပြော သူ့ရဲ့ရှေ့အကြောင်းတွေကို ပြန်၍ စဉ်းစားလိုက်ကြ၊ လွန်ခဲ့တဲ့ ရှေ့အကြောင်းမှာ အကောင်း မတွေ့လျှင် နောက်အနာဂတ်မှာ သူဟာ ကောင်းတာ လုပ်လိမ့်မယ်လို့ မမြော်လင့်ထိုက်ဘူး။

လူကောင်းချင်းတူလျှင်ပဲ မျိုးရိုးဇာတိနှင့် ပညာရှိမရှိကို သတိပြုရမယ်၊ မျိုးရိုးကောင်း, ပညာကောင်းသော လူကောင်းကိုသာ ရွေးချယ်ကြနော်၊ တောသားတွေ **“လူပါး မဝဘူး”**ဆိုပြီး လူလယ်လူညာများ၏ လှည့်ပတ်စရာကလေးများ မဖြစ်ကြအောင် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများမှ ကြိုးစား၍ ပညာသင်ကြကွဲ့၊ ငယ်ရွယ်စဉ်က ပညာတတ်ထားနှင့်မှ ကြီးတဲ့အခါ ဘယ်နေရာမဆို ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားပြီး အလုပ်လုပ်တတ်ကြမယ်၊ တိုင်းသူပြည်သားတွေ ပညာတတ်မှလဲ အစိုးရလုပ်မည့်သူကို ကောင်းကောင်း ရွေးချယ်တတ်ကြမယ်၊ အစိုးရကောင်းရမှလဲ တိုင်းပြည် ကောင်းစား၍ လူအများ ချမ်းသာမယ်ဆိုတာကို အကြောင်းနှင့်အကျိုး ဆက်သွယ်ကာ အရာရာ ကြည့်တတ်ကြပါစေနော်။

ကိုင်း ကိုင်း, ဤစတုတ္ထတန်း သင်ခန်းစာများကို နိဂုံးချုပ်ကြစို့ရဲ့၊ ကလေးများသည် ရှစ်ပါးသီလ, ဗြဟ္မစိုရ် တရား, ပုညကိရိယဝတ္ထုဆယ်ပါးနှင့် မင်္ဂလသုတ်ဆိုင်ရာ များကို နားလည်ကြပြီ၊ ဖတ်ဖို့ရန် တရားတော်များကိုလဲ ဖတ်ခဲ့ကြပြီ၊ ဤစတုတ္ထတန်းအထိ ကလေးများရဲ့အခြေခံ အသိဉာဏ်ဟာ ပြည့်စုံ လုံလောက်သလောက် ရှိပေပြီ၊ သိသည့်အတိုင်း ကလေးများလိုက်နာ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သားကောင်း သမီးကောင်းများ ဖြစ် ကြပြီးလျှင် အစဉ်မပြတ် စိတ်ကောင်းစိတ်မြတ်ထား၍ မိမိတို့၏ ကိုယ်ရေးကိုယ်တာနှင့်တကွ နိုင်ငံတော်ကြီး စည်ပင်တိုးပွားအောင် ကြိုးစားနိုင်ကြပါစေသတည်း။

ဆောင်ပုဒ်။

ဥပုသ်စောင့်ရာ မြတ်သီလနှင့်, ဗြဟ္မစိုရ တရားတွေ၊<br>
ကောင်းမှုဆယ်လီ ကိုယ်စီကုတ်လို့, မင်္ဂလသုတ်ပါဠ်နက်ကြေ၊<br>
တိုင်းလုံးပြည်ကျော် နာမည်မွှေးအောင်, ယဉ်ကျေးသိမ်မွေ့စာသင်လေ၊<br>
ဖတ်ဖို့စာတွေ အကုန်ဖတ်လို့, လူကောင်းစာတတ် ဖြစ်ကြစေ။

စတုတ္ထတန်းသင်ခန်းစာ ပြီး၏။